
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၂၈၈/၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၂၈၉/၂၀၀၂ (၄)

**ပုံနှိပ်ခြင်း**

၂၀၀၂–ခုနှစ်၊ မေလ၊ ပထမအကြိမ်

အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၆၀၀ ကျပ်

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်(၀၁၆၉၂)

ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**

ဦးညွန့်ဝေ (၀၁၄၂၅)

ဖြူးပန်းတစ်ရာပုံနှိပ်တိုက်

၃၉၊ ကွင်းကျောင်းလမ်း

အလုံ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)

ကျောက်စိမ်းပုံနှိပ်တိုက်

၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ဖြူးပန်းတစ်ရာစာပေ

ဖုန်း – ၂၄၅၃၆၀


# မင်းညီဓ

## မောင့်ညိုချော

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

## မောင်မောင်နှင့်သူ၏မိခင်

တစ်နေ့သ၌ ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်၊ ဩဘာ ခင်းထိပ်ရှိ မူလတန်းကျောင်းကလေးတစ်ကျောင်းတွင် ကျောင်းသူ ကျောင်းသားလေးများသည် ပျော်ရွှင်မြူးထူးစွာ ဆော့ကစားနေကြလေ ၏။ အမှန်စင်စစ် ထိုစာသင်ကျောင်း ကလေးမှာ အစိုးရကဖွင့်လှစ်ပေး သော ကျောင်းဖြစ်သော်လည်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဉာဏ်မေကို အကြောင်းပြု၍ အများသူငါက ဒေါ်ဉာဏ်မေကျောင်းဟုသာ ခေါ်ကြ သော၏။

စတုတ္ထတန်း အစိုးရစစ်စာမေးပွဲ၌ အောင်ချက်ကောင်းသော ကြောင့် ၎င်းဉာဏ်မေကျောင်းသည် လူသိများလေတော့၏။ အထက်က ဆိုခဲ့သည့်အတိုင်း ဒေါ်ဉာဏ်မေကျောင်းမှ ကျောင်းသူ ကျောင်းသား လေးများသည် မုန့်စားဆင်းချိန်ဖြစ်သောကြောင့် ပျော်ရွှင်မြူးထူးစွာ ဆော့ကစားနေကြလေ၏။ ဆော့ကစားခြင်း မရှိဘဲ အတန်းထဲ၌ထိုင်၍

www.burmeseclassic.com

www.burmeseclassic.com



နေသော ကလေးနှစ်ဦးသာရှိ၏။ ထိုကလေးနှစ်ဦးစလုံးမှာ စတုတ္ထတန်းမှ ကျောင်းသူလေးတစ်ဦးနှင့် ကျောင်းသားလေးတစ်ဦးဖြစ်၏။

ကျောင်းသားလေးသည် ဒေါ်ဉာဏ်မေကျောင်းမှ ကျောင်းသားဟောင်းလေးတစ်ဦးဖြစ်၏။ ကျောင်းသူလေးမှာမူ ယနေ့နံနက်မှ စတုတ္ထတန်းတွင် လာ၍အပ်သော ကျောင်းသူအသစ် ဖြစ်၏။ ကျောင်းသူအသစ်လေးသည် သူ၏အနီးမှ ကျောင်းသားလေးအား -

"နင့်နာမည်ဘယ်သူလဲ. . . ."ဟုမေးလိုက်ရာ ကျောင်းသားလေးက -

"ငါ့နာမည်နောက်မှပြောမယ်၊ နင့်နာမည်အရင်ပြော" ဟု ပြန်၍ပြောလေ၏။

"နင်က ကျောင်းသားဟောင်းဆိုတော့ အိမ်ရှင်ပေါ့၊ ငါက အသစ်ဆိုတော့ ဧည့်သည်၊ အိမ်ရှင်က ဧည့်သည်ကို ဦးစားပေးရမယ်၊ ဒါကြောင့်နင့်နာမည်ကို အရင်ပြောပါ"ဟု ကျောင်းသူလေးက ပြန်၍ ပြောလေ၏။

"နင်ပြောသလိုဆိုရင် ငါတို့ကျောင်းအုပ်ဆရာမကြီးက အိမ်ရှင်ကြီးပေါ့။ ဒီစကားမျိုး နင်သူ့ကို သွားပြောကြည့်ပါလား"ဟု ပြန်၍ပြောရာ ကျောင်းသူလေးက နှုတ်ခမ်းစူပြီးလျှင် -

"နင်က ယောက်ျားလေးဖြစ်ပြီး စကားသိပ်ကပ်တာပဲ၊ ယောက်ျားဆိုတာ မကပ်ရဘူးလို့ ငါတို့ဒက်ဒီက ပြောဖူးတယ်" ဟု ကျောင်းသူလေးက ပြောလေ၏။

"နေစမ်းပါဦး နင်ပြောတဲ့ ဒက်ဒီဆိုတာက ဘယ်သူ့ကို ပြောတာတုံး"ဟု ကျောင်းသားလေးက ပြန်၍မေးလိုက်လျှင် ကျောင်းသူလေးက -

"ဒက်ဒီဆိုတာ အဖေကိုပြောတာဟဲ့၊ ဒါလေးတောင် နင်မသိဘူးလား" ဟု ပြန်၍ပြောလိုက်လေ၏။





"အဖေဟာ အဖေပေါ့. . . ဘာကြောင့် ဒက်ဒီဖြစ်သွား ရတာတုံး"ဟု ကျောင်းသားလေးက ပြန်၍ပြောလျှင် ကျောင်းသူလေးက -

"အင်္ဂလိပ်လိုခေါ်တာဟဲ့" ဟုဒေါနှင့်မောနှင့် အော်၍ပြောလေ၏။ ထိုအခါ ကျောင်းသားလေးက -

"နေစမ်းပါဦး၊ နင်က အင်္ဂလိပ်မှမဟုတ်ဘဲ၊ မြန်မာပါ၊ ဘာလို့ အင်္ဂလိပ်လို ခေါ်ရတာတုံး" ဟု ပြန်၍ မေးလိုက်လေ၏။

"အဲဒါတော့ ငါလည်းမသိဘူး၊ ငါတို့အိမ်မှာ အဖေကို ဒက်ဒီလို့ ခေါ်တယ်၊ အဒေါ်ကို အန်တီလို့ခေါ်တယ်၊ ဒါပဲ" ဟု ကျောင်းသူလေးက ဆောင့်ကြီးအောင့်ကြီးနှင့် ပြောလေ၏။

"နင်ပြောတဲ့အထဲမှာ အမေကိုခေါ်တာမပါပါလား" ဟု ကျောင်းသားလေးက ပြန်၍ပြောလေ၏။

"ငါ့မှာ အမေမရှိဘူး၊ အမေကို မာမီလို့ခေါ်တယ်၊ ငါ့မာမီ ဓာတ်ပုံတော့ ငါ့မှာရှိတယ်"ဟု ကျောင်းသူလေးက ပြောလိုက်လျှင် ကျောင်းသားလေးသည် ကျောင်းသူလေး၏မျက်နှာကို ကြည့်ပြီးနောက်

"နင်နဲ့ ငါနဲ့အတူတူပါပဲဟာ၊ ငါ့မှာလည်း အမေမရှိဘူး၊ ငါ့အဖေသာ နောက်မိန်းမယူထားတယ်၊ ငါ့အဖေရဲ့မိန်းမဟာ ငါ့အမေတော့ မဟုတ်ဘူး၊ ငါက ငါ့အဖေရဲ့မိန်းမကို အမေ မခေါ်ချင်ဘူး၊ တကယ်တော့ သူဟာ အမေလည်းမဟုတ်ပါဘူး၊ သူဟာ ဘာမှမဟုတ်တဲ့အပြစ်သေးနဲ့လည်း ငါ့ခေါင်းကို တအားခေါက်တယ်၊ ငါ့အဖေရှေ့မှာဆိုရင်တော့ ငါ့ကို သား. . . . သားလို့ ခေါ်တယ်၊ ငါ့အဖေမရှိတဲ့အခါမှာတော့ ငါ့ကို သဒေယုတ်(သန္ဓေယုတ်)တဲ့၊ ဘာအဓိပ္ပာယ်လည်းဆိုတာတော့ ငါလည်း မသိဘူး၊ ငါသိတာကတော့ ငါ့အဖေက ငါ့ထက် သူ့ကိုချစ်တယ်၊ သူလို ချင်တာဆိုရင် သူတစ်ခါပြောရုံနဲ့ရတယ်၊ ငါလိုချင်တာဆိုရင် တစ်ခါ အရိုက်ခံပြီးမှ ရတယ်" ဟု ကျောင်းသားလေးက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ငါဒီကို ရောက်လာရတာပဲ၊ ငါဟာနင့်အမေလေ" ဟု ကျောင်းသူလေးက ပြောလိုက်လျှင် ကျောင်းသားလေးက -

"နင်ဘာတွေလျှောက်ပြောနေတာလဲ၊ နင်က ငယ်သေးတာ၊ ဘယ်ကလာ ငါ့အမေဖြစ်နိုင်မှာလဲ၊ နင်ရူးနေပြီထင်တယ်၊ ရူးနေပြီဆိုရင်တော့ ဆရာမကြီးဒေါ်ဉာဏ်မေနဲ့ တိုင်ရမယ်၊ တိုင်ပြီး အရူးတွေထားတဲ့နေရာကို ပို့ရမယ်"ဟု ကျောင်းသားလေးက ပြောလေ၏။

"အမေ မရူးပါဘူး မောင်မောင်ရယ်၊ အမေ မင်းနဲ့တွေ့ချင်လို့ ဒီကိုရောက်အောင်လာခဲ့တာပါ" ဟု ကျောင်းသူလေးက ပြောလိုက်လျှင် မောင်မောင်သည် မျက်လုံးပြူး၍သွားလေ၏။ ထို့နောက်မှ -

"နင် ငါ့နာမည် သိတယ်ဟုတ်လား၊ နင့်ကို ဆရာမကြီးနဲ့ တိုင်ရမယ်၊ နင်ဟာ အရူးဆိုတာ သေချာပါပြီ" ဟု ပြောစဉ်၌ပင် ဆရာမကြီးဒေါ်ဉာဏ်မေသည် အနီးသို့ ရောက်လာလေ၏။ ထိုအခါ ကျောင်းသားလေးက

"ဆရာမကြီး ဒီကောင်မလေးက ဒီနေ့မှ ကျွန်တော့် နားလာထိုင်တဲ့ ကျောင်းသူအသစ်လေးပါ၊ သူက ကျွန်တော့်ရဲ့အမေလို့ ပြောနေတယ်၊ ဒီကောင်မလေး ရူးနေပြီ၊ ကျွန်တော့်ထက် အများကြီး ငယ်တယ်၊ ဘယ်လိုလုပ်ပြီး ကျွန်တော့်အမေဖြစ်မှာလဲ" ဟု တိုင်ကြားလိုက်လေ၏။ ဆရာမကြီးသည် မျက်လုံးပြူး၍ ကျောင်းသူလေးအား ကြည့်လေ၏။ ထို့နောက်မှ -

"အဲသလို ပြောသလားကလေး" ဟု ဆရာမကြီးက ချော့မော့သော လေသံဖြင့် ပြောလိုက်လေ၏။ ကျောင်းသူလေးသည် တစ်စုံတရာ ပြန်၍မဖြေဘဲ ခေါင်းကိုသာငုံ့ထားလေ၏။ ထိုအချိန်၌မှာပင် ကျောင်းတက်ခေါင်းလောင်းထိုးသဖြင့် ဆရာမကြီးသည် ကလေးနှစ်ဦးအား စကားမများရန် ပြောပြီးလျှင် အတန်းများကို ငြိမ်အောင်ထိန်းလိုက်ပြီးနောက် စာသင်လေတော့၏။ ညနေ ကျောင်းဆင်းချိန်သို့ ရောက်





သောအခါ၌ ကျောင်းသူလေး၏ဖခင် လာ၍ကြိုလေ၏။ ထိုအခါ၌ ဆရာမကြီးသည် ကျောင်းသူလေး၏ဖခင်ကို နေ့ခင်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ပြန်၍ပြောလေ၏။ မောင်မောင့်ကိုလည်း ပြန်၍မလွှတ်သေးဘဲ သက်သေအဖြစ် ဆရာမကြီးက ခေါ်ထားလေ၏။

ကျောင်းသူလေး၏ဖခင်သည် ဆရာမကြီး၏ စကားကို လုံးစေ့ပတ်စေ့နားထောင်ကာ တဟားဟားရယ်လေ၏။ ကျေနပ်အောင် ရယ်ပြီးနောက် -

"ကျွန်တော်က နယ်ကမြို့ပိုင်ပါ၊ ရန်ကုန်ကို ပြောင်းလာတာ ဒီကိစ္စပဲ၊ ကျွန်တော့်သမီးလေးကို စိတ်ရောဂါဆရာဝန်နဲ့ ပြချင်လို့ပါ။ ဒီကလေးက ဆန်းတော့ဆန်းတယ်၊ သူ့အမေက သူ့ကို မွေးပြီး မီးတွင်းထဲမှာတင် ဆုံးသွားတယ်၊ ကျွန်တော့်ရဲ့နှမ အပျိုကြီး လက်ပေါ်မှာပဲ ကြီးရှာတာ၊ သူ့ကို ကျွန်တော်တို့က စင်သီယာလို့ နာမည်ပေးထားတယ်၊ ဒါပေမဲ့ သူစကားပြောတတ်တဲ့ အချိန်ကစပြီး သူ့ကိုယ်သူ ညိုချောညိုချောလို့ ပြောတယ်၊ အရင်က သူ့ကို ကွန်ဗင့်ကျောင်းမှာ ထားတယ်၊ အဲဒီကျောင်းမှာတော့ သူ့နာမည်ဟာ စင်သီယာညိုချောပေါ့၊ သမီးကလေးဟာ သနားဖို့ တော်တော်ကောင်းတယ်။ တခြားကိစ္စတွေမှာ ပုံမှန်အတိုင်းပါပဲ။ ကလေးချင်းကစားတဲ့အခါမှာ အထူးသဖြင့် ယောကျ်ားလေးတွေနဲ့ ကစားတဲ့အခါမှာ အမေလို့ သုံးတယ်။ တစ်ခါတလေ မယ်တော်လို့ တောင် သုံးတယ်" ဟု ကျောင်းသူလေး၏ ဖခင်က ပြောလေ၏။ ထိုသူ၏အမည်မှာ ဦးထွန်းနိုင်ဟူ၍ ဖြစ်၏။ သူသည် သမီးလေး စင်သီယာ(သို့မဟုတ်)ညိုချောအတွက် ရတက်မအေးဖြစ်နေ၏။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဉာဏ်မေမှာလည်း မြို့ပိုင်ဦးထွန်းနိုင်ပြောသည်ကို တအံ့တဩ ငေးမော၍ နားထောင်နေလေ၏။

"နောက်ထပ်ဒီကလေးနဲ့ ပတ်သက်ပြီးထူးထူးခြားခြား ဘာဖြစ်သေးလဲ" ဟု ဆရာမကြီးဒေါ်ဉာဏ်မေက မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါက မန္တလေးကို လိုက်မလို့ ပြင်ဆင်နေတုန်းမှာ ညိုချော က ဘာမပြောညာမပြောနဲ့ ကျွန်တော်ရဲ့ အိပ်ရာလိပ်ပေါ် တက်ရပ်တယ်။ ပြီးတော့ မယ်တော်ပြောမယ်၊ ဒီနေ့ လုံးဝခရီးမသွားပါနဲ့လို့ ပြောလိုက်တယ်၊ ကျွန်တော်ကဘာလဲ၊ ဘာလဲလို့မေးတော့ ဆက်မပြောတော့ပါဘူး။ နောက်တစ်နေ့မှာ ကျွန်တော်စီးမယ့် ရထားဟာ ကျွဲပွဲနဲ့ ညောင်ခြေထောက်ကြားမှာ မိုင်းနင်းမိပြီး မှောက်သွားတယ်ဆိုပြီး သတင်းစာထဲမှာ ပါတော့တာပဲ။ အဲဒီလိုပဲ တစ်ခါက အလုပ်ကိစ္စတစ်ခုမှာ ကျွန်တော် အဆုံးအဖြတ် မှားသွားမိတယ်၊ အထက်က အရေးယူမယ်ဆိုရင် ကျွန်တော့်ကို အလုပ်ဖြုတ်ပစ်နိုင်တဲ့ အခြေအနေမျိုးပါပဲ။ အဲဒါကြောင့် ကျွန်တော်လည်း မစားနိုင်၊ မသောက်နိုင်အောင်ဖြစ်ပြီး မှိုင်နေတော့တာပဲ။ အဲဒီအချိန်မှာ ညိုချော ကျွန်တော့်နောက်ကို ရောက်လာတယ်။ ပြီးတော့ ကျွန်တော့်ပုခုံးကိုပုတ်ပြီး ဘာမှမပူနဲ့ မယ်တော်ရှင်းလိုက်ပြီလို့ ပြောတယ်၊ နောက်တော့လည်း အမှန်တကယ်ပဲ အဲဒီကိစ္စဟာ ချောချောမောမောနဲ့ ပြီးသွားတယ်" ဟု မြို့ပိုင်ဦးထွန်းနိုင်က စိတ်ရှည်လက်ရှည် ပြောပြလေ၏။ ဆရာမကြီး ဒေါ်ဉာဏ်မေနှင့် ဦးထွန်းနိုင်တို့သည် ညိုချောနှင့်ပတ်သက်သော အကြောင်းအရာများကို အချိန်အတန်ကြာ ပြောဆိုတိုင်ပင်နေကြလေ၏။ ထို့နောက် ဦးထွန်းနိုင်သည် ဆရာမကြီးအား နှုတ်ဆက်၏။ မောင်မောင့်ကိုလည်း နာ့မည်မေးပြီးလျှင် -

"မောင်မောင်ရေ့ . . . ညီမလေးနဲ့ ရန်မဖြစ်နဲ့နော်၊ ညီမလေးကို စောင့်ရှောက်ပါကွယ်၊ ညီမလေးရဲ့ မုန့်ဘူးထဲမှာ မောင်မောင်စားဖို့ မုန့်ပိုထည့်ပေးလိုက်မယ်၊ မောင်နှမနှစ်ယောက် စားကြပေါ့" ဟုဆိုကာ မောင်မောင်၏ ဦးခေါင်းကိုလက်ဖြင့်ပုတ်ပြီးနောက် ညိုချော(သို့မဟုတ်) မောင်မောင်၏မိခင်လေးအား လက်ခွဲ၍ ခေါ်သွားလေတော့၏။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

## မုန့်ညိုချော

နောက်တစ်နေ့ ကျောင်းတက်ချိန်သို့ရောက်သောအခါ၌ မောင်မောင် ကျောင်းသို့ ရောက်လာ၏။ ညိုချောက ရောက်နှင့်နေပြီ ဖြစ်၏။ မောင်မောင့်ကိုမြင်လျှင် ညိုချောသည် ပြေးလာပြီး မောင်မောင့် လက်ကိုဆွဲ၍ ကျောင်းခန်းဆီသို့ လျှောက်လာရင်း ညိုချောက -

"နင့်အတွက်လည်း မုန့်တွေထည့်လာခဲ့တယ်" ဟု နှစ်ကြိမ် သုံးကြိမ်ခန့် ပြောလေ၏။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဉာဏ်မေသည် ကျောင်းမတက်မီ တစ်ကြိမ်၊ ကျောင်းတက်သောအခါ၌ တစ်ကြိမ် မောင်မောင်တို့အတန်းသို့ လာ၍ ညိုချောအားကြည့်၏။ ကျောင်းတက် သောအခါ၌ မောင်မောင်တို့အတန်းကို ဆရာမကြီး ကိုယ်တိုင်လာ၍ ဂဏန်းသင်္ချာသင်ပေး၏။ ဂဏန်းသင်္ချာတွက်နည်းအသစ်ကို မကြာမီ ဆရာမကြီးသည် ကလေးများကို နှစ်အလီမှစ၍ တစ်ဆယ့်ခြောက်အလီ အထိ ဆိုခိုင်း၏။ ကလေးများအားလုံး သံပြိုင်ဆိုကြ၏။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ညိုချောသည် လိုက်၍မဆိုဘဲရှိ၏။ အလီဆိုပြီးသောအခါ၌ မောင်မောင်က ညိုချောအား -

"နင် ဘာဖြစ်လို့ အလီလိုက်မဆိုတာလဲ" ဟု မေးလိုက်ရာ ညိုချောက -

"ငါမှ မဆိုတတ်ဘဲ" ဟု တိုးတိတိပြန်၍ ဖြေလေ၏။

"ဘာမဆိုတတ်စရာရှိလဲဟာ၊ နှစ်တစ်လီနှစ်၊ နှစ်နှစ်လီ လေး၊ ဒါလေးတောင် မဆိုတတ်ဘူးလား"ဟု မောင်မောင်က ပြောလေ၏။

"ဟင့်အင်း၊ တို့ကျောင်းမှာက ဒီလိုမသင်ဘူး၊ တူးဝမ်းအာတူး၊ တူးစ္စ အာဖိုးလို့ ဆိုရတယ်" ဟု ညိုချောက ပြန်၍ပြောလျှင် မောင်မောင်က မျက်လုံးပြူး၍ ညိုချောကိုကြည့်ပြီး -

"နင် ဘာဆိုတာလဲ" ဟု ပြန်၍ မေးလေ၏။

"နင်တို့ဆိုတဲ့ နှစ်တစ်လီနှစ်၊ နှစ်နှစ်လီလေးနဲ့ အတူတူပဲ၊ ငါတို့ကျောင်းက အင်္ဂလိပ်လိုဆိုတာဟ"ဟု ညိုချောက ပြန်ပြောလေ၏။

"အင်္ဂလိပ်လို ဆိုလို့မရဘူးလေ၊ ဒီကျောင်းက မြန်မာကျောင်းဟ၊ မြန်မာလိုပဲဆိုရမယ်၊ ဒီမှာလည်း အင်္ဂလိပ်တစ်ယောက်မှမရှိဘူး၊ ဆရာမကြီးလည်း မြန်မာပဲ၊ နင်အင်္ဂလိပ်လိုဆိုရင် ဟောဟိုမှာ ကြိမ်လုံးတွေ့လား၊ ဆရာမကြီးက ဆော်ပလော်တီးလိမ့်မယ်" ဟု မောင်မောင်က ပြောလျှင် ညိုချောက -

"အဲဒါကြောင့် ငါလိုက်မဆိုတာပေါ့ဟဲ့၊ နင်က တော်တော့်ကို ဆရာလုပ်တယ်" ဟု မျက်စောင်းလေးထိုး၍ ပြောလေ၏။

ဆရာမကြီးဒေါ်ဉာဏ်မေသည် ကလေးများကို ဂဏန်းသင်္ချာတွက်နည်းပြလေ၏။ မောင်မောင်အပါအဝင် ကလေးများ အားလုံးသည် လိုက်၍ မှတ်ကြ၏။ ညိုချောမှာမူ ခဲတံနောက်တွင် တပ်ထားသော ခဲဖျက်အစလေးကို ပါးစပ်ဖြင့် ကိုက်နေ၏။ မောင်မောင်က ညိုချောအား

"နင်လိုက်ပြီး မရေးဘူးလား" ဟု မေးလိုက်လျှင် ညိုချောသည်





ပါးစပ်အတွင်းရောက်နေသော ခဲဖျက်အစများဖြင့် မောင်မောင့်အား "ဖူး"ကနဲ ထွေးလိုက်လေ၏။

"နင်သိပ်ဆိုးတဲ့ကောင်မလေးပဲ၊ ဆရာမကြီးဆီကို ငါသွား တိုင်ရင် နင်အရိုက်ခံရတော့မယ်" ဟု မောင်မောင်က ပြောလိုက်လေ၏။ ထိုအခါ ညိုချောက -

"မတိုင်ပါနဲ့ဟယ်" ဟု ပြန်၍ တောင်းပန်လိုက်လေ၏။ ဤသို့နှင့်ပင် မုန့်စားကျောင်းဆင်းချိန်သို့ ရောက်လာသောအခါ၌ ဆရာမကြီးက ခေါင်းလောင်းထိုးလေ၏။ ကျောင်းသူကျောင်းသားများလည်း အခန်းတွင်းမှ ပြေး၍ထွက်သွားကြ၏။ ဆရာမကြီးလည်း ထွက်သွားပြီဖြစ်၏။ မောင်မောင်နှင့် ညိုချောသာလျှင် အတန်းတွင်း၌ ကျန်ရစ်ခဲ့လေ၏။ ညိုချောသည် သူ၏မုန့်သေတ္တာလေးကို ဖွင့်၍ ပေါင်မုန့်ယိုသုတ် နှစ်ချပ်ပေးလိုက်၏။ မောင်မောင်လည်း ညိုချောပေးသော မုန့်နှစ်ချပ်ကို လှမ်း၍ယူလိုက်၏။ ညိုချောသည် မုန့်ကိုလက်မှ မလွှတ်သေးဘဲ လှမ်း၍ယူလိုက်သော မောင်မောင့်လက်ကို ကြည့်လိုက်၏။

"ပေးလေဟယ်" ဟုမောင်မောင်က ပြောလိုက်ရာ ညိုချောက

"ပေးမှာပါဟယ်၊ ငါက နင့်လက်ကို ကြည့်တာပါ၊ နင့်လက်က သိပ်ပြီးလှတယ်၊ လက်ချောင်းလေးတွေက သွယ်သွယ်ရှည်ရှည်ကလေးနော်၊ ဒီလက်မျိုးကို "အာတစ်စတစ်ဟင်း"လို့ ခေါ်တယ်၊ ဒီလက်ပိုင်ရှင်ဟာ ကဗျာဆရာ၊ စာရေးဆရာ၊ မြူးဇစ်ရှင်း၊ ပန်းချီဆရာ ဖြစ်တတ်တယ်တဲ့ ငါ့ရဲ့တီတီက ငါ့ကို သင်ပေးထားတယ်" ဟု ပြောလိုက်လေ၏။

"နေစမ်းပါဦး၊ နင့်ရဲ့ တီတီဆိုတာ ဘယ်သူ့ကို ပြောတာလဲ"ဟု မောင်မောင်က မေးလိုက်၏။

"တီတီဆိုတာ ငါ့ရဲ့အဒေါ်၊ သူက ဘာမဆိုတတ်တယ်၊ ငါ့ကို ဗေဒင်ဂဏာလည်း သင်ပေးထားတယ်၊ နင်ကြီးလာရင် အဲဒါတွေဖြစ်မှာ" ဟု ညိုချောက ပြောလျှင် မောင်မောင်က -



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်မှာလဲဟဲ့" ဟု ပြန်မေးလိုက်လေ၏။

"ငါပြောပြီးပြီလေ၊ စာရေးဆရာ၊ ကဗျာဆရာ၊ မြူးဇစ်ရှင်း"ဟု ညီချောက ပြောလိုက်လျှင် -

"နင်ပြောတဲ့ မြူးဇစ်ရှင်းဆိုတာ ဘာလဲ" ဟု မောင်မောင်က ပြန်၍ မေးလိုက်လေ၏။

"မြူးဇစ်ရှင်းဆိုတာ အတီးအမှုတ်တွေ ဘာတွေလုပ်တဲ့လူဟယ်၊ ရော့ ရော့စားလိုက်ဦး၊ ပြီးရင် နင့်လက်ဝါးကို ငါကြည့်ပြီး ဟောဦးမယ်" ဟု ညီချောက ပြောလိုက်လေ၏။ မောင်မောင်လည်း မုန့်ကိုယူ၍ စားနေလေ၏။ ထိုအခါ ညီချောက -

"ဒီလိုလုပ်ဟယ်၊ မုန့်ကို ဟိုဘက်လက်နဲ့ကိုင်၊ ဒီဘက်လက်ကို ငါကြည့်မယ်"ဟုပြောသဖြင့် မောင်မောင်လည်း မုန့်ကို လက်ပြောင်း၍ ကိုင်ရလေ၏။ ညီချောသည် မောင်မောင်၏ လက်တစ်ဖက်ကို ဆွဲ၍ ကြည့်လေ၏။ မကြည့်မီ၌ လက်သုတ်ပုဝါနှင့် သုတ်လိုက်သေး၏။ ထို့နောက် မောင်မောင်၏လက်ဝါးပေါ်မှ အစင်းကြောင်းကလေးများကို ခဲတံဖြင့် ထောက်ရင်း -

"ဟောဒါက အသက်လမ်းကြောင်း၊ အသက်လမ်းကြောင်းက ရှည်တယ်၊ ဒါကြောင့် နင်အသက်ရှည်မယ်။ အသက်လမ်း ကြောင်း ဘေးမှာ လမ်းကြောင်းတစ်ခုပါတယ်၊ အဲဒီလမ်းကြောင်းက အသက်ကူ လမ်းကြောင်း၊ ဒီလမ်းကြောင်းက နင့်ကို သူများသတ်လို့ မသေဘူး၊ ကားမှောက်လို့ မသေဘူး၊ သင်္ဘောနစ်လို့ မသေဘူး၊ အဲဒီလမ်းကြောင်း နှစ်ခုထဲမှာ လေးထောင့်ကွက်ဖြစ်နေတယ်. . . .၊ နင်ကြီးလာရင် ထောင်ကျမယ်. . . .၊ အသက်ကူလမ်းကြောင်း ဘေးမှာ လမ်းကြောင်း လေးတစ်ကြောင်း ရှိသေးတယ်၊ အဲဒီလမ်းကြောင်းလေးက လွှမ်းရောင်ခြည်လမ်းကြောင်း၊ ဘယ်တော့မှ မရမယ့် မိန်းမကို သေတဲ့အထိ လွှမ်းနေရမယ်လို့ တီတီက သင်ပေးထားတယ်၊ နေဦး . . . နင့်နာမည်ကို





တွက်ကြည့်ရဦးမယ်. . . " ဟုဆိုကာ ညီချောသည် မောင်မောင်၏ နာမည်ကို "အမ်၊အေ၊ယူ၊ အဲန်၊ ဂျီ-မောင်၊ အမ်၊အေ၊ ယူ၊အဲန်၊ဂျီ-မောင်" ဟုရွတ်ဆိုကာ အင်္ဂလိပ်စာလုံးများ ချရေး၏။ ထိုစာလုံးများ၏ အောက်တွင်လည်း အင်္ဂလိပ်ဂဏန်းများကိုရေး၏။ ထိုသို့ ရေးချပြီးလျှင် လက်ချောင်းလေးများ ချိုး၍ ပေါင်းနေ၏။ ပေါင်းပြီးလျှင် -

"နင့်နာမည်က "သာတီအိတ်"ရတယ်၊ သာတီအိတ်ဆိုတာ စွန့်လွှတ်အနစ်နာခံခြင်းလို့ တီတီကသင်ပေးထားတယ်၊ နင်စွန့်လွှတ်ရမယ်"ဟု ညီချောက ပြောလေ၏။

"နင်ပြောတာ ငါနားမလည်ဘူး၊ စွန့်လွှတ်တယ်ဆိုတာ ဘာလဲ၊ ငါသိတာက စွန့်လွှတ်တာပဲသိတယ်၊ တို့အိမ်နားက အစ်ကိုကြီးက ငါ့ကို စွန်တစ်ကောင်လုပ်ပေးမယ်လို့ ပြောတယ်၊ ကြိုးကိုလည်း မှန်စာတိုက်ပေးမယ်၊ မကြာခင် ငါစွန့်လွှတ်ရတော့မယ်"ဟု မောင်မောင်က ပြောလိုက်၏၊ ထိုအခါ ညီချောက -

"နင် ဖူးလ်ပဲ. . . " ဟု ပြောလိုက်၏။

"ဖူးလ်ဆိုတာ ဘာလဲဟ"ဟု မောင်မောင်က မေးပြန်လေ၏။

"ဖူးလ်ဆိုတာ အရူးကိုပြောတာ၊ နင်ရူးနေပြီ" ဟု ညီချောက ပြောလေ၏။

"ငါမရူးဘူး၊ နင်ရူးနေတာ၊ နင်ဘာတွေလျှောက်ပြောမှန်း လည်းမသိဘူး၊ ခုပဲငါ့ကို စာရေးဆရာဖြစ်မယ်တဲ့၊ ထောင်ကျမယ်တဲ့၊ လွှမ်းရမယ်တဲ့၊ စွန့်လွှတ်ရမယ်တဲ့၊ ဟီ. . . .ဟိ. . . .၊ နင်မှ အရူး" ဟု မောင်မောင်က ပြောလိုက်လျှင် ညီချောသည် ခေါင်းကို တွင်တွင် ရမ်းလေ၏။

"ငါမရူးဘူးဟဲ့၊ ညည်းသည်တွေလာတိုင်း ငါ့ဒက်ဒီက ငါ့အကြောင်းကို ပြောတယ်"

"စိတ်ဒဇတဲ့"ဟု ညီချောက ပြောလေ၏။ ထို့နောက် ညီချော

www.burmeseclassic.com



မုန့်စားလေ၏။ ညိုချောအတွက်လည်း မောင်မောင်က ရေတစ်ခွက် ခပ်ပေး၏။ ထို့ကြောင့် ညိုချောက -

"နင့်က ငါ့ကို ရိုသေတာလား" ဟု မေးလေ၏။

"ရိုသေတာမဟုတ်ဘူး၊ နင်က ငါ့ကို မုန့်ကျွေးတယ်၊ ငါက နင့်ကို ရေပြန်တိုက်တယ်၊ နင့်ကို ဘာဖြစ်လို့ ရိုသေရမှာလဲ၊ ငါက နင့်ထက် ကြီးတာပဲ၊ ကြီးတဲ့လူကို ငယ်တဲ့လူက ညအိပ်ခါနီးတိုင်း ကန်တော့ရတယ် နင် ငါ့ကို ကန်တော့ပြီးအိပ်၊ အဲဒီလိုကန်တော့ပြီး အိပ်ရင် အန္တရာယ် ကင်းမယ်၊ ဘေးရှင်းမယ်" ဟု မောင်မောင်က ပြောလိုက်ရာ ညိုချော တစ်ခစ်ခစ်ရယ်လေ၏။

"နင်က တကယ့်လူကြီးကျနေတာပဲ ၊ နင့်ကို ကန်တော့ရင် အန္တရာယ်ကင်းမယ်၊ ဘေးရှင်းမယ်၊ ဟုတ်လား. . . . ဟီ. . . ဟီ၊ ငါအိပ် ခါနီးတိုင်းမှာ ငါ့ရဲ့ဒက်ဒီရယ်၊ ငါ့ရဲ့တီတီကို ကန်တော့တယ်၊ အဲဒီထဲမှာ နင်မပါဘူး" ဟု ညိုချောက ပြောလိုက်လေ၏။ ထိုအချိန်မှာပင် ကျောင်းတက်ခေါင်းလောင်းထိုးသွားသဖြင့် မောင်မောင်နှင့် ညိုချောတို့ ၏ စကားရည်လုပွဲလည်း ပြီးဆုံးသွားလေ၏။

ဤသို့နေလာခဲ့ရာ (၁၀)ရက်ခန့်ကြာသောအခါ၌ ညိုချော တစ်ယောက် ကျောင်းသို့ မလာတော့ပေ၊ မောင်မောင်လည်း မုန့်မစားရ တော့ပေ။ မောင်မောင်သည် အနီးရှိ ကျောင်းတိုင်တွင် ညိုချော ကျောင်း မတက်သော ရက်များကို ခဲတံဖြင့် ခြစ်၍ထားလေ၏။ ထိုခြစ်ရာများ အထက်တွင် "မုန့်မရှိ"ဟု ရေးထား၏။

တစ်နေ့တွင် မောင်မောင်ကျောင်းသို့ လာသောအခါ၌ ညိုချော က စာသင်ခန်းအတွင်းမှ ပြေး၍ထွက်လာပြီး မောင်မောင်၏ လက်ကို ဆွဲ၏။ မောင်မောင်လည်း ဝမ်းသာသွား၏။ ပါးစပ်မှလည်း "မုန့်ပြန်လာ ပြီ" ဟု အော်၏။ စာသင်ခန်းအတွင်းသို့ ရောက်သောအခါ ညိုချော

"နင်ဘာအော်တာလဲ မောင်မောင်" ဟု မေးလျှင် မောင်မောင်





က တိုင်တွင် ၎င်းရေးထားသောစာကို ပြ၏။

"နင်မလာတဲ့ နေ့တွေကို ငါမှတ်ထားတယ်" ဟုပြော၍ ခဲခြစ် ရာများကို လက်ညှိုးကလေးဖြင့် ထောက်၍ ရေတွက်ပြ၏။

"နင်ကျောင်းကို မလာတာ ရှစ်ရက်ရှိသွားပြီ၊ ငါမုန့်မစားရတာ လည်း ရှစ်ရက်ပေါ့၊ ညိုချောရှိရင် မုန့်ရှိတယ်. . . . ညိုချောမရှိရင် ငါ့အတွက် မုန့်မရှိဘူး. . ၊ နင်ပြန်လာတော့ ငါမုန့်စားရတယ်. . . . ဒါကြောင့် 'မုန့်ပြန်လာပြီ'လို့ ပြောတာ၊ နင်ဟာ မုန့်ပဲ" ဟု မောင်မောင် က ဟန်ပါပါပြောလေ၏။

"ငါက မုန့်မဟုတ်ပါဘူး၊ ညိုချောပါ မောင်မောင်ရဲ့"ဟု ညိုချောက ပြောလိုက်လျှင် မောင်မောင်က -

"မုန့်နဲ့ ညိုချော အတူတူပဲဟယ်. . . ၊ နင်မရှိရင် ငါအရမ်းဆာ တယ်. . . အရင်က အဲဒီလိုမဆာဘူး. . . ၊ နင်ကငါ့ကို မုန့်တွေ ကျွေး တော့ ငါဆာတတ်သွားပြီ ၊ အဲဒီမှာ နင်က. . ကျောင်းမလာတော့၊ ငါအရမ်းဆာတယ်. . . . ၊ နောက် နင်ကျောင်းမလာချင်နေပါ၊ မုန့်တော့ ပို့လိုက်ပါ. . " ဟု လေးလေးနက်နက်ပြောလေ၏။ ထိုအခါ ညိုချောက

"နင်အငတ်ပဲ" ဟု ပြောလေ၏။

"ဟုတ်တယ်. . . . ၊ နင်ပြောတာ သိပ်ဟုတ်တာပဲ၊ ငါ့အိမ်နား ကလေးတွေကလည်း ငါ့ကို အငတ်လို့ ပြောကြတယ်. . . . ၊ ကလေး တွေတင် မဟုတ်ပါဘူးလေ. . . . လူကြီးတွေကလည်း ပြောကြတာပါပဲ၊ ပြောမှာပေါ့ဟဲ့၊ ငါက စားမှမစားရဘဲ. . . သူများတွေ မုန့်စားလည်း ငါက ရေပဲသောက်နေရတာ၊ မစားရတဲ့လူကို အငတ်လို့ ပြောတာ ဟုတ်လား၊ အဲဒီတော့ ငါက အငတ်ပေါ့ဟယ်. . ."ဟု မောင်မောင်က ပြောလေ၏။ ညိုချောသည် မောင်မောင်ပြောသည်ကို စိတ်ဝင်စားစွာ နားထောင်နေလေ၏။ လွှန်စွာမှလည်း သနားသွား၏။ ထို့ကြောင့် ပါး ပေါ်သို့ မျက်ရည်များကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် မငတ်စေရပါဘူးဟယ်. . . ၊ ငါ. . . . ကျောင်းမလာနိုင်ရင်လည်း၊ ငါ့တီတီကို မုန့်ပို့ခိုင်းလိုက်ပါမယ်. . . . ငါလည်း နင့်ကို အငတ်လို့ မခေါ်တော့ဘူး ၊ နင်လည်း အငတ်လို့ မပြောနဲ့တော့နော်. . . နော်. . နော်. . . "ဟု ငိုသံပါနှင့် ညီချောက ပြောလိုက်ရာ မည်သို့ဖြစ်သည်မသိ၊ မောင်မောင်၏ ရင်တွင်း၌ ဆို့နင့်နင့်ကြီး ဖြစ်သွားလေတော့သတည်း။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)

## ဒံပေါက်မောင်မောင်

ညိုချောသည် ကျောင်းသို့ ရောက်နှင့်နေပြီဖြစ်၏။ မောင်မောင်က နောက်ကျ၍ရောက်လာ၏။ မောင်မောင့်ကို မြင်လျှင် ညိုချောသည် အတန်းထဲမှ ပြေးထွက်၍ မောင်မောင်၏ လက်ကို ဆွဲပြီး ခေါ်လာ၏။

"နင်ကလည်း အားကြီးနောက်ကျတာပဲ" ဟု ညိုချောက ပြောလိုက်လျှင် မောင်မောင်က -

"စားပွဲခင်းတွေ လက်သုတ်ပုဝါတွေ၊ ခန်းစီးအဝတ်တွေ လျှော်နေရတယ်ဟဲ့" ဟု ပြန်၍ ပြောလိုက်လေ၏။

"တို့အိမ်မှာတော့ အဲဒီလို အများကြီးလျှော်ဖို့ဆိုရင် ဒိုဘီကုလားကို လျှော်ခိုင်းလိုက်တာပဲ၊ နင်တို့က ဒိုဘီကုလားကို မလျှော်ခိုင်းဘူးလား" ဟု ညိုချောက ပြောလေ၏။

"ဒိုဘီကုလားက ငါပဲလေ. . .၊ အဝတ်လျှော်တဲ့လူကို ဒိုဘီကုလားလို့ ပြောတာမဟုတ်လား. . .၊ ငါ. . . ဒိုဘီကုလားပေါ့ ဟဲ့. . .၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲက လူကြီးတွေက ငါ့ကို အဲဒီအတိုင်းခေါ်ကြတာပဲ၊ ငါက အဖြ အိမ်မှာ အဝတ်လျှော်ရတယ်” ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက -

“နင်ပိုက်ဆံရသလား”ဟု ပြန်၍မေးလေ၏။

“ဘယ်ရမလဲဟဲ့. . ငါ့အဒေါ်က လျှော်ခိုင်းတာ၊ ဂျီးမပြောင်ရင် ဆပ်ပြာရည် မစင်ရင်၊ ရေညှစ်တာ ရေမစင်ရင်၊ အရိုက်တောင် ခံရဦး မှာ”ဟု မောင်မောင်က ပြန်၍ပြောလေ၏။ စာသင်ခန်းအတွင်းသို့ ရောက်သောအခါ၌ ညိုချောက -

“မောင်မောင်ရယ်. . . နင်က သိပ်ပြီး ကံမကောင်းဘူး၊ နင့်ကို ငါဗေဒင်တွက်ကြည့်မယ်. . ” ဟုပြောလေ၏။ ထိုအခါ မောင်မောင်က

“နင်က တွက်တတ်လို့လား ညိုချောရယ်. . . . ဘယ်လိုတွက် မှာလဲ” ဟု မေးလိုက်ရာ ညိုချောက -

“မဟာဘုတ်နဲ့ တွက်မှာ”ဟု ပြန်၍ ပြောလေ၏။

“နင်ပြောတဲ့ မဟာဘုတ်ဆိုတာ ဘာကောင်လဲ၊ ငှက်လား၊”ဟု မောင်မောင်က မေးလိုက်လျှင် ညိုချောက ‘တခစ်ခစ် ’ ရယ်လေ၏။

“ငှက်မဟုတ်ပါဘူးဟယ်. . . . ၊ ငါ့တီတီကငါ့ကိုသင်ပေးထား တာ ၊ အားလုံး ငါအလွတ်ရတယ်. . . . ၊ မဟာဘုတ်ဆိုတာ ငှက်မဟုတ် ဘူးဟဲ့၊ ခုနှစ်နဲ့စားပြီး တွက်ရတဲ့အခွင်ဟဲ့၊ နင့်မွေးသက္ကရာဇ်ကို နင်သိ တယ်မဟုတ်လား၊ အဲဒါဆိုတွက်လို့ရပြီ” ဟု ညိုချောက ပြောလေ၏။ မောင်မောင်သည် သူ၏ မွေးသက္ကရာဇ်ကို ပြောလိုက်၏။ ညိုချောသည် မောင်မောင်ပြောသော မွေးသက္ကရာဇ်ကို ခုနစ်ဖြင့် စား၏။ ခုနစ်အလီကို လည်း (ဆဲဗင်းဝမ်းအာဆဲဗင်း၊ ဆဲဗင်းတူးအာဖိုတင်း)ဟု အင်္ဂလိပ်လို ဆို၏။ ထိုသို့ဆိုရင်း တွက်ပြီးသောအခါ၌ “ရမိန်ဒါဆစ်”ဟု ကျယ်လောင် စွာ အော်လိုက်၏။

“နင်ဘာပြောတာလဲ ညိုချောရဲ့”ဟု မောင်မောင်က အားမတို



အားမရလေသံဖြင့် မေးလေ၏။

“စားလို့ကျန်တာ ခြောက်လို့ပြောတာ” ဟု ညိုချောက ပြန်ပြော လိုက်ရာ -

“စားလို့ကျန်တာ အကြွင်းပေါ့ဟဲ့” ဟု မောင်မောင်က ပြောလေ၏။

“အေး ဟုတ်တယ်. . . နင်ပြောတဲ့အကြွင်းပေါ့ဟယ်. . . အဲဒါ ခြောက်ကြွင်းတယ်. . . နင်ဟာခြောက်ကြွင်းပေါ့၊ ဘာနေ့ သားလဲ” ဟု ညိုချောကမေးလျှင် မောင်မောင်က -

“ကြာသပတေးသား” ဟု ပြောလေ၏။

“ခြောက်ကြွင်းရင် ကြာသပတေးသားပေါ့၊ ခြောက်ကြွင်းတွေ က ငယ်စဉ်မှာ အလွန်ဆင်းရဲတယ်၊ မိဘတွေနဲ့ အတူမနေရဘူး၊ မိဘမရှိ ဘာလည်းဖြစ်တတ်တယ်၊ ၎င်းတို့ရဲ့ငယ်စဉ်ဘဝဟာ ရင်နာစရာလို့ဆို တယ်. . . . ” ဟု ညိုချောက ပြောလျှင် -

“၎င်းတို့ဆိုတာ ဘယ်သူလဲ”ဟု မောင်မောင်က ပြန်၍ မေးလေ၏။

“တီတီသင်ပေးတဲ့အတိုင်း ကျက်ထားတယ်ဟယ်. . . ၊ ကတ်သီး ကတ်သတ် မမေးပါနဲ့၊ ၎င်းတို့ဆိုတာအားလုံးကိုပြောတာ နင်လည်းပါ တာပေါ့၊ ငယ်စဉ်မှာ ရင်နာရမယ်လို့ပြောတာ”ဟု ညိုချောက ဒေါနှင့် မာနှင့်ပြောလျှင် မောင်မောင်က -

“နင့်ဗေဒင်မမှန်ဘူး၊ ငါ. . . . ရင်မနာဘူး. . . . အဝတ်တွေ လျှော်ရလို့. . . . လက်မောင်းတွေပဲနာတယ်. . . ”ဟု ပြောလိုက်လေ၏။ ထိုအခါညိုချောက -

“အဲဒါတော့ငါမသိဘူး. . . . တီတီသင်ပေးထားတဲ့အတိုင်း ပြောတာ” ဟု ပြောလိုက်ချိန်၌ပင် ကျောင်းတက်ခေါင်းလောင်း ထိုးသွား ပြီဖြစ်သဖြင့် ပြောလက်စစကားကို ရပ်လိုက်ကြလေ၏။ ဆရာမကြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥာဏ်မေသည် ပထဝီသင်ခန်းစာကို သင်ကြားပေး၏။ ကျောင်းသားများတို လိုက်၍ ဆိုခိုင်းရမည့်နေရာ၌ လိုက်၍ ဆိုခိုင်း၏။ ကျောင်းသားများ အားလုံးလည်း လိုက်၍ဆိုကြရ၏။ ညိုချောမှာမူ လိုက်၍မဆို စာအုပ်ကိုဖွင့်၍ ခဲတံဖြင့် အရုပ်ရေးနေ၏။ အရုပ်မှာ ယောက်ျားလေး တစ်ဦး၏အရုပ်နှင့် မိန်းကလေးတစ်ဦး၏ အရုပ်များဖြစ်၏။ ယောက်ျား အရုပ်၏ အဝတ်အစား နေရာများကို ခဲတံဖြင့် မည်းအောင်ခြစ်ပစ်၏။ မိန်းကလေး၏ အရုပ်အောက်တွင် ညိုချောဟုရေး၏။ ယောက်ျားလေး အရုပ်၏အောက်တွင် မောင်မောင်ဟု ရေး၏။ မုန့်စားဆင်းချိန်သို့ ရောက်သောအခါ၌ မောင်မောင်က -

"ညိုချော. . . ဆရာမကြီးစာသင်တုန်းက နင်လိုက်လည်း မဆိုဘူး ဘာတွေလျှောက်ရေးနေတာလဲ. . " ဟု ပြောလိုက်လျှင် ညိုချောတ သူရေးထားသောပုံကို လှန်၍ပြ၏။ မောင်မောင်က ရယ်၏။

"ဟုလည်း မတူဘူး၊ ပြီးတော့ ငါ့အဝတ်အစားတွေကို အမည်းတွေ ခြစ်ပစ်ထားတယ်" ဟု ပြောလိုက်ရာ ညိုချောက -

"နင့်အင်္ကျီတွေ ၊ လုံချည်တွေ ညစ်ပတ်နေလို့ အမည်းတွေ ခြစ်ပစ်လိုက်တာ၊ နင်ပြောတော့ နင်က ဒိုဘီကုလားဆို၊ နင့်အင်္ကျီတွေ နင့်လုံချည်တွေကျတော့ မလျှော်ဘူးလား"ဟု ပြောရာ မောင်မောင်တ

"အမြဲတမ်းလျှော်လို့မရဘူး ငါ့မှာ နှစ်ထည်ပဲရှိတာ. . . . ကျောင်းသွားရင်ဝတ်ဖို့တစ်ထည်ကအမြဲတမ်းခြောက်အောင် ထားရတယ်၊ မနက်ဖြန်ကျောင်းပိတ်မယ်ဆိုရင် ဒီနေ့လျှော်လို့ရတယ်၊ နေ့တိုင်း လျှော်လို့မရဘူး၊" ဟု ပြောရာ ညိုချောက ရယ်လေ၏။

"အဲဒီလို အဝတ်အစားမရှိတဲ့လူကို ငါတို့တီတီက ဒါဝတ် ဘိုင်လို့ ခေါ်တာ ငါကြားဖူးတယ်. . .၊ ငါတို့အိမ်မှာ တစ်ခါတလေ လာပြီး အလုပ်လုပ်ရတဲ့ ဦးလှမောင်ကြီးကို ငါတို့အဒေါ်က အဲဒီလို ခေါ်တယ် ဟဲ့" ဟု ညိုချောကပြောလျှင် မောင်မောင်က -





"ဘာအဓိပ္ပာယ်လဲ ဟဲ့"ဟု ပြန်၍ မေးလိုက်လေ၏။

"တခြားဝတ်စရာမရှိဘဲ၊ ဒါဘဲဝတ်နေရာလို့ 'ဒါဝတ်'လို့ ပြောတာပေါ့ဟ. . . . ဘိုင်ဆိုတာကတော့ ဘာလဲမသိဘူး၊ တီတီနဲ့ တွေ့မှ မေးကြည့်" ဟု ညိုချောက ပြောလေ၏။

"ထားပါတော့ဟယ်. . . မုန့်ကျွေးပါတော့" ဟု မောင်မောင်က ပြောလိုက်ရာ -

"ဒီနေ့စားရမှာ မုန့်မဟုတ်ဘူးဟဲ့ ၊ ဒံပေါက်. . . ဒံပေါက်" ဟု ညိုချောက ပြောလေ၏။

"အေး. . . . ဟိုတစ်နေ့က ငါတို့ခေါင်းရင်းဘက်အိမ်မှာ ဆွမ်းကြီးတွေကို ဒံပေါက်ကပ်တယ်တဲ့. . . . ဟိုးဘက်လမ်းထိပ်က ဆိုင်မှာလည်း ဒံပေါက်ရပြီဆိုတဲ့ စာကိုတွေ့ရတယ်. . . . ငါတော့ တစ်ခါမှ မစားဖူးဘူး. . . မြန်မြန်ကျွေးစမ်းပါဟယ်. . . ." ဟု မောင်မောင်က စိတ်အားထန်သန်စွာပြောလိုက်လေ၏။

"ဒီနေ့ငါ့ တီတီ မွေးနေ့ဟဲ့. . . . မနက်အစောကြီး ဘုန်းကြီးကျောင်းမှာ ဒံပေါက်သွားကပ်တယ်. . . . နင့်အတွက် တစ်ထုပ် ငါ့အတွက် တစ်ထုပ်ယူလာတာ. . . ရော့စား. . . ." ဟု ပြောကာ ညိုချောက ဒံပေါက်တစ်ထုပ်ကို လှမ်း၍ပေးလိုက်လေ၏။ မောင်မောင်သည် ဒံပေါက်ထုပ်ကို ချည်ထားသော သင်အူကြိုးကို ဖြည်ရင်း -

"အင်္ဂလိပ်သတင်းစာကြီးနဲ့ထုပ်ထားတာ"ဟု ပြောလိုက်လေ၏။ ထို့နောက်ဒံပေါက်ထုပ်ကို ဖွင့်လိုက်ပြီး -

" အထဲမှာ ဖက်လည်းပါသေးတယ်. . "ဟု မောင်မောင်က ပြောလိုက်၏။ ထို့နောက်ဒံပေါက်ထုပ်တွင်းမှ ဖက်ဖြင့် ထုပ်ထားသော အထုပ်တလေးတစ်ထုပ်ကိုတွေ့ပြန်သဖြင့်ကောက်ယူရင်း -

"အထုပ်ကြီးထဲက အထုပ်ကလေးတစ်ထုပ်" ဟု ပြောရာ ညိုချောက ရယ်လေ၏။ ရယ်ပြီးနောက် -



www.burmeseclassic.com

www.burmeseclassic.com



"အချဉ်ထုပ်ပါဟယ်. . . "ဟု ပြောလေ၏။ မောင်မောင်သည် ဒံပေါက်ထုပ်ကို ဖြေပြီးနောက် သေချာစွာကြည့်နေ၏။ ထို့နောက် -

"ဒံပေါက်ဆိုတာ အဝါရောင်ထမင်းပဲ၊ ဟင်းလည်းမပါဘူးဟာ" ဟု ပြောလိုက်ရာ ညိုချောက မျက်စိပေါက်ကလေး ကျဉ်းသွားအောင် ရယ်လေ၏။

"ဟင်းက အဲဒီထမင်းအောက်မှာဟဲ့၊ ကြက်သားတုံးတွေ လိမ့်မယ်" ဟုဆိုသဖြင့် မောင်မောင်လည်း ဒံပေါက်ထမင်းများ အတွင်းသို့ လက်ဖြင့် ထိုးနှိုက်လိုက်ရာ ကြက်ရင်ပုံတစ်ခု ပါလာလေ၏။ မောင်မောင်၏ မျက်နှာသည် ဝင်းပသွားလေ၏။

"ညိုချော နင်ပြောတာဟုတ်တယ်. . . .၊ ဟောဒီမှာ ကြက်သား ဒီကြက်သားကို ဘာဖြစ်လို့ အပေါ်မှာ တင်မထားတာတုန်း၊ နင်ပြောလို့ အထဲမှာ ပါမှန်းသိတာ၊ အစက ထမင်းအဝါတွေချည်းပဲ စားရမယ်ထင်ထာ၊ ကြက်သားတုံးကို အပေါ်မှာတင်ထားလိုက်ရင် အစောကြီး ဝမ်းသာရမှာ. . . . ဒီဒံပေါက်ရောင်းတဲ့ လူကလည်း ငါတို့ကို အစောကြီး ဝမ်းမသာစေချင်ဘူးလား ဘာသဘောလဲ" ဟု မောင်မောင်က ဒေါနှင့်မောနှင့် ပြောလိုက်ရာ ညိုချောက -

"ဒံပေါက်သဘော"ဟုပြောလေ၏။ ထို့နောက် နှစ်ယောက်သား ရယ်ကြလေ၏။ ရယ်ပြီးနောက် ညိုချောကပင် -

"ခြောက်ကြွင်းမဟာဘုတ်သမားတွေဟာ၊ ပထမ မကောင်းဘူး နောက်မှ ကောင်းတယ်လို့ပြောတယ်. . . . အဲဒီတော့ ဒံပေါက်လို နေမှာပေါ့ဟယ်. . . ပထမတော့ ထမင်းအဝါပဲစားရမယ်၊ နောက်မှ ကြက်သားတွေ့ရမယ်ဆိုတော့၊ မောင်မောင်တို့လို ခြောက်ကြွင်းတွေဟာ ဒံပေါက်တွေပေါ့၊ နင်လည်းဒံပေါက်ပဲ"ဟု ပြောကာ ညိုချောသည် ရယ်နေလေ၏။ မောင်မောင်သည် ဒံပေါက်ကို အားရပါးရစား၏။ ကြက်သားကို ဖဲ့၏။ ပါးစပ်ဖြင့် ကိုက်၍ဆွဲ၏။ လက်များ ပါးစပ်များတွင် ဆီများပေ၍





ပြောင်လက်နေ၏။

"သိပ်ကောင်းတာပဲဟယ်. . " ဟု မောင်မောင်က အားရ ပါးရ ပြောလေ၏။ ထိုအခါ ညိုချောက -

"ဒံပေါက်က ဒံပေါက် ကိုစားပြီး ဒံပေါက် ကောင်းတယ်လို့ ပြောနေတာပဲ ဟီ. . . . ဟိ" ဟု ပြောပြီးရယ်နေလေ၏။

"ငါတို့ ခေါင်းရင်းအိမ်က ဘုန်းကြီးကို ဒံပေါက်ကပ်တယ်ဟဲ့ အဲဒီတုန်းက ငါ့ကိုခေါ်ပြီး ကျွေးပါတယ်. . . . ဒါပေမယ့် ငါ့အဒေါ်က ငဲ့ခေါင်းကို ခေါက်ပြီး သွားမစားရဘူးလို့ ပြောလို့ မစားလိုက်ရဘူး၊ ခေါင်းရင်းအိမ်နဲ့ ငါ့အဒေါ်နဲ့ ရန်ဖြစ်ထားတယ် ဟဲ့၊ တို့အဒေါ်က ခေါင်းရင်းအိမ်က မိန်းမကြီးကိုဆဲတယ်၊ အဲဒီတော့ ငါလည်း ခေါ်ကျွေးပေမယ့် စားရဲပါဘူးဟယ်. . . . အဲဒီအိမ်က ဒံပေါက်တွေပို့တော့၊ ခွေးတွေကို ကျွေးတယ်ဟ၊ ခွေးတွေ အားရ ပါးရစားနေတာမြင်တော့၊ ငါလည်း ခင်ပြီးစားချင်လိုက် တာဟာ. . . . ငါက အခုမှ နင်ကျွေးလို့ ဒံပေါက်စားဖူးတာ၊ ငါတို့ လမ်းထဲက ခွေးတွေဟာ ငါ့အရင်ဒံပေါက်စားဖူးတယ်၊ ဒံပေါက်ကို လည်း ခွေးတွေစားနေတုန်းက ထမင်းတွေကို ဆန္ဒင်းတွေနဲ့ နယ်ထားတယ်လို့ ထင်မိတာ၊ အခုစားရတော့ အတော့်ကို ကောင်းတာပဲဟာ. . . " ဟု မောင်မောင်က အားရပါးရ ပြောလေ၏။ မောင်မောင်သည် ဒံပေါက်ကို လက်ဖြင့်စား၏။ ညိုချောကမူ ဇွန်းပါလာသဖြင့် ဇွန်းဖြင့် စား၏။ ကြက်သားကိုဖဲ့ရာ၌လည်း သူ၏ လက်ညှိုး လက်မ ကလေးပေ ရုံလောက်သာ ဖဲ့၏။ စားပြီးသောအခါ မောင်မောင်သည် သူ၏ဖက်နှင့် စက္ကူများကိုလည်းကောင်း၊ ညိုချော၏ဖက်နှင့် စက္ကူများကို လည်းကောင်း၊ သင်အူကြိုးဖြင့် ချည်ကာ အမှိုက်ပုံတွင် သွားပစ်၏။ လက်ကိုလည်း လမ်းဘေး ဘုံဘိုင်၌ပင် ဆေး၏။ မောင်မောင် ပြန်လာသောအခါ၌ ညိုချောက သကြားလုံးတစ်လုံးပေး၍ -

"နင့်လက်ကို ပြောင်အောင်ဆေးခဲ့ရဲ့လား ၊ နင်စားတုန်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း လက်မဆေးဘဲစားတယ်၊”ဟု ပြောလိုက်ရာ မောင်မောင်က -

“ဆေးခဲ့ပါတယ်ညိုချောရယ်. . . ဘုံဘိုင်မှာ အဝတ်လျှော်နေတဲ့ မိန်းမကြီးဆီက . . . . ဆပ်ပြာတောင်းပြီး ဆပ်ပြာနဲ့တောင် ဆေးခဲ့သေးတယ်. . . ” ဟုဆိုကာ သူ၏ လက်ကို နမ်းပြလေ၏။

“အေးဟုတ်တယ်. . . ထမင်းစားပြီးရင်. . . လက်ကိုဆပ်ပြာနဲ့ဆေးရမယ်၊ ဒါပေမယ့် နင်ပြောသလို၊ အဝတ်လျှော်တဲ့ဆပ်ပြာနဲ့တော့ မကောင်းဘူး၊ ဟောဒီလို အမွှေးဆပ်ပြာနဲ့ဆေးရမယ်” ဟုပြော၍ သူ၏ လွယ်အိတ်အတွင်းမှ ဆပ်ပြာဘူးလေးကို ဖွင့်ပြ၏။ မောင်မောင်လည်း ညိုချော၏ ဆပ်ပြာဘူးကို ယူ၍ နမ်းကြည့်လေ၏။

“ရေမွှေးလိုပဲ ဒီဆပ်ပြာနဲ့ဆေးရင်၊ လက်လည်းမွှေးနေတာပေါ့” ဟု ပြောလိုက်ရာ ညိုချောသည် သူ၏ လက်ကလေးကို မောင်မောင်၏ နှာခေါင်းအနီးသို့ ကပ်ပေးလိုက်၏။ မောင်မောင်သည် ညိုချော၏လက်ကလေးကို နမ်းကြည့်လိုက်ပြီးလျှင် မောင်မောင်က -

“ဟုတ်တယ်ဟဲ့. . . . ညိုချောရဲ့. . . . နင့်လက်ကလေးတွေ မွှေးနေတာပဲ” ဟု ပြောလေ၏။ ထို့နောက်မောင်မောင်သည် တစ်စုံတစ်ခုကို စဉ်းစားသလို ငြိမ်၍ သွားလေ၏။ ထို့ကြောင့် ညိုချောက -

“နင်ဘာတွေ စဉ်းစားနေတာလဲ” ဟု မေးလိုက်လေ၏။

“အေးဟုတ်တယ်. . . . ငါကြီးလာရင်. . . . အလုပ်လုပ်မယ် ပိုက်ဆံတွေရလာရင် နေ့တိုင်း ဒံပေါက်တွေ ဝယ်စားမယ်လို့ စိတ်ကူးနေတာ” ဟု မောင်မောင်က အားရပါးရ ပြောလိုက်လျှင် ညိုချောက -

“အမွှေးဆပ်ပြာလည်း ဝယ်ထားရမယ်ဟဲ့. . . . ဒံပေါက်စားပြီးတိုင်း နင်ဆေးရမယ်လေ. . . . ဒါမှ နင့်လက်ကလေးတွေ မွှေးနေမှာပေါ့. . . နို့မဟုတ်ရင်. . . နင့်လက်က ဒံပေါက်စော်တွေနံနေမှာပေါ့”ဟု ပြောလိုက်ရာ မောင်မောင်က ရယ်မောလေ၏။

“အမွှေးဆပ်ပြာနဲ့ လက်ဆေးဖို့က အရေးမကြီးပါဘူးဟယ်. . . ဒံပေါက်စားရဖို့က အရေးကြီးပါတယ်. . . နောက်တစ်ခါ နင်တို့အိမ်မှာ ဆွန်းကြီးကို ဒံပေါက်ကပ်ရင်လည်း. . . . ယူလာခဲ့ဦးနော်. . . . အဲဒီအခါကြတော့ ဒံပေါက်စားပြီးရင် နင့်ရဲ့ ဆပ်ပြာမွှေးမွှေးလေးကိုလည်း ငါ့ကို လက်ဆေးဖို့ ငှားပါဦး”ဟု မောင်မောင်က ပြောလိုက်ရာ -





“အိမ်မှာ အများကြီးရှိတယ်. . . နင့်အတွက် ဆပ်ပြာတစ်တုံး ယူခဲ့မယ်. . . ဒံပေါက်ရေ” ဟု ညိုချောကပြောလိုက်ချိန်၌ပင် ကျောင်းဆတ်ခေါင်းလောင်း ထိုးလိုက်ပြီဖြစ်၏။

“ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်. . . ”

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

## ဒိဋ္ဌိကျောင်းသားမောင်မောင်

တစ်နေ့တွင်ညိုချော ကျောင်းသို့ရောက်ချိန်၌ မောင်မောင် ာက်မလာဘဲရှိလေ၏။ ညိုချောသည် မောင်မောင် လာမည့်လမ်းကို ာ်၍နေလေ၏။ ကျောင်းတက်ခေါင်းလောင်း ထိုးချိန်၌ ညိုချော၏ င်လုံး၌ မျက်ရည်များရစ်ဝိုင်းနေပြီဖြစ်၏။

ထိုအချိန်၌ ကျောင်းသားလေးတစ်ယောက်သည် ညိုချော သို့လာရပ်ပြီးလျှင် -

"ကောင်မကလေး ညိုတိုတို. . . မောင်မောင် မလာလို့ ငို. . ."

ဆိုကာ ညိုချော၏မျက်နှာရှေ့တွင် လက်ညှိုးကလေးကို ကွေးချည် ်ချည်လုပ်၏။ ထိုအခါ ညိုချောသည် စိတ်ကို မထိန်းနိုင်တော့ဘဲ းတနဲ ငိုလေတော့၏။ ညိုချော ငိုချလိုက်သည့်အချိန်၌မှာပင် ာင်းတက်ခေါင်းလောင်းထိုးသွားပြီဖြစ်၏။

ညိုချောသည် တရှုတ်ရှုတ်ငိုနေလေ၏။ ဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဉာဏ်မေသည် ညိုချောအနီးသို့ရောက်လာပြီးလျှင်-

"ဘာဖြစ်လို့ ငိုနေတာလဲ ကလေး. . . "ဟု မေး၏။ ထိုအခါ ညိုချောက ၎င်းအား စသောကလေးကို ညွှန်ပြရင်း -

"ဟိုကောင်လေး သမီးကို စတယ်. . . . " ဟု တိုင်လိုက်ရာ ဆရာမကြီးလည်း ထိုကလေးအား ခေါ်လိုက်လေ၏။

"မင်းဘာဖြစ်လို့ သူ့ကို စရတာလဲ. . . . "ဟု မေးလိုက်ရာ ကျောင်းသားလေးက -

"မဟုတ်ဘူး ဆရာမကြီး၊ ကျွန်တော်မစခင်ကတည်းက သူက ငိုမလိုဖြစ်နေတာ. . . . သူ့နားမှာထိုင်တဲ့ သူ့သူငယ်ချင်း မောင်မောင် ဆိုတဲ့ကောင်လေး မလာလို့. . . . အဲဒါကို ကျွန်တော်က စမိတာပါ. . . " ဟု ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်၍ ဖြေလေ၏။ ထိုအခါ ဆရာမကြီးက

"တိတ်တိတ်. . . . မငိုနဲ့. . . . ၊ မောင်မောင်က ကျောင်း တော်တော်နဲ့တက်နိုင်မှာ မဟုတ်ဘူး. . . ၊ သူ့ဦးလေး နေမကောင်းလို့ ဆေးရုံမှာ သွားပြီး စောင့်အိပ်နေရရှာတယ်၊ ဆရာမကြီးဆီ သူ့အဒေါ် လာပြီးခွင့်တိုင်ထားတယ်. . . . "ဟု ပြောလိုက်လျှင် ညိုချောသည် ပါးစပ်ကလေးအဟောင်းသားနှင့် ဆရာမကြီးကို ငေးမောကြည့်ရှုနေလေ၏။ ထို့နောက် မျက်ရည်များကို သူမ၏ လက်ကိုင်ပုဝါကလေးဖြင့်သုတ်၍ ငြိမ်ငြိမ်ကလေး ထိုင်နေလေတော့၏။ ဆရာမကြီးစာသင်သောအခါ အခါတိုင်းဆိုလျှင် စာအုပ်ကိုဖွင့်၍ ခဲတံဖြင့် အရုပ်များဆွဲနေတတ်၏။ ယခုမူ အရုပ်များ မဆွဲတော့. . . . ၊ သို့သော် စာအုပ်ကိုတော့ဖွင့်သေး၏။ စာရွက်ပေါ်တွင် 'မောင်မောင်'ဟု ရေးလိုက်သေး၏။ ထို့နောက် ခဲတံဖြင့် ခြစ်ပစ်ပြန်၏။ မောင်မောင့်ကို စိတ်ကောက်နေပြီ မဟုတ်ပါလား. . . ထို့နောက် ခဲတံဖြင့် ထပ်၍ ရေးခြစ်ပြန်၏။

"ဒိုဘီကုလား မလာ. . . "

ထိုနေ့မှစ၍ 'ဒိုဘီကုလားမလာ. . . . ' ဟူသော စာများ ရေး





လေ့ရှိ၏။ မောင်မောင့်အတွက် ထည့်၍လာသော မုန့်များကိုလည်း သူလည်း မစား၊ လွှင့်လည်းမပစ်ဘဲ စက္ကူအိတ်တစ်လုံးတွင် ထည့်၍ ထားလေ၏။ ထိုစက္ကူအိတ်အား အိမ်၏နောက်ဖေးတွင် ထားသည့် နို့ဆီ ခွက်အလွတ်များထည့်၍ထားသော ခြင်းကြီး၌ ချိတ်၍ထားလေ၏။

တစ်ခုသောတနင်္ဂနွေနေ့တွင် "နို့ဆီခွက်ရောင်းဖို့ ရှိသလား အမား. . . . "ဟု အော်သည့်ကုလားကို ညိုချော၏ အဒေါ်က လှမ်း၍ ခေါ်ပြီးလျှင် နို့ဆီခွက်အလွတ်များ ရောင်းရန်အတွက် ခြင်းကြီးကို သွား၍မရာ ပုရွက်ဆိတ်များတက်၍ ယင်ကောင်များအုံနေသော စက္ကူ အိတ်ကြီးကို တွေ့ရလေ၏။ ညိုချော၏အဒေါ်လည်း အလန့်တကြား ဖြစ်တာ -

"ဟယ်. . . ကြည့်စမ်းကြည့်စမ်း. . . . ဘာအိတ် ကြီးလဲ. . . " ဟု အော်ကာ စက္ကူအိတ်ကြီးကို အဝမှဖွင့်၍ကြည့်ရာ မှိုတက်နေသော ဆောင်မုန့်များကိုတွေ့ရလေ၏။ ညိုချော၏ အဒေါ်လည်း -

"ညိုချော လာစမ်း. . . . ဒီစိတ္တဇလေး ဘာတွေ လုပ်ထားပြန်ပြီ လဲ. . . "ဟု မေးရာ ညိုချောလည်း အနီးသို့လာ၍ရပ်ပြီးလျှင် ငိုနေလေ ၏။ ထိုအခါ အိမ်ရှေ့တွင်ရောက်နေသည့် နို့ဆီခွက်ဝယ်သည့် ကုလား လည်း -

"အမား. . . နို့ဆီခွက်ယူမယ်လေး. . . " ဟု အသံပေး လျှင် ညိုချော၏အဒေါ်သည် စိတ်တိုနေသည်ဖြစ်၍ -

"မရောင်းတော့ဘူးဟယ်. . . သွားတော့. . . "ဟု ပြောလိုက် ရာနို့ဆီခွက်ကုလားက -

"အခုရောင်းမယ်. . . . ၊ အခုမရောင်းဘူး. . . . ဘယ်လိုဖြစ် တာလဲ. . . စိတ်မှကောင်းရဲ့လား. . . . " ဟု ပြော၍ ထွက်သွားလေ၏။

"စိတ်မကောင်းဘူးဟေ့. . . . စိတ်မကောင်းဘူးပဲ. . . . မွှေ. . . စိတ္တဇ. . . ငါမဟုတ်ဘူးဟဲ့၊ဟောဒီကောင်မလေး. . . . ကဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါဦး ဒေါ်ညိုချောရယ်. . . မုန့်တွေအများကြီး ဒီစက္ကူအိတ်ကြီးထဲမှာ ထိုးသိပ်ပြီးထည့်ထားတာ ဘာသဘောလဲ. . . ပုရွက်ဆိတ်တလောင်းလောင်း၊ ယင်ကောင်တလောင်းလောင်းနဲ့. . . ” ဟု ညိုချော၏ အဒေါ်က ဒေါ်နှင့် မောနှင့် မေးလိုက်ရာ ညိုချောက -

“မောင်မောင့်အတွက် ထည့်ထားတဲ့မုန့်တွေ. . . မောင်မောင်မလာလို့ ဒီထဲထည့်ထားတာ. . . . ”ဟု ပြန်၍ ဖြေလေ၏။

“မလာရင်လည်း ထည့်မသွားနဲ့ပေါ့တော်၊ လာမှထည့်ပေါ့ အခု ညည်းဥစ္စာက ယင်ကောင်တွေအုံတယ်. . .၊ ကြာရင် ရောဂါတွေရမယ်၊ ကဲ သွား. . . . သွား. . . . ” ဟု ညိုချော၏ အဒေါ်က ပြောလိုက်လေ၏။ ညိုချောလည်း မျက်ရည်များ တသွင်သွင်စီးကျပြီးလျှင် အဒေါ်ဖြစ်သူ၏အနီးမှ ထွက်သွားလေ၏။

ညပိုင်းသို့ရောက်၍ ညိုချောအိပ်သွားသည့်အခါ၌ ညိုချော၏ အဒေါ်နှင့် ညိုချော၏ဖခင်တို့သည် စကားပြော ကြလေ၏။ ညိုချော၏ အဒေါ်က -

“ပေါ့ပေါ့ဆဆထားလို့တော့ မရဘူးနော်. . .၊ ကလေးဟာ သူ့သူငယ်ချင်းကောင်လေးမလာလို့ အတော့်ကို စိတ်ထိခိုက်နေတယ်၊ ထမင်းလည်း ကောင်းကောင်းမစားဘူး. . . ကောင်လေးအတွက် ထည့်သွားတဲ့မုန့်တွေကို ကောင်လေးမလာတာနဲ့ စက္ကူအိတ်ကြီးထဲမှာ ထည့်ထားတာ တွေ့ရတော့မှသိရတာ. . . .၊ အဲဒါကို စုံစမ်းပြီး ဖြေရှင်းဦး. . .၊ နဂိုကမှ စိတ္တဇလေး၊ ပိုပြီး ဆိုး သွားဦးမယ်. . . . ” ဟု ပြောလျှင် ညိုချော၏ဖခင်လည်း နောက်တစ်နေ့နံနက် ညိုချော ကျောင်းတက်ချိန်၌ ကျောင်းသို့လိုက်၍ သွားပြီးလျှင် ဆရာမကြီးဒေါ်ဉာဏ်မေနှင့် တွေ့ဆုံကာ အကြောင်းစုံ ပြောပြ၍ မောင်မောင်၏ အိမ်လိပ်စာကို စုံစမ်းလေ၏။ ထိုအခါ ဆရာမကြီးဒေါ်ဉာဏ်မေက -

“မောင်မောင်ရဲ့ဦးလေး ဆေးရုံတက်ကတည်းက မောင်မောင်





အာ ဆေးရုံမှာ သွားစောင့်ပေးရရှာတယ်. . . . ကျောင်းကို မတက်နိုင်ရှာဘူး. . . .၊ ဆေးရုံပေါ်မှာပဲ မောင်မောင့်ဦးလေး ဆုံးသွားရှာတယ်၊ ပြီးခဲ့တဲ့(၁၀) ရက်လောက်က ပေါ့. . . .၊ ကျွန်မတောင် အဲဒီအသုဘ သိတ်ပို့လိုက်သေးတယ်၊ တစ်နေ့က ရက်လည်တယ်လေ. . . . ” ဟု ပြောလေ၏။ ထို့နောက် ဆရာမကြီးဒေါ်ဉာဏ်မေသည် ညိုချော၏ ဖခင်အား မောင်မောင်၏အိမ်လိပ်စာကို ပေးလိုက်လေ၏။ ညိုချော၏ ဖခင်လည်း ထိုလိပ်စာအတိုင်း လိုက်သွားလေ၏။ မောင်မောင်၏ အဒေါ်နှင့် ဆိုက်ဆိုက်မြိုက်မြိုက်ပင်တွေ့လေ၏။ မောင်မောင့်အဒေါ်၏ ပြောပြချက်အရ မောင်မောင့်တွင် ဆွေမျိုးဟူ၍မရှိကြောင်း၊ ယခု ကွယ်လွန်သွားသောသူမှာ မောင်မောင်၏ ဦးလေးတစ်ဝမ်းကွဲဖြစ်ကြောင်း၊ ၎င်းအနေနှင့် ယောကျ်ားလည်းဆုံး၊ ဝင်ငွေလည်းမရှိ ရှေ့ရေးကိုမည်သို့ တွေးရမည်သိသည့်အချိန်၌ မောင်မောင့်အား ကျွေးလည်း မကျွေးနိုင်၊ ကျောင်းလည်း မထားနိုင်သောကြောင့် ရက်လည်ဆွမ်းသွတ်သည့်နေ့က ဆွမ်းကြွလာသော ရွှေတိဂုံဘုရားအနီးဘုန်းကြီးကျောင်းမှ ဘုန်းကြီးကလည်း လက်ခံသဖြင့် ထိုနေ့ကပင် အပြီးအပိုင်ပေးလိုက်ကြောင်း၊ ထိုဘုန်းကြီးပင် မောင်မောင့်ကို မွေးမည်ဖြစ်ကြောင်း ဖွဲ့နွဲ့စွာပြောပြလေ၏။ ညိုချော၏ဖခင်လည်း စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ပြန်လာပြီး ညီမဖြစ်သူအား ထိုအကြောင်းကိုပြောပြလေ၏။ ထိုအခါ ညီမဖြစ်သူက -

“ကိုကိုရယ်. . . . ဘုန်းကြီးကျောင်းလိပ်စာယူခဲ့တယ် မဟုတ်သား. . . .၊ အဲဒီကိုလိုက်သွားပြီး ဘုန်းကြီးဆီကကောင်လေးကို တောင်းပြီး မွေးစားရမယ်. . . .၊ အဲဒီလိုမလုပ်ရင် ကိုကို့သမီး စိတ္တဇလေးအတွက် စိုးရိမ်ရတယ် ကိုကို. . . ” ဟု ပြောပြသဖြင့် ညိုချော၏ ဖခင်လည်း ခေါင်းကိုညိတ်လိုက်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ရွှေတိဂုံအနီး ဘုန်းကြီးကျောင်းဆီသို့ လိုက်သွား ကြလေတော့၏။ ထိုကျောင်းသို့ရောက်သောအခါ၌ စုံစမ်းရာ တိုက်အုပ်ဆရာတော်က -



www.burmeseclassic.com

www.burmeseclassic.com



"သိပြီ. . . . သိပြီ. . . .၊ ဟိုတစ်နေ့က ကျောက်မြောင်းဘက်က ဆွမ်းစားပြီးအပြန်မှာ ဘုန်းကြီးဦးဩဘာနဲ့အတူ ကလေးတစ်ယောက်လည်း ပါလာတယ်. . . .၊ အဲဒီကလေးကို မောင်မောင်လို့ ခေါ်သံလည်း ကြားတယ်. . . .၊ ဒကာကြီးပြောတဲ့ ကလေးပဲ ဖြစ်မှာပါပဲ. . .၊ ဦးဩဘာက ဒီကျောင်းက မဟုတ်ဘူး၊ တောင်ငူက လာတဲ့ အာဂန္တုပါ. . . .၊ တောင်ငူကိုတော့မပြန်သေးပါဘူး၊ ဘုန်းကြီးက မာတ်ထိုးတယ်လေ. . . .၊ ချသံအစစ်ရမယ်ဆိုလို့ လာပြီးစောင့်နေတာ. . . .၊ မနက်အစောကြီးကတည်းက ကျိုက်ထီးရိုးဘုရားဖူးဆိုပြီး ကြွသွားတယ်၊ အဲဒီကျောင်းသားလေး ပါ ခေါ်သွားတယ်. . . ."ဟု မိန့်တော်မူလိုက်လေ၏။ ညိုချော၏ ဖခင်လည်း -

"ခက်တော့တာပဲ. . ."ဟုသာ ညည်းညူ၍ ပြန်ခဲ့ရရှာလေတော့၏။

ညိုချောသည် ကျောင်းတက်မြဲတက်နေ၏။ မောင်မောင့်အတွက်ဟုဆိုကာ မုန့်များလည်းယူသွား၏။ မောင်မောင့်ကို မတွေ့ရသောအခါ၌ မုန့်များကိုပြန်၍ယူလာ၏။ အပြန်လမ်းတွင် မုန့်များကို ခွေးများအား ကျွေးပစ်၏။ ခွေးကျွေးသောအခါ၌လည်း ညိုချောသည် ပါးစပ်မှ တတွတ်တွတ်ရွတ်၍ကျွေး၏။

"မောင်မောင့်အစား နင်တို့ပဲစားတော့. . .၊ မောင်မောင်နဲ့တွေ့ရင်တော့ စားပစ်ပြီလို့ ပြောလိုက်. . .၊ မောင်မောင်က သူ့ဦးလေးသေလို့ သချိုင်းကုန်းကို သွားပို့နေတာလို့ ဒယ်ဒီက ပြောတယ်. . . .၊ နင်တို့ မောင်မောင့်အစားစားရမှာပေါ့၊ နင်တို့လည်း ငါကျွေးမှ စားရတာဆိုတော့ မောင်မောင့်လိုပါပဲ. . .၊ ထားပါတော့လေ. . .၊ နင်တို့လည်း မောင်မောင်ပါပဲ. . .၊ လာလာ. . . .လာ. . . ." ဟု ဆိုလိုက်လျှင် ခွေးများသည် ညိုချော ထံသို့ ပြေးလာကြလေ၏။ လှယက်၍ မုန့်တို့ ဟပ်ကြလေ၏။





"ဟုတ်ပြီ. . . . ဟုတ်ပြီ. . . . ညိုချောမရှိရင် မုန့်မရှိ. . . ညိုချောလာတော့ နင်တို့မုန့်စားရပြီ၊ ဒီဘက်က မောင်မောင် အဖြူ ဟိုဘက်က မောင်မောင်အနီ၊ ဟောဟိုမည်းမည်း ကလေးကလည်း မောင်မောင်ပဲ၊ မောင်မောင်အမည်းပေါ့၊ဒါက အမပါလား. . . .၊ မောင်မောင်အစ်မပေါ့. . .၊ မောင်မောင်အထီး ရှိသလို မောင်မောင် အမလည်းရှိတာပဲ. . ." ဟုဆိုကာ ခွေးထီး ခွေးမများအား ညိုချောသည် မုန့်များကိုဖဲ့၍ကျွေး၏။ ဖခင်ဖြစ်သူသည် သမီးဖြစ်သူကို ကြည့်ရင်း စိတ်မကောင်းဖြစ်၍နေ၏။

"မောင်မောင်ကတော့ သူ့ဦးလေးသေလို့ သချိုင်းကို သွားပို့တယ်. . .၊နင်တို့ဦးလေးတွေရော မသေသေးဘူးလား. . .၊ နင်တို့ ဦးလေးကိုရော သချိုင်းကိုလိုက်မပို့ကြဘူးလား. . . .၊ နင်တို့ လိုက်ပို့လို့ လာရင်လည်းကိစ္စမရှိဘူး၊ ဟိုဘက်မှာ နင်တို့လို မောင်မောင်တွေ အများကြီးရှိတယ်. . . .၊ တစ်ခုတော့ရှိတယ်၊ မောင်မောင်က အဝတ်လျှော်တတ်တယ်၊ ဒိုဘီကုလားလို့ ပြောတယ်၊ နင်တို့ရော အဝတ်လျှော်တတ်သလား. . . .၊ ပြီးတော့ မောင်မောင်က ငါ့ကိုစကားတွေ အများကြီးပြောတယ်၊ နင်တို့ ကတော့ မုန့်ပဲလုစားနေတယ်. . . .၊ စကားလည်း မပြောဘူး၊ ဘာပဲဖြစ်ဖြစ်လေ. . . . ငါ့မျက်စိထဲမှာတော့. . . . အားလုံးဟာ မောင်မောင်ချည်းပဲ၊ ဟုတ်တယ်နော် ဒယ်ဒီ"ဟုဆိုကာ အနီးရှိ ဖခင်ကို လှမ်း၍မေးရင်း ၎င်းဖခင်၏မျက်နှာကိုလှမ်း၍ ကြည့်လိုက်လေ၏။

"ဩ. . . . ဒယ်ဒီလည်းမောင်မောင်ပါပဲလား. . . .၊ မုန့်စားလား၊ ကုန်တော့သွားပြီ. . . .၊ သူတို့စားသွားပြီ. . . . သူတို့ဆီက မုန့်တောင်းပေးမယ်၊ စားမလား. . . ." ဟု ညိုချောက ပြောလေ၏။ ဖခင်လုပ်သူသည် သမီးဖြစ်သူ၏ ဖြစ်အင်ကို ကြည့် ကာ ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . . မောင်မောင်ငိုနေတယ်၊ ဟုတ်လား. . . .၊ မငိုနဲ့လေ၊ ဘုန်းကြီးကိုဒံပေါက်ဆွမ်းကပ်ရင် နင့်ကိုလည်း ဒံပေါက် ကျွေးမှာပေါ့. . . .၊ အမွှေးဆပ်ပြာလည်းပေးမယ်လေ. . . .၊ နင့်လက် လှလှလေးတွေကို အမွှေးဆပ်ပြာနဲ့ဆေး. . . .၊ဒါမှ နင့်လက်ကလေးတွေ မွှေးနေမှာလေ. . . ." ဟုညိုချောကပြောလိုက်လျှင် ဖခင်ဖြစ်သူသည် သမီးကလေး၏ခေါင်းမှ ဆံပင်များကို လက်ဖြင့် ပွတ်သပ်ရင်း -

"သမီးရယ်. . . သတိထားမှပေါ့ကွယ်. . ."ဟု ငိုသံပါကြီးနှင့် ပြောလိုက်လေ၏။ ထိုအခါညိုချောသည် ဖခင်ဖြစ်သူ၏ အဖြစ်ကို သေချာစွာကြည့်၍ ငိုင်ငိုင်ကလေးရပ်နေပြီးနောက် တစ်စုံ တစ်ခုကို မေးရန် ပါးစပ်ပြင်လိုက်သည့်အချိန်၌ ၎င်း၏ဖခင်က -

"ဘာမှ မမေးပါနဲ့သမီးရယ်. . .၊ အိမ်ပြန်ကြမယ်၊ သမီးလေးကို ဆရာဝန်နဲ့ ပြရဦးမယ်. . . ." ဟု ပြောဆို နှစ်သိမ့် လိုက်လေ၏။ ထို့နောက် သားအဖနှစ်ယောက်သည် ကြေကြေကွဲကွဲဖြင့် အိမ်သို့ ပြန်ကြလေ၏။ အိမ်သို့ရောက်လျှင် ညိုချော၏ အဒေါ်ဖြစ်သူသည် အစ်ကို နှင့်တူမ၏မျက်နှာကိုကြည့်ပြီးနောက် ထိတ်ထိတ်ပြာပြာဖြစ်၍နေလေ၏။

ထို့နောက် အဒေါ်ဖြစ်သူက ညိုချောအား အဝတ်အစားလဲ ရန်၊ ခြေလက်ဆေးရန် ချော့မော့၍ပြောလေ၏။ ညိုချောလည်း အိမ် နောက်ဖက်သို့ဝင်သွားလေ၏။ ထိုအခါကျမှပင် ညိုချော၏ အဒေါ်က ညိုချော၏ဖခင်အား -

"ဘယ်လိုဖြစ်လာကြတာလဲ ကိုကိုရယ်. . ."ဟု မေးလိုက်ရာ ညိုချော၏ဖခင်က -

"ကောင်လေးကိုမတွေ့ရင်တော့ တို့သမီးလေး ရူးသွားမှာ သေချာပါတယ်. . . . လမ်းမှာလည်း ခွေးတွေကိုကောင်လေးအတွက် ဖယ်ထားတဲ့မုန့်တွေကျွေးရင်း မောင်မောင်လို့ခေါ်တယ်. . .၊ ငှက်ကို လည်း မောင်မောင်လို့ ခေါ်တယ်၊ သူ အဲဒီလိုခေါ်လိုက်တဲ့အခါမှာ ငါ





ရင်နှစ်ခြမ်းဟာ ဖြန်းကနဲကွဲသွားပြီး အသည်းနှလုံးတွေ ပြုတ်ထွက်သွားတယ်လို့တောင် ခံစားလိုက် ရတယ်. . . .၊ ဒါကြောင့် မျက်ရည်တွေကျလာတာ. . . .' ဟု ပြောလိုက်လျှင် ညိုချော၏အဒေါ်သည် -

"ဟောတော့. . . .' ဟု ခပ်တိုးတိုးယောင်၍ အော်လိုက် ပြီး ပါးစပ်ကို သူ့ဖာသာလက်ဝါးဖြင့် ပိတ်လိုက်သည့်အချိန်၌မှာပင် မျက်ရည်စက်များသည် သူ၏ပါးပြင်ပေါ်သို့ တစ်ပေါက်ပြီး တစ်ပေါက် အဆက်မပြတ် ကျ၍လာလေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

## နော ဇ က နော

တစ်နေ့သ၌ ကျိုက်ထီးရိုးဘုရားသို့အတက် ကင်ပွန်းစခန်းရှိ ထမင်းဆိုင်များအနက်မှ တစ်ခုသော ထမင်းဆိုင်တစ်ဆိုင်တွင် ကလေးတစ်ယောက်သည်ကြိမ်ခြင်းတောင်း နှစ်တောင်းကို ပြင်ဆင် ချည်နှောင်နေလေ၏။ တစ်ခုသော ခြင်းတောင်းတွင် ဘုန်းတော်ကြီးများ ပုခုံးထက်တွင် တင်လေ့ရှိသည့် ဒုကင်္ုသင်္ကန်းကြီးတစ်ထည်၊ သကလပ်စောင်ကြီးတစ်ထည်၊ သားရေနယ်တစ်ချပ်နှင့် သားရေ လက်ဆွဲအိတ်တစ်လုံး ပါဝင်၏။ တစ်ခုသောခြင်းတောင်းတွင် ရေနွေးအပြည့်ပါသော ဓာတ်ဘူးကြီးတစ်လုံး၊ ရေဖလားတစ်လုံး၊ ဆပ်ပြာခွက်တစ်ခွက် ကြွေပန်းကန်တစ်လုံးနှင့် ပန်းကန်ပြားတစ် ချပ်၊ သွေးဆေးတစ်ပုလင်း ပါဝင်၏။ ကလေးသည် ထိုခြင်းတောင်း နှစ်တောင်းကို ပြင်ဆင်ပြီးနောက် ကျိုက်ထီးရိုး တောင်ဝှေးတစ်ချောင်းနှင့် လျှို၍ထမ်း၏။ ထိုသို့ထမ်းပြီးသည်နှင့် တပြိုင်နက် ၎င်း၏ဆရာ ဘုန်းတော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကျောင်းသား. . . စပြီးတက်တာနဲ့ ဆိုရမယ်နော်" ဟု ပြောလိုက်ရာ ကလေးက -

"ဘာဆိုရမှာလဲဘုရား. . . . "ဟု ပြန်၍ လျှောက်ထားလေ၏။

"တော်တော်မှတ်ဉာဏ်နည်းတဲ့ကောင်၊ ကိုးကြောင်းလေ မင်းကို ငါသင်ထားတဲ့ ကိုးကြောင်းလင်္ကာကို ဆိုရမှာ ရင်ပြင်တော်ပေါ် လည်း ရောက်ရော ကိုးကြောင်းကျေနေအောင် စခန်းတစ်ခုစီမှာ ကိုး ကြောင်းလင်္ကာတစ်ပိုဒ်စီရအောင်ဆိုရမယ်။ ဒီစခန်းကနေ ဟိုစခန်း 'နော ဧကနော' ဆိုပြီးတက်မယ်၊ မေ့လို့ တစ်လုံးထောက်ရရင် တစ်ချက် ရိုက်မယ်၊ တစ်ကြောင်းလုံးမသိလို့ ဆိုပြရရင် 'မ'တယ်လို့ ခေါ်တယ် နှစ်ချက်ရိုက်မယ်၊ တစ်လုံး မသိရင် 'ထောက်'တယ်လို့ ခေါ်တယ်၊ တစ် ချက်ရိုက်မယ်၊ 'ထောက်'ရရင် တစ်ချက် 'မ'ရရင် နှစ်ချက်. . . . သော သာပြင်ပေတော့ ဆိုတဲ့အခါ အထောက်အမ လွတ်အောင်လုပ်ထား တယ်၊ ငါ့တပည့်လုပ်ရင်တော်မှကြိုက်တယ်"ဟု ဆုံးမတော်မူရှာ၏။ အမှန်စင်စစ် 'နော ဧကနော' ဆိုသည်မှာ ပါဠိဘာသာဖြင့် အလီဆိုခြင်း ဖြစ်၏။ မြန်မာဘာသာနှင့်ဆိုလျှင် 'ကိုးတစ်လီကိုး' ဟု အဓိပ္ပာယ်ရ၏။

စ၍ထွက်သည်နှင့် ဘုန်းကြီးကရှေ့မှကြွ၏။ ကလေးက နောက်မှ အထမ်းဖြင့် ဖတ်သီဖတ်သီလိုက်ရ၏။ ပါးစပ်မှလည်း 'နော ဧကနော ၊ နဝဒွေ့ အဋ္ဌာရသ' စသည်ဖြင့် ရွတ်ဆိုရ၏။ ထစ်နေသော နေရာများတွင် ဆရာဖြစ်သူ ဘုန်းတော်ကြီးက ခေါင်းကို တစ်ချက် ခေါက်၍ တစ်လုံးဆိုပြ၏။ တစ်နေရာသို့ရောက်လျှင် တစ်ပိုဒ်လုံး မေ့နေ ၏။ ထိုအခါ ဘုန်းတော်ကြီးက 'နဝဝဋ္ဋဗျည်း စာလီသ'ဟု တစ်ပိုဒ်လုံး 'မ'ရ၏။ ထိုအခါ ခေါင်းကို နှစ်ချက်ခေါက်၏။ ကလေးသည် ခြင်း တောင်းနှစ်လုံးကိုလည်း ထမ်းရ၏။ နောဧကနောလည်း ဆိုရ၏။ တစ် နေရာသို့ရောက်လျှင် ဘုန်းတော်ကြီး ခေတ္တနားသဖြင့် ၎င်းလည်း နားခွင့်ရ၏။ သို့ရာတွင် ဘုန်းတော်ကြီးက -





"အတက်နားပေမယ့် အဆိုမနားနဲ့. . . . "ဟုဆိုကာ ဆိုခိုင်း၏။ ကလေးသည် မည်သို့ဖြစ်သည်မသိ ရုတ်တရက် စာများ မေ့ကုန်၏။ ဘုန်းတော်ကြီးသည် 'ဆိုလေကွာ. . . . ' ဟုဆိုကာ ခေါင်းကို တစ်ချက် ခေါက်လိုက်သဖြင့် ကလေးလည်း ကြောက်လန့်တကြားဖြင့် -

"မော ဧက မော. . . . "ဟု ဆိုလိုက်ရာ ဆရာဖြစ်သူ ဘုန်းတော်ကြီးက -

"နော ဧက နောကနေ ဘယ့်နှယ့် မော ဧက မော. . . ဖြစ်ရ ပါ့တာတုံး ငမောင်ရ. . . . "ဟုဆိုကာ ခေါင်းကို နှစ်ချက် ခေါက်လေ ၏။ ဘုန်းကြီးသည် ရေဇယံသံရလို့၍ ဗဟန်းကျောင်းတွင် စောင့်နေ သော ဘုန်းတော်ကြီးဦးဩဘာဖြစ်ပြီး ကျောင်းသားကလေးမှာ ဒေါ်ဉာဏ်မေ၏ကျောင်းမှ ညီ့ချော၏ ကျောင်းနေဖက် သူငယ်ချင်း မောင်မောင် ဖြစ်သည်ဆိုသည်ကို အထူးရှင်းပြရန် မလိုတော့ပါ။

ဤသို့နှင့်ပင် ဆရာတပည့်နှစ်ဦးသည် ကိုးကြောင်းအလီဆို ၍ ကျိုက်ထီးရိုးဘုရားသို့ တက်လာခဲ့ရာ စခန်းတစ်ခုလျှင် ကိုးကြောင်း အလီတစ်ပိုဒ်ကျ အလွတ်ရလာခဲ့၏။ ထို့နောက် ကျိုက်ထီးရိုး ရင်ပြင်ပေါ် သို့ ရောက်သောအခါ၌ မောင်မောင်သည် -

| | |
|---|---|
| "နောဧကနော | (ကိုးတစ်လီကိုး) |
| အဋ္ဌဧကအဋ္ဌ | (ရှစ်တစ်လီရှစ်) |
| သတ်ဧက သတ် | (ခုနစ်တစ်လီခုနစ်) |
| သောဧက သော | (ခြောက်တစ်လီခြောက်) |
| ဗျည်းဧက ဗျည်း | (ငါးတစ်လီငါး) |
| ဇယဧက ဇယ | (လေးတစ်လီလေး) |
| တြိန်းဧက တြိန်း | (သုံးတစ်လီသုံး) |
| ဒွေးဧက ဒွေး | (နှစ်တစ်လီနှစ်) |
| ဧက်ဧက ဧက် | (တစ်တစ်လီတစ်)" |



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ကိုးကြောင်းအလီ ကိုးပိုဒ်ကို နှုတ်တိုက်ရွရွ ရွတ်ဆိုနိုင်ပြီ
၏။ ထိုအခါ ဘုန်းတော်ကြီး ဦးဩဘာက -

"မင်း မြဲမြဲမှတ်ထား. . . . ကိုးကြောင်းရရင် ဘာမဆို တွက်
ရပြီကွ၊ မင်းတွက်ကြည့်စမ်း . . . . သစ်ပင်တစ်ပင်မှာ ကိုင်း ကိုး
ရှိတယ်. . . .၊ တစ်ကိုင်းတစ်ကိုင်းမှာ မျောက်ကိုးကောင်ရှိတယ်၊
တစ်ယောက်ဟာ မျောက်တစ်ကောင်ကို မြားကိုးစင်းကျစီ ပစ်တယ်. .
မျောက်မှာမှန်တဲ့ မြားတစ်ချက်စီက သွေးကိုး စက်စီထွက်တယ်
သွေးတစ်စက်တစ်စက်စီကို ယင်ကောင် ကိုးကောင်နားတယ်တဲ့. . .
အဲဒီတော့ ယင်ကောင်ဘယ်နှစ်ကောင်ရှိလဲ၊ မင်းတွက်ကြည့်စမ်း" ဟု
သဖြင့် မောင်မောင်သည် ဘုန်းတော်ကြီးကို မျက်လုံးအကြောင်သား
မော့၍ ကြည့်၏။ ဘုန်းတော်ကြီးကလည်း -

"ငမောင် မင်းဘာကြည့်နေတာလဲ. . . . နော ဧက နော
လိုက်လေကွာ. . .၊ သစ်ကိုင်းက ကိုးကိုင်းကွာ. . . တစ်ကိုင်းမှာ မျော
က ကိုးကောင်ဆိုတော့၊ 'နဝ နဝါ ဧက အသိ' ရတာပေါ့ မျောက်အ
အတွက်က ဧက အသိဆိုတော့ (၈၁)ပေါ့၊ မျောက် တစ်ကောင်
ကောင်မှာ မြားကိုးချက်စီမှန်တယ်ဆိုတော့၊ မြားချက်ဒဏ်ရာရ
နောဧကနောဦးကွာ. . . . အဲဒီတော့ မြားဒဏ်ရာပေါင်း (၇၂၉)ရမယ်
အဲဒီ(၇၂၉)ကို နောဧကနောနဲ့လိုက်ရင် သွေးစက်ပေါင်း (၆၅၆၁)
ကွာ၊ သွေးတစ်စက်ကို ယင်ကောင် ကိုးကောင်ဆိုတော့ နောဧတ နော
ထပ်လိုက်ရင် ယင်ကောင်ပေါင်း (၅၉၀၄၉)ကောင် ရတာပေါ့ကွ. . . ."
ဟု တပည့်ဖြစ်သူအား စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။

"မင်းက ကြိုးစားရမယ်ကွ. . . . မကြိုးစားရင်သူများ
ထောက်အောက်မှာ အလျှားလိုက် အနင်းခံရလိမ့်မယ်. . . . မရသေး
တဲ့ စာကို အထပ်ထပ်ရွတ်ဆိုရတယ်. . . . အကြိမ်ကြိမ် အထပ်ထပ်
ရွတ်ဆိုတဲ့ သဘောက 'အာသေဝနပစ္စယ' သတ္တိနဲ့ အကျိုးပြုတယ်ကွ





သား. . . . "ဟု ဘုန်းတော်ကြီး ဦးဩဘာက မိန့်တော်မူလေ၏။
နောက်မောင်မောင်နှင့် ဘုန်းတော်ကြီးသည် ကျိုက်ထီးရိုး ရင်ပြင်
တော်ပေါ်၌ နှစ်ရက်မျှ နေကြလေ၏။ ပြီးလျှင် ပြန်၍ဆင်းခဲ့ကြလေ၏။
ဩဘာသည် ကျိုက်ထီးရိုးတစ်လျှောက် ရောင်းသော ဆေးမြစ်စုံများ
ဝယ်သည်ဖြစ်ရာ မောင်မောင်သည် ထိုဆေးမြစ်စုံများကို ထမ်းရ
၏၊

ဇဟန်းသို့ပြန်ရောက်လျှင် ဘုန်းတော်ကြီးသည် ခရီးပန်း၍
ဖျားလေတော့၏။ ဆရာဝန်ပင့်၍ပြသရာ သွေးများအလွန်
နေကြောင်း တွေ့နေရသဖြင့် ဆရာဝန်က ချက်ချင်းဆေးရုံတင်ရန်
တ်ထားလေ၏။ ဆေးရုံသို့ရောက်ပြီး လေးနာရီအကြာ၌ပင်
ဩဘာသည် ဦးနှောက်ကြောပြတ်၍ ပျံလွန်တော်မူရှာလေတော့၏။
န်းတော်ကြီးဦးဩဘာ၏ တပည့်ဒါယကာများသည် တောင်ငူမှ
တ်လာကြ၏။ အချို့သော ဒါယကာများက ဘုန်းကြီးပျံကျင်းပလို
၏၊ အချို့သော ဒါယကာများကမူ မကျင်းပလိုကြ။ ထို့ကြောင့် အုပ်စု
စုတွဲကာ ရန်ဖြစ်ကြကုန်၏။ နောက်ဆုံးတွင် ဘုန်းကြီးဈာပနသည်
ချမ်းစွာ ပြီးစီးသွားလေ၏။

မောင်မောင်သည် ဘုန်းတော်ကြီးကျောင်း၌ မနေလိုသဖြင့်
ဦးတည့်ရာ ထွက်သွားလေတော့၏။ ထိုသို့ထွက်သွားရာ ကီလီဘော
တားအနီးသို့ ရောက်သွား၏။ ကီလီဘောတံတားအနီးရှိ ထမင်းဆိုင်
ဆိုင်ရှေ့သို့ရောက်လျှင် ၎င်းနှင့် ရွယ်တူကလေးများသည် ထမင်းစား
သူများကို ထွက်၍ အော်ဟစ်ခေါ်ငင်နေကြ၏။ အချို့လည်း ထမင်း
မည့်သူများရှေ့သို့ ဟင်းချိုပန်းကန်များ၊ တို့စရာ ပန်းကန်များ၊ ငါးပြာ
ည်ခွက်များ၊ ထမင်းပန်းကန်၊ ဟင်းပန်းကန်များကို ချပေးနေ၏။ မောင်
မောင်သည် တစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်ပြီးနောက် ထမင်းဆိုင်ပိုက်ဆံ
သိမ်းသော စားပွဲတွင်ထိုင်နေသော မိန်းမတစ်ဦး၏ အနီးသို့သွားကာ



www.burmeseclassic.com

www.burmeseclassic.com



အစ်မ. . . . အစ်မ. . . . ကျွန်တော်လည်း သူတို့လို လုပ်ပါ့မယ်. . . . ကျွန်တော့်ကို ထမင်းကျွေးပါ. . .”ဟု မောင်မောင်က ပြောလိုက်ရာ ထိုမိန်းမက -

“ရပါတယ်. . . . တစ်ခုတော့ မင်းနားလည်ထားရမယ်၊ ခိုးတာဝှက်တာတော့ တို့ကလက်မခံဘူး. . .”ဟုပြောလေ၏။ ထိုအခါ မောင်မောင်က -

“ကျွန်တော် မခိုးတတ်ပါဘူး. . .”ဟု ပြောလိုက်လျှင် ဆိုင်၏ နောက်ဘက်တွင် အိုးဆေးနေသော အသက်ငါးဆယ်ကျော် မိန်းမကြီး တစ်ဦးက -

“စိန်စိန်ရယ်. . . . . မခိုးတတ်ပါဘူးလို့ . . သူကပြောတာနဲ့ပဲ ညည်းကလက်ခံရောပဲလားဟယ်. . . ဘယ်ဘုံကနတ်သက် ကြွေလာတဲ့ ပစ်စုတ်ဒေဝလေးလည်းဆိုတာ မေးစမ်းပါဦးလား အေ. . .”ဟု ပြောလိုက်ရာ-

“ကြီးဒေါ်ကလည်း. . . . . ရုပ်ကလေးက သနားကမားနဲ့ပါ ကြီးဒေါ် ပြောသလို ဟုတ်ဟန်မတူပါဘူး. . .”ဟု စိန်စိန်က ပြောလိုက်လျှင် ထိုမိန်းမကြီးက-

“ဒီလို သနားကမား သူခိုးကလေးတွေ အများကြီးပဲ ညည်းမတွေ့ဘူးလား. . . ဟိုတစ်ခါ ညည်းချိုင်းထဲကပိုက်ဆံအိတ်ကို ဆတ်ကနဲဆွဲပြေးတဲ့ အလစ်သမားကလေးဟာ. . . . ဒီကောင်ကလေးလို ဖြူဖြူသန့်သန့်ကလေးပဲ. . . .” ဟု ပြောပြန်လေ၏။

“ဆိုင်မှာလည်း လူလိုနေတာပဲ ကြီးဒေါ်ရယ်. . . . ဟိုတာတီးဆိုတဲ့ ကောင်လေးက ထွက်သွားပြီ မဟုတ်လား. . . . သူ့ကို သုံးကြည့်တာပေါ့ မကောင်းရင် ကျောင်းပေါ့ ကြီးဒေါ်ရယ်. . . .”ဟု စိန်စိန်က ပြော၍ မောင်မောင်အား ထမင်းဆိုင် အလုပ်သမားကလေးအဖြစ် ခန့်အပ်လိုက်လေတော့၏။ ထို့နောက် စိန်စိန်လည်း မောင်မောင်၏





နာမည်ကိုမေး၏။ ပြီးလျှင် ရှိနှင့်ပြီးသော ဆိုင်အလုပ်သမားလေးများ အနက် အတော်အတန်ကြီးသည့် ဆိုင်အလုပ်သမားလေးအား -

“ပန်းမ. . . . လာဦး. . . .”ဟု လှမ်း၍ ခေါ်၏။ ပန်းမလည်း အနီးတွင် လာ၍ ရပ်၏။

“ဒီကောင်လေးက မောင်မောင်တဲ့. . . . ဒီဆိုင်မှာ အလုပ်လုပ်မယ်. . . သူ့ကို ဘာလုပ်ရမယ်ဆိုတာ. . . ပြပေးလိုက်၊ ဘယ်တော့ အိပ်ရတယ်၊ ဘယ်မှာ အိပ်ရတယ်၊ ဘယ်လိုစားရတယ်၊ ဘယ်တော့ စားရတယ်၊ ဘာလုပ်ရတယ်ဆိုတာသေချာပြောပြ”ဟု ပြောလိုက်ချိန်၌ တွင် ပန်းမသည်မောင်မောင်၏ ထိပ်ကိုလက်သီးဖြင့် တစ်ချက်ထိုး လိုက်၏။

“နာရီကြည့်တတ်တယ်မဟုတ်လား. . . ဟိုမှာကြည့် (၁၁) နာရီ ထိုးရင် ထမင်းစားရမယ်၊ ဒါပေမယ့် လူကျနေရင်တော့ (၁၁) နာရီပဲ ထိုး၊ (၁၂)နာရီပဲ ထိုးထိုး မစားရဘူး၊ နားလည်လား. . . စားတဲ့ အခါမှာ ဟင်းချိုတစ်ခွက်ရမယ်၊ ငံပြာရည်ရမယ်၊ စားသမားတွေ ကျန်တဲ့ ဟင်းတွေကို ငါတို့ဟောဟိုပုံးထဲမှာ စုပြီးထည့်ထားတယ်၊ ဟင်းပေါင်းပေါ့ ...သ်. . . . အဲဒါတစ်ခွက်ရမယ်၊ ညစာလည်း အဲဒါတစ်ခွက်ရမယ်၊ ...င်းကတော့ နင်စားနိုင်သလောက် စားခွင့်ရှိတယ်၊ ဟိုအိုးကြီး ...န်သွားရင်လည်း ရတယ်. . .၊ ရေနွေးကြမ်း ကြိုက်သလောက် ...သောက်ခွင့်ရှိတယ်၊ ဆိုင်သိမ်းပြီးမှ ရေချိုးရမယ်၊ ရေချိုးရင်တော့ ...ထဲဆင်းချိုးရမယ်၊ ဆပ်ပြာတိုက်ချင်ရင် အိုးတိုက်တဲ့နေရာက ဒေါ်ဝ ...တ်ကြီးဆီမှာ တောင်းရမယ်၊ အိပ်တော့ ဟိုထပ်ခိုးမှာ စုပြီး အိပ်ရမယ်၊ ...ိုင်တာ တစ်နေ့လုံး တစ်ညလုံး ဖွင့်တာ. . . .၊ ညနာရီပြန်(၂)ချက် ...မှာ ဆိုင်သန့်ရှင်းရေးလုပ်ရတယ်၊ အဲဒီအချိန်မှာ နင်ရေချိုးခွင့်ရှိ ...ယ်၊ အားရင် ယင်ကောင်ရိုက်ရမယ်၊ ယင်ကောင် တစ်ရာရရင် ...ာတ်ဆူးတစ်မတ်ရမယ်၊ အစ်မကို သွားပြ. . . . အစ်မက ငွေထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ နင်မှားမှား မှန်မှန်. . . . စားတဲ့သူက တိုင်ရင် အရိုက်ခံရမယ်၊ ပန်းကန်ကွဲရင် အဲဒီနေ့ ထမင်းမကျွေးဘူး၊ ကြားလားဟေ့ကောင်”ဟု ပန်းမက ပြော၍ မောင်မောင်၏ခေါင်းကို တစ်ချက်ထိုးပြန်၏။ ခေါင်းနာသွားသဖြင့် မောင်မောင်သည် သူ၏ခေါင်းကို လက်ဝါးကလေးဖြင့် ပွတ်နေ၏။

“ငိုဖို့တော့ မစဉ်းစားနဲ့ . . . ငိုရင်ထပ်ပြီးထိုးမယ်. . .”ဟု ပန်းမက ထပ်၍ပြောပြန်၏။ မောင်မောင်လည်း ခေါင်းကိုညိတ်ပြ၏။ ထို့နောက် ပန်းမကဆက်၍ -

“မင်းဘာတတ်သလဲ. . . .”ဟု မေးရာ မောင်မောင်က ယောင်ယမ်း၍-

“နောဧကေ နော. . . .”ဟုပြောလိုက်လေ၏။ မောင်မောင်၏ စကားကြောင့် တစ်ဆိုင်လုံးရယ်မောကြလေ၏။ ထိုနေ့မှစ၍ ကီလိုသင်္ဘောဆိပ်အနီးစိန်မေတ္တာထမင်းဆိုင်တွင် မောင်မောင်သည် ငနော ဟု အမည်တွင်သွားလေတော့၏။ မောင်မောင်လည်း ငနော ဟုခေါ်လျှင် ၎င်းအား ခေါ်သည်ဟု မှတ်ယူလိုက်လေတော့၏။

အစပထမတွင် ထိုထမင်းဆိုင်၌နေရသည်မှာ ဘုန်းတော်ကြီးဦးသြဘာနှင့် ကျိုက်ထီးရိုးတက်ရသည်ထက် စိတ်ညစ်စရာ ကောင်းသည်ဟု ထင်ခဲ့သော်လည်း ရက်ကြာလာသောအခါ နေသား ထိုင်သား ကျလာလေ၏။ ဆိုင်လူပါးသော အချိန်များ၌ ဆိုင်ရှင်ဖြစ်သူ စိန်စိန်က သူ၏ အင်္ကျီအဝတ်အစားများကို မောင်မောင်အား လျှော်ခိုင်း၏၊ ပြီးလျှင် သနပ်ခါးသွေးခိုင်း၏။ စိန်စိန်ခိုင်း၍ ပြီးလျှင် ဒေါ်ဝတုတ်က ကျောထုန်းကို တံတောင်ဖြင့် ထောင်းခိုင်း၏။ ခြေသလုံးကို ဖနောင့်ဖြင့်ကြိတ်ခိုင်း၏။

ဒေါ်ဝတုတ်ခိုင်း၍ပြီးလျှင် ပန်းမက ထင်းခွဲခိုင်းပြန်၏။ ဤသို့နှင့်ပင် မောင်မောင်၏ အလုပ်သည် မိုးလင်းမှ မိုးချုပ်၊ မိုးချုပ်မှ မိုးလင်း





ပ်လုပ်ကိုင်နေရရှာလေတော့၏။

ဤမျှ အဆက်မပြတ်အလုပ်လုပ်နေရသည့်ကြားတွင်အား ည်ဆိုရုံကလေး အားသည့်အချိန်ကလေး၌ ၎င်းအား ဒံပေါက် ထမင်း ခဲ့သော ၄င်း၏ ကျောင်းနေဖက်သူငယ်ချင်း ကျေးလူရှင်မလေး များအား သတိရနေမိလေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

## ဇလုံမောင်မောင်

မောင်မောင်သည် ပန်းမဆိုသော ကောင်မလေး၏ အနိုင်ကျင့်
း အမျိုးမျိုးကိုလည်းကောင်း၊ ထမင်းဆိုင်ပိုင်ရှင် မစိန်စိန်၏ ရှုန့်ရင်း
သာမ်းစွာ ဆဲဆိုခြင်းအမျိုးမျိုးကိုလည်းကောင်း၊ တဝကြီး ခံစားရင်း
သဘော်ဆိပ်ရှိ စိန်မေတ္တာထမင်းဆိုင်တွင် နေထိုင်ရလေ၏။ ထမင်း
သော်လည်း ပန်းမက -

"မစားနဲ့ဦး ၊ လူကျတော့မယ်"ဟု အကြောင်းပြ၍ စားခွင့်
ဘဲရှိသောကြောင့် ရေကိုသာ တစ်ခွက်ပြီးတစ်ခွက်သောက်၍ နေရ
အဖြစ်များသည်လည်း မနည်းတော့ပေ။ လွန်စွာအိပ်ချင် နေသည့်
ထမင်းဆိုင်ရှင် မစိန်စိန်က ကောင်တာတွင် ထိုင်ရ လွန်း၍
းဆုံကြောများတက်သည်ဟုဆိုကာ သူ၏ကြီးမား မာကျော
တင်ပါးဆုံကြီးနှစ်ခုအား တံတောင်ဆစ်ဖြင့် ကြိတ်ခိုင်းသဖြင့်
ပေးရင်း အိပ်ရေးပျက်ခဲ့ရသော ညများလည်း မနည်းတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည်ကလေးနှင့်မမျှသော ဝန်ဒဏ်ကို ခံစားနေရ၏။
ကျသည်ဟု မဆိုနိုင်သော်လည်း မောင်မောင် ခံစားနေရသော ဒုက္ခ
မသေးပေ။

ပန်းမဆိုသော ကောင်လေးသည် စိတ်တိုင်းမကျသော
တိုင်း မောင်မောင်၏ခေါင်းကို လက်သီးဖြင့်ထိုးသည် ခါးကို
ကန်၏။ ထမင်းဆိုင်ရှင် မစိန်စိန်သည် ဟင်းချိုပန်းကန်၊ လက်ဖက်
ပန်းကန် အချေနှေးလျှင် နှေးသည်ဟုဆိုကာ ခေါင်းကို ခေါက်၏။
ချ၍ ဖိတ်ပြန်လျှင်လည်း အလုပ်ကို မရိုသေဟုဆိုကာ ကြိမ်လုံး
ရိုက်၏။ တစ်စုံတစ်ခုခိုင်းလိုက်သည့်အချိန်၌ မောင်မောင့်အနေနှင့်
မည်ဟု ဟန်ပြင်ကာ ရှိသေးသည့်အခိုက်မှာပင် ဆိုင်ရှင်ဖြစ်သ
မစိန်စိန်နှင့် ပန်းမက -

"ကြာနေပြီ . . . ကြာနေပြီ"ဟု အော်၏။ ၎င်း၏အော်
ကြောင့် မောင်မောင်အပါအဝင်ဆိုင် အလုပ်သမားလေးများသ
ကယောင်ကတမ်းဖြစ်ကုန်ကြ၏။ အမှားမှားအယွင်းယွင်းဖြစ်ကုန်ကြ
ထိုအခါ၌ ပန်းမက ကြုံလျှင်ပန်းမက ခေါင်းကို လက်သီးနှင့် ထိုး
မစိန်စိန်က ကြုံလျှင် မစိန်စိန်က ခေါင်းကိုခေါက်၏။ တစ်ခါတွင်
မောင်သည် ခရမ်းသီးနှပ်ပန်းကန်ကို စားမည့်သူထံ ယူလာရာ စိန်
အော်သံကြောင့် သုတ်တီးသုတ်ပြာပြေးရာ ခလုတ်တိုက်၍ ခရ
ဟင်းများသည် ထမင်းစားမည့်လူ၏ ကိုယ်ပေါ်သို့ လောင်းချမိသ
လျှက်သားဖြစ်သွား၏။ ထိုအခါ စိန်စိန်သည် စားမည့်သူကျေနပ်
မောင်မောင်အား ကြိမ်လုံးဖြင့် တစ်ရှမ်းရှမ်း ရိုက်၏။ ပန်းမက
မောင်မောင်၏ ဦးခေါင်းကို လက်သီးဖြင့် အဆက်မပြတ်ထိုး၏။

သို့ရာတွင် ထိုထမင်းစားမည့်သူသည် ကျေနပ်ခြင်းမ
မောင်မောင်၏ဆံပင်ကို ဘယ်ဘက်လက်ဖြင့်ဆုပ်ကိုင်၍ မောင်မော
ပါးကို ညာဘက်လက်ဖြင့် တစ်အားလွှဲ၍ ရိုက်လေတော့၏။ ထို





နီးတွင် ထမင်းစားနေသောလူတစ်ဦးက ထိုသူအား -

"မတော်တဆဖြစ်တာပဲဗျာ. . . သူဆိုင်ရှင်ကလည်း သူ့ကို
နေပြီ၊ ဟိုကောင်လေးကလည်း. . . ခေါင်းကိုလက်သီးနဲ့ ထိုးနေပြီ၊
ထဲခင်ဗျားက ဒီကလေးကို ဒီလောက်တောင် နှိပ်စက်ရသလား"ဟု
၍ ဟန့်တားလျှင် မောင်မောင့်အား ရိုက်သောသူက ဟန့်တားသော
အား -

"ကိုယ့်လူနဲ့ ဘာဆိုင်လို့လဲ. . . "ဟု မေးလေ၏။

"ဆိုင်သလား မဆိုင်သလား သိချင်ရင်တော့ နောက်ထပ်
လေးကို ရိုက်ဖို့မပြောနဲ့ ရှယ်ကြည့်လိုက်စမ်းပါ"ဟု ပြော၍ အနီးသို့
လာလျှင် ထမင်းဆိုင်ရှင် မစိန်စိန်က -

"တော်ကြစမ်းပါရှင်. . ဒီမသာကောင်လေးအတွက်တော့ရန်
ဖြစ်ကြစမ်းပါနဲ့. . . ကဲပါ. . . ဟိုက အစ်ကိုကြီးကလည်း တော်ပါ၊
ကိုသက်တင်ကိုလည်း စိန်ကပဲ တောင်းပန်ပါတယ်"ဟု ပြောလိုက်မှ
ရန်မီးတောက်မည့် မီးနှစ်စသည် မီးငြိမ်းသွားလေတော့၏။ မဆီ
ဝင်၍ဟန့်တားသူလည်း ထမင်းဖိုးပိုက်ဆံ ရှင်း၍ ထွက်သွားလေ
တော့၏။ ကိုသက်တင်ဆိုသူ၏ အဝတ်အစားတွင် ပေကျံနေသော
င်းစဟင်းနများကို မစိန်စိန်က ရေလောင်း၍ ဆေးကြောပေးနေ၏။
သို့ဆေးကြောပေးနေစဉ် ကိုသက်တင်က -

"စိန်ရယ်. . . . ကိုကိုသက်တင်. . . . သိပ်ပြီး အားနာတာ
"ဟု လွန်စွာချိုသော မျက်နှာဖြင့် ပြောလေ၏။ မစိန်စိန်ကလည်း -

"စိန်က အားနာရမှာပါ ကိုသက်တင်ရယ်. . . တောင်းပန်တဲ့
အနေနဲ့ ကိုသက်တင်အတွက် လုံချည်တစ်ထည်တောင် ဝယ်ပြီး လက်
ဆောင်ပေးလိုက်ဖို့ စိန်ဆုံးဖြတ်ထားပါတယ်၊ အဲဒါလေးတော့ လက်ခံပါ
နော်"ဟု ပြောလိုက်လျှင် ကိုသက်တင်ဆိုသူသည် ပြုံးဖြီးဖြီး မျက်နှာဖြင့်

"စိန်ကပေးတဲ့ လက်ဆောင်ဆိုတော့ ကိုသက်တင် မြတ်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



နိုး လက်ခံပါမယ်. . . "ဟု ပြောလေ၏။ ထို့နောက် ကိုသက်တင်ကပင်

"စိန်တို့က နှစ်စဉ်နှစ်တိုင်း ရွှေစက်တော်ဘုရားပွဲချိန်မှာ အဲဒီကိုသွားပြီး ထမင်းဆိုင်ဖွင့်တယ် မဟုတ်လား. . ၊ ဒီနှစ်လည်း သွားပြီး ဖွင့်ဦးမှာလား"ဟု ပြောလိုက်ရာ -

"ဒီလကုန်ရင် စိန်တို့သွားပြီလေ၊ ကိုသက်တင်ကော ရုံးက ခွင့်ယူပြီး လိုက်ခဲ့ပါလား"ဟု မစိန်စိန်က မျက်လုံးကလေးကို ဝင့်ပြီး ပြောလိုက်လျှင် ကိုသက်တင်ဆိုသူသည် ပုတ်သင်ညိုအလား ခေါင်းတို တဆတ်ဆတ် ညိတ်နေလေတော့သတည်း။

ရွှေစက်တော်ဘုရားပွဲမှာ အလွန်စည်လှ၏။ မောင်မောင်တို့၏ စိန်မေတ္တာထမင်းဆိုင်မှာလည်း အလွန်ရောင်းကောင်း၏။ မောင်မောင် တို့လည်း နားရသည်မရှိ အလုပ်လုပ်ကြရသည်။ ကိုသက်တင်မှာ ရုံးတစ် ရုံးမှ စာရေးကြီးဖြစ်၍ ခွင့်ယူပြီး ရွှေစက်တော်သို့ လိုက်လာ၏။ စိန် မေတ္တာထမင်းဆိုင်၌ပင် တည်းခို၏။ ထမင်းရောင်းသော မစိန်စိန်တို့ သနားသည်ဟုဆိုကာ ဈေးဝိုင်း၍ ရောင်းပေး၏။ ထမင်းစားသူများ ဆိုင်တွင်းသို့ ဝင်လာသောအခါ ကိုသက်တင် ကိုယ်တိုင် မောင်မောင်တို့ လူစုကို စေခိုင်း၏။ စားပြီးသောအခါ၌ ကိုသက်တင် ကိုယ်တိုင် ပိုက်ဆံ တောင်း၏။ ထို့ကြောင့် မစိန်စိန်က -

"ကိုသက်တင်ကတော့ စိန့်ကိုအရမ်းကူညီတာပဲ ၊ စိန်တော့ အားကိုးရပြီ. . . . "ဟု ပြောသောအခါ ၎င်းကိုသက်တင်က -

"အားကိုးမယ်ဆိုရင်လည်း . . . ပွဲတော်ရက်အတွင်းသာ အားမကိုးပါနဲ့ တစ်သက်တာအဖို့ အားကိုးလိုက်ပါတော့ မစိန်စိန်ရယ်" ဟု ပြောလိုက်လေ၏။ မောင်မောင်အပါအဝင် ထမင်းဆိုင် အလုပ်သမား လေးများအားလုံးက ကိုသက်တင်အား ပန်းမကြီးဟုပင် ခေါ်၏။ ဆိုင် တွင်ရှိနေပြီးဖြစ်သည့် ပန်းမကို ပန်းမဟု ခေါ်ခြင်းဖြစ်လေ၏။ ကိုသက် တင်မှာလည်း ဆိုင်တွင်ရှိနေပြီးသော ပန်းမကဲ့သို့ ကလေးများ၏ခေါင်း





တ်သီးဖြင့် ထိုးနေခြင်းကြောင့် ပန်းမကြီးဟုပင်ခေါ်လေ၏။

မောင်မောင်တို့လူစုသည် ပန်းကန်ခွက်ယောက်များကို စမ်း င်းသို့ ယူသွားပြီး စမ်းချောင်း၌ ဆေးကြောရ၏။ တစ်နေ့တွင် မောင်ဆေးနေသော ပန်းကန်များအနက် တို့စရာထည့်သော ကြွေ သုတ်သံဇလုံတစ်လုံးကို ခြေထောက်ဖြင့်တိုက်မိ၍ စမ်းချောင်း ွင်းသို့ကျကာ မျောသွား၏။ မောင်မောင်လည်း စမ်းချောင်းအတွင်း ခုန်ဆင်း၍ လိုက်ကာဆယ်၏။

ရေစီးသန်သောကြောင့် မျောသွားသော ဇလုံကိုမီအောင် ်နိုင်ဘဲရှိလေ၏။ စမ်းချောင်းမှာလည်း နက်သည်ထက်နက် သွား ကြောင့် မောင်မောင်မှာလည်း မလိုက်ဝံ့တော့၍ ပြန်ပြီးတက်လာ ဇလုံမျောသွားသည့်အတွက် ပန်းမသည် မောင်မောင့်အား စမ်း င်းမှ ဆိုင်အထိ တစ်လမ်းလုံးရိုက်လာလေ၏။ ဆိုင်သို့ရောက်သော ၌လည်း မစိန်စိန်က ရိုက်၏။ ကိုသက်တင်ကလည်း ပါးကို တစ်ချက် ်တ် ဝင်၍ရိုက်သေး၏။ အနီးအပါးမှ ထမင်းဆိုင်များမှ ထွက်၍ ၏။ ဘုရားဖူးခရီးသွားများလည်း ဝိုင်း၍ကြည့်ကြ၏။ မောင်မောင် သွေးများစီးကျလေ၏။ သို့ရာတွင် မောင်မောင်သည် မျက်ရည်

အနီးအပါးရှိဆိုင်များမှ ဆိုင်ရှင်များက မောင်မောင်တို့၏ ဆိုင် မစိန်စိန်ကို မေးငေါ့ကြ၏။ မိန်းမတစ်ဦးကဆိုလျှင် မစိန်စိန်အား

"ရုပ်ကလေး သနားကမားနဲ့ ဒီကောင်မနှယ်. . . . ရက်စက် တာ. . . . "ဟု အပြစ်တင်၏။ အခြားမိန်းမတစ်ဦးကမူ -

"ဒီကောင်မက ကြိမ်နဲ့ရိုက်နေတဲ့အထဲ သူ့လင်ကပါ ကလေးရဲ့ တဖြန်းဖြန်းနဲ့ ဝင်၍ရိုက်နေသေးတယ်"ဟု ပြောရာ အခြား လေးတစ်ဦးက -

"လင်ရယ်လို့ တိတိကျကျယူထားတာ မဟုတ်ပါဘူး အေ. . . .



www.burmeseclassic.com

www.burmeseclassic.com



အချောင်သမားနဲ့တူပါတယ်. . . . အဲဒီကောင်ရုပ်ကလည်း ဖြူစုတ်စုတ်နဲ့ ကြောင်သေ့ဖင်ကို ကြည့်ရသလိုပဲ”ဟု မဲ့ကာရွဲ့ကာ ပြောကြလေ၏။ နောက်တစ်နေ့တွင် မောင်မောင်သည် စမ်းချောင်းသို့ ပန်းကန်ပြား ဆေးရန် သွားရပြန်၏။ သွားခါနီး၌ ဆိုင်ရှင် မစိန်စိန်နှင့် ပန်းမကြီး ပန်းမလေးတို့က -

“မနေ့ကလို ဇလုံမျှောရင် သေဖို့သာပြင်. . . .”ဟု ကြိမ်းလိုက်လေ၏။ မောင်မောင်သည် တောင်းကြီးတစ်လုံး၌ ပန်းကန်ခွက်ယောက်များကို ထပ်ထည့်၍ စမ်းချောင်းအနီးသို့ သွားရလေ၏။ ပန်းကန်များကို ဂရုတစိုက်ကိုင်တွယ်ရလေ၏။ ၎င်းအနီးတွင် ၎င်းနှင့်ရွယ်တူကလေးတစ်ဦး လက်သုတ်ပုဝါများကို လာ၍လျှော်နေသည်ကို တွေ့ရ၏။ ထိုကလေးက မောင်မောင်အား -

“ဟေ့ကောင်. . . မင်းတို့ဆိုင်ရှင် မိန်းမကြီးက အတော် နှိပ်စက်တာပဲ. . ”ဟု ပြောလိုက်လျှင် မောင်မောင်က -

“မင်းတို့ ဆိုင်ရှင်ကရော မင်းကို နှိပ်စက်တတ်သလား”ဟု ပြန်၍ မေးလျှင် ထိုကလေးက -

“ဆိုင်ရှင်မဟုတ်ဘူးကွ၊ အဲဒီဆိုင်ရှင်က ငါ့အစ်မပဲ၊ ငါတို့အမောင်နှမ၊ ဈေးလာရောင်းတာ အဲဒီဆိုင်မှာ မနေချင်ရင်တို့ဆိုင်ကို လာခဲ့လေကွာ၊ အစ်မကို ငါပြောထားမယ်၊ ငါ့နာမည်က လှဖေလို့ခေါ်တယ်၊ မင်းကို ငါ အရမ်းသနားတာပဲကွာ၊ ငါ့အစ်မနာမည်က မမြရှင်၊ ပြီးတော့ မင်းကို ရိုက်တာတွေ့တာနဲ့မင်းတို့ ဆိုင်ရှင်ကို ငါ့အစ်မက ပါးရိုက်ချင်နေတာ ၊ အကြောင်းရှာပြီး ရိုက်လိမ့်မယ်၊ မင်းမယုံရင် စောင့်ကြည့်နေ”ဟု လှဖေဆိုသူ ကလေးက ပြောလေ၏။ ထိုအခါ မောင်မောင်က-

“ဒီမှာ လှဖေ ငါ အဲဒီမှာ မနေချင်တာတော့အမှန်ပဲ၊ မင်းတို့ဆီကို ငါဘယ်လိုပြောင်းလာရမယ်ဆိုတာ မလုပ်တတ်ဘူး၊”ဟု ပြောလိုက်လျှင် လှဖေက -



“ဒီအတွက်တော့ ဘာမှ မပူနဲ့ဟေ့ကောင်၊ ငါတို့ အိမ်ကဆန်သယ်ပို့တဲ့ ဦးလေးကြီးတစ်ယောက်လာလိမ့်မယ်၊ အစ်မနဲ့တိုင်ပင်ပြီး မင်းကို သူနဲ့ ထည့်ပေးလိုက်မယ်၊ မင်းက သူနဲ့လိုက်သွားပြီး သူတို့ အိမ်က စောင့်နေရုံပဲ”ဟု ပြောလိုက်လျှင် မောင်မောင်က -

“အဲဒီလို ထွက်ပြီးရင် ပစ္စည်းခိုးသွားပါတယ်လို့ ဂတ်ကိုတိုင်မယ်လို့ ဆိုင်ရှင်မိန်းမကြီးက ကြိမ်းဖူးတယ်၊ ခိုးလည်းမခိုးရဘဲ ဂတ်ထဲရောက်သွားမယ် လှဖေရ” ဟု ပြန်၍ပြောလေ၏။

“ဒီအတွက် မင်းမပူပါနဲ့ကွာ ၊ ဒီမှာ ထွက်နေတဲ့ ထမင်းဆိုင်တွေ၊ ရေနွေးဆိုင်တွေအားလုံးဟာ ငါတို့ စကုကချည်းပဲကွ၊ကဲပါကွာ ပြန်မယ်. . . အစ်မနဲ့ အမြန်ဆုံးတိုင်ပင်ပြီး မင်းကို အစဖျောက် ထားလိုက်မယ်”ဟုဆိုကာ လှဖေလည်း လျှော်ပြီးသား လက်သုတ် ပုဝါများကို ဆွဲပိုက်၍ ပြေးသွားလေတော့၏။ နောက်များမကြာမီ၌ လှဖေသည် မောင်မောင့်အနီးသို့ အသက်လေးဆယ်အရွယ် လူကြီးတစ်ဦးနှင့် အတူပြန်၍ ရောက်လာပြီး -

“ဟေ့ကောင် ၊ ဒီဦးလေးနဲ့ မင်းလိုက်သွား အဲဒီပန်းကန်တွေ ဇလုံတွေ အကုန်လုံးထားခဲ့၊ ငါ့အစ်မကို ငါအကုန်လုံးပြောပြီးပြီ”ဟု ပြောလေ၏။ မောင်မောင်လည်း ကြောင်တိကြောင်ကန်းနှင့် ထလိုက်၏။ ပြီးလျှင် ရေဆေးရန် ပန်းကန်နှင့်ဇလုံများကို လှဖေအား ညွှန်ပြရင်း-

“ဒါတွေ ဘယ်လိုလုပ်မလဲကွာ”ဟု မေးလိုက်ရာ လှဖေက -

“ဒါတွေ ဒီလိုလုပ်လိုက်တာပေါ့”ဟုဆိုကာ အိုးခွက်ပန်းကန် ဇလုံတို့ကို ခြေထောက်ဖြင့် ချောင်းအတွင်းသို့ ကန်ချလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## နာရီမောင်မောင်

မောင်မောင်သည် ဆန်အိတ်လာပို့သော လူကြီးနှင့်အတူ လိုက်ပါသွားရာ "စကုမြို့"သို့ ရောက်ရှိသွားလေတော့၏။ "စကုမြို့" မှ "မင်းဘူးမြို့"သို့အထွက် ကားလမ်းနဘေးမှ သုံးဖာလုံခန့်ဝေးကွာသော ရွာကြီးတစ်ရွာသို့ ရောက်သွား၏။ ထိုရွာကြီး၏ အမည်မှာ "ကျွဲတဲ" ဟူ၍ ဖြစ်၏။ "ကျွဲတဲ"ရွာတွင် မောင်မောင်တို့ စိန်မေတ္တာထမင်းဆိုင်နှင့်ကပ်လျက် ဆိုင်နီးချင်း မောင်နှမနေ၏။ မောင်မောင်သည် သစ်ပင်များအုံ့မှိုင်း၍ တိတ်ဆိတ်လှသော ရွာကြီးကို ကြည့်ကာ-

"ငါ ဒီရွာကြီးမှာ နေရတော့မှာပါလား၊ အခုနေတဲ့ ထမင်းဆိုင်သတ်စာရင်တော့ ကောင်းမှာပါလေ၊ ငါဘယ်တော့များမှ ကံကောင်းပါ့မလဲ"ဟု ကလေးအတွေးဖြင့် တွေးတောရင်း တုံးလုံးလှဲချလိုက်ရာ မကြာမီ၌ပင် အိပ်ပျော်သွားလေတော့၏။ အိပ်ပျော်သွားသောအခါ၌ အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် ညီချောရောက်လာ၏။ ညီချော

www.burmeseclassic.com



၏ လက်ထဲတွင် စက္ကူဘူး လှလှကလေးပါ၏။ ညိုချောသည် မောင်မောင့်ကို တွေ့လျှင်တွေ့ချင်း -

"ဘုရားပွဲမှာ နင့်ကိုရှာသေးတယ်၊ အဲဒီကနေ ဒီကိုသွားတယ်ဆို လို့ လိုက်လာတာ၊ ရော့ ဒါနင့်အတွက်"ဟု ဆိုကာ လက်ထဲမှ စက္ကူဘူး လှလှကလေးကိုပေး၏။ မောင်မောင်လည်း လှမ်း၍ယူပြီးလျှင် ထိုဘူး ကလေးကို ဖွင့်ကြည့်ရာအတွင်း၌ လက်ပတ်နာရီကလေးတစ်လုံးကို တွေ့ရ၏။

"ဟာ. . . နာရီလေးပါလား"ဟု မောင်မောင်က အားရ ရွှင် လန်းစွာ ပြောလိုက်၏။

"ဟုတ်တယ် မောင်မောင်. . . နင်က အမြဲတမ်းနာခနေ ရှာ တာ၊ ဒါကြောင့် နင့်ကိုငါက ဓါတ်ဆင်ပေးတာ၊ နာပြီးရင် နင်ရယ်ရ အောင် နာရီပတ်ထား"ဟု ညိုချောကို ပြန်၍ပြောလေ၏။

"ဟုတ်လားညိုချော၊ နာပြီးရင် ရယ်ရတယ်ဟုတ်လား၊ ငါကြား ဖူးတာကတော့ နာရင်ငိုရတာပဲကြားဖူးတယ်"ဟု မောင်မောင်က ပြန်၍ ပြောလျှင် ညိုချောက -

"နင်ကလည်း သိပ်ပြီးလျှာရှည်တာပဲ၊ နာငိုလို့ ပစ္စည်းဘယ် မှာ ရှိမလဲ. . . . ဟဲ့၊ နာရီဘဲရှိပါတယ်၊ နင်ပတ်ထားစမ်းပါဟယ်" ဟု ပြောလိုက်ရာ မောင်မောင်က -

"ပတ်ထားတာကတော့ ဟုတ်ပါပြီ၊ ငါက နာရီမှ မကြည့် တတ်ဘဲဟာ" ဟု ပြောလိုက်လျှင် ညိုချောက -

"နာရီမှာ လက်တံနှစ်ခုရှိတယ်၊ အတိုက နာရီကိုပြတာ၊ အရှည် က မိနစ်ကိုပြတာ"ဟုပြောဆိုကာ လက်ပတ်နာရီကလေးကို မောင်မောင် ၏ လက်ကောက်ဝတ်၌ ညိုချောကိုယ်တိုင် ဝတ်ပေးလိုက်လေ၏။ နာရီ သည် မောင်မောင့်လက်၌ ချောင်သကဲ့သို့ ရှိနေ၏။

"ကျပ်ကျပ်ကလေး လုပ်စမ်းပါဦးညိုချောရဲ့၊ ငါက ပန်းကန်တွေ





တွေ ဆေးရဦးမှာ တော်ကြာကျွတ်နေဦးမယ်"ဟု မောင်မောင်က ပြောဆိုကာ နာရီကြိုးကို ဖြုတ်လေ၏။ ထိုသို့ဖြုတ် ရင်းလက်အတွင်းမှ ချော်၍ နာရီကလေးသည် အောက်သို့ ကျသွားလေ၏။ နာရီကလေး သည် မြေပြင်ပေါ်သို့သာကျသည်မဟုတ်၊ လွန်စွာနက်သော ချောက် ဘင်းပါးကြီးအတွင်းသို့ ကျသွားလေတော့၏။ မောင်မောင်လည်း ရင်ထဲ ဘာကနဲဖြစ်သွား၏။

"ငါ့နာရီလေးကျသွားပြီ" ဟု မောင်မောင်က ယောင်၍ အော် လိုက်၏။ အိပ်မက်ထဲတွင် အော်သော်လည်း ပါးစပ်မှ အသံထွက်သွား ၏၊ ထိုအခါ၌ တစ်စုံတစ်ယောက်က ၎င်း၏တင်ပါးကို 'ဖြန်း'ကနဲ ရိုက်လိုက်ပြီး -

"မင်းနာရီလေး မကျပါဘူး၊ မင်းလက်မှာရှိပါတယ်ကွာ" ဟု ပြောလိုက်သံကြားသဖြင့် မောင်မောင်သည် လန့်၍နိုးသွား၏။ ထို့ နောက် သူ၏လက်ကိုကြည့်လိုက်ရာ အုန်းရွက်နာရီကဲ့သို့လုပ်၍ ပတ်ထား သည်ကိုတွေ့ရလေ၏။

"ငါ မင်းအိပ်နေတုန်း အုန်းရွက်နာရီလေးကို ပတ်ပေးထား တာ"ဟု လှဖေက ပြောလေ၏။

"မင်း. . . ဘယ်တုန်းကရောက်နေတာလဲ လှဖေ"ဟု မောင် မောင်က မေးလိုက်ရာ လှဖေက -

"မင်း တို့အိမ်ကို မလိုက်ဘဲ တခြားကို ထွက်ပြေးသွားမှာစိုး လို့ အစ်မကို ပြောပြီးလိုက်လာခဲ့တာ၊ မင်းတို့ဆိုင်ရှင် ဒေါ်စိန်စိန်ကြီး နဲ့ တို့အစ်မနဲ့လည်း ရန်ဖြစ်လိုက်တာ ကျွက်ကျွက်ကိုညံနေတာပဲ၊ မင်း ပျောက်သွားတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အဲဒီ မစိန်စိန်ကြီးက စောင်း ပြီးပြောင်းလား ပြောတာနဲ့ တို့အစ်မက ထွက်ကြိမ်းတယ်၊ အဲဒီအခါမှာ မင်းတို့တွေ 'ပန်းမ'. . 'ပန်းမ'လို့ ခေါ်နေတဲ့ လူကြီးက ဆဲလားဆိုလား လုပ်တယ်လေ၊ အဲဒီတော့ ငါတို့နဲ့ တစ်ဆိုင်ကျော်က ထမင်းလက်သုပ်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းတဲ့ 'ကိုတာတီး'ဆိုတဲ့ လူက မင်းတို့ ပန်းမကြီးမျက်နှာကို လက်သီး ဝင်ထိုးတယ်၊ ထင်းချောင်းနဲ့ရိုက်လိုက်တာ ထိပ်ကွဲသွားလို့ ဂေါပကများ ရှင်းနေကြတယ်၊ ရဲတွေလည်းရောက်နေပြီကွ၊ ကိုတာတီးကြီး တစ်ခုခု ရင်တော့ ကျန်တဲ့ဆိုင်ကလူတွေက မင်းတို့ ပန်းမကြီးကို ချမ်းသာ ပေး ဘူးလို့ ကြိမ်းနေကြတယ်၊ အခု လောက်ဆိုရင် မင်းတို့ဆိုင်က မင်းနဲ့အတူ အလုပ်လုပ်တဲ့ ကောင်လေးတွေလည်း သနားပါတယ်ကွာ၊ ကြောက် ဒူးလေးတွေတုတ်ပြီး ဆောင့်ကြောင့်ကလေးတွေ ထိုင်နေကြတာကို ခဲ့ရတယ်၊ ငါလည်းမင်းကို စိတ်ပူလို့ ပြန်လာခဲ့တာ၊ လှည်းလမ်းကြောင်း မှာ အုန်းရွက်ကလေးတစ်ရွက်တွေ့လို့ နာရီကလေးလုပ်လာတာ၊ လည်း မင်းကို စိတ်ပူလို့ မင်းလက်မှာ လက်ပေးထားတာ၊ အခု မင်းက အိပ်မက်ထဲမှာ နာရီလွတ် ကျနေသေးတယ်"ဟု ပြောလေ၏။ မောင်မောင်သည် လှဖေ၏ စကားကိုနားထောင်ရင်း "ငါ့မှာ ဘယ် လည်း သွားစရာရှိပါ ဘူးကွာ. . . .၊ မင်းတို့အစ်မလည်း ငါတို့ဆိုင်မှ မစိန်စိန်လို အရိုက်ကြမ်းသလားကွ"ဟု မောင်မောင်က မဝံ့မရဲ မေး၏။

"အစ်မက မရိုက်တတ်ပါဘူးကွ၊ စိတ်ဆိုးရင် အယုတ္တ၊ အနတ္တ တွေ ဆဲတော့တာပဲ၊ အားကြီးအဆဲသန်တယ်ကွ၊ တို့အမေလည်း အဆဲသန်တာပဲ၊ ဒါပေမယ့် အမေတော့မရှိတော့ပါဘူး၊ သေသွားပြီ တို့အဖွားလည်း ဆဲတာပဲကွ၊ တို့အမေဆိုရင် ဟိုးအဝေးကြီးမှာရှိတဲ့ 'ဇော ကြီး'ဆိုတဲ့ရွာကိုလှည်းနဲ့သွားပြီး ဆဲတာကွ၊ အပြန်မှာ ထန်းပင်ပေါ်က လူကို မျက်စိစပါးမွေးစူးပြီး လှမ်းဆဲခဲ့သေးတယ်၊ အဖေက အမေ့ မဆဲဖို့ပြောတယ်ကွ၊ အဲဒီတော့ အမေက ဘာပြန်ပြောသလဲဆိုတော့ "ကျုပ်တို့က မကျေနပ်ရင် အားရပါးရ ဆဲပစ်လိုက်တာပဲ၊ ရင်ကို ပေါ့သွား တာဘဲ၊ ဆဲပြီးရင်လည်း ပြီးသွားတာပဲ၊ ရင်ထဲမှာလည်း မှတ်ထား မရှိဘူး၊ ရင်ရှင်းတဲ့နေရာမှာ အားရပါးရ ဆဲလိုက်ရတာ အကောင်းဆုံး





ပြောဖူးတယ်၊ အဲဒီတော့ တို့အဖေလည်း ဘာမှ ဆက်ပြီး မပြောရဲ တော့ဘူး"

"မင်းအဖေဘယ်လိုလုပ်ပြီး ဆက်ပြောခံ့မှာလဲကွာ၊ ဆက်ပြီး ပြောရင် မင်းအမေက မင်းအဖေကို ဆဲချင်ဆဲနေဦးမှာ သူက ရင်ရှင်း အောင်လုပ်မှာလေ၊ မင်းကောဆဲတတ်သလားလှဖေ" ဟု မောင်မောင် က ပြောလိုက်ရာ -

"အမေတို့လိုတော့ မဆဲတတ်ဘူးပေါ့ကွာ၊ ငါစိတ်ဆိုးလာရင် သူတောင်းစားခွက်စုတ်လို့ဘဲ ပြောလေ့ရှိတယ်ကွ"ဟု လှဖေက ပြန်၍ ပြောလျှင် မောင်မောင်က -

"သူတောင်းစားတွေက ခွက်အစုတ်နဲ့ဘဲ တောင်းကြတာဘဲ၊ တတ်လားလှဖေရဲ၊ အဲဒီတော့ မင်းပြောတာဟာ ဘာများ မခံချင်စရာ ဦးလဲ၊ ရီစရာတောင်ကောင်းသေးတယ်"ဟု ပြန်၍ ပြောလျှင် လှဖေက

"အေး ဟုတ်ပြီ၊ မင်း ငါနဲ့ အတူနေမှာ မဟုတ်လား၊ ငါစိတ် ဆိုးရင် သူတောင်းစားခွက်စုတ်လို့ မင်းကို ပြောမယ်၊ အဲဒါ မင်းမနာနဲ့" ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က -

"မနာပါဘူးလှဖေရာ၊ ငါ့မှာ ခွက်စုတ်တောင်မရှိပါဘူး"ဟု ပြန်၍ ပြောလိုက်လျှင် လှဖေသည် မောင်မောင်အား လွန်စွာသနား သွားလေတော့၏။

"အလကားပြောတာပါ မောင်မောင်ရာ၊ မင်းကို ငါသူတောင်း စားခွက်စုတ်လို့ ဘယ်တော့မှ မပြောပါဘူး"ဟု လှဖေက ပြောလေ၏။

ဘုရားပွဲကြီးပြီးသွားသောအခါ၌ လှဖေအစ်မ၏ ထမင်းဆိုင်လည်း ၍သိမ်းလေ၏။ စိန်မေတ္တာထမင်းဆိုင်မှာ ဘုရားပွဲမပြီးမီကပင် သွားပြီးဖြစ်၏။ မောင်မောင်သည် လှဖေနှင့်လိုက်၍သွားကာ ဆိုင် ကူသိမ်းပေး၏။ လှဖေ၏အစ်မသည် မောင်မောင့်အား -

"ဟဲ့မောင်မောင် အစ်မတို့ဆီမှာဘဲ နေပေါ့၊ တို့စား သလိုစားရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ တို့ဝတ်သလိုဝတ်ရမယ်၊ လှဖေနဲ့လည်း ညီအစ်ကိုလို နေကြ၊ မင်းတို့နှစ်ယောက်အတွက် အစ်မလက်ပတ်နာရီနှစ်လုံး ဝယ်ထားတယ် လာ. . . လာ. . "ဟု ဆိုကာ လှဖေ၏ လက်တွင် နာရီတစ်လုံး ပတ်ပေး၏။ မောင်မောင်၏လက်တွင်လည်း နာရီတစ်လုံး ပတ်ပေး၏။ မောင်မောင်သည်နာရီကိုကြည့်လိုက်၏။ လက်တံအတိုမှာ (၁၀)ဂဏန်းတွင် ရောက်နေ၏။ လက်တံအရှည်မှာ (၂)ဂဏန်းတွင် ရောက်နေ၏။ မောင်မောင်သည် အိပ်မက်ထဲတွင် ညိုချောပြောသော စကားကို မှတ်မိသွား၏။ (၁၀)နာရီ (၁၀)မိနစ် ရှိနေပြီဖြစ်ကြောင်းသိရ၏။ ထို့နောက် မောင်မောင်၏ပါးစပ်မှ ယောင်၍ -

"နာ. . . . . ရီ"ဟု တစ်လုံးချင်းထွက်လိုက်လေ၏။ ထိုအခါ လှဖေအစ်မက -

"နာရီဆိုတော့ ဘာဖြစ်သလဲကွယ့်" ဟု မေးလိုက်လျှင် မောင်မောင်က -

"နာရီဆိုတော့ နာပြီးရင်ရယ်ရမှာပေါ့ အစ်မရဲ့"ဟု ပြောလိုက်လျှင် လှဖေ၏အစ်မက -

"ဟုတ်ပါရဲ့ဟယ်၊ နင့်ဘဝမလဲ နာပြီးပြီဘဲ အခုရီရတော့မှာပေါ့ ကလေးရယ်၊ မင်းအစ်မတို့ဆီမှာဘဲနေပါ၊ မင်းကိုလည်း လှဖေလို အစ်မသဘောထားပါ့မယ်"ဟု ပြောလိုက်လျှင် မောင်မောင်က -

"ကျွန်တော့်ကို မဆဲဘူးပေါ့"ဟု ပြန်၍ မေးလေ၏။

"အမလေးဟယ်. . . ၊ မဆဲတတ်ပါဘူး"ဟု လှဖေ၏ အစ်မက ပြောလေ၏။

"လှဖေပြောတော့ အစ်မကသိပ်ပြီး အဆဲသန်တယ်လို့ ပြောတယ်၊ အစ်မတို့အမေဆိုရင် ထန်းပင်ပေါ်ကလူကိုတောင် အောက်ကနေပြီး လှမ်းပြီးဆဲတယ်ဆို"ဟု မောင်မောင်က မေးလိုက်ရာ လှဖေအစ်မက မျက်လုံးပေါက်ကလေးများ ပိတ်သွားသည်အထိ ရယ်မောလေ၏။





"လှဖေ နင်ဘာမှသိတဲ့ကောင် မဟုတ်ဘူး၊ အဲဒါဆဲတာ ဘူး ကျိန်ဆဲတာ ၊ ကျိန်ဆဲတာနဲ့ ဆဲတာနဲ့ မတူဘူး၊ ငါတို့ တစ်မျိုး ကျိန်ဆဲတတ်တယ်၊ ဆဲတာက ညစ်ညစ်ညမ်းညမ်းတွေ ပြောရတာ၊ ဆဲတာက ဒီလိုမဟုတ်ဘူး၊ သူတစ်ပါးဒုက္ခရောက်အောင် ဆုတောင်း ကျိန်စာတွေဘာတွေ နင်တို့ မကြားဖူးကြဘဲကိုး၊ အဘွားဆိုရင် ပတ်ကုံး ကျိန်ဆဲတတ်တယ်၊ တစ်ခါက "ဇရပ်ကြီး"က မိန်းမတစ် တ်နဲ့ ရန်ဖြစ်တာ အဘွားက လှည်းနဲ့သွားပြီး ကျိန်ဆဲဖူးတယ်၊ လိုကျိန်ဆဲသလဲဆိုတော့ "ဒါလောက်တောင် မကောင်းတဲ့ကောင်မ င်ဘဝကျရင် မိန်းမဖြစ်ပါစေ၊ မိန်း မဖြစ်ရင်လည်း လင်မရပါစေနဲ့၊ လိုချင်တဲ့အခါမှာ ယူဇနာတစ်ရာ ခရီးကို ညကြီးမိုးချုပ် သွားရပါ အဲဒီခရီးရောက်တဲ့အခါမှာ နင်ယူမယ့် လင်အိုလင်နာဟာ လမ်းဆုံ ခွ သစ်ငုတ်တိုပေါ်မှာ မျောက်လို ထိုင်နေပါစေ၊ ဒါပေမယ့် အဲဒီလင် မရပါစေနဲ့အုံး၊ တခြားသော လမ်းသုံးသွယ်ကလာတဲ့ နင်လိုလင် သုံးယောက်နဲ့ သတ်ပုတ်ပြီးမှ အဲဒီလင်အိုလင်နာကို ပေါင်းရပါ"လို့ ကျိန်ဆဲဘူးတယ်၊ အဲဒါလည်း သူ့အဘွား ပုဂံသူတစ်ယောက်က ယ်က ကျိန်ဆဲခဲ့တဲ့ နည်းဆိုပြီး သင်ပေးထားခဲ့တာဆိုဘဲ၊ အဲဒီ ငင်းတို့နှစ်ယောက် နားလည်ထားဖို့က ကျိန်ဆဲတယ်ဆိုတာ၊ ပါးစပ် ကျိန်စာတိုက်တာဘဲ၊ ဆဲတာလိုတော့ ယုတ်ယုတ်မာမာမပါဘူး ၊ ဒါပေ နှစ်ခုစလုံးတော့ မကောင်းပါဘူးလေ၊ အမေဆိုရင် အိမ်နားက နဲ့ မကြာခဏ ရန်ဖြစ်တယ်၊ ရန်ဖြစ်တိုင်း သူကျိန်ဆဲတာက "မယား ယောက်ကြားမှာ ဗျာများပြီး သေလို့ တစ္ဆေဖြစ်ပါစေတော်လို့ ဆဲလေ့ရှိတယ်" ဟု လှဖေ၏အစ်မက ရှည်လျားစွာ ပြောပြလေ၏။ ါ မောင်မောင်က -

"အစ်မရယ် ကျွန်တော့်ကိုတော့ မကျိန်ဆဲပါနဲ့"ဟု ပြောရာ ၏အစ်မသည် မောင်မောင်၏ခေါင်းမှ ဆံပင်ကလေးကို လက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပုတ်ရင်း -

"မကျိန်ပါဘူးမောင်လေးရယ်၊ မကြောက်ပါနဲ့၊ နာရီဆိုတာ နာပြီးရင် ရီရမယ်ဆို၊ မင်းအခု ရီရမယ့်အလှည့်ရောက်သွားပါပြီ မောင်မောင်ရယ်"ဟု ပြောကာ ချော့မော့လိုက်လေ၏။ ထို့နောက် ၎င်း သုံးဦးသည် စမ်းချောင်းအတွင်း၌ ရေချိုးကြလေ၏။ မောင်မောင်သည် ရေချိုးရင်း ရေအောက်မှ ကျောက်စရစ်ခဲပြားပြားလေးများကို ကောက် ၍ ရေပေါ် ရှပ်တိုက်ပြေးသွားအောင် ပစ်နေလေ၏။ ထိုသို့ ကျောက်စ ရစ်ခဲကလေးများကို ကုန်း၍ကောက်ရင်း မျက်စေ့ထဲတွင် "ဝင်းကနဲ" ဖြစ်သွား၍ ကောက်ယူလိုက်ရာ ရွှေဆွဲကြိုးတစ်ကုံးဖြစ်နေကြောင်း တွေ့ရလေ၏။ ရွှေဆွဲကြိုးတွင် ကျောက်နီများလည်းပါ၏။ မောင်မောင် သည် လှဖေ၏ အစ်မအား -

"အစ်မ. . . ဒီမှာ"ဟုဆိုကာ ထိုဆွဲကြိုးကို ပေးလိုက်လေ၏။ လှဖေ၏အစ်မလည်း မောင်မောင်ပေးသော ဆွဲကြိုးကို လှမ်း၍ ယူ၍ သေချာစွာကြည့်၍ -

"မောင်မောင် ဒီကျောက်နီတွေက ရိုးရိုးကျောက်နီတွေ မဟုတ် ဘူး၊ ပတ္တမြားတွေဟဲ့၊ ဒီဆွဲကြိုးက အတော့်ကိုတန်လိမ့်မယ်၊ အစ်မလေ စျေးလည်းမသိဘူး၊ နားလည်တဲ့လူကို ပြကြည့်ရမှာဘဲ" ဟု လှဖေ၏ အစ်မက ပြောလေ၏။ ထို့နောက် ၎င်းတို့သည် ပစ္စည်းများကို နွားလှည်း ပေါ်သို့တင်ကာ တရွေ့ရွေ့နှင့် ပြန်ခဲ့ကြလေတော့သတည်း. . .။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၈)

## ဘုတ်မောင်မောင်

မောင်မောင်သည် စကုမြို့အဝင် ကျွဲတဲရွာရှိ လှဖေတို့ မောင်နှမ အိမ်တွင် နေနေပြီ ဖြစ်၏။ ဆယ်ရက်ခန့်ကြာသောအခါ၌ သက်တော်ရှာ ကျော်ခန့်ရှိပြီဖြစ်သော ဘုန်းတော်ကြီးတစ်ပါး အိမ်ကို ကြွလာသော်၏။ လှဖေ၏အစ်မ မမြမေသည် တဘက်ကလေးကို ပုခုံးပေါ်တင်၍ ပျာကယာ ဦးချလိုက်လေ၏။ ထို့နောက် ၎င်းက-

"တပည့်တော်မလည်း ကျောင်းကို လာမလို့ပဲ ဘုရား. . . . ဒီကလေးနှစ်ယောက်ကို အရှင်ဘုရားကျောင်းမှာ အပ်မလို့"ဟု လျှောက်ထားလိုက်လျှင် ဘုန်းတော်ကြီးက -

"ဟုတ်တာပေါ့ မြမေရယ်. . . . ဒီအရွယ် ယောက်ျားကလေးတွေဟာ ကျောင်းပို့ထားတာ အကောင်းဆုံးပဲ. . . . အဲဒီလို ပို့မထားဘူးဆိုရင် လေးခွတစ်ချောင်းနဲ့ ကြက်ပစ်လိုက်၊ ငှက်ပစ်လိုက်၊ မန်းချောင်းထဲဆင်းပြီး ရေချိုးလိုက် လုပ်နေမှာ၊ ပို့ဆို ခုညနေပဲ ပို့လိုက်ပေါ့. . .



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအိပ်ကျောင်း စားထားလိုက်ပါ. . . . ”ဟု မိန့်တော်မူကာ ပြန်၍
ကြွသွား၏။ မောင်မောင်သည် လှဖေ၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်
၏။ ထိုအခါလည်း လှဖေလည်း မောင်မောင်အနီးသို့ တိုး၍ကပ်လာပြီး

“တို့ရွာမှာက တာတီးဆိုတဲ့ နာမည်နဲ့ လူသုံးယောက်ရှိတယ်
တစ်ယောက်က ဘုရားပွဲတွေမှာ ထမင်းသုပ်လိုက်ပြီး ရောင်းတဲ့ လူ
သူ့ကို အသုပ်တာတီးလို့ ခေါ်တယ်. . . . တစ်ယောက်က ရေတ်သီးတ
သည်ကွ၊ သူ့ကိုတော့ ရေတ်တာတီးလို့ခေါ်တယ်. . . ကျန်တစ်ယော
က လူတွေကို မဟာဘုတ်နဲ့တွက်ပြီး ဗေဒင်ဟောလေ့ရှိတဲ့အတွက် သူ့
ဘုတ်တာတီးလို့ ခေါ်တယ်၊ ခုနက ဘုန်းတော်ကြီးဟာ ဘုတ်တာတီး
ကွ. . . .၊ ဘုန်းကြီးဖြစ်သွားတော့ မဟောတော့ပါဘူးကွာ. . . ဘုန်းကြီး
ဖြစ်တာလည်း မကြာသေးဘူးကွ. . . . သူ့မိန်းမနဲ့သူနဲ့ကွဲသွားမှ ဘုန်းကြီး
ဝတ်လိုက်တာ. . . . သူ့ကိုတော့ လူတွေက ဦးဇင်းတာတီးလို့ပဲ ခေါ်ကြ
ပါတယ်. . . . စကုမြို့ပေါ်က ပိုက်ဆံရှိတဲ့လူတွေ. . . .၊ မြို့အုပ်တွေ
ဝန်ထောက်တွေတောင် သူ့ဆီ လာပြီး ဗေဒင်မေးခဲ့ကြတာ. . . .၊ သူ
ကျောင်းမှာနေရင် တို့ကိုလည်း သင်ပေးမှာကွ. . . အဲဒီလို သင်ပေး
တော့ ငါလည်း ဘုတ်လှဖေဖြစ်ပြီ. . . မင်းလည်း ဘုတ်မောင်မောင်
ဖြစ်ပြီ မကောင်းဘူးလား”ဟု ပြောကာ လှဖေသည် တစ်ခစ်ခစ်ရယ်
တော့၏။ ထိုအခါ မောင်မောင်က -

“လှဖေ . . . . မင်းက ရယ်လှချေလားကွ. . . . အစ်မ
တို့နှစ်ယောက်ကို ကျောင်းပို့တယ်ဆိုတော့. . . စာတတ်စေချင်လို့
ကွ. . . ကြိုးစားမှဖြစ်မယ် လှဖေ. . . ”ဟု ပြောလိုက်ရာ လှဖေ
ခေါင်းကို တွင်တွင်ရမ်းလေ၏။

“စာတတ်စေချင်လို့မဟုတ်ဘူးကွ. . . မန်းချောင်းထဲက
ကောက်ရတဲ့ ပတ္တမြားဆွဲကြိုးကြီးကြောင့် ငါတို့ကျောင်းကို အပို့ခံ
တာ. . . . ငါ့အစ်မမှာ ရည်းစားရှိတယ်ကွ. . သူ့ရည်းစားက ကိုသက်





. . . မြို့ပေါ်က ကောက်ပဲသီးနှံရုံးမှာ စာရေးလုပ်တယ်ကွ. . . .
လာဆောင်ဖို့ဆိုပြီး နှစ်ယောက်စလုံး ငွေစုကြတာ ငွေက မပြည့်သေး
. . . အဲဒီမှာ မင်းက ပတ္တမြား ဆွဲကြိုးကြီးကောက်ရပြီး အစ်မကို
လိုက်တော့ မင်္ဂလာဆောင် ဖြစ်ဖို့ သေချာပြီပေါ့ကွာ၊ အစ်မဟာ
သက်ခင်နဲ့ မင်္ဂလာဆောင်ပြီးရင် တို့နဲ့အတူ မနေတော့ဘူးကွ၊ ကိုသက်
ခင်နဲ့ လိုက်သွားတော့မှာ. . . . ဒါကြောင့် ငါတို့ကို ဦးဇင်းတာတီး
ကျောင်းပို့တာ. . . . စောစောစီးစီး လမ်းရှင်းထားတဲ့သဘော ပေါ့ကွ၊
သေချာ နားထောင်. . . . အစ်မသနပ်ခါး သွေးဖနေတယ်၊ မကြာခင်
သက်ခင် ရောက်လာလိမ့်မယ်. . ဟောဟို လုံချည်အနီလေး လှန်း
တဲ့တဲက ဆိုက်ကားနင်းတဲ့ လူကြီးနေတဲ့ တဲကွ. . . ဒီလူကြီးက
ပြန်စားတာ၊ အစ်မက ကိုသက်ခင်ဆီကို ဒီလူကြီးနဲ့ စာပေး
တ်ပြီ၊ ဒီလူကြီး ပြန်လာရင် အဲဒီဆိုက်ကားနဲ့ ကိုသက်ခင်ကြီး ပါလာ
မယ်. . . ကိုသက်ခင်ကြီးရောက်မလာခင် တို့နှစ်ယောက်ကို ကျောင်း
ပို့လိမ့်မယ်. . . ဒီမှာမောင်မောင်. . . . မင်းဟာ သိပ်ပြီးနုံတဲ့ကောင်၊
တန်ပစ္စည်းကို ရတဲ့အခါ ဘယ်လိုနည်းနဲ့ရရ တစ်ခြားလူကို မပြော
. . . . ပြလည်းမပြရဘူး. . . . ပေးလည်း မပေးရဘူး၊ ဒုက္ခတွေ့
တယ်” ဟု ပြောလိုက်လျှင် မောင်မောင်က ခေါင်းကို ညိတ်လေ၏။
နောက် မမြမေ ထွက်လာပြီးလျှင် -

“ဟဲ့. . . . ကလေးနှစ်ယောက် နင်တို့ အဝတ်အစားတွေ ထုပ်
ကျောင်းကို ပို့ရမယ် . . . . ယောကျ်ားလေးဟာ စာမတတ်ရင် အကန်း
တူတယ်. . . . မိန်းကလေးဟာ ယက်ကန်းမတတ်ရင် အကျိုးနဲ့
တယ်. . . . ”ဟု ပြောလေ၏။ မောင်မောင်နှင့် လှဖေလည်း ပုဆိုးတစ်
ကို ဖြန့်ခင်းကာ အဝတ်အစားများကိုထုပ်၍ အိမ်ပေါ်မှ ဆင်းကြ
၏။ အိမ်အောက်သို့ ရောက်လျှင် လှဖေက -

“ရွာစောင့်နတ်၊ လမ်းစောင့်နတ်၊ အိမ်စောင့်နတ်များ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဗုဒ္ဓဟူးသား မောင်လှဖေ ကျောင်းမှာ အပြီးနေရ ဖြစ်ပါတယ်၊ ကျွန်တော့်အစ်မကြာသပတေးသမီး မမြမေကို စော ရှောက်ကြပါခင်ဗျား၊ ကျွန်တော့်အစ်မကိုလာပြီး နှောင့်ယှက်တဲ့ ဘယ်လိုလူမျိုးမဆို မြွေကိုက်ပြီးသေပါစေ အရှင်ကြီး၊ အရှင်ကောင်း ခင်ဗျား . . . မသေသည့်တိုင်အောင်လည်း အလုပ်ရှိရင် အလုပ်ပြုတ် စေ၊ စာရင်းအင်းကွာလို့ ထောင်ကျပါစေ"ဟု ကျယ်လောင်စွာ ကျိန် နေလေတော့၏။ ထိုအခါ မမြမေက -

"ဟဲ့. . . . ဟဲ့ကောင်လေး ဘာတွေကျိန်ဆဲနေတာလဲ၊ ဖွ. . . . ဖွ၊ လွဲပါစေ၊ ဖယ်ပါစေတော်. . ."ဟု ပြောလိုက်ရာ လှဖေက -

"ကျွန်တော်ကအစ်မကို ယောကျာ်းတွေ နှောင့်ယှက်မှာ စိုး နတ်တွေကိုတိုင်တည်တာ. . . . အစ်မကလွဲပါစေ၊ ဖယ်ပါစေဆို နှောင့်ယှက်ခံချင်လို့လား. . . . ဟောပြောရင်းဆိုရင်း နှောင့်ယှက် လူကြီး ဆိုက်ကားနဲ့လာနေပြီ" ဟုဆိုကာ ရွာထိပ်ဆီသို့ လှမ်း၍ပြလို ရာ မောင်မောင်လည်း ကြည့်လိုက်မိလေ၏။ ဆိုက်ကားနှင့်ဝင်လာသော လူတစ်ယောက်တွေ့ရ၏။ ထိုလူလည်း တိုက်ပုံအင်္ကျီဝတ်ထား၏။ လ တွင်လည်း မိုးကာဖျင်ဖြင့် ချုပ်ထားသော လက်ဆွဲအိတ်ကလေး လုံးပါ၏။ ထိုဆိုက်ကားသည် အိမ်ရှေ့သို့ ရောက်လာ၏။

"စာရရချင်းထွက်လာခဲ့တာပဲ. . . . ဘယ်သွားမလို့လဲ မြ" ကိုသက်ခင် မေးလေ၏။ လှဖေသည် မောင်မောင်၏မျက်နှာ လှမ်း၍ကြည့်လိုက်၏။ ထို့နောက်မောင်မောင့်အနီးသို့ကပ်ကာ -

"ငါ့ အစ်မကိုကြည့်လိုက်၊ ငါတို့ရှေ့မှာ ဘာမှမပြောနဲ့ဆို သဘောနဲ့ သူ့ဝေတိကို မျက်စိမှိတ်ပြီး လက်ကာပြလိမ့်မယ်. . . ." ဆိုသဖြင့် မောင်မောင်လည်း မမြမေ၏မျက်နှာကို ကြည့်လိုက် ထိုအချိန်၌ ကိုသက်ခင်သည် တစ်စုံတစ်ခု ပြောမည်ဟု ဟန်ပြင်လိုက် မမြမေက မျက်စိတစ်ဖက်မှိတ်လိုက်၏။ လက်ကလေးကို ထောင်၍





သာအယာပြလိုက်၏။ ထို့နောက် မမြမေက -

"ကိုသက်ခင် စောင့်ဦးနော် ၊ ကလေးတွေဘုန်းကြီးကျောင်း သွားဆို့လိုက်ဦးမယ်"ဟုဆိုကာ မမြမေလည်း မောင်မောင်တို့နှစ်ဦး၏ လက်တို့ဆွဲ၍ ထွက်ခဲ့လေ၏။ ထိုအခါလှဖေက -

"ကိုသက်ခင်ကြီး. . . . ပြောလိုက်လေဗျာ. . . . မြ ပြန်မလာ ခင်း စောင့်နေမှာပါလို့. . . ."ဟု ပြောလိုက်လျှင် မမြမေက လှဖေ၏ ခေါင်းကို ဒေါက်ခနဲခေါက်ရင်း -

"လူကြီးကိုများ. . . နောက်စရာကျနေတာပဲ" ဟု ပြောလိုက် သေ၏။

ဤသို့နှင့် မောင်မောင်နှင့်လှဖေတို့သည် ဦးဇင်းတာတီး ကျောင်းသို့ရောက်သွားကြလေ၏။ ဦးဇင်းတာတီးသည် တပည့် ကျောင်း သားနှစ်ဦးကိုကြည့်၍ ပီတိဖြစ်နေပုံရ၏။ ထိုညဉ့်ပင် ၎င်းတို့နှစ်ဦးအား ရှားရှိခိုးသင်ပေး၏။ ညဥ့်နက်လာသောအခါ၌ "အောင်လံထူစစ်သူ ကြီးခွဲ" ဆိုသော ဗေဒင်မဟာဘုတ်လက်ကိုကို သင်ပေး၏။ သင်ပေးစဉ်၌ ဇင်းက မောင်မောင့် အနီးသို့ ကပ်ပြီးလျှင် -

"ဘုတ်မောင်မောင်" ဟုခေါ်လိုက်ရာ မောင်မောင်ကလည်း အားတျမခံ -

"ဘုတ်လှဖေ"ဟုပြန်ခေါ်လိုက်ကာ သူငယ်ချင်းနှစ်ဦးလည်း စ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားလိုက်ကြလေ၏။ ဦးဇင်းတာတီး ည်း ၎င်းတို့ နှစ်ဦး ချစ်ချစ်ခင်ခင်နေကြသည်ကို တွေ့လျှင် -

"အေး. . . . ဒီလိုမှပေါ့ကွ. . . . သူငယ်ချင်းဆိုတာ ချစ်ချစ် ခင်ခင်နေရတယ်. . . ကျောင်းကတည်းကချစ်တာ သေတဲ့အထိ ချစ် သွားရင် ကောင်းတယ်ကွ. . . . မင်းတို့အရွယ်က ဘာမှပြောလို့မရဘူး၊ စားကြ. . . . ကြိုးစားကြ. . . . " ဟု မိန့်တော်မူလေ၏။

ထို့နောက်တွင်ကား မောင်မောင်နှင့် လှဖေတို့သည် ဦးဇင်း၏



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးတစ်ဖက်စီကို တံတောင်နှင့် ကြိတ်ကြရလေ တော့၏။ ညဉ့်နေ မှ အိပ်ရသော်လည်း နံနက်စောစော ထကြရလေ၏။ ယာဂုခေါ် ဆန်ပြုတ်ကို ကျိုကြရလေ၏။ ဦးဇင်းကို ကပ်ကြ၏။ ဦးဇင်းလည်း ယာဂု ကို ဘုန်းပေးခါနီး၌ -

"ဒုက္ခ. . . . ဒုက္ခ" ဟု ရွတ်ဆိုလေ၏။ ထို့ကြောင့် မောင်မောင် က လှဖေအား -

"တို့ပြုတ်တဲ့ယာဂုက နည်းနည်းပျစ်သွားတယ်ကွ. . . . ဦးဇင်း ဘုန်းပေးလို့ မရဘူးထင်တယ်၊ ဒါကြောင့် ဒုက္ခ ဒုက္ခလို့ ပြောနေတာ"ဟု ပြောလိုက်လျှင် လှဖေက -

"မဟုတ်ဘူးကွ. . . . တရားသဘောနဲ့ ပြောတာဖြစ်မယ် ကွ. . . . နက်ဖြန်ကျရင် ကျဲကျဲကျိုမယ်ကွာ. . . . အဲဒီတော့ ကျလည်း ဒုက္ခ ဒုက္ခလို့ပြောရင် ငါပြောတာမှန်ပြီ. . . . "ဟု ပြောလေ၏။ နေ့ ဆွမ်းစားသောအခါ၌လည်း ဦးဇင်းလည်း -

"ဒုက္ခ ဒုက္ခ"ဟု ဆိုပြန်၏။ ဘဲသားဆီပြန်ဟင်းကို နှိုက်သော အခါ၌လည်း -

"ဒုက္ခ ဒုက္ခ"ဟုဆိုပြန်ရာ လှဖေက မောင်မောင့်အနီးသို့ ကပ်ပြီး -

"ဟေ့ကောင်. . . . ငါပြောတာမှန်ပါတယ်ကွ. . . . တို့ဦးဇင်း က ဘာကိုပဲ ဘုန်းပေးဘုန်းပေး ဒုက္ခဒုက္ခလို့ ဆိုနေတာပဲ. . . . ဟိုမှာ ဘဲသားဆီပြန်ဟင်းကို ဘုန်းပေးတော့လည်း ဒုက္ခ ဒုက္ခလို့ ဆိုနေပြန် ပြီ. . . မင်း မကြားဘူးလား. . . " ဟု မေးလိုက်ရာ မောင်မောင်က

"မဟုတ်ဘူးကွ. . . . တို့ဦးဇင်းကြီးမှာ သွားနာရောဂါ ရှိမယ် ကွ. . . . အဲဒါကြောင့် ဘာကိုပဲစားစား ဒုက္ခ ဒုက္ခလို့ ပြောတာဖြစ်ရော ပေါ့ကွ. . . . "ဟု ပြောလျှင် လှဖေသည် မောင်မောင်၏ ဝိုက်ခေါင်းကို လက်ဖြင့် လိမ်ဆွဲရင်း -





"ဆွမ်းဘုန်းပေးပြီးရင် ဟောဟိုမှာ ဘိလပ်ရည်ရှိသေးတယ်၊ အဲဒါ ကပ်ရဦးမယ်. . . . ဘိလပ်ရည်ကိုပါ ဒုက္ခ ဒုက္ခလို့ ပြောရင်တော့ ဦးဇင်းပြောသလို သွားနာရောဂါကြောင့် မဟုတ်ဘူး၊ ဘာကိုပဲ ဘုန်းပေး ဘုန်းပေးတရားသဘောနဲ့ဆိုတယ်ဆိုတာ မင်းသဘောပေါက်ပေ တော့. . . . "ဟု ပြောလေ၏။ ဦးဇင်း ဘုန်းပေးပြီးသောအခါ လှဖေ သည် ဘိလပ်ရည်ပုလင်းကို အဖုံးဖွင့်၍ ဖန်ခွက်တွင်ထည့်ကာ ရိုသေစွာ ကပ်လေ၏။ ထိုအခါ၌လည်း ဦးဇင်းသည် ဒုက္ခ ဒုက္ခဟုဆိုပြန်၏။ လှဖေလည်း မောင်မောင်၏ မျက်နှာကို လှမ်း၍ကြည့်လိုက်၏။ ဦးဇင်း ဆွမ်းစားပြီးသောအခါ၌ လှဖေနှင့်မောင်မောင်သည် ဆွမ်းစားစားပွဲကို သိမ်းရ၏။ ထို့နောက် ညနေစာ ချန်သင့်သည်ကိုချန်၍ ထမင်းစား ကြလေ၏။ ဘဲသား ဟင်းမှာ တစ်တုံးသာရှိ၏။ မောင်မောင်သည် ထိုဘဲသားဟင်းကို ခပ်၍ သူ့ပန်းကန်အတွင်းသို့ ထည့်လိုက်၏။ ထိုအခါ လှဖေက -

"ဟေ့ကောင်၊ ဟေ့ကောင်. . . အဲဒီဒုက္ခလည်း ငါ့ကို တစ်ဝက် ပေးဦးလေကွာ. . . "ဟုဆိုသဖြင့် မောင်မောင်လည်း ဘဲသားဟင်းကို ခွဲ၍ လှဖေ၏ ပန်းကန်အတွင်းသို့ ထည့်လိုက်လေ၏။

ထမင်းစားပြီးသောအခါ၌ ၎င်းတို့နှစ်ဦးသည် ပန်းကန် ခွက်ယောက်များကို အတူတကွ ဆေးကြောကြ၏။ ပြီးလျှင် ဦးဇင်း ၏သင်္ကန်းကို မန်းချောင်းသို့ ယူလာပြီး လျှော်ဖွပ်ကြ၏။ လျှော်ပြီးလျှင် သင်္ကန်းကို လှမ်းထားပြီး နှစ်ယောက်သား ရေဆင်းချိုးကြ၏။

ရေချိုးပြီးကျောင်းသို့ ပြန်လာသောအခါ၌ ဦးဇင်းက ၎င်းတို့ အား စာသင်ပြန်၏။ ဦးဇင်းသည် ၎င်းတို့ နှစ်ဦးအား စာကိုသာ သင်သည်မဟုတ် စပါးတွက်၊ သစ်တန်တွက်မှအစ အတွက်အချက် ကျွမ်းကျင်စေရန်လည်း အပိုင်းဂဏန်းတွက်နည်းကိုပါ သင်ပေးလေ၏။ အချိန်ရသောအခါ၌ မဟာဘုတ်၊ အင်္ဂဝိဇ္ဇာ၊ သုံးတန်ပေါ်နိစ်စသော



www.burmeseclassic.com

www.burmeseclassic.com



ပေဒင်ကိန်းများကို နှုတ်တိုက်အာဂုံရအောင် ကျက်စေ၏။ လှဖေမှာမူ အာဂုံမရရှာပေ . . .။

မောင်မောင်သည် ဆွမ်းခံထွက်သောအခါ၌ လှဖေနှင့်အတူ ဆွမ်းဝန်းကို ထမ်းပိုးဖြင့်ထမ်းရ၏။ ထိုသို့ ထမ်းသွားရင်းလည်း ဦးဇင်း သင်ပေးထားသော ပေဒင်လင်္ကာများကို အလွတ်ရွတ်ဆို၍ သွားတတ်၏။ တစ်နေရာသို့အရောက်တွင် လှဖေက -

"ဟေ့ ဘုတ်မောင်မောင်၊ ဒီဖြတ်လမ်းကမသွားနဲ့ကွ၊ ဟိုဘက်က ကွေ့သွား. . . . ဟောဟိုအိမ်မှာ ညက ဝက်ပေါ်တယ်ကွ၊ သူတို့တဲရှေ့မှာ မီးလင်းနေရင် အဲဒါ ဝက်ပေါ်တာဘဲ။ ညတုန်းက ငါကျောင်းပေါ်က နေလှမ်းပြီးကြည့်တာ မီးလင်းနေတာ တွေ့ရတယ်ကွ၊ အဲဒီအိမ်မှာ ဆွမ်းခံရမယ်လေကွာ. . . . ဒုက္ခကောင်းတောင်း လောင်းလိမ့်မယ်. . . ." ဟု ပြောသဖြင့် မောင်မောင်လည်း ရယ်မောရင်း နောက်သို့ပြန်၍ လှည့်သွားရလေတော့သတည်း။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

## ငွေမောင်မောင်

မောင်မောင်နှင့် လှဖေသည် ဦးဇင်းတာတီး၏ ကျောင်းတွင် နေကြပြီဖြစ်၏။ ဦးဇင်းတာတီးသည် ၎င်းတို့နှစ်ဦးအား ***ဦးဖိုးကျား***၏ ဝင်စာအုပ်ကို ဖတ်စာအုပ်အဖြစ် အသုံးပြုကာ အရေးအဖတ် သင်ပေး၏။ အတွက်အချက်များလည်း သင်ပေး၏။

အတွက်အချက်ကိုမူ ***ဦးပန်းရီ***၏ ဂဏန်းသင်္ချာစာအုပ်ကို လက် ကိုင်ပြု၍ သင်ပေး၏။ ဦးဇင်းတာတီးသည် ရှေးအခါက ၁၀ တန်းအထိ သင်ယူတတ်မြောက်ခဲ့ဖူးသည်ဖြစ်ရာ ၎င်းတို့နှစ်ဦးအား **“လက်ဆင်းအင် ဆိပ်”**ဟူသော စာအုပ်ကို လက်ကိုင်ပြု၍ အင်္ဂလိပ်စာပင် သင်ကြား ပေး၏။ လေးငါးခြောက်လခန့် သင်ကြားမိသည်ဆိုလျှင်ပင် အတော့်ကို ပေါက်သွားပြီဖြစ်၏။ အားလပ်သောအခါများ၌ ဗေဒင်ပညာနှင့်ဆိုင် သော ***အင်ဝိဇ္ဇာပညာများ၊ ပြည်မြို့ အဝေရာဆေးတိုက်ပိုင်ရှင် ဆရာဝေ သော သုံးတန်ပေါ်နိစ် ဋီကာကျမ်းမှ စာများ***ကိုပါ သင်ကြားပေးခဲ့၏။

www.burmeseclassic.com



ထို့အပြင် ဦးဇင်းတာတီးသည် ကမ္ဘာကျော် လက္ခဏာဆရာကြီး ကိုင်ရို ... လက္ခဏာစာအုပ်ကို အမှီပြု၍ ၎င်းတို့နှစ်ဦးကို လက္ခဏာဖတ်နည်း ... ပါ သင်ကြားပေးလေ၏။

လှဖေ၏အစ်မ မမြမေမှာမူ မောင်မောင်ကောက်ရသော ... ပတ္တမြားဆွဲကြိုးကို ရောင်း၍ ကောက်ပဲသီးနှံရုံးမှ ကိုသက်ခင်ဆိုသူ ... နှင့် မင်္ဂလာဆောင်လိုက်ပြီ ဖြစ်၏။ ကိုသက်ခင်သည် မမြမေနှင့် မယူမီ ... အထိ လူအေးတစ်ယောက်ဟုဆိုနိုင်သော်လည်း ရသည့်နေ့မှစ၍ အရက် ... သောက်ခြင်း၊ ဖဲကစားခြင်းများ လုပ်လေတော့၏။

မမြမေအား လခကို မှန်မှန်မအပ်နိုင်ရုံမျှမက မမြမေ၏ နား... နားကပ်ကိုပင် ချွတ်၍ ရောင်းချစားသောက်ရသောအဖြစ်သို့ ရောက်... လေတော့၏။ ထို့ကြောင့် လှဖေက -

"ဟေ့ ဘုတ်မောင်မောင်. . . . မင်းကောက်ရတဲ့ ပတ္တမြားဆွဲ... ကြိုးတစ်ကုံးကို အကြောင်းပြုပြီး ငါ့အစ်မတော့ ဒုံးနဲ့ မျက်ရည်သုတ်နေ... ရပြီ. . . . မင်းကျေးဇူးပေါ့ကွာ၊ သာဓု. . . . သာဓု၊ ဘာပဲဖြစ်ဖြစ်ပေါ့ ... မောင်နှမနှစ်ယောက် ပွဲဈေးတန်းလှည့်ပြီး ထမင်းရောင်းစားကြ... အဆင်ပြေတယ်ကွ. . . . အခုတော့ ငါလည်း ဘုန်းကြီးကျောင်းမှာ ... ကပ်နေရပြီ၊ ငါက စာမသင်ချင်ဘူးကွ. . . . အခုတော့ ငါမသင်ချင်တာ... တွေကို သင်နေရတယ်၊ ငါမမှတ်ချင်တာတွေကို မှတ်နေရတယ်၊ ဟောဒီ... မှာ စာအုပ်တစ်အုပ် ဝယ်လာပြန်တယ်ကွ၊ အဖုံးမှာ ဂဲဩ မေကြီး ... ရေးထားတယ်။ အထဲကို ငါဖွင့်ကြည့်တော့ အဝိုင်းတွေရော၊ လေးထောင့်... တွေရော၊ အချွန်တွေရော၊ ပုံတွေပါတယ်၊ အဲဒါတွေကို တို့နှစ်ယောက်... သင်ဦးမှာ. . . . ဦးနှောက်တော့ ခြောက်ပါပြီကွာ၊ အဲဒါ မင်းထို... လိုက်တဲ့ကိစ္စပေါ့. . . . ဘုတ်မောင်မောင်ရ"ဟု ညည်းညူလေ၏။

"လှဖေ. . . . မင်းဘာတွေ လျှောက်ပြောနေတာလဲ. . . . ဦးဇင်းက ငါတို့ကို စာသင်ပေးတော့ ငါတို့စာတွေတတ်တာပေါ့...





...နေတာပဲ ဦးဇင်းက ပြောနေသေးတယ်. . . . တစ်ချိန်ကျရင် ခုနစ် ...ကို အလွတ်ကနေ ဝင်ဖြေခိုင်းမယ်တဲ့. . . (၁၀) တန်းအထိ အဲဒီလို ...င်တာနေဖြေခိုင်းမှာပြောတယ်. . . ငါတို့ ပညာတတ်ဖြစ်သွား .... . . ." ဟု မောင်မောင်က ဖျောင်းဖျရာ လှဖေက -

"ငါက ပညာတတ် မဖြစ်ချင်ဘူးကွ. . . . မင်းကတော့ ပညာ ...ဖြစ်ချင်တာဆိုတော့ အတော်ပဲပေါ့ကွာ. . . . ငါက မတတ်ချင် ... အဲဒါတွေ ခေါင်းထဲမှာ မှတ်မထားချင်ဘူး၊ ငါက ခေါင်းရှင်းနေ ...ကို ကြိုက်တာ တအားကြီးသင်ရင်တော့ ငါက ထွက်ပြေးမှာ ကိုယ့်လူ ... အဲဒီလို မပြေးဘဲ ငြိမ်ခံနေရင်တော့ ပညာတတ်ဖြစ်သွားလိမ့် .... . . ဒုက္ခ. . . . ဒုက္ခ. . . . "ဟု ကလေးစိတ်ကူးလေးဖြင့် တွေ့က ... လျှောက်ပြောလေ၏။ ထိုအခါ မောင်မောင်က -

"မဟုတ်တာဘဲ လှဖေရာ. . . . ပညာတတ်မှာများ မင်းက ...ရသေးလား. . . . ကဲ မင်းကိုငါမေးမယ်. . . . ပညာမတတ်ရင် ...ကြီးတော့ ဘာလုပ်စားမလဲ. . . . "ဟု မေးလိုက်ရာ လှဖေက -

"မင်းပြောတဲ့ "ကြီးတော့"ဆိုတဲ့ စကားက ကြာပါသေးတယ် ... အခု ငါဘာလုပ်စားနေလဲ. . . . အရင်ကအစ်မနဲ့ ထမင်း ...င်းတယ်. . . . ထမင်းစားရတယ်. . . . တစ်နည်းနည်းနဲ့တော့ ...ပါကွာ. . . . ခေါင်းရှုပ်ဖို့ မလိုပါဘူး၊ ဟိုး. . . . ရွာထိပ်မှာနေတဲ့ ...ကြီးဆိုတဲ့ လူကြီးကဘာမှ မတတ်ဘူးကွ. . . သူ့နာမည်တောင်သူ ...ရေးတတ်ဘူး၊ ငါ့အစ်မ ယောကျ်ား ကိုသက်ခင်က စာတတ်တယ်ကွ၊ ... စာရေးကြီးဆိုပဲ၊ ဒါပေမယ့် အဲဒီစာရေးကြီးဆီမှာ ကိုချက်ကြီးက ...သွားပြီး ချေးတာမတွေ့ဖူးဘူး၊ စာရေးကြီးကပဲ ကိုချက်ကြီးဆီမှာ ... ချေးရတယ်. . . . ကိုချက်ကြီးကို ငါမေးကြည့်ဖူးတယ်ကွ. . . . ...တုန်းက စာမသင်ဘူးလားဆိုတော့ ခေါင်းရှုပ်တယ်တဲ့၊ သူ့လည်း ...ဘူး၊ သူ့မိန်းမလည်း မတတ်ဘူး၊ သူ့ သမီးလေး လည်း မတတ်ဘူး၊

www.burmeseclassic.com



တစ်နေ့က သူကြီးက စာမတတ်လို့မရဘူး၊ အသက်ကြီးပြီး စာမတတ်တဲ့ လူတွေကို စာသင်မယ်လုပ်နေလို့ သူတို့လင်မယား စိတ်ညစ်နေကြ ရဲ့" ဟု လှဖေက ပြောလေ၏။

"လှဖေရယ်. . . . ဘာပဲဖြစ်ဖြစ် ဦးဇင်းတာတီးဆီမှာပဲ တို့ ကြမယ်ကွာ. . . . ဘယ်မှထွက် မသွားပါနဲ့၊ ဦးဇင်းပြောသလို နောက် မှာ ငါတို့(၁၀)တန်းအောင်တဲ့အထိ ပညာသင်မယ်ကွာ၊ ငါ့ကို ခင် သနားရင် ဘယ်မှ မသွားပါနဲ့ကွာ၊ ပြီးတော့ စာမရရင်လည်း ဦးဇင်း ရိုက်တာမှ မဟုတ်ဘဲ"ဟု မောင်မောင်က ပြောလိုက်လျှင် လှဖေ

"အေးပါကွာ. . . . မသွားပါဘူး. . . . "ဟု ကတိပေးလိုက် ၏။ ထို့နောက် လှဖေက -

"ငါ့မှာ တွေ့နေရတဲ့ အခက်အခဲတစ်ခုက ပိုက်ဆံမကိုင်ရ အခက်အခဲကွ. . . . ငါက လက်ထဲမှာ ပိုက်ဆံကိုင်ရရင် ငါလိုချင် တွေ လျှောက်ပြီးဝယ်တာကွ. . . . အစ်မနဲ့ ထမင်းရောင်းတုန်းက တယ်. . . . ပွဲဈေးမှာ ငါလိုချင်တာတွေ လျှောက်ပြီး ဝယ်ပစ်လိုက် ဒီမှာကျတော့ ဦးဇင်း ပိုက်ဆံဆိုတော့ မခိုးကောင်းဘူးလေ၊ စာအုပ်ထဲ ထားမှန်း ငါသိပါတယ်. . . . " ဟု ပြောလေ၏၊ ထိုအခါ မောင်မောင်

"ဦးဇင်းပိုက်ဆံမှ မဟုတ်ဘူးကွ. . . ဘယ်သူ့ပိုက်ဆံမှ ရဘူးကွ. . . ခိုးတယ်ဆိုတာ မကောင်းဘူး၊ မင်းအစ်မပိုက်ဆံလည်း မခိုးရဘူး. . . . လှဖေ. . . . ကြီးလာလို့ ငွေတွေရလာရင် မင်း ကြိုက် သုံးပေါ့ကွာ. . . . "ဟု ပြောလိုက်ချိန်၌ပင် ရွာလယ်လမ်း အလှူအိမ်မှ ဖွင့်လိုက်သော အသံချဲ့စက်သီချင်းသံကို နှစ်ယောက် ကြားလိုက်ရလေတော့၏။ ထိုသီချင်းမှာ နန်းတော်ရှေ့ ဆရာ ရေးစပ်သောသီချင်း ဖြစ်၏။

"ရွှေလိုချင်ရင်. . . . ရွှေဖြစ်ရမယ်၊ ငွေလိုချင်ရင် ငွေ မယ်" သူငယ်ချင်းနှစ်ဦးသည် တစ်ဦးမျက်နှာကို တစ်ဦး ကြည့် လိုက်





လှဖေ၏မျက်နှာသည် ဝင်းပနေ၏။

"ဟေ့ကောင် မောင်မောင်. . . . ဒီသီချင်းကို ငါခဏခဏ ကြားဖူးတယ်ကွ. . . . အဓိပ္ပာယ်သိပ်မပေါက်ဘူး၊ ဦးဇင်းကို မေးကြည့် ရမယ်. . . . ငွေလိုချင် ငွေဖြစ်ရမယ်ဆိုတော့. . . . ဘယ်လို ဖြစ်ရမှာ တုန်းကွ. . . "ဟု လှဖေက ပြောလေ၏။

"မေးဆိုရင် ညကျလို့ ဦးဇင်းကို ငါတို့နှစ်ယောက် နှိပ်ပေးရင်း စိတ်အေးလက်အေးရှိတဲ့အခါမျိုးမှာ မေးတာပေါ့. . . ဦးဇင်းက ပြောမှာပါကွ. . . . "ဟု မောင်မောင်က ပြောလိုက်လေ၏။ လှဖေက-

"ဖြေရင်တော့ ပိုင်တာပေါ့ကွာ. . . . သူ့သီချင်းက ငွေလိုချင် ရင် ငွေဖြစ်ရမယ်. . . . လို့ ဆိုထားတာဆိုတော့ အဖြေသိရရင်တော့ ဖြစ်ပြီပေါ့"ဟူ၍ လက်သီးလက်မောင်းတန်းကာ ကြုံးဝါးလိုက်လေတော့ သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

## အိုကေမောင်မောင်

ဦးဇင်းတာတီးသည် မောင်မောင်နှင့်လှဖေအား မြန်မာစာ၊ ဂဏန်းသင်္ချာ၊ ရာဇဝင် သာမက အင်္ဂလိပ်စာကိုပင် အေ၊ ဘီ၊ စီ၊ ဒီ မှစ၍ စနစ်တကျသင်ပေးခဲ့လေ၏။ ဦးဇင်းတာတီးသည် ငယ်စဉ်က ကုလားစစ်တပ်ထဲတွင် ပါသွားခဲ့သည်ဖြစ်ရာ "ဆူဗေဒါ" ရာထူးအထိ ရခဲ့ဖူးသည်ဆို၏။ အင်္ဂလိပ်စကားနှင့် ကုလားစကားကို ကောင်းစွာ ပြောတတ်၏။ အင်္ဂလိပ်စာကိုလည်း ကောင်းစွာရေးတတ် ဖတ်တတ်၏။ မောင်မောင်တို့နှစ်ဦးအား စာသင်ပေးသောအခါ၌ လွန်စွာစနစ်ကျ၏။ လှဖေသည် အလျှုအိမ်မှ ဖွင့်သော အသံချဲ့စက်မှ "စိန်လိုချင်ရင်စိန် ဖြစ်ရမယ်၊ အိမ်လိုချင်ရင်အိမ်ဖြစ်ရမယ်"ဟူသော သီချင်းသံကို နား ထောင်ရင်း ဦးဇင်းတာတီးအား -

"ဦးဇင်း သီချင်းက စိန်လိုချင်ရင် စိန်ဖြစ်ရမယ်၊ အိမ်လို ချင်ရင် အိမ်ဖြစ်ရမယ်လို့ဆိုနေတယ်၊ ဘယ်လိုဖြစ်မှာတုံးဘုရား" ဟု မေးလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းက-

"ဟုတ်တယ်လှဖေရ၊ အဲဒီသီချင်းကိုပဲ တစ်ချို့က နာကြားလို့ပြီး ရွှေလိုချင်ရင် ရွှေဖြစ်ရမယ်၊ ငွေလိုချင်ရင်ဖြစ်ရမယ်လို့ ဆိုနေကြတယ်။ တကယ့် သူ့စာသားအမှန်က စိန်လိုချင်ရင် စိန်ဖြစ်ရမယ်၊ အိမ်လိုချင်ရင်အိမ်ဖြစ်ရမယ်လို့ ဆိုထားတာကွ"ဟု ပြောလိုက်လေ၏။ ထိုအခါ လှဖေက-

"မှန်ပါဘုရား တပည့်တော်တို့လည်း အဲဒီလိုပဲ မှားပြီး လိုက်ဆိုနေတာပါ၊ အဲဒါမှားတာက အရေးမကြီးပါဘူး ဘုရား၊ စိန်လို ချင်ရင် ဘယ့်နှယ်လုပ်ပြီး စိန်ဖြစ်မှာတုံး၊ အိမ်လိုချင်ရင် ဘယ်လို လုပ်ပြီး အိမ်ဖြစ်မှာတုံးဘုရား"ဟု အတွန့်တက်လိုက်လေ၏။ ထိုအခါ ဦးဇင်းတာတီးသည် ပြုံး၍သွား၏။

"မင်းမဆိုးဘူးကွ၊ မေးတတ်သားပဲ၊ ဒီလို လှဖေရေ ဒီသီချင်းရေးတဲ့ ဆရာကြီးက အင်္ဂလိပ်လိုတော့ အော်တိုဆာဂျက် ရှင်း" လို့ခေါ်တဲ့ စိတ်အာရုံ ညွှတ်နည်းကွ ၊ စိတ်အာရုံညွှတ်ပြီး ကိုယ်လိုချင်တဲ့အရာကို ရအောင်လုပ်ယူတဲ့နည်းကို ညွှန်ပြထားတာ ကွ၊ အဲဒီနည်းကိုပဲ သူက သူ့နည်းသူ့ဟန်နဲ့ "သူဌေးဝါဒ"လို့ နာမည်ပေးထားတာ။ သူ့သီချင်း ထဲမှာ အပိုဒ်တစ်ပိုဒ် ပါသေးတယ်ကွ၊ အဲဒီအပိုဒ်က 'ဩော် ချစ်တဲ့ရည်း စား စွဲလန်းကြတော့ မကြာဇာကန်ရလိမ့်မယ်"လို့ပါတယ်ကွ၊ သူ့အဓိပ္ပာယ်က ရှင်းနေတာပဲကွာ၊ အင်မတန်ချစ်တဲ့ ရည်းစားကို စွဲလန်းနေသလို ကိုယ်လိုချင်တဲ့ အရာကိုလည်း စွဲလန်းနေရမယ်လို့ဆိုတာကွ၊ ရည်းစားကို စွဲလန်းနေတော့ မကြာဇာကန်ရလိမ့်မယ်တဲ့။ အဲဒီလိုပဲ၊ ကိုယ်လိုချင်တာကို လည်း စွဲလန်းနေရင် မကြာဇာကန်ရမှာပေါ့ကွာ၊ အဲဒီသီချင်းထဲမှာပဲ တစ်ခုပါသေးတယ်ကွ၊ "လူစိတ်ဓာတ်ဟာ လောကမှာ အမြတ်ဆုံး တကယ်"လို့ ဆိုထားတယ်ကွ၊ ဒါဟာ စိတ်ပညာကို မဏ္ဍိုင်ထားပြီး စပ်ဆိုထားတဲ့သီချင်းကွ"ဟု ဦးဇင်းတာတီးက ရှည်လျားစွာ ပြောလိုက်ရာ





လှဖေက -

"ဘယ်လိုလုပ်ရမှာလဲဘုရား၊ နည်းလည်း မပါဘူး"ဟု အားမလို အားမရမေးလိုက်ရာ ဦးဇင်းတာတီးသည် ပြုံးလေ၏။ ထို့နောက် -

"စိတ်ပညာကို အင်္ဂလိပ်လို 'ဆိုက်ကိုလော်ဂျီ' လို့ခေါ်တယ် ကွ၊ အဲဒီလို စာအုပ်မျိုးတွေကို ငါက ငယ်ငယ်ကတည်းက အများကြီး ဖတ်ဖူးတယ်၊ လေ့လည်းလေ့ကျင့်ဖူးတယ်ကွာ၊ အတော်အတန်ပဲ ထိထိ ရောက်ရောက်ဖြစ်ခဲ့ဖူးပါတယ်၊ ပြီးတော့ ငါက ငယ်ငယ်တုန်းက အိန္ဒိယ ပြည် 'ပတ္တနောင်း' ဆိုတဲ့မြို့မှာ အလုပ်လုပ်ရတယ်ကွာ၊ အဲဒီကနေပြီး တော့ မိုးလင်းရင် မီးရထားနဲ့ 'နောင်ဂါး'ဆိုတဲ့ ရွာကလေးကို သွားပြီး အားလုံးစားဖို့ ဟင်းသီးဟင်းရွက်တွေ ဝယ်ရတယ်ကွ၊ အဲဒီလိုသွားနေ တိုက်တာ ငါလိုပဲ 'ပတ္တနောင်း'နဲ့ 'နောင်ဂါး' ကို နေ့စဉ်အချိန်မှန်သွားတဲ့ အိန္ဒိယလူမျိုး ရသေ့ကြီးတစ်ဦးနဲ့ သိကျွမ်းရင်းနှီးခဲ့တယ်ကွ၊ အဲဒီရသေ့ ကြီးက ငါ့ကို အသေအချာ သင်ပေးသွားတယ်၊ သူသင်ပေးတဲ့နည်းဟာ အခု မင်းတို့ကြားရတဲ့ 'သူဌေးဝါဒ" သီချင်းနည်းပါပဲကွာ၊ စိတ်ပညာ ဆိုတာ ဘယ်လောက်ပဲ နည်းတွေများများ အကျဉ်းချုပ်လိုက်ရင် နှစ်နည်း ရှိတယ်။ တစ်နည်းက အင်္ဂလိပ်လို 'အဖန်မေးရှင်း' လို့ခေါ်တယ်။ အတည်ပြုတဲ့နည်းကွ၊ ပါးစပ်ကလည်း ဆိုရတယ်၊ အိမ်လိုချင်တဲ့ လူက ဆိုရင်း ပါးစပ်ကနေ "အိမ်ရပြီ"လို့ ဆိုရတာမျိုးပေါ့ကွာ၊ တစ်နည်းက တော့ "ဗစ်ဇွယ်လိုက်ဇေးရှင်း"လို့ ခေါ်တယ်ကွ ၊ အဲဒီနည်းကတော့ အာရုံပြုတဲ့နည်း၊ အိမ်လိုချင်ရင် အဲဒီအိမ်ကိုကိုယ်ရပြီး အိမ်ပေါ်မှာ ပျော်ပျော်ရွှင်ရွှင်တက်ပြီး နေနေတာကို အာရုံထဲမှာ ထင်လာအောင် ကြိုးကုန်ရတဲ့နည်းပေါ့ကွာ၊ ကဲ ကဲ မင်းတို့နှစ်ယောက် နားရှုပ်သွားမယ် လောက်ပဲသိထားလိုက်"ဟု ပြောသဖြင့် လှဖေနှင့် မောင်မောင်တို့ သည် ဦးဇင်းအနီးမှ ခွာခဲ့ကြရလေ တော့၏။ မောင်မောင်နှင့်လှဖေသည် ဦးဇင်းတာတီး၏ ဝေယျာဝစ္စများကို ကျေကျေပွန်ပွန် လုပ်ကိုင်ပေးကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဦးဇင်း ညောင်းသောအခါ ၎င်းတို့ နှစ်ဦးသည် နင်းသူကနင်း နှိပ်သူက နှိပ်ပြုလုပ်ပေး၏။ ဦးဇင်း၏အိပ်ရာကို ကောင်းစွာခင်းပေး သင်္ကန်း၊ ခြင်ထောင်တို့ကို ကောင်းစွာလျှော်ဖွပ်ပေး၏။ ဦးဇင်းသည် ၎င်းတို့အား စာကိုသာ သင်ပေးသည်မဟုတ်၊ အထက်ကဆိုခဲ့သည့် အတိုင်း စိတ်ပညာ လေ့ကျင့်ခန်းများကိုပါ လေ့ကျင့်သင်ကြားပေးခဲ့ ဦးဇင်းသင်ပေးသော ပညာရပ်များအနက် "ရိုလက်ဇေးရှင်း"ခေ ကိုယ်ခန္ဓာရှိ အကြောများကို ဖြေလျော့ပေးသော နည်းလည်းပါ၏။ ပြင် စိတ်ဓာတ်ကြီးမား ကြံ့ခိုင်စေရန်အတွက်လည်းများစွာ လေ့ကျ သင်ကြားပေးခဲ့၏။ မောင်မောင်သည် ကျောင်းရှေ့လှေခါးအုတ်ခုံပေ တွင် ထိုင်နေ၏။ ထိုသို့ ထိုင်နေစဉ် ၎င်း၏ပခုံးကို တစ်စုံတစ်ယောက် လက်ဖြင့်ပုတ်လိုက်သဖြင့် လှည့်၍ကြည့်လိုက်ရာ ၎င်း၏သူငယ်ချင်း ညိုချောဖြစ်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့လိုက်ရလေတော့၏ ညိုချောသည် အဖြူရောင်အင်္ကျီနှင့် အဖြူရောင် ဂါဝန်ကလေးဝတ်ထား ၏။ ဖိနပ်ကလေးမှာလည်း အဖြူရောင်ဖြစ်၏။ ခေါင်းတွင်လည်း သရဖူလိုလို၊ စည်းပုံလိုလို အဖြူရောင် အဆောင်းကလေးတစ်ခု ဆောင်း ထား၏။ လက်ထဲတွင်လည်း မီးထွန်းထားသော ဖယောင်းတိုင်ရှည်ရှည် တစ်ခုပါ၏။ အချိန်မှာလည်း နေဝင်ခါနီးအချိန်ဖြစ်၏။ မောင်မောင် အံ့အားသင့်စွာဖြင့် -

"ညိုချော၊ နင်ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ ဘယ်သူနဲ့ လာတာလဲ"ဟု အလောတကြီး မေးလိုက်လေ၏။

"နင့်ကိုတွေ့ချင်လို့လာတာ၊ ပြောစရာလည်းရှိလို့၊ ဦးဇင်း သင်ပေးတာတွေကို နင်သေသေချာချာ သင်ယူနော်၊ ပေါ့တီးပေါ့ဆ မလုပ်နဲ့၊ အဲဒါကို ငါလာပြောတာ"ဟုညိုချောက ပြောလိုက်လျှင် မောင်မောင်က -

"နေပါဦး ညိုချောရယ်၊ နင်တစ်ခါကျွေးတဲ့ ဒံပေါက်မျိုး ငါ





ထပ်ပြီးမကျွေးတော့ဘူးလား"ဟု မေးလိုက်၏။

"အစားပဲ မက်နေတာပဲ၊ ပညာတတ်အောင်လုပ်၊ ကြီးပွား ချမ်းသာလာတဲ့တစ်နေ့မှာ ဘာမှမစားနဲ့၊ နေ့တိုင်းဒံပေါက်စား ပေါ့ ... ဟီး .... ကဲပါ နက်ဖြန် နင့်ကို ဒံပေါက်ကျွေးပါ့မယ်" ဟု ပြောပြီးလျှင် ညိုချောသည် ပျောက်ကွယ်သွားလေ၏။ ထိုအချိန်၌မှာပင် မြောက်ဖက်ကျောင်းမှ အုန်းမောင်းခေါက်သံကို ကြားရလေ၏။ လှဖေ သည်လည်း မောင်မောင်၏ ခါးကိုခြေထောက်ဖြင့် လှမ်း၍ တို့ရင်း -

"ထတော့ ဟေ့ကောင်၊ ယာဂုကျိုရတော့မယ်၊ လေးနာရီထိုး ပြီ"ဟုဆိုသဖြင့် မောင်မောင်သည် လန့်၍နိုးသွားလေ၏။ ညိုချော ရောက်လာခြင်းမှာ တကယ်ရောက်လာခြင်းမဟုတ်၊ အိပ်မက်ထဲတွင် ရောက်လာခြင်းဖြစ်ကြောင်းကို မောင်မောင်သည် ကောင်းစွာ သဘော ပေါက်သွားလေတော့၏။ ၎င်းတို့နှစ်ဦးသည် အိပ်ရာမှထ၍ ယာဂုကျိုကြ ပြီးလျှင် အရုဏ်တက်ချိန်၌ ဦးဇင်းအား မြေပဲကြော်၊ ပဲရေပွစသည်တို့ နှင့် ယာဂုကပ်ကြလေ၏။ ဦးဇင်းလည်း ယာဂုဘုန်းပေးပြီးနောက် ၎င်းတို့ နှစ်ဦးအား စာသင်လေ၏။ စာသင်ပေးရင်းနှင့်ပင် ဦးဇင်းက -

မင်းတို့နှစ်ယောက် အစိုးရစစ်လေးတန်း စာမေးပွဲကို ဝင်ဖြေ ရမယ်ကွ၊ လေးတန်းအောင်ပြီးရင်လည်း အပြင်ကနေပဲ ခုနစ်တန်းကို ဖြေရမှာပဲ။ ခုနစ်တန်း အောင်သွားရင်တော့ စကုမြို့ထဲက ဆရာကိုလှမိုး ဆီ မင်းတို့ကိုအပ်ရမယ်၊ အဲဒီကနေပြီးတော့ ဆယ်တန်းကို အပြင်ကနေ ဖြေရမှာပဲ"ဟု ပြောလေ၏။ ထိုအခါ လှဖေက မောင်မောင့်အနီး သို့တပ်ကာ -

"ဆယ်တန်းအောင်ပြီးရင် ဘာတွေ ဆက်သင်ရဦးမယ်မသိဘူး နော်စိတ်ညစ်ပါတယ်ကွာ၊ မင်းကတော့ လေးတန်းလည်း အောင်နိုင် တယ်၊ ခုနစ်တန်းလည်း အောင်နိုင်တယ်၊ ဆယ်တန်းလည်း အောင်သွား မှာပါကွာ၊ ငါကတော့ လေးတန်းမှာပဲ တစ်နေမယ်ထင်တယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ရေ့”ဟု ပြောလိုက်ရာ မောင်မောင်က-

“မထစ်ပါနဲ့ လှဖေရာ၊ အောင်အောင် ကြိုးစားစမ်းပါ”ဟု ပြောလျှင်လှဖေက ပြုံးလေ၏။ ဦးဇင်းသည် ၎င်းတို့နှစ်ဦးအား တစ်ခုပြီး တစ်ခု သင်ပေးနေ၏။ ကိုးနာရီထိုးသောအခါ၌ စာသင်ခြင်းကို ရပ်တန့်၏။ ၎င်းတို့နှစ်ဦးလည်း ဆွမ်းခံထွက်ရန်အတွက် ဆိုင်းထမ်း၊ ထမ်းပိုး ဆွမ်းဟင်းခွက်များကို ပြင်ဆင်ကြလေ၏။ ထိုသို့ ပြင်ဆင်ပြီး ဆိုင်းထမ်း ထမ်းပိုးနှင့် ဆွမ်းခံရန် ကျောင်းပေါ်မှ ဆင်းလာကြရာ လှေကားအတက် အဆင်းတွင် လူကြီးတစ်ဦးနှင့် ဆုံမိလေ၏။ ထိုလူကြီးက ၎င်းတို့နှစ်ဦး အား -

“မောင်ကျောင်းသားတို့၊ ဆွမ်းခံမထွက်ကြနဲ့တော့၊ ဦးဇင်းကို ဒံပေါက်ဆွမ်းလာပြီးကပ်တာ၊ ရွာရိုးတစ်လျှောက် မောင်ရင်တို့ထို ဆွမ်းလောင်းမယ့် အိမ်တွေကိုလည်း မင်းတို့ ဒီနေ့ဆွမ်းမခံတော့ဘူးလို့ အော်ပြီးပြောလာခဲ့တယ်၊ နောက်က ဆိုက်ကားနဲ့ ဒန်ပေါက် တွေပါ တယ်။ ဝိုင်းပြီးသယ်ကြပေတော့”ဟု ဆိုသဖြင့် မောင်မောင် နှင့် လှဖေ လည်း ထမ်းပိုး၊ ဆိုင်းတန်းများကို ပြန်၍ထားပြီးလျှင် ကျောင်းအောက် သို့ပြေးဆင်းသွားလေတော့၏။

ထို့နောက် ဆိုက်ကားတစ်စီးနှင့်အဒေါ်ကြီးတစ်ယောက် ရောက်လာလေ၏။ အဒေါ်ကြီးသည် ဆိုက်ကား၏ရှေ့တွင်ထိုင်၏ နောက်ခုံ၌မူ ဒန်အိုးကြီးတစ်လုံးနှင့် ချိုင့်ကြီးတစ်ခုပါ၏။ မောင်မောင်နှင့် လှဖေလည်း ဒန်အိုးကြီးကိုပြေး၍ မကြ၏။ ထိုအခါ အဒေါ်ကြီးက -

“ဟဲ့. . . . ဖြည်းဖြည်းလုပ်ကြပါကျောင်းသားတွေရယ်၊ အဲဒါ က ချိုင့်က ချဉ်ပေါင်ရွက်ဟင်းချိုတွေဖိတ်ကုန်ပါ့မယ်ဟဲ့၊ ဖိတ်ကုန်တာ အရေးမကြီးဘူး၊ အပူလောင်ကုန်လိမ့်မယ်တော်တို့ရေ”ဟု သတိပေးလေ ၏။ မောင်မောင်နှင့်လှဖေသည် ဒံပေါက်များထည့်ထားသော ဒန်အိုးကြီး ကို နှစ်ယောက် မ,ကြ၏။ ဒံပေါက်ယူလာသော အဒေါ်ကြီးက ဟင်းချို





ချိုင့်ကို နှစ်ယောက်ဆွဲ၏။ မောင်မောင်သည် ကျောင်းပေါ်သို့ ရောက် လျှင် ဒံပေါက်ထမင်းများကို ကျောင်းရှိ ဒန်အိုးများနှင့် လှယ်၍ယူလိုက် ၏၊ ဟင်းချိုအိုးကိုလည်း လှယ်၍ယူလိုက်၏။ ပြီးလျှင် ဒန်အိုးနှင့်ချိုင့်ကို အဒေါ်ကြီး၏ အနီးတွင်သွား၍ ချပေးထား၏။ လှဖေမှာမူ လူကြီးနှင့် အဒေါ်ကြီး အနီး၌ ဆေးလိပ်များ၊ ဆေးလိပ်ပြာခွက်နှင့် ရေနွေးကြမ်းအိုး တို့ လာ၍ ချပေး၏။ လူကြီးသည်ဦးဇင်းနှင့် စကားလက်ဆုံကျနေ၏။ ထိုလူကြီး၏စကားထဲတွင် ထိုင်းသောင်းဆုပေါက်သည့်အကြောင်းလည်း ပါ၏။ ထို့ကြောင့် အိမ်တွင် ဒံပေါက်ချက်တတ်သော ကုလားကို ခေါ်၍ စာသင်တိုက်မှသံဃာတော် ကိုးပါးကို ပင့်၍ ဒံပေါက်ကပ်ခဲ့ကြောင်း ဦးဇင်းကျောင်းကိုလည်း လာ၍ ပို့ကြောင်းစသည့် စကားများပါ၏။ ဒံပေါက်ချက်သော ကုလားမှာလည်း ရန်ကုန် ဒံပေါက်ဆိုင်ကြီးတွင် ချက်ခဲ့ဖူးသော ဒံပေါက်ဆရာဖြစ်ကြောင်း စသည့်စကားများလည်း ပါဝင်၏။ ထို့နောက် လူကြီးနှင့် အဒေါ်ကြီးသည် ဆိုက္ကားဖြင့် ပြန်သွား ကြလေတော့၏။ ဆယ်နာရီကျော်ကျော်လောက်တွင် မောင်မောင်နှင့် လှဖေသည် ဒံပေါက်ဆွမ်းပွဲကိုပြင်၍ ဦးဇင်းအား ဆွမ်းကပ်ကြလေ၏။ ဦးဇင်းဆွမ်းဘုန်းပေးပြီးသောအခါ၌ မောင်မောင်နှင့် လှဖေတို့သည် ဒံပေါက်ထမင်းကို စိတ်ကြိုက်လွေးကြလေတော့၏။ လှဖေသည် ဒံပေါက် အတွင်းပါလာ သည်ကြက်သားကို ကိုက်ရင်း -

“ဟော့ကောင်မောင်မောင် ဒံပေါက်က စားလို့ကောင်းတာ တော့ အမှန်ပဲကွ၊ ဒါပေမယ့် စားပြီးတော့ဆပ်ပြာနဲ့ဆေးမှကွ၊ အဲလို ဆေးရင် ဒံပေါက်အနံ့က လက်မှာစွဲနေရော”ဟု ပြောလိုက်၏။ မောင်မောင်က -

“ဆပ်ပြာတောင် ရိုးရိုးဆပ်ပြာမကောင်းဘူးကွ မွှေးမွှေး ဆပ်ပြာနဲ့ဆေးမှကောင်းတာ၊ ဒါမှ ကိုယ့်လက်ကိုကိုယ် ပြန်နမ်းကြည့် ရင် လက်ကမွှေးနေမှာ. . .” ဟု ပြောလိုက်လျှင်လှဖေက တခစ်ခစ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လေ၏။

"အေး. . . အေး. . ထီးကြီးဘုရားပွဲကြရင် မင်းပြောတဲ့ ရေမွှေးဆပ်ပြာတွေ ပုံပြီးရောင်းတယ်ကွ၊ ဦးဇင်းဆီက ပိုက်ဆံတောင်းပြီး ဒံပေါက်စားပြီးရင်လက်ဆေးဖို့ ရေမွှေးဆပ်ပြာသုံးတုံး ဝယ်ထားမယ်ကွာ၊ ဦးဇင်းအတွက်တစ်တုံး၊ မင်းအတွက် တစ်တုံးနဲ့ ငါ့အတွက် တစ်တုံး မကောင်းဘူးလား" ဟု လှဖေက ပြောလိုက်လျှင် မောင်မောင်က -

"အိုကေ" ဟုပြန်၍ ပြောလိုက်လေ၏။

"ဘာလဲကွ အိုကေဆိုတာ"ဟုလှဖေက မေးလိုက်ရာ မောင်မောင်က -

"တစ်နေ့ကပဲ ဦးဇင်း သင်ပေးထားတယ်လေကွာ၊ ဘာပဲဖြစ်ဖြစ် သဘောတူရင် အင်္ဂလိပ်လို "အိုကေ" လို့ပြောရတယ်တဲ့၊ အခု မင်းက ဆပ်ပြာသုံးတုံးဝယ်ထားမယ်ဆိုတာ ငါကသဘောတူ တယ်လေကွာ၊ ဒါကြောင့် ငါကအိုကေလို့ ပြောတာပေါ့ကွ" ဟု ပြောလိုက်လေ၏။ ထိုအခါ လှဖေက -

"ဘာဘဲ ဖြစ်ဖြစ်မင်းကတော့ ဦးဇင်း သင်ပေးတာတွေ အကုန်တတ်မှာပါကွာ၊ မင်းကသင်သမျှကိုမှတ်မိတာကိုးကွ၊ ဒါနဲ့ နေစမ်းပါဦး မောင်မောင်ရာ ဦးဇင်းက မနေ့ကလည်းသင်တယ်၊ ဒီမနက်လည်း ထပ်ပြီး သင်သေးတယ်ကွာ၊ စိတ်ပညာကျင့်စဉ်မှာ နှစ်ခုရှိတယ်ဆိုတာလေ အင်္ဂလိပ်လိုအသံထွက်လည်း ချပေးတယ်လေ၊ အဲဒီနှစ်ခု လုံးငါမေ့သွားပြီကွ ငါ့ကိုပြောပြပါဦး"ဟု ပြောလိုက်လျှင် မောင်မောင်က -

"တစ်ခုက "အဖန် မေးရှင်း"လေကွာ၊ အတည်ပြုတဲ့ စကားလေး ရွတ်ဆိုရတာ တစ်ခုက "ဗစ်ရွယ်လိုက် ဇေးရှင်း"လေ၊ ကိုယ်လိုချင်တာကို ရနေဖြစ်နေပြီလို့အာရုံပြုရတာ"ဟု ပြောလိုက်လေ၏။

"အတိအကျပါပဲ မင်းက တယ်ပြီးမှတ်မိတာကိုး၊ ဦးဇင်း ပြောတာ အဲဒီအတိုင်းပဲ၊ ဒါနဲ့နေပါဦး ခန္ဓာကိုယ်က အကြောတွေ လျှော့တာကို





လည်း အင်္ဂလိပ်လို သင်ပေးထားတယ်လေကွာ၊ အင်္ဂလိပ်လိုကတော့ ... ဖြင့်မေ့နေပါပြီကွာ" ဟုလှဖေက ပြောလိုက် လေ၏။ ထိုအခါ မောင်မောင်က -

"ရီလက်ဇေးရှင်း" လို့ခေါ်တယ်လေ၊ ဖြေလျှော့ခြင်းလို့ အဓိပ္ပာယ်ရတယ်မဟုတ်လား" ဟု ပြောလိုက်လျှင်လှဖေက -

"အိုကေ" ဟု ပြန်၍ပြောလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၁)

## သက်သတ်လွတ်မောင်မောင်

မောင်မောင်နှင့် လှဖေတို့သည် ဦးဇင်းတာတီးကျောင်း၌ပင် ကျောင်းပျော်ကြီးများအဖြစ် နေထိုင်နေကြပြီ ဖြစ်၏။ ဦးဇင်းတာတီးသည် မူလတန်းကျောင်းအုပ်ဆရာကြီးနှင့်တိုင်ပင်ကာ ၎င်းတို့နှစ်ဦးအား လေးတန်းအစိုးရစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် စီစဉ်လေ၏။ စာမေးပွဲနီးသောအခါ၌လည်း ထိုဆရာကြီးထံသို့ စေလွှတ်ကာ လိုအပ်သည်များကို သင်ယူစေ၏။ စာမေးပွဲအချိန်သို့ ရောက်သောအခါ၌ ၎င်းနှစ်ဦးအား လေးတန်းဝင်၍ ဖြေခိုင်း၏။ နှစ်ဦးစလုံး ချောမောစွာ အောင်ကြ၏။ ဦးဇင်းသည် ၎င်းတို့နှစ်ဦးအား ခုနစ်တန်း ဖြေဆိုနိုင်ရန် အထက် အတန်းကျောင်းမှ ဆရာများအိမ်သို့ ညဘက်တွင် စေလွှတ်၍ သင်ယူခိုင်းပြန်၏။ ခုနစ်တန်းမှာ ချက်ချင်းဖြေ၍မရပေ။ သုံးနှစ် ကျရ၏။ ထိုသုံးနှစ်အတွင်း၌လည်း အတန်းစာကိုသာမက ဦးဇင်းတာတီးသည် အခြားအခြားသော ဗဟုသုတဖြစ်ဖွယ်များကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပေး၏။

မောင်မောင်တို့နှစ်ယောက်လေးတန်းအောင်သောနှစ်တွင် လှဖေ၏အစ်မသည် ကွဲတဲတွင်ရှိသော အိမ်ကိုရောင်းလိုက်၏။ ငွေ ယောက်ျားအလုပ်မှငွေများကို ဖဲရှုံးပစ်၍ ပြန်စိုက်ရန်ဖြစ်၏။ အိမ်ရောင်း၍ရသောငွေများအနက်မှ မောင်မောင်နှင့် လှဖေအတွက် အဝတ်အစားများ ပြည့်ပြည့်စုံစုံ ဖြစ်သည်အထိ ဝယ်ခြမ်းပေးသွား၏။ ဤသို့ လာခဲ့ရာ ခုနစ်တန်း ဖြေရမည့်နှစ်သို့ ရောက်သောအခါ၌ ဦးဇင်းတာတီး၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ဘုန်းတော်ကြီးသည် မကျန်းမမာဖြစ် ပြုစုရန် ကျောင်းသားတစ် ယောက်လိုအပ်ကြောင်း ပြောသဖြင့် လှဖေ ထိုဘုန်းတော်ကြီးအား ပြုစုရန် ဆုံးမသင်ကြား၍ ပို့လိုက်လေ ထိုဘုန်းတော်ကြီးမှာ မကွေးဘက်တွင် သီတင်းသုံးတော်မူ၏။ လှဖေသည် မောင်မောင်နှင့် ခွဲ၍သွားရမည်ဖြစ်သောကြောင့် လွန်စွာစိတ်မကောင်း ဖြစ်နေပုံရ၏။

"မောင်မောင်ရာ မင်းနဲ့ခွဲပြီး ငါမသွားချင်ပါဘူးကွာ" ဟု မျက်ရည်လေးစမ်းစမ်းနှင့် ပြော၏။ ထိုအခါ မောင်မောင်က -

"မကွေးနဲ့ စကုဆိုတာ သိပ်ပြီး မဝေးလှပါဘူးကွာ၊ တို့နှစ် ယောက် ပြန်ပြီးတွေ့နိုင်သေးတာပဲ"ဟု ပြန်၍ နှစ်သိမ့်စကား ပြော လှဖေ မကွေးသို့သွားရသောနေ့က မောင်မောင်သည် ထမင်းပင် မစား နိုင်၊ ရင်ထဲတွင် ဆို့နင့်နင့်ကြီး ကျန်ခဲ့၏။ ဦးဇင်းတာတီးလည်း စိတ် မကောင်းပေ။ သို့ရာတွင် ဦးဇင်းတာတီးက မောင်မောင့်အား -

"ယောက်ျားဆိုတာ ဘယ်သူနဲ့ခွဲရလို့ ကြေကွဲတယ်လို့ မဖြစ်နဲ့ အခြေအနေအရ ခွဲချင်ခွဲရမှာဘဲ၊ ပြီးတော့ မင်းမှတ်ထားဖို့က ဝမ်းနည်း တာတို့ ကြေကွဲတာတို့ကို စိတ်မှာမဖြစ်အောင် လေ့ကျင့်ထားတွ" ဆုံးမတော်မူလေ၏။ ထိုညက မောင်မောင်သည် ညိုချောကို အိပ်မက် မက်ပြန်၏။ ညိုချောသည် လွန်စွာလှပသော ဂါဝန်အဖြူလေး ဝတ်ထား





နောက်ပိတ်ဖိနပ်အဖြူလေး စီးထား၏။ ခေါင်းတွင် ပန်းအဖြူဖြင့် ထားသော သရဖူကဲ့သို့ အဆောင်းကလေး ဆောင်းထား၏။ ထဲတွင် တုတ်ကလေးတစ် ချောင်း ကိုင်ထား၏။ ထိုတုတ်ကလေး၏ တွင် ကြယ်ပွင့်ပုံလေးပါ၏။ ထိုကြယ်ပွင့်လေးမှာ အရောင်များစွာ နေ၏။ မောင်မောင်က ထိုင်နေ၏။ ညိုချောသည် မောင်မောင်၏ ကို ကြယ်ပွင့်ကလေးနှင့် တို့လိုက်၏။ မောင်မောင်၏ မျက်စေ့ထဲ လင်းကနဲ ဖြစ်သွား၏။ ထို့နောက်မှ ခေါင်းကိုလာတို့သူကို ကြည့်ရာ ညိုချောဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဟဲ့ မောင်မောင် လှဖေနဲ့ခွဲရလို့ နင် ဝမ်းနည်းနေတာလား၊ မှ ဝမ်းမနည်းနဲ့၊ လှဖေဟာ နင့်ကိုလမ်းညွှန်ပြမယ့် ဆရာ မဟုတ်ဘူး၊ မှ ကြီးလာရင် နင်ကောင်းစားဖို့အတွက်ညွှန်ပြမယ့် ဆရာမ ဟဲ့"ဟု ချောက ပြောလေ၏။

"ဒီမှာ ညိုချော၊ နင့်က ငါ့ရဲ့ ဆရာမ ဘယ်လိုလုပ်ဖြစ်မှာလဲ၊ လေးတန်းမအောင်သေးဘူးလေ၊ ငါက လေးတန်းအောင်ပြီးပြီ၊ ဒီနှစ် တန်း ဖြေရဦးမှာ၊ အဲဒါလည်း အောင်မှာပဲ၊ နင်က ဘာမှမအောင် ဘယ်လိုလုပ်ပြီး ငါ့ရဲ့ ဆရာမဖြစ်နိုင်မှာလဲ"ဟု ပြောလိုက်လျှင် ချောက "တခစ်ခစ်"ရယ်လေ၏။ ကျေနပ်အောင် ရယ်ပြီးနောက် -

"မောင်မောင် နင်ဘာတွေ လျှောက်ပြောနေတာလဲ၊ နင် တန်းအောင်အောင် ငါလုပ်ပေးတာ၊ လှဖေတခြားကိုပြောင်း ရအောင်လည်း ငါလုပ်လိုက်တာ၊ နင့်ကို သူနဲ့ အတူထားလို့ မဖြစ် ဘူး၊ ဒီကောင်လေးက ပျက်စီးတော့မှာ၊ ဦးဇင်းဖျာအောက်မှာ တဲ့ပိုက်ဆံတွေကို လှဖေခိုးနေတာ ငါသိတယ်၊ မြို့ထဲကိုခိုးလိုက်ရင် လိပ်ဝယ်သောက်တယ်၊ နောက်ဆိုရင် အရက်ပါသောက်မှာ၊ ဖဲတွေ တွေလည်း ကစားဦးမှာ၊ နင့်ကိုလည်း အဲဒီမကောင်းတဲ့ အကျင့်တွေ ည်း သင်ဦးမှာ၊ ဒါကြောင့် ငါခွဲပစ်လိုက်တာ. . . . "ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင်ပြောတဲ့ မကောင်းတာတွေ မလုပ်ဖို့ လှဖေကို ငါပြော ရင် ရပါတယ်ဟယ်၊ နင်က ဘာဖြစ်လို့ တို့သူငယ်ချင်းနှစ်ယောက် ခွဲပစ်ရတာလဲ"ဟု မောင်မောင်က ငိုသံပါကြီးနှင့် ပြန်၍ ပြောလေ

"နင် နားမလည်ပါဘူး ကောင်လေးရာ၊ စိန်မေတ္တာထမင်း ဆိုင်က ထွက်လို့ရဖို့အထိတော့ သူတို့မောင်နှမနှစ်ယောက်ဟာ အသုံး တယ်၊ ဒါပေမယ့် အမြဲတမ်း သူတို့နဲ့ တစ်ပေါင်းတစ်စည်းထဲနေဖို့ မသင့်ဘူး၊ ဒါကြောင့် လှဖေအစ်မ ကောက်ပဲသီးနှံရုံးက လူနဲ့ မြန်မြန် သွားအောင် ငါပဲလုပ်လိုက်တာ၊ ကျွဲတဲရွာကို ပြန်လာမှာစိုးလို့ လှ အစ်မကို ဖဲတွေရှုံးအောင် ငါလုပ်လိုက်တာ. . ."ဟု ညိုချောက လျှင် မောင်မောင်က -

"နှင်ဘာဖြစ်လို့ ဒါတွေ လျှောက်လုပ်နေတာတုန်း၊ ထားပါတော့ လေ၊ နင်လုပ်တိုင်းရော အဲဒီလိုဖြစ်ကုန်သတဲ့လား၊ ငါတော့ မ ဘူး. . . ."ဟု ပြောလိုက်လျှင် ညိုချောက သူကိုင်ထားသော တုတ် ကလေးကို မောင်မောင်၏မျက်နှာရှေ့သို့ တိုးလိုက်လေ၏။ မောင်မော သည် ထိုတုတ်တံ၏ထိပ်တွင်ပါသော ကြယ်ပွင့်ကလေးကို ကြည့်လို လေ၏။ ထိုကြယ်ပွင့်ကလေးသည် ရုတ်တရက် လင်းကနဲ ဖြစ်သွား မောင်မောင်သည် မျက်လုံးပြာသွား၏။ လွန်စွာအားကောင်းသော မော်တော်ကားမီးဖြင့် မျက်နှာကို အထိုးခံရသကဲ့သို့ ဖြစ်သွား၏။ နောက် အလင်းရောင် ပျောက်သွား၏။ မောင်မောင်သည် မျက်လုံး ဖွင့်၍ ကြည့်လိုက်၏။ သို့ရာတွင် ညိုချောမရှိတော့ပေ။ ထိုအချိန်၌မှာ တုံးခေါက် သံကြား၍ မောင်မောင်လည်း အိပ်ယာမှထ၍ ဦးဇင်းအတွင် ယာဂုကျိုရ၏။ ဦးဇင်းအား ယာဂုကပ်နေချိန်၌ပင် စကုမြို့အတွင် မိန်းကလေးတစ်ဦး မုန့်ဟင်းခါးလာ၍ ကပ်၏။ ထိုမိန်းမနှင့်အတူ ကလေးငယ်တစ်ဦးပါလာ၏။ ထိုကလေးငယ်မှာ မိန်းကလေးဖြစ် ထိုကလေးသည် ဂါဝန်အဖြူဝတ်ထား၏။ ဖိနပ်အဖြူလေး စီးထား





တ်ထဲတွင်လည်း ငွေမှင်သုတ်ထားသော တုတ်ကလေးတစ် ချောင်းပါ ၏။ ထိုတုတ်၏ထိပ်တွင် ငါးထောင့်ကြယ်သဏ္ဍာန် ငွေမှင်သုတ်ထားသော င်သားပြားလေးတစ်ခု ကပ်ထား၏။ ထိုကလေး၏မျက်နှာမှာ လွန်စွာ ချစ်စရာကောင်း၏။ ပေါင်ဒါများ ရိုက်ထား၏။ ခေါင်းတွင်လည်း နှင့် လုပ်ထားသော ငွေရောင်အဆောင်းကလေးပါ၏။ မောင်မောင် ည် ကျောင်းပေါ်မှ ပြေးဆင်းသွားပြီးလျှင် မုန့်ဟင်းခါးအိုးများ ဟင်းခါး တောင်းများကို သယ်၏။ ထို့နောက် တောင်းများ၊ အိုးများကို ကျောင်းပေါ်၌ထားပြီးလျှင် ထိုကလေးမကလေးအား ပြေး၍ချီ၏။ ထိုသို့ လာရင်း -

"ညီမလေးလက်ထဲက ဒီကြယ်ပွင့်နဲ့ တုတ်ချောင်းကလေး စ်ကိုကြီးကို ပေးပါလား"ဟု ပြောလိုက်၏။ ထိုအခါ ကလေးမလေးက-

"ပေးလို့မရဘူး၊ ဒါက တန်ခိုး"ဟု ပြောလိုက်လျှင် ကလေး၏ ခင်က-

"ကျောင်းသားရေ၊ အဲဒီတုတ်တော့ သွားမတောင်းနဲ့ဟဲ့၊ သူ့ အဖေကတောင်းတာတောင် မပေးဘူး။ မနက်က မင်းဘူးက မိတ်ဆွေ စ်ယောက်က ခရစ်စမတ်ပုံကားချပ်တစ်ခု အဒေါ်တို့ကို လက်ဆောင် တာ၊ အဲဒီထဲမှာပါတဲ့ နတ်သမီးပုံလေးက ဒီအတိုင်း ဝယ်ထားတာကွဲ့၊ ဒီအတိုင်း ချုပ်ပေးရမယ်ဆိုပြီး ထွန့်ထွန့်လူးအောင် ငိုလို့ သူ့အဖေ ယ်တိုင် မကွေးဘက်က စက်ဆိုင်မှာ သွားချုပ်ရပြီး ဒီတုတ်တံလေး ည်း လက်သမားဆရာနဲ့ လုပ်ထားတာ တစ်ပတ်မှာ တစ်ကြိမ်လောက် တော့ ဝတ်ချင်တယ် ပူဆာလို့ ဝတ်ပေးရတယ်ဟေ့" ဟု ပြောလေ၏။

"အော်. . . ကောင်းပါတယ် အဒေါ်ရယ်၊ ဒီအဝတ်အစားလေး ကြည့်လို့ကောင်းပါတယ်"ဟု မောင်မောင်က ပြောလျှင် ထိုမိန်းမကြီး -

"ဟဲ့ ကျောင်းသား နင်နဲ့ အတူနေတဲ့ ဟိုကျောင်းသားလေး

www.burmeseclassic.com



ရော. . .”ဟု မေးလိုက်ရာ မောင်မောင်က -

“မကွေးက ဆရာတော်ကြီး နေမကောင်းလို့ သွားပြီး ပြ
တယ် အဒေါ်ရဲ့”ဟု ပြန်၍ ဖြေလေ၏။ ထိုအခါ အဒေါ်ကြီးက -

“အဲဒီကောင်လေးဦးဇင်းခိုင်းလို့ တို့အိမ်ရောက်တာနဲ့ ဆေး
တောင်းပြီး သောက်တော့တာပဲ၊ ဆေးလိပ်ကောင်းကောင်း သောက်
နေပြီ၊ ပြောလို့လည်းမရဘူး၊ ဒီကောင်လေးရဲ့ အစ်မက ဟိုကော
သီးနှံရုံးက စာရေးနဲ့ အိမ်ထောင်ကျသွားတာ မဟုတ်လား”ဟု ပြော
၏။

“ဟုတ်ပါတယ် အဒေါ်. . . . လှဖေတို့ အစ်မက အဒေါ် ပြေ
တဲ့ စာရေးနဲ့ယူသွားပါပြီ”ဟု မောင်မောင်က ပြန်၍ဖြေလျှင် အဒေါ်ကြီး
က -

“အေး. . . . ဟုတ်ပြီ၊ ဟုတ်ပြီ ဒီကောင်လေးနာမည် လှ
ဒါနဲ့ ကျောင်းသား နင့်နာမည်ကကော”ဟု မေးလေ၏။

“ကျွန်တော့်နာမည် မောင်မောင်လို့ ခေါ်ပါတယ်” ဟု ပြန်
ဖြေလိုက်လေ၏။ ထိုအဒေါ်ကြီးသည် ရှေ့မှနေ၍ ကျောင်းပေါ်သို့ထ
သွား၏။ မောင်မောင်သည် ကလေးချီရင်းနောက် မလှမ်းမကမ်းမှ လို
ရလေ၏။ ထိုကလေးသည် သူ၏လက်အတွင်းမှ တုတ်ကလေး
မောင်မောင်၏ ခေါင်းကို “ဒေါက်”ကနဲ ရိုက်လိုက်၏။ မောင်မောင်
ကလေး၏မျက်နှာကို ကြည့်လိုက်၏။

“သက်သတ်လွတ် စားရမယ်၊ အသားမစားရဘူး”ဟု ကလေး
က ပြောလေ၏။

“ညီမလေးရယ် ဘယ်လိုလုပ်ပြီး သက်သတ်လွတ်စားရမှာ
အစ်ကိုကြီးတို့က သူများလှူတဲ့ဟာကို စားရတာ”ဟု မောင်မောင်
ပြန်၍ဖြေလျှင် ကလေးသည် မောင်မောင်၏ခေါင်းကို တုတ်ကလေး
တစ်ချက်ခေါက်ပြန်၏။





“ဦးဇင်း သက်သတ်လွတ်စားရင် မောင်မောင်လည်း လိုက်
ဦးတော့ စားပေါ့”ဟု ကလေးက ပြောလေ၏။ ကျောင်းပေါ်သို့ ရောက်
သွင် ကလေး၏အမေ အဒေါ်ကြီးသည် ဦးဇင်းကို မုန့်ဟင်းခါးကပ်ရန်
အတွက် ကျောင်းနောက်ဘက်ရှိ ရေကပြင်တွင် ပန်းကန် ခွက်ယောက်
များကို ဆေးကြောနေ၏။ မောင်မောင်က မုန့်ဟင်းခါးဖတ်များ ထွေးနေ
သဖြင့် နွှင်ရလေ၏။ ကလေးမလေးသည် ဦးဇင်းနားတွင် ကျန်ခဲ့၏။
ဦးဇင်းသည် ကလေးမလေးနှင့် စကားပြောနေ၏။ မည်သည့်အကြောင်း
အရာများ ပြောနေကြသည်မသိ။ ဦးဇင်းသည် သဘောကျ၍ “တစ်
ခဲ ဟဲ” ရယ်နေ၏။ အဒေါ်ကြီးသည် ဦးဇင်းအား စားပွဲခုံခင်း၍ မုန့်ဟင်း
ခါးပြင်ကာ ကပ်လေ၏။ စားပွဲခုံကြီးကို မောင်မောင်က တစ်ဖက်၊
အဒေါ်ကြီးက တစ်ဖက်ကိုင်မြှောက်၍ ကပ်ကြလေ၏။ ဦးဇင်းသည်
မုန့်တင်းခါး ပန်းကန်အတွင်းသို့ ဟင်းရည်ခပ်ထည့်ရင်း -

“ဒကာမကြီးရေ၊ ဒကာမကြီး အခုလှူတဲ့ မုန့်ဟင်းခါးက ဦးဇင်း
အတွက် နောက်ဆုံးစားတဲ့ အသက်ပါတဲ့ အာဟာရပဲ၊ ဒါစားပြီးတာနဲ့
ဒါကုပေတံ သက်သတ်လွတ်စားတော့မယ်”ဟု ဦးဇင်းက ပြောလိုက်လျှင်
မောင်မောင်သည် ကလေးမလေးကို လှမ်း၍ ကြည့်လိုက်၏။ ကလေး
မလေးသည်လည်း မောင်မောင့်ကို လှမ်း၍ ကြည့်လိုက်ပြီး မျက်စေ့နှစ်
လုံးကို မှိတ်ပြလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၂)

## ပုတီးမောင်မောင်

ဦးဇင်းတာတီးသည် သက်သတ်လွတ် ဘုန်းပေးနေပြီဖြစ်၏။ ဆွမ်းလောင်းသော အိမ်များမှာလည်း သက်သတ်လွတ်သာ ဘုန်းပေးအကြောင်းကို သိသွားသောကြောင့် သက်သတ်လွတ် ဟင်းလျာများကိုသာ လောင်းကြလေ၏။ မောင်မောင်လည်း သက်သတ်လွတ်စားနေပြီဖြစ်၏။ ဦးဇင်းတာတီးက အသားစားရန် ခွင့်ပြု၏။ သို့ရာတွင် မောင်မောင်က မစားပေ။ ဦးဇင်းတာတီးနှင့်အတူ သက်သတ်လွတ်စားပြီး၊ ကိုးရက်ခန့်ကြာသောအခါ၌ ဦးဇင်းတာတီးက -

"သက်သတ်လွတ်ကလည်း စားကာစမှာ ကသိအောက်ကွ၊ အခုနောက်ကလေးရလာတော့လည်း အကျင့်ရသွားပါပြီကွာ၊ မင်းကော ဘယ့်နှယ်လဲ"ဟု မေးတော်မူလေ၏။

"အရှင်ဘုရား မိန့်တော်မူတဲ့အတိုင်းပါပဲ၊ တပည့်တော်လည်း အကျင့်ရသွားပါပြီ"ဟု မောင်မောင်က ပြန်၍ ဖြေလိုက်လျှင် ဦးဇင်း



www.burmeseclassic.com

www.burmeseclassic.com



တာတီးလည်း -

"သာဓု. . . . သာဓု. . . . . သာဓု"ဟု သာဓုခေါ်လိုက်လေ၏။

သက်သတ်လွတ်စား၍ ၂၆ ရက်မြောက်သောညတွင် မောင်မောင်သည် ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်နေ၏။ သူ၏ခေါင်းကို တစ်စုံတစ်ယောက်က လက်ဖြင့် ပုတ်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ညှိုချောကို တွေ့ရလေ၏။

ညှိုချောသည် ဇာတ်မင်းသမီးများဝတ်သော ထိုင်မသိမ်း အင်္ကျီမျိုးဝတ်ထား၏။ အောက်ပိုင်းတွင်လည်း ချိတ်လုံချည်လှလှလေး ဝတ်ထား၏။ ခေါင်းတွင်လည်း ရွှေရောင်စည်းပုံလေး ဆောင်းထား၏။

"ဟဲ့. . . . မောင်မောင်. . . နင်သိပ်တော်တာပဲ၊ အခု သက်သတ်လွတ်စားနေပြီနော်. . . ပုတီးလည်းစိပ်ရဦးမယ်၊ နင့်ကို ငါပုတီးတစ်ကုံးပေးမယ်၊ အဲဒီပုတီးက အင်ကြင်းသားနဲ့ လုပ်ထားတာ မာမာလေး လှလှလည်းသိပ်လှတာ ဘုရားဂုဏ်တော်ကိုးပါးကို စိပ်ရမယ်၊ ကြားလား. . . . "ဟု ညှိုချောကပြောလိုက်လေ၏။

"သက်သတ်လွတ်စားတာတော့ ကောင်းပါတယ်၊ ကုသိုလ်ရတာပေါ့ညှိုချောရယ်. . . . တစ်ခုတော့ရှိတယ်၊ ဒံပေါက်နဲ့ ငါနဲ့ကတော့ သေခန်းပြတ်သွားပြီပေါ့"ဟု မောင်မောင်က ဆွေးဆွေးမြည့်မြည့်လေး ပြောလိုက်လေ၏။ ထိုအခါ ညှိုချောက တစ်ခစ်ခစ်ရယ်၏။

"ယူဖူးလ်. . . . နင်အရှုံးပဲ. . . . ဒံပေါက်က သက်သတ်လွတ်လည်း ချက်လို့ရတယ်လေ. . . . ၊ ငါကျွေးပါ့မယ် ပိုတောင်ကောင်းသေးတယ်၊ အသီးစုံထည့်ချက်တာ. . . ဟဲ့. . . ဂုဏ်တော်ကိုးပါး ပုတီးစိပ်တဲ့နေရာမှာ မြတ်စွာဘုရားပုံတော်ကို မျက်စိထဲမှာပေါ်အောင် အာရုံပြုပြီး စိပ်ရတယ်မောင်မောင်ရဲ့၊ မှတ်ထားနော်၊ ဂုဏ်တော်ကို ပုံပေါ်အောင်စိပ် ငါ့ကိုပြောပြစမ်း"ဟု ညှိုချောက ပြောလေ၏။

"မှတ်မိပါတယ် ညှိုချောရယ်. . . ဂုဏ်တော်ကို ပုံပေါ်အောင်





စိပ်ရ ဒါပဲမဟုတ်လား"ဟု မောင်မောင်က ပြန်၍ ဖြေလိုက်ချိန်၌မှာပင် ညှိုချောသည် အသံလွင်လွင်ကလေးဖြင့် တခစ်ခစ်ရယ်ကာ ပျောက်ကွယ်သွားလေတော့၏။ မောင်မောင်လည်း ဖျတ်ကနဲ လန့်နိုးသွား၏။ ညှိုချောကို အိပ်မက်မက်နေကြောင်း သတိဝင်လာ၏။ အိပ်ယာမှ ကပျာကယာထ၍ ဦးဇင်းတာတီး ဝေယျာဝစ္စများဖြစ်သော ထွေးခံသွန်ခြင်း၊ သင်္ကန်းလဲရန် ထုတ်ပေးခြင်း၊ ယာဂု ကြိုခြင်းစသောလုပ်ငန်းများကို လုပ်ကိုင်ရလေ၏။

ထိုအချိန်၌မှာပင် ကျောင်းရှေ့သို့ လှမ်းမျှော်ကြည့်၍ လိုက်ရာ တစ်ခါက ဒံပေါက်ဆွမ်းလာကပ်ဖူးသော သားအမိနှစ်ဦး ဆိုက်ကားဖြင့် ရောက်လာသည်ကို တွေ့ရလေ၏။ မောင်မောင်လည်း ကျောင်းအောက်သို့ ပြေးဆင်းသွားလေ၏။ ဆိုက်ကားအနီးသို့ ရောက်လျှင် ထိုအဒေါ်ကြီးက -

"ဟဲ့ကျောင်းသား. . . . ဟိုတောင်းထဲမှာ သက်သတ်လွတ်ဒံပေါက်တွေပါတယ်. . . ဦးဇင်းကိုကပ်ဖို့ "ဟုဆိုသဖြင့် မောင်မောင်သည် တောင်းကိုထမ်းရလေ၏။ ထိုအခါ ထိုအဒေါ်ကြီး၏ ရင်ခွင်ထဲတွင် လိုက်ပါလာသော ၎င်း၏ကလေးလေးက မောင်မောင့်အား -

"အစ်ကိုကြီး. . . . . ချီပါ. . . ချီပါ. . . "ဟုပြောလေ၏။

မောင်မောင်လည်း ထိုကလေးငယ်အား လှမ်း၍ ကြည့်လိုက်၏။ ယခင်တစ်ခေါက်က ဂါဝန်အဖြူကလေးဖြင့် လာသော မိန်းကလေးသည် ယခုအခါ၌ ချိတ်ထမီလေးနှင့် ဖြစ်နေ၏။ အင်္ကျီမှာလည်း ထိုင်မသိမ်းအင်္ကျီလေးဖြစ်၏။ ခေါင်းတွင်လည်း ရွှေရောင်စည်းပုံလေး ဆောင်းထား၏။

"ဟို တစ်ခေါက်လာတုန်းက ဂါဝန်အဖြူလေးနဲ့ အခုကျတော့ ဇာတ်သမီးလေးကျနေတာပဲ"ဟု မောင်မောင်က ပြောလိုက်လျှင် ၎င်း၏မိခင်က -



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဖော့. . . . ကျောင်းသားရယ်. . . အဲသည်တုန်းက ဝတ်ချင်တယ်လို့ ပူဆာလို့ ဝယ်ပေးထားရတာ ကျန်တာတွေက လွယ်ပါ တယ်ကွယ်. . . ခေါင်းမှာဆောင်းထားတဲ့ စည်းပုံကလေးက ခက်တာ မင်းဘူးဘုရားပွဲကို သွားပြီး ဝယ်ရတယ်ဟဲ့၊ သူ့ခေါင်းကလေးနဲ့ တော်တဲ့ ဟာလေးရလို့ တော်တယ်၊ ပြီးတော့ အဒေါ်တို့ အိမ်မှာ သူ့ဘကြီး ကျန်ရစ်တဲ့ အင်္ကြင်းသားပုတီးတစ်ကုံး ရှိတယ်ကွယ့်၊ သူ့ဘကြီးကတော့ မရှိတော့ပါဘူးကွယ်. . . . အဲဒီပုတီးလေးကို. . . သူ့ကို အပိုင်ပေး ထားတာ. . . . ဘာတွေစိပ်မှန်းတော့ မသိပါဘူး၊ ခဏခဏတော့ စိပ်လေရဲ့"ဟု ပြောလေ၏။

မောင်မောင်လည်း ကလေးကို ချီရကောင်းနိုး ဒံပေါက်တောင်း ကို ထမ်းရကောင်းနိုးဖြစ်နေ၏။ ထိုအခါ အဒေါ်ကြီးက -

"ဒံပေါက်တောင်းကို အဒေါ်သယ်ခဲ့ပါမယ်၊ သူ့ကိုသာ ချီစေ ပါ. . . . "ဟု ပြောသဖြင့် မောင်မောင်လည်း ကလေးငယ်၏ ဒူးခေါင်း နှစ်ဖက်နေရာမှ ညာလက်ဖြင့် သိုင်းဖက်ကာ မြှောက်၍ ချီလိုက်လေ၏။ ကလေးငယ်လည်း မောင်မောင့်အား -

"အစ်ကိုကြီး. . . တစ်ပတ်ပတ်ပါဦး. . . "ဟုဆိုသဖြင့် မောင်မောင်လည်း ကျောင်းပေါ်သို့ မတက်အားဘဲ တစ်ပတ်ပတ်၍ ချီရပြန်၏။

"အစ်ကိုကြီး ပုတီးစိပ်ရမယ် ဣတိပိသောရတယ်မို့လား. . . မျက်စိထဲမှာ မြတ်စွာဘုရားကို မြင်အောင်စိပ်ရမှာ နော်. . . . ဒီအတိုင်း စိပ်လို့မရဘူး၊ အစ်ကိုကြီးကို ပုတီးတစ်ကုံး ပေးမယ်၊ အင်္ကြင်းသားနဲ့ လုပ်ထားတဲ့ ပုတီး"ဟု ကလေးမလေးက ပြောလေ၏။ မောင်မောင် လည်း ကျောင်းကို တစ်ပတ်ပတ်၍ ချီပြီးနောက် ကျောင်းပေါ်သို့ တက် သွား၏။ ထို့နောက် ကလေးအား ဦးဇင်းအနီး၌ ချထားပေး၏။ ပန်းကန် ခွက်ယောက်များပြင်ဆင်ရန် ကျောင်း၏နောက်ဖက်သို့ ပြေးရလေ၏။





အဒေါ်ကြီးသည် ဒံပေါက်များကို ဇွန်းဖြင့် ဆွ၍နေလေ၏။ ဒံပေါက်များ သည် အငွေ့တထောင်းထောင်းထွက်၍ မွှေးနေ၏။

ဦးဇင်းတာတီးသည် ကလေးနှင့်စကားပြောနေ၏။ မောင် မောင်နှင့် အဒေါ်ကြီးသည် ဦးဇင်းအား ဒံပေါက်ကပ်ရန်အတွက် နောက်ဖေးမှ ထွက်လာခဲ့ကြလေ၏။ ထို့နောက် ဒံပေါက်ဆွမ်းကို စားပွဲ ခုံပေါ်၌တင်ပြီးလျှင် စားပွဲခုံကို နှစ်ယောက်သားမ၍ ဆွမ်းကပ်ကြ လေ၏။ ထိုအချိန်၌ ကလေးငယ်က မောင်မောင့်အား -

"အစ်ကိုကြီး. . . ဒီပုတီးယူ . . အပိုင်ယူလိုက်တော့ အင်္ကြင်း သားနဲ့ လုပ်ထားတာ သမီးတို့ ဘဘကြီးနာမည်ကလည်း မောင်မောင် လို့ပဲခေါ်တယ်၊ အစ်ကိုကြီးနဲ့နာမည်တူတယ်. . . . ဘဘကြီးက ကြာသပတေးသား. . . . အဲဒါ သူစိပ်တာ ဘဘကြီးက ခဏ ခဏ ပြောတာကတော့ မိတ်ကို ခတ်အုပ်တဲ့ပုတီးတဲ့ ကြာသပတေးရဲ့မိတ်က တနင်္ဂနွေတဲ့ကြာသပတေးရဲ့ ခတ်က တနင်္လာတဲ့ အဲဒါကြောင့် အင်္ကြင်းဖြစ်သွားတာတဲ့. . . အဲဒါ အစ်ကိုကြီးယူ"ဟုဆိုကာ မောင်မောင်အား ပုတီးကို ပေးလေ၏။ မောင်မောင်က မယူဘဲရှိလေ ၏၊ ထိုအခါ ကလေး၏မိခင်က -

"ကျောင်းသားရယ်. . . . ယူလိုက်ပါကွယ် သူပေးရင်ယူမှ နော်. . . . မယူရင် ရန်သူဖြစ်သွားရော. . . မင်းကိုပေးတာ၊ အဒေါ် သဘောတူပါတယ်၊ စောစောက သူပြောတာတွေက အမှန် တွေပဲကွယ့်၊ အဒေါ့်အစ်ကိုကြီး ဦးမောင်မောင်ကပုတီးစိပ်လိုက် သက်သတ်လွတ်စား လိုက် ရွှေစက်တော်အနောက်ဘက်က တောထဲသွားပြီး တရားကျင့်လိုက် နဲ့ နေတဲ့ပုဂ္ဂိုလ်ကြီးပါကွယ်. . . . တစ်ခါတော့ အိမ်က ထွက်သွားပြီး တစ်ပတ်လောက် ပြန်မလာလို့ . . . လူအုပ်နဲ့ တောနင်းပြီး ရှာတာ ပေါ့၊ ခါတိုင်းဆိုရင် ဘယ်သွားသွား ပုတီးလေးယူသွားတယ် -

အဲဒီအခေါက်တော့ ပုတီးကလေးပါမသွားဘူးပေါ့. . . . "ဟု

www.burmeseclassic.com



ဆိုကာ စကားပြတ်သွားလေ၏။ ထို့ကြောင့် ဦးဇင်းတာတီးက

"စောစောက စကားကိုဆက်စမ်းပါဦး၊ ဒါယိကာမကြီးတို့က *အဲဒီဦးမောင်မောင်ကို တောနင်းပြီးရှာတော့ တွေ့သတဲ့လား*" ဟု စိတ်ဝင်စားစွာ ဝင်၍ မေးတော်မူလေ၏။ ထိုအခါ အဒေါ်ကြီးက -

"တောင်ခြောက်ထဲ လိမ့်ကျသွားတယ်နဲ့ တူပါတယ်၊ အောက်ထိ မရောက်ဘူး၊ သစ်ပင်အမြင့်ကြီးက နွယ်တန်းတစ်ခုနဲ့ သူ့ခြေထောက်နဲ့ ချိတ်ပြီး ဇောက်ထိုးတွဲလောင်းဖြစ်ပြီးသေနေတာ၊ တပည့်တော်တို့ တွေ့တဲ့ အချိန်မှာ အလောင်းက ပုပ်ပွနေပါပြီ. . . ဖြုတ်ချပြီး အဲဒီအနားမှာပဲ သင်္ဂြိုဟ်လိုက်ပါတယ်၊ ဆွမ်းတွေ ဘာတွေလည်း အဲဒီအနားမှာ တောရ ဆောက်တည်တဲ့ ကိုယ်တော်နဲ့ပဲ သွတ်လိုက်ပါတယ်၊ သူကျန်ရစ်ခဲ့တဲ့ အဲဒီပုတီးလေးကို အိမ်ကလူက ယူစိပ်တော့ အိပ်မက်မက်တယ်. . . . မင်းမစိပ်နဲ့လို့ လာပြောတယ်. . . ." ဟု အဒေါ်ကြီးက ပြန်၍ပြောရင်း မျက်လုံးအိမ်၌ မျက်ရည်များ စို့လာလေ၏။ မောင်မောင်သည် ကလေး မလေးပေးသော ပုတီးကို လှမ်း၍ယူပြီးလျှင် လည်ပင်း၌ စွပ်မည်ပြုစဉ် ဦးဇင်းက -

"ငါ့ပြစမ်း. . ."ဟု ဆိုကာ တောင်းယူလိုက်လေ၏။ ဦးဇင်း လက်သို့ မောင်မောင်က ပုတီးကို ကပ်လိုက်လေ၏။ ဦးဇင်းလည်း ပုတီးကိုကိုင်ကြည့်ပြီးလျှင် ခပ်တွေတွေ ဖြစ်သွားလေ၏။ ပြီးလျှင် -

"ဓာတ်ရှိတယ်ကွ. . . .စိပ်ပြီးရင် အောက်ချမထားနဲ့ အမြင့် မှာချိတ်ထား. . . . သူတော်ကောင်းပစ္စည်းအဖိုးတန်တယ်" ဟု မိန့်တော်မူလေ၏။ မောင်မောင်ကလည်း -

"တင်ပါ့ဘုရား. . ."ဟု ပြန်၍ဖြေလိုက်လေ၏။ ထို့နောက် တွင်ကား မောင်မောင်လည်း ဦးဇင်းကျန်သော သက်သတ်လွတ် ဒံပေါက်ကိုစားလေ၏။ ထိုနေ့မှစ၍ မောင်မောင်သည် အင်ကြင်းသား ပုတီးကလေးဖြင့် မြတ်စွာဘုရား၏ဂုဏ်တော်ကို မှန်မှန်ကြီး စိပ်တော့လေ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၃)

# ကြာဖြူပန်းမောင်မောင်

တစ်နေ့တွင် ဦးဇင်းတာတီးထံသို့ မကွေးဘက်မှ လူတစ်ယောက် ရောက်ရှိလာလေ၏။ ၎င်းလူကြီးတွင် မကွေးမှ ဆရာတော်ကြီး စာတစ်စောင်လည်းပါလာ၏။ ထိုလူသည် ထိုစာကို ဦးဇင်းတာတီးအား ဆက်ကပ်လိုက်လေ၏။ ဦးဇင်းတာတီးသည် စာကို လှမ်းယူ၍ ကြည့်ပြီးနောက် အောက်သို့ အသာအယာချလိုက်လေ၏။ ထို့နောက် လူအား -

"ပြောစမ်းပါဦး . . ." ဟု မိန့်တော်မူလေ၏။ ထိုအခါ ထိုလူက

"တပည့်တော်တို့ဆီမှာ ဖဲလိမ်ရိုက်တတ်တဲ့ ပြဒါးဆိုတဲ့ ဖဲသမား တစ်ယောက်ရှိတယ်ဘုရား. . . . သူ့ကိုတော့ ဖဲသမားတွေ အခေါ် ပြဒါးလို့ခေါ်တယ်၊ အဲဒီကျားက ကျောင်းကိုလည်း ရောက်လာရွေ့ နဲ့အပေါင်းအသင်းဖြစ်သွားတယ်၊ အဲဒီကောင်က လှဖေကို ဖဲရိုက် တွေ၊ လိမ်နည်းတွေ လက်ထပ်သင်တော့တာပဲ၊ သူသွားတဲ့ ဖဲဝိုင်း

www.burmeseclassic.com



တွေကိုလည်း လှဖေကို ခေါ်ခေါ်သွားတယ်. . . . လှဖေကလည်
လစ်တာနဲ့ အဲဒီကောင်နဲ့လိုက်သွားတော့တာပဲ၊ ဆရာတော်ကလည်
အမျိုးမျိုး ဆုံးမပါတယ်၊ ဒါပေမယ့် မရဘူး၊ ဆရာတော့် ဖျာအောက်
ပိုက်ဆံတွေကို ယူပြီး ဖဲတွေ ဘာတွေ ရိုက်တော့တာပဲ၊ အတော်ကလေ
ရိုက်တတ်နေပြီ၊ သူ့ဆရာကို ပြဒါးလို့ခေါ်တယ်၊ သူ့ကိုတော့ ပြဒါးလေ
ခေါ်တယ်၊ အခု လှဖေဟာ ဘုန်းကြီးဆီမှာလည်း ခွင့်မတိုင်ဘဲ အဲဒီပြ
ဆိုတဲ့ ဖဲသမားနဲ့ အပြီးအပိုင်လိုက်သွားပြီ၊ ဆရာတော်သိအော
အကြောင်းကြားပေးပါလို့ တပည့်တော်ကို လွှတ်လို့ တပည့်တော်လာ
တာပဲ. . . . . ”ဟု လျှောက်ထားလေ၏။ ထိုအခါ၌ ဦးဇင်းကလည်း

“ကျုပ် သိဖို့ထက် သူ့အစ်မသိဖို့က ပိုပြီး အရေးကြီး
သူ့အစ်မနေတဲ့နေရာကို ပြောပြလိုက်မယ်. . . . ဒကာကြီးပဲ သွား
အကျိုးအကြောင်း ပြောပြပေးပါ. . . . ”ဟု ဆိုသဖြင့် ထိုလူ
လှဖေ၏အစ်မထံသို့ သွားရလေ၏။ မျှားမကြာမီ၌ပင် လှဖေ၏ အစ်
ထိုသူသည် ကျောင်းသို့ ပြန်၍ရောက်လာ၏။ လှဖေ၏အစ်မ
ရောက်လျှင် ရောက်ချင်း ဦးဇင်းအား -

“တပည့်တော်မက တပည့်တော်မောင်လေးကို အရှင် ဘု
ကျောင်းမှာ အပ်တာပဲ၊ အရှင်ဘုရားက တစ်ခြားကို သွားပို့လိုက်တာ
အဲလို ပို့လိုက်မယ့်ဆိုရင်လည်း တပည့်တော်ကို အသိပေးဖို့ ကောင်း
တာပေါ့. . . . အခုတော့ ဘယ်သောင် ဘယ်ကမ်းဆိုက်မှန်း မ
ပျောက်သွားရှာပြီ၊ တပည့်တော်တို့မှာက နှမောင်နှမနှစ်ယောက်တည်း
ဟု အပြစ်တင်၍ ငိုကြွေးလေတော့၏။

ထိုအခါ ဦးဇင်းတာတီးက -

“ဟဲ့. . . . ဒကာမ. . . . နင် အပြစ်တင်ရင်လည်းခံ
ဟိုက ဆရာတော်ကြီးက အသည်းအသန်ဖြစ်နေလို့ ပြုစုမယ့် သူ
လှဖေကို ပို့လိုက်ရတာ. . . ဒီကျောင်းသားက လှဖေလောက်





ည်ပတ်ပတ်မရှိလို့ လှဖေကိုပို့လိုက်ရတာ တွေ့အောင်ရှာပြီး နင့်လက်
သာအပ်ပါ့မယ်. . . . မငိုနဲ့တော့ တိတ်တိတ်. . . . ”ဟု မိန့်တော်မူ
ပြ၏။ လှဖေအစ်မလည်း ကျောင်းပေါ်မှ ဆင်းသွားခါနီး၌ မောင်
ောင်၏ခေါင်းကို လက်ဖြင့်ခေါက်၍ -

“ဟဲ့. . . မောင်မောင်. . . နင်လည်း သတိထား. . . နင့်ကို
ည်း တစ်ခြားပို့ပစ်ဦးမယ်. . . . ”ဟု ပြောလိုက်သဖြင့် ဦးဇင်းတာတီး
ည်း “တောက်”ဟူ၍ တောက်တစ်ချက် ပြင်းပြင်း ခေါက်လိုက်လေ၏။

မောင်မောင်သည် ၄င်းအား သနားတတ်သော ညိုချောဆို
ည့် သူငယ်ချင်းကို ဆုံးရှုံးရသည့်အပြင် ၄င်းခင်မင်သော လှဖေဆို
သာ သူငယ်ချင်းကိုပါ ဆုံးရှုံးရသဖြင့် စိတ်ထဲတွင် ယူကျုံးမရ ဖြစ်နေ၏။
ဟုတ် ငိုကြွေးနေသည်ဟု ဆိုနိုင်၏။

ဤသို့နေလာခဲ့ရာ ဦးဇင်းတာတီးလည်း လူများကို စေခိုင်း၍
တို့ ရှာခိုင်းသော်လည်း အစအနမျှပင် မတွေ့ခဲ့ပေ။ လှဖေ၏
င်းသည် စုံးစုံးမြုပ်သွားပြီဖြစ်၏။ ဤသို့နှင့်ပင် မောင်မောင် ခုနစ်
ဖြမည့်နှစ်သို့ ရောက်လာ၏။ မောင်မောင်သည် ကျောင်းမတက်ဘဲ
တန်းကို အလွတ်ဝင်ဖြေရန် ဖြစ်၏။ ဦးဇင်းတာတီးပင် မောင်မောင်
တန်း ဖြေခွင့်ရရန်အတွက် ပညာရေးရုံးသို့ ကိုယ်တိုင်သွားရောက်၍
င်မှတ်စရာရှိသည်များကို ဆောင်ရွက်ပေးရ၏။

ထိုအချိန်တွင် သူ၏ပုခုံးကို ပုတ်သဖြင့် လှည့်၍ ကြည့်လိုက်ရာ
ာတို့ တွေ့ရလေ၏။ ညိုချောသည် ကလေးမဟုတ်တော့။ အတော်
ကြီးသော မိန်းမတစ်ဦးဖြစ်နေလေပြီ။ ဆံပင်မှာလည်း ယခင်ကလို
မဟုတ်တော့. . . . အရှည်ဖြစ်နေပေပြီ။ ညိုချော၏မျက်နှာသည်
သန်၏။ နဖူးပေါ်တွင် အနီရောင်ဖဲကြိုးကလေးတစ်ခု စည်းထား
ကိုလည်း တွေ့ရ၏။ ထိုသို့စည်းထားခြင်းကြောင့် ညိုချောသည်
နေသည်ဟု ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အံမာ. . . . ဘယ်သူလဲအောက်မေ့တယ်၊ ညှိချောကိုး. . .
နှင်က ကလေးမဟုတ်တော့ဘူး၊ လူကြီးဖြစ်သွားပြီ. . . "ဟု မောင်
က ပြောလိုက်ရာ ညှိချောက -

"ဟဲ့ မောင်မောင် . . . . နှင် ဘာတွေပြောနေတာလဲ. .
ငါတစ်ယောက်တည်း လူကြီးဖြစ်သွားတာ မဟုတ်ဘူး. . . . နှင်
လူကြီးဖြစ်သွားပြီ၊ နှင့်သူငယ်ချင်း လှဖေလည်း လူကြီး ဖြစ်သွားပြီ
နှင်တို့ငါတို့တွေဟာ သစ်ပင်တွေဆိုပဲ၊ တဖြည်းဖြည်းကြီး သွား
ပေါ့. . . ." ဟု ပြောလေ၏။

"ညှိချော. . . . နှင် လှဖေကိုလည်းသိတယ်ပေါ့. . . ."
မောင်မောင်က မေးလိုက်ရာညှိချောက မျက်စိနှစ်လုံးကို မှိတ်ပြ
လေ၏။

"အခု. . . လှဖေဘယ်ရောက်နေလဲ၊ နှင်သိသလား. . ."
မောင်မောင်က မေးလိုက်ရာ ညှိချောက -

"ရန်ကုန်မှာရှိတယ်. . . . ရန်ကုန်မှာ ဝါဝါဝင်းကွက်
တာရှိတယ်ဟဲ့. . . . အဲဒီ ဝါဝါဝင်းကွက်သစ်ဆိုတာက ဘယ်မှာ
ဆိုတော့ စတော့ကိတ် ကုန်းတံတားကြီးနဲ့ မီးရထားလမ်းရဲ့
ခရစ်ယာန်သင်္ချိုင်းရှိခဲ့တဲ့နေရာမှာရှိတာ. . . အဲဒီနေရာကို ဝါ
ရပ်ကွက်လို့ ခေါ်တာ၊ သူနေတဲ့အိမ်က မိန်းမကြီးနာမည်က ဒေါ်
ဒေါ်ခြယ်ရဲ့ယောကျာ်းကြီးနာမည်က ဦးလည်တဲ့၊ အဲဒီရပ်ကွက်
ရောက်ရင် ခြယ်လည်တဲ့အိမ် ဘယ်အိမ်လဲလို့ မေးလိုက်ရင် သိ
ဟယ် အဲဒီအိမ်မှာက အရက်ပုန်း၊ ဖဲဝိုင်းကအစ မကောင်းတာ
တယ်၊ ဒါတွေထားလိုက်ပါတော့ မောင်မောင်ရယ်. . . . ငါ
ဒီကိစ္စမဟုတ်ဘူး၊ သန်ဘက်ခါ နှင်စာမေးပွဲဖြေရမယ့်
ပထမဆုံးဖြေရမယ့်နေ့က အင်္ဂလိပ်စာနော်. . . .၊ ကွက်လပ်
(၈)ခု ပါတယ်. . . . ဘာတွေဖြည့်ရမယ်ဆိုတာ နှင့်ကို ငါအ





မယ်. . . . စာစီစာကုံးတစ်ပုဒ်တည်းကို အမှတ်အစိတ်ပေးမှာ. . . .၊
ဖရန့် တစ်ပုဒ်တည်းအပိုင်ရအောင်လုပ်ကွာ၊ နှင့်ကိုငါပြောမယ်. . . .
အဲဒီနှစ်မျိုးကိုရရင် ၄၁ မှတ်ရနေပြီ၊ စာစီစာကုံးက အမှတ်အစိတ်
မယ်၊ ကွက်လပ်ဖြည့်က တစ်ခု ၂ မှတ်ဆိုတော့ ၁၆ မှတ်ရမယ်၊
ကြားလား မောင်မောင်. . . ."ဟု ဆိုကာ ကွက်လပ်ဖြည့်ရမည့် စာလုံး
တစ်လုံးကို ရွတ်ဆိုပြသွားလေ၏။ မောင်မောင်လည်း လိုက်၍ဆိုရင်း
ခေါက်သံကြားသဖြင့် လန့်နိုးသွားလေ၏။ နိုးလျှင် နိုးချင်းအိပ်မက်
တွင် ရွတ်ဆိုခဲ့သော စာလုံး ၈ လုံးကို မေ့သွားမည်စိုးသဖြင့် ရေးမှတ်
ထားရ၏။

နေ့လယ်ခင်းသို့ ရောက်သောအခါ ဦးဇင်းတာတီးအား
မိုင်ဖရန့် စာစီစာကုံးကို သင်ခိုင်းပြီးလျှင် အလွတ်ကျက်လေတော့၏။

စာမေးပွဲဖြေရမည့်ရက်သို့ ရောက်သောအခါ၌ စကုမြို့အတွင်း
ရှိ အထက်တန်းကျောင်းတွင် သွားရောက်ဖြေဆိုရလေ၏။ အခန်းစောင့်
သော ဆရာမသည် မေးခွန်းများကို လိုက်၍ဝေ၏။ မောင်မောင်သည်
လက်အုပ်ချီ၍ မေးခွန်းကိုရှိခိုးလိုက်၏။ ထို့နောက် မေးခွန်းစာရွက်ကို
ဖြန့်၍ကြည့်လိုက်ရာ မိုင်ဖရန့်ဆိုသော စာစီစာကုံးကို ရေးခိုင်းထား
ကြောင်း တွေ့ရလျှင် အံ့ဩ၍ "ဟာ"ဟု အသံထွက်သွားလေ၏။ ထိုအခါ
စာမေးပွဲခန်းစောင့်သော ဆရာမက-

"ဟဲ့ ကောင်လေး . . . . ဘာတွေအော်နေတာလဲ. . . ဖြေမှာ
ကောင်းကောင်းဖြေ၊ ဟာတွေ ဟင်တွေ မလုပ်ရဘူး၊ အသံမထွက်ရ
ဘူး. . . . "ဟု ပြောလိုက်လျှင် အခြားကျောင်းသားတစ်ဦးက -

"ဆရာမ သူက ကျောင်းသားမဟုတ်ဘူး၊ ဘုန်းကြီးကျောင်း
သားပါ. . . . ဒါကြောင့် စာမေးပွဲခန်းအကြောင်းမသိလို့အော်တာပါ. . . ."
ဟု ပြောလိုက်လျှင် ဆရာမက -

"နှင်လည်း ထိုင် . . . . နှင့်ကို ဘယ်သူကမှ မေးနေ အလိုက်



www.burmeseclassic.com

www.burmeseclassic.com



မနိုင်းဘူး . . . . ”ဟု ပြောလိုက်လေ၏။ မောင်မောင်သည် -

‘ဖေးလ်အင်သည်ဗလန့်စ်’ကွက်လပ်ဖြည့်ပါဟူသော စာကြောင်းများကို ကြည့်လိုက်သောအခါတွင်လည်း ညိုချောပြောခဲ့သော စာကိုးများ ဖြည့်ရမည်ပင်ဖြစ်ကြောင်း တွေ့ရလျှင် အံ့သြရပြန်လေ၏။ သို့ရာတွင် မအော်မိတော့ပေ။

ထို့ကြောင့် ကျိန်းသေအောင်မှတ်ရမည့် ထိုမေးခွန်းနှစ်ခုကို ပင် အရင်စတင်ဖြေဆိုလေတော့၏။ ပြီးလျှင် အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုလေ၏။ စာမေးပွဲပြီး၍ ကျောင်းသို့ပြန်ရောက်သော အခါ၌ စာမေးပွဲမေးခွန်းကို ဦးဇင်းအား ကပ်လိုက်လေ၏။ ဦးဇင်းလည်း စာစီစာကုံးတွင် မိုင်ဖရန့်မေးထားကြောင်း တွေ့ရလျှင် -

“ဟဲ့မောင်မောင် မင်းငါ့ကို သင်ခိုင်းတဲ့ အက်ဆေးက ကွက်တိ ပါလာပါလားကွ. . . . မင်းတော့ ကောင်းကောင်းအောင်ပြီပေါ့ကွာ ဒါနဲ့နေစမ်းပါဦး. . . . မိုင်ဖရန့်စာစီစာကုံးကိုမေးမယ်လို့ မင်းက ဘယ် လိုလုပ်ပြီး ကြိုတင်သိနေရတာတုံး” ဟု မေးလေ၏။ မောင်မောင်သည် တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမပြုဘဲ ငူငူကြီးရပ်နေလေ၏။ ဦးဇင်းတာတီးလည်း မေးခွန်းကို ဆက်လက်ကြည့်သွားရာ ကွက်လပ် ဖြည့်ရန်(၈)ခု မေးထားသောနေရာသို့ ရောက်လျှင် မောင်မောင် ယမန် နေ့က ၎င်းအား မေးခဲ့သော စာလုံး(၈)လုံးဖြစ်ကြောင်း တွေ့ရပြန်လျှင် -

“ဟကောင်ရ . . . . ဒီစာလုံး (၈) လုံးကလည်း မနေ့က မင်းငါ့ ကို ရေးခိုင်းတဲ့စာလုံးတွေပဲ၊ ဒီကွက်ရှင်တွေကို မင်းဘယ်လို လုပ်ကြိုသိ နေတာလဲ၊ ငါ့ကိုလျှောက်စမ်း. . . . ”ဟု မိန့်တော်မူ ပြန်၏။ ထိုအခါ မောင်မောင်လည်း ငူငူကြီးရပ်နေ၍ မဖြစ်တော့ပေ။ ထို့ကြောင့် ယမန်နေ့ က ညိုချောနှင့် ကျောင်းအတူနေခဲ့ရပုံ၊ ညိုချောနှင့်ကွဲသွားပုံ၊ ညိုချော မကြာခဏ အိပ်မက်မက်ပုံတို့ကို လျှောက်ထားလေ၏။ ဦးဇင်းတာတီး လည်း စိတ်ဝင်တစား နားထောင်နေ၏။ ထို့နောက် ဦးဇင်းတာတီးက





“ဒါ မစ်စတစ်ပဲ”ဟု မိန့်တော်မူလေ၏။ ထို့ကြောင့် မောင်မောင်က -

“မစ်စတစ်ဆိုတာ ဘာဘဲဘုရား”ဟု လျှောက်ထားရာ ဦးဇင်းက -

“အသိရခက်တဲ့ သဘော၊ ရှင်းပြဖို့မလွယ်တဲ့သဘော၊ ဆန်းကြယ်တဲ့သဘော၊ ဂမ္ဘီရဆန်တဲ့ သဘောပေါ့ကွာ. . . . ”ဟု ဖြေတော်မူ လေ၏။

“နင် တော်တော်ဖြေနိုင်တာပဲ၊ အင်္ဂလိပ်စာကတော့ (၇၅)မှတ် လောက်လိမ့်မယ်၊ အဲဒါဆိုရင် ဂုဏ်ထူးမှတ်ပဲ. . . မနက်ဖြန် မြန်မာစာ ပေါ့၊ အဲဒါမပေါ့နဲ့ဟဲ့. . . . ဘယ်ဟာမှ မပေါ့ပါနဲ့ မောင်မောင်ရယ် မြန်မာစာမှာ လောကသာရပျို့ကို အမှတ်အများကြီးပေးထားတယ်. . . အလွတ်ကျက်ထားရမှာက “စတုဒိသာ၊ လေးမျက်နှာက၊ ရောက်လာ များ၊ ပုဏ္ဏားရဟန်း၊ ဆွမ်းပန်းချို့တဲ့၊ ဂုဏ်သိက္ခာမဲ့ကို ” ဆိုတဲ့ အပိုဒ်ကို အဆိုင်ကျက်သွား. . . . အလွတ်ရေး ခိုင်းလိမ့်မယ် . . . . အဲဒီတစ်ပုဒ် တည်း အမှတ်(၂၀)ပေးထားတယ်၊ စာစီစာကုံးက လွတ်လပ်ရေးနေ့ အကြောင်း ရေးခိုင်းလိမ့်မယ်၊ အဲဒီမှာ မြန်မာလူမျိုးတွေရဲ့ အချုပ် အခြာအာဏာပိုင်မှုဆိုတဲ့ အကြောင်းအရာပါမှ အမှတ်ပြည့်ရမယ်၊ လွတ်လပ်ရေးပွဲတော်ကြီး ကျင်းပတာကိုရေးလို့ အမှတ်ပြည့်မရနိုင် . . . အနှစ်သာရကိုရေးမှ အမှတ်ပြည့်ရမှာ. . . . ကြားလား. . . . ”

ပြောနေစဉ်၌ပင် တစ်ဖက်ကျောင်းမှ တုံးခေါက်သံကြောင့် အိပ်ယာမှ နိုး၍ နိုးခဲ့ရပြန်၏။ မောင်မောင်သည် ဦးဇင်းအား လွတ်လပ်ရေးနေ့ အကြောင်း စာစီစာကုံးကို အသင်ခိုင်းပြန်၏။ ဦးဇင်းလည်း သင်ပေး၏။ မောင်မောင်သည် ကန်တော်မင်ကျောင်းဆရာတော် ရေးသားတော်မူ သော လောကသာရပျို့ကို ကျောင်းကျောင်းပြေးရအောင်ကျက်သွား၏။ အထူးသဖြင့် “စတုဒိသာ လေးမျက်နှာမှ. . . . ”ဆိုသော အပိုဒ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျက်သွား၏။

မြန်မာစာနေ့ကလည်း မောင်မောင် ကောင်းစွာဖြေနိုင်၏။ ထို့အတူ ကျန်သောဘာသာရပ်များ ဖြေဆိုရသောနေ့များ၌လည်း အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့လေ၏။

စာမေးပွဲအောင်စာရင်းထွက်သောအခါ၌ မောင်မောင်သည် ခုနစ်တန်း အောင်သွားပြီဖြစ်၏။ မောင်မောင်သည် လှဖေရှိ မည့်နေရာကို ဦးဇင်းအား အကျိုးအကြောင်း ပြောပြ၏။ ထိုအခါ ဦးဇင်းလည်း လှဖေ၏အစ်မနှင့် ယောက်ဖကိုခေါ်ကာ ရန်ကုန်သို့ ကြွလေတော့၏။ မောင်မောင်သည် ကျောင်းစောင့်၍ ကျန်ခဲ့လေ၏။

ဦးဇင်း ခရီးထွက်နေစဉ်အတွင်း လူတစ်ယောက်သည် မောင်မောင်တို့ ကျောင်းရှေ့တွင်ရှိသော ရေကန်အတွင်း၌ ကြာများလာ၍ စိုက်၏။ ကြာမှာ ကြာဖြူမျိုးဖြစ်၏။ မောင်မောင်က ထိုသူအား -

"ကြာက အဲသလိုစိုက်ရင် ပေါက်သလား ဦးလေး" ဟု မေး

ထိုသူက -

"ဒီလို စိုက်ရတာပဲလေကွာ၊ နောက်. . . သူဟာ သူပွား

လိမ့်မယ်ကွ. . . . ရေကန်နဲ့ ကြာဖြူနဲ့သိပ်လိုက်တာကွ၊ သိပ်ကြည့်

ကောင်းတာ. . . နောက်တစ်ခုပြောရဦးမယ်. . . ဟောဟိုမှာ ကြာ

ပန်းကလေးတစ်ပွင့်တွေ့လား. . . . အဲဒီ ကြာဖြူပန်းကလေးဟာ

တကယ် အမြစ်တွယ်ပြီး ပေါက်ရတာကတော့ ရွှံ့နွံတွေထဲမှာကွ၊

မယ့် အဲဒီကြာဖြူလေးဟာ ရွှံ့နွံထဲမှာ ပေါက်ရပေမယ့် ရွှံ့နွံတွေ

မနေဘူးလေကွာ. . . အစဉ်သဖြင့် ဖြူစင်သန့်ရှင်းနေတယ်၊ အဲ

ဝါလူရေ. . . မကောင်းမှုတွေ ပြွမ်းတီးနေတဲ့ ဟောဒီလောကကြီးထဲ

နေရပေမယ့် ကိုယ့်ကို မကောင်းမှုတွေ မကပ်ငြိအောင်နေရတယ်

ဟု ပြောလေ၏။

"ကျွန်တော်ကတော့ မကပ်ငြိပါဘူးဗျာ၊ ကျွန်တော့် သူငယ်





လှဖေကတော့ ရွှံ့နွံတွေ အတော့်ကို ကပ်နေပြီထင်တယ်. . . သူ့အစ်မနဲ့ ဦးဇင်းတော့ သူ့ကို ရှာဖို့သွားကြလေရဲ့. . . "ဟု မဆီမဆိုင် ပြောလိုက်မိလေတော့သတည်း . . . . . ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com



အခန်း(၁၄)

## ကိုရင်မောင်မောင်

မောင်မောင်သည် ကျောင်းရှေ့မန်ကျည်းပင်အောက်ရှိ ကျောက်တုံးကြီးပေါ်တွင် ထိုင်နေ၏။ အလင်းရောင်ရှိသော်လည်း နေကို မတွေ့ရသဖြင့် မည်သည့်အချိန်ဟု ခန့်မှန်းရခက်နေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ၎င်း၏ပုခုံးကို လှမ်း၍ ပုတ်လိုက်သဖြင့် လှမ်း၍ ကြည့်လိုက်ရာ ၎င်း၏ပုခုံးကို ပုတ်လိုက်သူမှာ သီလရှင်မလေးတစ်ဦး ဖြစ်နေကြောင်း တွေ့ရလေ၏။ မောင်မောင်က -

"အော် . . . . ဆရာလေးပါလား . . . . ဆန်အလှူခံတာလား၊ ဆန်မရှိပါဘူးခင်ဗျား . . . ကန်တော့ပါသေးရဲ့ . . . ." ဟု ပြောလိုက်လျှင် သီလရှင်ဆရာလေးသည် ရယ်ချင်လွန်း၍ စိတ်ကို မထိန်းနိုင်ဘဲ 'ခစ်'ခနဲ ရယ်သံထွက်၍သွားလေ၏။ ရယ်သံနှင့်အတူ သွားတက်လေးပေါ်သွား၏။ မောင်မောင်သည် သီလရှင်ကလေးအား သေချာငေးကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အော်. . . ဆရာလေးကို ဘယ်သူမှားလဲလို့. . . လက်စသတ်တော့ ညှိုချောကိုး. . . ဘယ်တုန်းက သီလရှင်ဝတ်လိုက်သလဲ ညှိုချော" ဟု မောင်မောင်က မေးလိုက်၏။ ထိုအခါ သီလရှင်မလေးက -

"ညှိုချောလို့ မခေါ်ပါနဲ့. . . ဆရာလေးတို့က သီလရှင်ဆိုတော့ ဘွဲ့ရှိပါတယ်. . . ."ဟု ပြောလေ၏။

"ဒီလိုဆိုလည်း ပြောပြပါအုံး. . . ."ဟု မောင်မောင်က ပြန်၍ ပြောလိုက်လျှင် သီလရှင်မလေးက -

"ဆရာလေးရဲ့ဘွဲ့က မနုစာရီလို့ ခေါ်ပါတယ်. . . ."ဟု ပြန်၍ ဖြေလိုက်လေ၏။ ထိုအခါ မောင်မောင်က -

"ဒီဘွဲ့ဟာ ကြားဖူးသလိုပဲ. . . . နေဦး. . . . နေဦး ပုံပြင်ထဲမှာ ကြားဖူးတာဖြစ်မယ်. . . . ဦးဇင်းလည်း တစ်ခါက ပုံပြင်ကို ပြောဖူးတယ်. . . . ပညာရှိ ဆရာမဲကြီးရဲ့ ဘဝဟောင်းက မယ်တော်လို့ ဦးဇင်းပြောတဲ့အထဲမှာပါတယ်. . . . အဲဒါနတ်သမီးပဲ. . . . အဲဒီနတ်သမီးဟာ ဘယ်လိုနတ်သမီးလဲတော့မသိဘူး. . . ဦးဇင်းပြောတာ မန်းချောင်းအနီး ဟောဒီတောအုပ်ကြီးထဲမှာ နေတာတဲ့. . . ." ဟု ပြောလိုက်ရာ ဆရာလေးက ပြုံးလေ၏။

"ဦးဇင်းက မောင်မောင်နားလည်လွယ်တဲ့ စကားနဲ့ ပြောလိုက်တာပါ. . . . မနုစာရီဟာ ဝိဇ္ဇာဓိုရ်တစ်ယောက်လို့ပြောရင် မောင်မောင်နားလည်မှာမှ မဟုတ်တာ. . . . ထားလိုက်ပါတော့လေ. . . . ဒါတွေက အရေးမကြီးပါဘူး. . . . အရေးကြီးတာက မောင်မောင်ဟာ တစ်ခါမှ ရှင်မပြုရသေးဘူး. . . . ရှင်ပြုရမယ်၊ ကိုရင်ဝတ်ရမယ်. . . ." ဟု ဆရာလေးက ပြောလေ၏။

"နေပါဦး ဆရာလေး. . . . ကျုပ်က ကိုရင်ဝတ်လိုက်ရင် ဦးဇင်းကိုဘယ်သူက ယာဂုကျိုတိုက်မှာလဲ. . . . ဦးဇင်းဝေယျာဝစ္စတွေက အများကြီး ဘယ်သူလုပ်မှာလဲ. . . "ဟု မောင်မောင်က ပြန်၍





မေးလိုက်လျှင် ဆရာလေးက -

"ဒါတွေအတွက် ပူမနေပါနဲ့. . . . ဆရာလေး အားလုံး စီစဉ်ပြီးပါပြီ. . . . လှဖေကို ပြန်ခေါ်လိုက်မယ်. . . . ဦးဇင်းအတွက်ကော မောင်မောင့်အတွက်ပါ သူပဲ လိုအပ်တာတွေ လုပ်ပေးမှာပေါ့. . . . ပြီးတော့ တစ်ပတ်လောက်ဝတ်ပြီး ပြန်ထွက်လို့ မရဘူး. . . . တစ်နှစ်ဝတ်ရမယ်၊ အဲဒီလို ဝတ်တုန်းမှာလည်း မောင်မောင့်ကို ပိဋကတ်စာပေတွေ သင်ပေးဖို့ အကြီးတန်း အောင်ပြီးတဲ့ ဦးဇင်းတစ်ပါး ဒီကျောင်းကို ရောက်လာမှာ. . . . " ဟု ပြောလေ၏။

"ဒါနဲ့နေစမ်းပါဦး. . . . ဆရာလေးကကော သီလရှင် ခဏဝတ်တာလား. . . . တစ်သက်လုံးဝတ်တာလား. . . . "ဟု မောင်မောင်က ပြောလျှင် ဆရာလေးက ပြုံးလေ၏။

"တစ်သက်လုံး မဝတ်ပါဘူး. . . အခုဝတ်တာလည်း မနေ့ကမှဝတ်တာ. . . . မောင်မောင်က တစ်ဝါရအောင် ကိုရင်ဝတ်ရမယ်၊ အဲဒီအချိန်ကျ ဆရာလေးလည်း သီလရှင်ဝတ်ထားမယ်၊ မောင်မောင်ရှင်လိမ်ပြန်တဲ့နေ့မှာ ဆရာလေးလည်း လူထွက်မှာပေါ့၊ မောင်မောင်တို့ရှင်ပြုအတွက်လည်း စီစဉ်ပြီးပါပြီ. . . . သက်သတ် လွတ်ဒံပေါက်ကျွေးမယ်. . . . ရှင်လောင်းကို မြို့တစ်ပတ်မြင်းနဲ့ လှည့်မယ်. . . . ဆရာလေးဖြင့် အဲဒီကိစ္စကိုမေးရတာ ကြည်နူးလိုက်တာ. . . . "ဟု ဆရာလေးက ပြောနေစဉ်၌ပင် မြောက်ဘက်ကျောင်းမှ တုံးခေါက်သံကို ကြား၍ မောင်မောင်လည်း အိပ်ယာမှ နိုးခဲ့လေ၏။

မောင်မောင်သည် မီးဖိုသို့သွား၍ ဦးဇင်းအတွက် ယာဂုစီမံရ၏။ ပဲပုတ်ပြားကို မီးဖုတ်၍ထောင်းကာ ဆီရွှဲရွှဲဆမ်းရ၏။ ရေနွေးအိုးကျို၏။ လက်ဖက်ခြောက်ကျကျခပ်ရ၏။ အရုဏ်တက်သောအခါ၌ ဦးဇင်းအား ယာဂုနှင့် ရေနွေးကြမ်းကို ကပ်ရ၏။

ထိုအချိန်၌မှာပင် ကျောင်းပေါ်သို့ လူအချို့ တက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့အား ဧည့်ခံရန်အတွက် ရေနွေးကြမ်းအိုးနှင့် ရေနွေးကြမ်းပန်းကန်များကို ချရလေ၏။ ကျောင်းပေါ်သို့ တက်လာကြသူများမှာ အသက်လေးဆယ်ကျော် ယောကျ်ားကြီးတစ်ဦးနှင့် မိန်းမကြီးနှစ်ဦး ဖြစ်၏။ ငှင်းတို့သည် ဦးဇင်းအား ကန်တော့၍ ဝတ်ပြုကြပြီးနောက် ယောကျ်ားကြီးက -

"တပည့်တော်က မင်းဘူးကပါ. . . . သင်္ဘောကိုယ်စားလှယ် ကိုမဲဆိုရင် လူတိုင်းသိပါတယ်ဘုရား၊ အရှင်ဘုရား ဆီလာရတာ တပည့်တော်ရဲ့သားနှစ်ယောက်ကို ရှင်ပြုချင်လို့လာတာပါ. . . အရှင်ဘုရားကျောင်းက သက်သတ်လွတ်ဆိုတော့ သက်သတ်လွတ် ဒံပေါက် ကျွေးမယ်ဘုရား. . . ပြီးစလွယ် မလုပ်ပါဘူး. . . သပ်သပ်ရပ်ရပ် လုပ်ပါမယ်ဘုရား၊ ကျောင်းရှေ့မှာမဏ္ဍပ်ထိုးပြီး တစ်ရွာလုံးကို ကျွေးပါမယ်၊ ရှင်လောင်းတွေဘာတွေလည်း မြင်းနဲ့ လှည့်မယ်ဘုရား၊ ဆိုင်းတွေ ဝိုင်းတွေ ပြောတွေ၊ စည်တွေလည်း ပါမယ်ဘုရား. . . . ရှင်ပြုတာကို မင်းဘူးမှာ မလုပ်ဘဲ ဒီမှာ လုပ်ရတဲ့အကြောင်းက တပည့်တော်ရဲ့ သားနှစ်ယောက်က အပေါင်းအသင်းများတယ်ဘုရား. . . . တပည့်တော်သဘောကတော့ ဝတ်တုန်းဝတ်ခိုက်မှာ အကျိုးရှိစေချင်တယ်. . . . ဟိုမှာ အပေါင်းအသင်းတွေကြောင့် အကျိုးလည်းရှိမှာ မဟုတ်ဘူး. . . ကြာကြာလည်း ဝတ်မှာမဟုတ်ဘူး. . . . ဒါကြောင့် အရှင်ဘုရားဆီ လာခဲ့တာပါပဲ. . . . နောက်ပြီးတော့ ရှင်က နှစ်ပါးတည်း ဖြစ်နေတယ်ဘုရား. . . သုံးပါးဖြစ်စေချင်ပါတယ်. . . အရှင်ဘုရားရဲ့ တပည့်တွေထဲက ကိုရင်ဝတ်ချင်တဲ့ သူတစ်ပါးထည့်ပေးပါ ဘုရား. . . "

ရှည်လျားစွာ လျှောက်ထားလေ၏။ ထိုအခါ ဦးဇင်းတာတီးက -

"ထည့်ဆို ဟောဒီမောင်မောင်ပဲ ထည့်ရမှာပဲ. . . . ဒီကောင် သင်္ကန်းမစည်းဖူးသေးဘူး. . . . နေရာကျလိုက်တာ. . . "ဟု မိန့်တော်မူလိုက်၏။





ထိုအခါ သင်္ဘောကိုယ်စားလှယ် ဦးမဲက -

"တပည့်တော်တို့ အလှူကို တပည့်တော်ရဲ့ ညီလည်းလာမယ်ဘုရား. . . . ညီကတော့ရဟန်းပါ၊ ဟိုးအညာဘက်က ကျောင်းကလေးတစ်ကျောင်းမှာရောက်နေတယ်. . . . သူက အကြီးတန်း အောင်ပြီးသားပါ. . . မတွေ့ရတာကြာလို့ သူ့ကိုပါပင့်ထားတယ်. . . . အရှင်ဘုရား ခွင့်ပြုမယ်ဆိုရင် တပည့်တော်ရဲ့ညီကို ဒီမှာ တစ်ဝါဆိုစေချင်ပါတယ်ဘုရား"ဟု လျှောက်ထားလိုက်ရာ ဦးဇင်းတာတီးက -

"ရပါတယ်. . . တစ်ဝါပဲဆိုဆို. . တစ်သက်လုံးပဲ သီတင်းသုံးသုံး ရပါတယ်တကာကြီးရ" ဟု ပြောလိုက်လျှင် ဦးမဲကြီး၏ မိန်းမသည် ဖောင်ကြီးမားလှသော အိတ်ကြီးအတွင်းမှ စာအိတ်ဖြင့် ထည့်ထားသော ငွေကို ဦးဇင်းအား ကပ်လှူလေ၏။ ထိုဝတ္ထုငွေမှာ ရှင်ပြုအတွက် စရိတ်ဖြစ်၏။ ပြီးလျှင် ဦးမဲကြီးနှင့် ဦးဇင်းတာတီးတို့သည် ပြက္ခဒိန်ကို ကြည့်၍ ရက်များ ရွေးချယ်သတ်မှတ်ကြလေ၏။ ထိုသို့ရွေးချယ် သတ်မှတ်ကြပြီးနောက် အလှူရှင် ဦးမဲကြီး မိသားစုသည် ပြန်သွားလေတော့၏။

ဦးမဲကြီး၌ အနီရောင် ဂျစ်ကားတစ်စီးပါလာသည် ဖြစ်ရာ

"အလှူရက်အတွင်း ဦးဇင်း မင်းဘူးတို့ဘာတို့ ကြွစရာ ရှိရင် အဆင်ပြေတကျကြွနိုင်ဖို့ ဒီကားနဲ့ ဒရိုင်ဘာတစ်ယောက်နဲ့ ပို့ထားမယ်ဘုရား. . . . "ဟု ဦးမဲကြီးက လျှောက်ထားရာ -

"မလိုပါဘူး တကာရယ်" ဟု ဦးဇင်းတာတီးက မိန့်လေ၏။

ဦးမဲကြီးတို့ကား ထွက်သွားပြီး ကားတလေး ကားလမ်းမပေါ်သို့ ရောက်သွားသည့်အချိန်တွင် ကျောင်းပေါ်သို့ လူတစ်ယောက် တက်၍လာပြီး မောင်မောင်အား ပြေး၍ဖက်သဖြင့် မောင်မောင်လည်း ပြန်၍ဖက်ရင်း

"လှဖေကြီး. . . "ဟု အော်လိုက်လေ၏။

"ဝမ်းသာလိုက်တာ လှဖေရာ"ဟု မောင်မောင်က ထပ်၍ ပြောလေ၏။ လှဖေ၏နောက်တွင် လှဖေ၏အစ်မလည်း ကျောင်းပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဓာက်လာလေ၏။ ထို့နောက် လှဖေတို့မောင်နှမသည် ဦးဇင်းတာတီးအား ကန်တော့ကြလေ၏။

"တပည့်တော်မှာ အပြစ်ရှိပါတယ်ဘုရား. . . . တပည့်တော် ကို ရိုက်နှက်ဆုံးမပါဘုရား. . . . တပည့်တော် ဘယ်ကိုမှ မသွား ပါဘူးဘုရား. . . . ဒီကျောင်းမှာပဲ နေပါတော့မယ် ဘုရား"ဟု လှဖေ ပြောလိုက်လျှင် ဦးဇင်းတာတီးက -

"သာဓု. . . သာဓု. . . . သာဓု ကိုယ့်အပြစ်ကို ကိုယ်သိ ဆိုတာ လူမိုက်မဟုတ်ဘူးကွ. . . မောင်မောင်တော့ ကိုရင်ဝတ် မယ်. . . မင်းကော ဝတ်ဦးမလား. . . "ဟု မေးရာ -

"အဲဒါတော့ မလုပ်ပါနဲ့ဘုရား. . . . တပည့်တော်ငယ် တုန်းက ဝတ်ဖူးတာ အရှင်ဘုရားလည်း သိသားပဲ၊ မောင်မောင့် ဝတ်ပေးလိုက်ပါ. . . . အရှင်ဘုရားတို့နှစ်ပါးရဲ့ ဝေယျာဝစ္စတွေ တပည့်တော်လုပ်ပါ့မယ်. . . . "ဟု လှဖေက လျှောက်ထားလေ ထိုအခါ ဦးဇင်းတာတီးက လှဖေ၏အစ်မဘက်သို့ လှည့်ကာ -

"ဒီကောင် လိမ်မာလာတာ အံ့သြစရာပဲ. . . . ယုံနိုင် တောင် မရှိဘူး. . . . ဘယ်လိုဖြစ်ပြီး လိမ်မာလာတာလဲ. . . " မေးလိုက်ရာ လှဖေ၏အစ်မက -

"ဖဲမှုနဲ့ အချုပ်ထဲရောက်နေတယ်လေ. . . . ထောင်ထဲ ဘို့ပဲ ရှိတော့တယ်. . . . တပည့်တော် မလိုက်ပြီး ထုတ်ထားရ ကုန်လိုက်တဲ့ငွေကလည်း သောက်သောက်လဲပဲ. . . . ငွေအပြင် လက်ကောက်တစ်ရံလည်း ပါသွားသေးတယ်၊ ဒီမြို့ရောက်တော့ မနေချင်ဘူး. . . . မောင်မောင်နဲ့ သွားနေချင်တယ်ဆိုလို့ လာ တာပါ. . . ညကပဲ ရောက်တာပါ ဘုရား"ဟု လျှောက်ထားလေ

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌ အဝင် ကျွဲတဲရွာကလေးရှိ ဦးဇင်းတာတီး၏ ကျောင်းတွင် အလှူ





စ်ခု ပေါ်ပေါက်လေ၏။ အလှူတွင် ပြောလည်းပါ၏။ ညဘက် ည့်ခံရန် ဆိုင်းဝိုင်းလည်း ပါ၏။ ဧည့်ပရိသတ်များအား သက်သတ်လွတ် ါက်နှင့်ရေခဲမုန့် ကျွေး၏။ ရှင်လောင်းများကို မြင်းဖြင့်မြို့ တစ်ပတ် ည့်၏။

ဗန္ဓုလကျော်စိန်ဆိုသော ဇာတ်ပင်သွင်းလိုက်သေး၏။ဦးဇင်း ာတီးသည် လွန်စွာပီတိဖြစ်နေ၏။ အလှူ့ဒကာ ဦးမဲကြီး၏ ညီဖြစ်သူ င်းလည်း ကျောင်းသို့ရောက်နေပြီဖြစ်၏။ ထိုဦးဇင်း၏ဘွဲ့မှာ ဦးမမ္မိ ရှု၍ဖြစ်၏။ ဦးဇင်းတာတီးသည် ဦးမမ္မိကဝရကို လွန်စွာသဘော ၏။ ထိုဦးဇင်းသည် ကိုရင်သုံးပါးကို စာသင်ပေးလေ၏။ မောင်မောင် ကိုရင်ဘွဲ့မှာ ပညာသာမိဖြစ်၏။ သို့သော် မည်သူ တစ်စုံတစ်ယောက် ကိုရင်ပညာသာမိဟု မခေါ်ကြဘဲ ကိုရင်မောင်မောင်ဟု ခေါ်ကြ လှဖေမှာမူ ကျောင်း၏ ဝေယျာဝစ္စများကို တကုပ်ကုပ်နှင့်လုပ်နေ၏။

အပြင်မှ စားဖွယ်သောက်ဖွယ်များ လာ၍ လှူသည့်အခါ၌ တ -

"ခြောက်ဖဲ ကုလားဖဲကို ချွန်းကပ်ပြီဟေ့. . . . ဒီနေ့တော့ ာ် 'ကိုး' တစ်ခုခုပဲ. . . "ဟု ပြောလေ့ရှိ၏။ လှူမည့်တန်းမည့်သူ သောအခါ၌ -

"ဒီနေ့အဖို့တော့ တို့ကျောင်းက ခုနစ်စုံ ခြောက်တိုး မျောက် ဘူးကွ. . . . "ဟု ဖဲစကားဖြင့် ညည်းညူတတ်လေ၏။

မောင်မောင်သည် လှဖေပြောသောစကားများကို နားမ ည်သဖြင့် -

"မင်း ဘာတွေပြောနေတာလဲ. . . . "ဟု မေးရာ လှဖေက-

"တပည့်တော်ပြောတာ ကိုရင် ဘယ်သိမလဲ. . . ဒါက ဖဲစကား . . . မသိချင်ပါနဲ့ကိုရင်ရာ မကောင်းတဲ့အတတ်တွေ. . . "ဟု လေ၏။ ကိုရင်မောင်မောင်မှာမူ ဦးဇင်းလေး သင်ပေးသော



www.burmeseclassic.com

www.burmeseclassic.com



စာများကို တကုပ်ကုပ် ကျက်မှတ်နေရလေ၏။ ဦးမဲကြီး၏သားများ[illegible] သော ကိုရင်နှစ်ပါးမှာမူ မည်သည့်စာကိုမှ မကျက်မှတ်ကြဘဲ အချည်[illegible] ဖြစ်သောစကား၊ သိမ်ဖျင်းသောစကားများ ပြော၍သာ အချိန်[illegible] ကုန်ဆုံးခဲ့ကြ၏။ ထို့ကြောင့် ဦးမဲကြီး၏ညီ ဦးဇင်းလေးက ၎င်း[illegible] ကိုရင်နှစ်ပါးအား ရှုံ့ချ၏။ ကိုရင် မောင်မောင်အား မကြာခဏ ချီး[illegible] လေတော့သတည်း. . . .။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၅)

## အကျော့မြူမောင်မောင်

မောင်မောင်သည် ကိုရင်ဝတ်နှင့်ပင် အညာဘက်မှ ကြွလာသော ဦးဇင်းထံတွင်ပိဋကတ်စာပေကို သင်ယူခဲ့လေ၏။ ၄င်းနှင့်အတူ ကိုရင်ဝတ်ကြကုန်သော သဘော်ကိုယ်စားလှယ်ကြီး၏သားများမှာ (၇) ရက်ပြည့်သည်နှင့် အတင်းပူဆာ၍ လူထွက်ကြကုန်၏။

မောင်မောင်သည် ကိုရင်ဝတ်နှင့်တစ်ဝါအထိ နေထိုင်ခဲ့လေ၏၊ ထိုအတောအတွင်း၌ ညိုချောအား အိပ်မက်မြင်မက်ခြင်း မရှိတော့ပါ။

ကိုရင်ထွက်ပြီး (၈)ရက်မြောက်သောနေ့တွင် မောင်မောင်သည် ကျောင်းရှေ့မန်ကျည်းပင်အောက်ရှိ ကျောက်တုံးပေါ်၌ ထိုင်နေ၏၊ ထိုအချိန်၌ ညိုချောရောက်လာပြီးလျှင် -

"ဟဲ့. . . မောင်မောင်. . ."ဟု ခေါ်လိုက်ရာ မောင်မောင်က အံ့သြ၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါဖြင့် လန့်သွားတာပဲ. . . . ညိုချောရယ်"ဟု ပြော
မောင်မောင်သည် ညိုချောအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်
ညိုချောသည် အရွယ်ရောက်နေပြီဖြစ်၏။ ကိုယ်လုံးကိုယ်ထည်လှ
မျက်နှာမှာလည်း ချစ်စဖွယ်ကောင်း၏။ ဆံပင်မှာ ကုတ်ပေါ်
ဝဲနေ၏။

"နင့်ကိုကြည့်ရတာသိပ်ပြီးလှတာပဲ. . . . နင်ဟာ ငါနဲ့
မှာ တွေ့တုန်းကလို မဟုတ်ဘူး. . . . လူကြီးဖြစ်သွားပြီ. . . .
နေစမ်းပါဦး. . . နင်လည်း သီလရှင်ဝတ်တာ မဟုတ်လား. . . .
တုန်းက ထွက်လိုက်သလဲ. . . ."ဟု မောင်မောင်က စပ်စုလိုက်

"ဒီနေ့ဆိုရင် သီလရှင်ကနေထွက်တာ (၈)ရက်ရှိပြီဟဲ့၊
ကိုရင်ထွက်တဲ့နေ့မှာ ငါလည်း ထွက်တာပေါ့. . . ."ဟု ညိုချော
ပြန်၍ပြောလေ၏။

"အဲလိုဆိုရင် နင့်ဆံပင်က အရှည်မြန်တာပေါ့ . . . .
ပေါ်တောင် ဝဲနေပြီ. . . . ငါ့ဆံပင်ကတော့ အခုမှ ခေါင်းတုံးတိုပဲ ရှိ
တယ်. . . . ဘာဖြစ်လို့ နင့်ဆံပင်က ဒီလောက်အရှည် မြန်တာလဲ. . .
ဟု မောင်မောင်ကမေးလိုက်ရာ ညိုချောက ရယ်လေ၏။

"ငါတို့နေရာက နင်တို့နေရာနဲ့ မတူဘူးဟဲ့၊ အဲဒါကို နင်
လည်အောင် ဘယ်လိုပြောရမလဲ မသိဘူး. . . . "ဟု ညိုချောက
လေ၏။

"ဘယ်လိုပဲပြောပြောပါ ညိုချောရယ်. . . . ငါ ဒီလောက်
မဝေးပါဘူး . . . နားလည်နိုင်ပါတယ်. . . "ဟု မောင်မောင်က
မောနှင့် ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုမောင်မောင်ရဲ့. . . နင်တို့လောကနဲ့ ငါတို့လောက
တစ်ဆက်တစ်စပ်တည်းတော့ရှိတယ်၊ ဒါပေမယ့် လုံးဝဥဿုံ မတူ
ဟဲ့. . . . "ဟု ညိုချောက ပြောလျှင် မောင်မောင်က ရယ်လေ၏။





"ငါတို့လောကနဲ့ နင်တို့လောက. . . ဟုတ်လား. . . နင်တို့
လောကက ဘာလောကလဲ. . . . ငါတို့ လောကကိုတော့ လူ့လောကလို့
တာပေါ့. . . . ပြောစမ်းပါဦး ညိုချောရဲ့" ဟု မောင်မောင်က
လေ၏။

"နင်နားလည်အောင်ပြောရရင်တော့. . . . နင်တို့လောက
တဲ့ အခြားလောကတစ်ခုပေါ့ဟယ်. . . "ဟု ညိုချောက ပြော
လျှင် မောင်မောင်သည် ခေါင်းကိုကုတ်လိုက်လေ၏။ ထိုသို့
ခေါင်းကို ကုတ်ပြီးနောက် -

"နင်ပြောတာတွေ ခေါင်းရှုပ်ကုန်ပြီ. . . . ငါက ငါရှိတဲ့
လောကကိုပဲသိတယ်. . . . နင်ပြောတဲ့ တစ်ခြား လောကဆိုတာကို
သိဘူး၊ ကြားလည်းမကြားဖူးဘူး. . . . ဘယ်လိုဟာမျိုးလဲ. . . . "ဟု
မောင်မောင်က မေးလိုက်ရာ -

"ဥပမာဟယ်. . . . နင် အိပ်မက်မက်တယ် မဟုတ်လား၊
အိပ်မက်ထဲမှာ နင်ဖြစ်ပျက်နေတာတွေဟာ နင်တို့လောကမှာ ဖြစ်ပျက်
နေတာမဟုတ်ဘူးနော်. . . တစ်ခြားလောကမှာ ဖြစ်နေတာ. . . ဒါပေ
မယ့် ငါဆိုလိုတာက အိပ်မက်လောက မဟုတ်ဘူး. . . . နင်နားလည်
အောင် အနီးစပ်ဆုံး အစားထိုးပြီး ပြောရတာ. . . ထားကြပါစို့
ဟယ်. . . အိပ်မက်လောကပဲ. . . ငါဟာ အိပ်မက်လောကထဲမှာ
နေနေတယ်. . . အဲဒီအိပ်မက်လောကဟာ နင်တို့ တကယ်ရှိနေတဲ့
လောကနဲ့တော့ တစ်ဆက်တစ်စပ်တည်းပါပဲ. . . . ဒါပေမယ့် တူတော့
မတူဘူး"ဟု ညိုချောက ပြောလျှင် မောင်မောင်က -

"ဘာတွေ မတူတာလဲ ညိုချောရဲ့. . . ရှင်း ရှင်းလုပ်စမ်းပါ
ဟယ်. . . . "ဟု စိတ်အားထက်သန်စွာ မေးမြန်းလိုက်လေ၏။ ညိုချော
သည် ခစ်ကနဲရယ်လိုက်လေ၏။

"ပထမဆုံး မတူတာက နေရာပဲ. . . အဲဒီနေရာကို နင်



www.burmeseclassic.com

www.burmeseclassic.com



နားလည်အောင်ပြောရရင် 'စပေ့စ်'ပေါ့၊ အဲဒါမတူဘူး. . . နော တစ်ခုက အချိန်ကာလဆိုတဲ့ 'တိုင်းမ်' မတူဘူး. . . နင်တို့ဆီမှာရှိ အချိန်ကာလမျိုး ငါတို့ဆီမှာ မရှိဘူး. . . ဒါကြောင့် အိပ်မက် တစ်သက်လုံးကိုစွဲဟာလည်း တခဏတည်းနဲ့ ပြည့်စုံသွားနိုင်တယ်. . . . အချိန်ကာလဆိုတာ ငါတို့ဆီမှာ ဘာမှကို အဓိပ္ပာယ် မရှိပါဘူး၊ လွန်ခဲ့ နှစ်တစ်ထောင်နီးပါးလောက်က ကွဲခတ်ပြီး နတ်ရွာစံတဲ့တော် ကုန်သွ ရတဲ့ အနော်ရထာဘုရင်ကြီးဟာလည်း ငါနဲ့ အသက်အရွ သိပ်မကွာဘူး. . . ငါနဲ့ရွယ်တူလောက်ပဲ၊ နင်တို့ရွာထဲက လေဆန်န မနေ့ကဆုံးသွားတဲ့ (၇)ရက်သား ကလေးဟာလည်း ငါတို့လော ငါနဲ့သိပ်ပြီး အသက်မကွာဘူး၊ ရွယ်တူလောက်ပဲ. . . . ဘာလို့ အဲ ဖြစ်နေလဲဆိုတော့ အချိန် ကာလဆိုတာ မရှိလို့ပဲ၊ ပြီးတော့ အမြင်ေ တွေလည်း မတူဘူး၊ နင်တို့လောကဟာ သုံးဖက်မြင်လောက. . . သရီးဒိုင်မင်ရှင်နယ်ဝေါလ်၊ အဲဒီလို သုံးဖက်မြင်မှုလည်း မြင်တဲ့အရာ ဟာ ရုပ်ကြွဖြစ် နေမယ်. . . . ငါတို့လောကမှာ အဲဒီဒိုင်မင်းရှင် နင်တို့နဲ့ မတူဘူး" ဟု ပြောလိုက်လျှင် မောင်မောင်က ခေါင်းတို တွင်ယမ်း၍ -

"နင်ဘာတွေလာပြောနေတာလဲ ညိုချော၊ ငါ့ကို ရူးအေ လာလုပ်နေတာလား. . . . ကလေးဟာ ကလေးစကားပြောရင်တော မယ်. . . ."ဟု ဒေါနှင့်မောနှင့် ပြောလိုက်ရာ ညိုချောက-

"ငါတို့လောကမှာ နင်ပြောတဲ့ကလေးဆိုတာလည်း မရှိ လူကြီးဆိုတာလည်း မရှိဘူး၊ စောစောက ငါပြောတဲ့ ဒိုင်မင်းရှင်းက နင်တို့နဲ့ လုံးဝမတူဘူး. . ."ဟု ပြောရင်း ပြုံးနေလေ၏။

"ဒီလိုဆိုရင် နင်တို့လောကရဲ့ ဒိုင်မင်းရှင်းက မှန်အ လို ပလတ်စတစ်အကြည်လို ဟိုဖက်ဒီဖက် ဖောက်ပြီးမြင်နေရတဲ့ ဒို ရှင်းမျိုးပေါ့. . . ."ဟု မောင်မောင်က မေးလိုက်ရာ ညိုချောက -





"နင်ပြောတဲ့ မှန်အကြည်တို့ ပလတ်စတစ်အကြည်တို့က ိုင်မင်းရှင်းရှိသေးတယ်. . . . ဒါပေမယ့် ဇီးရိုးအမှတ်ပေါ့ဟယ်၊ ဇီးရိုး ိုင်မင်းရှင်းလို့ ပြောရမှာပေါ့. . . . ငါတို့လောကကတော့ ဒီလိုမဟုတ် ူး. . . ဇီးရိုးတောင် မရှိတော့ဘူး. . . နန်းဒိုင်မင်း ရှင်းနယ်ဝေါလ်၊ ါကြောင့်လည်း နင်တို့လောကနဲ့ တစ်သားတည်း၊ တစ်ထပ်တည်း၊ တစ် ်တည်း ရောနှောနေလို့ရတာပေါ့၊ နင်ပြောသလို မှန်အကြည်လို လတ်စတစ်အကြည်လိုဆိုရင် စမ်းသပ်ထိတွေ့လို့ ရမှာပေါ့. . . . ါကြောင့် သရီးဒိုင်မင်းရှင်း ဖြစ်တဲ့ နင်တို့ကို ငါတို့ကမြင်ပြီး နန်းဒိုင် င်းရှင်းဖြစ်တဲ့ ငါတို့ကို နင်တို့က မမြင်တာပေါ့ . . ."ဟု ပြောလိုက်လျှင် ောင်မောင်သည် ခေါင်းကို တဗျင်းဗျင်း ကုတ်ပြန်၏။

"ညိုချောရယ်. . . ငါ့ကို ဦးနှောက်ခြောက်မယ့်စကားတွေ ပြောပါနဲ့ . . . တစ်ခုပဲ ငါမေးမယ်၊ နင်တို့လောကသားတွေကို ငါတို့က င်ချင်တယ်ဟယ်. . . . အိပ်မက်မှာ မဟုတ်ဘူးနော်. . . အပြင်မှာ င်ချင်တာ. . . နင်တို့ ဘယ်လိုလုပ်မလဲ. . ."ဟု မောင်မောင်က းလိုက်ရာ ညိုချောက တခစ်ခစ်ရယ်လေ၏။

"အလွန်သိမ်မွေ့တဲ့ အက်တမ်တွေကို စုပြီး ပုံဖော်ရမှာပေါ့ ယ်. . . . သိမ်မွေ့လွန်းလို့ နင်တို့ မျက်စိမှာ အခိုးအငွေ့ ဂက်စ်လို င်နေရမှာပေါ့. . . . အဲဒါကြောင့် နင်တို့မြင်စေချင်ရင်တော့ ဂက်စ် ောင်မ် အခိုးအငွေ့ပုံသဏ္ဍာန်နဲ့ပဲပြရမှာပေါ့. . . . အဲဒီ ဂက်စ်ဟာ ည်း သူ့သဘောအတိုင်း အပူဒီဂရီ(၃၀)လောက်နဲ့ တွေ့ရင်ကို ပျံ့လွင့် ွားတာကိုး. . . အဲဒါကြောင့် ငါတို့က နင်တို့ကို ဂက်စ်ဖောင်မ်နဲ့ ြတဲ့အခါမှာ ဘယ်လောက်ပဲချောချောလှလှလေး လုပ်ပြလုပ်ပြ အပူရှိန် ကြောင့် ပျံ့လွင့်ပြီး ပုံပျက်သွားတာပေါ့. . . . အဲဒီမှာ ရုပ်ပျက်ဆင်း ဲဖြစ်ပြီး နင်တို့လန့်ကုန်တာလေ. . ."ဟု ညိုချောက ပြောလိုက်လျှင် ောင်မောင်ကရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာ တော်တော် ကတ်သီးကတ်သတ်ပြောတတ်တဲ့ ကောင်မလေးပဲ. . . . နင်ပြောတဲ့ အက်တမ်ဆိုတာကို ငါမှမသိတာ အဲဒါဘာလဲ. . ."ဟု မောင်မောင်က ပြောလိုက်ရာ ညိုချောက-

"ပမာဏသိပ်ပြီးသေးလို့ မျက်စိနဲ့မမြင်နိုင်တဲ့ ရုပ်မှုန်ကလေး ပေါ့ဟယ်. . . . အဲဒီလောက်ပဲ ပြောလို့ရမယ်. . . . ဒီထက် ငါလည်း ပိုပြီးမပြောတတ်ဘူး"ဟု ညိုချောကပြောကာ သွားတက်လေးပေါ်သည် အထိ ပြုံးနေလေ၏။

"အဲဒီ နင်ပြောတဲ့ဟာက အသေးဆုံးပဲလား"ဟု မောင်မောင်က ပြောရာ ညိုချောက -

"အဲဒီရုပ်မှုန်ကလေးကို ထပ်ပြီးခွဲခြမ်းစိပ် ဖြာလိုက်ရင်တော့ သုံးစိပ်ကွဲသွားသေးတယ်. . . . အဲဒါတွေကို နင်အသေးစိပ် သိဖို့ မလိုပါ ဘူး. . . နင်မေးလို့ ဖြေရတာပါ. . . အဲဒါတွေကလည်း သူ့နာမည်နဲ့ သူပေါ့ဟယ်. . . . တစ်ခုက ပရိုတွန်၊ တစ်ခုက အီလက်ထရွန်၊ တစ်ခုက နယူထရွန်ပေါ့ဟယ်. . . အဲဒီလောက်ပဲ နားလည်ပါဟယ်၊ နင် ဦးနှောက် ခြောက်သွားပါဦးမယ်. . . ပြီးတော့ ဒါဟာ နင့်အလုပ်လည်း မဟုတ် ဘူး. . . . ငါ့အလုပ်လည်း မဟုတ်ဘူး၊ နင်သိချင်တယ်ဆိုလို့ ငါသိ သလောက်ပြောပြတာ. . . ." ဟု ပြောလျှင် မောင်မောင်က -

"နေပါဦး ညိုချောရယ်. . . . နင်က ဒါတွေ ဘယ်လိုကြောင့် သိနေတာတုံး. . . . အဲဒါတွေကို ပြည့် ပြည့်စုံစုံသိဖို့ ငါ ဘယ်မှာသင် ယူရမှာတုံး. . . ."ဟု မေးလိုက်ရာ ညိုချောသည် အားရပါးရရယ်လေ ၏။ ကျေနပ်အောင် ရယ်ပြီးနောက် -

"နင်တို့လောကမှာရှိတဲ့ တိုင်းမ်နဲ့ မလုံလောက်ဘူး. . . နင်တို့ လောကအတွက် အချိန်တွေ အများကြီးပေးနေရမယ်. . . . ငါနဲ့ နင်နဲ့လာတွေ့တာဟာ ဒါတွေပြောပြဖို့ မဟုတ်ဘူး၊ နင်လည်း ဉာဏ်မီမှာ မဟုတ်ဘူး. . . ငါကတော့ နင့်ထက်စာရင် အတော်လေး ပြည့်ပြည့်စုံစုံ





သိပါတယ်. . . . နင့်အတွက် မလိုအပ်ပါဘူး၊ လိုအပ်တာကတော့. . . . နင် ဒီနှစ် ၁၀ တန်းဖြေရမယ်၊ အင်္ဂလိပ် စာအုပ်က ၂ အုပ်ပြဋ္ဌာန်းလိမ့် မယ်. . . . ဆိုင်းလက်စ်မာနာဆိုတဲ့ ယက္ကန်းသည် အဘိုးကြီးအကြောင်း တွေကို ပြဋ္ဌာန်းလိမ့်မယ်. . . . နောက်တစ်ခုက ဂိုးလ်ဒင်ဂိတ်ဆိုတဲ့ ကဗျာစာအုပ်ကို ပြဋ္ဌာန်းလိမ့်မယ်. . . . အဲဒါတွေကို နင်တတ်ဖို့ကတော့ ခင်ဘူးမှာ ညကျောင်းတက်မှဖြစ်မယ်. . . . အဲဒီအတွက် ငါစီစဉ်ပေးပါ့ မယ်. . . "ဟု ပြော၍ ညိုချောက ပြုံးလိုက်စဉ်၌ပင် တစ်ဖက် ကျောင်းမှ ထုံးခေါက်သံကိုကြားသဖြင့် မောင်မောင်သည် အိပ်ယာမှလန့်၍ နိုးသွား လေ၏။

ထိုနေ့မှစ၍ မောင်မောင်သည် ကြီးကြီးရွယ်ရွယ်၊ ငယ်ငယ် ထတ်လတ် တွေ့သမျှလူများကို စကားစပ်မိတိုင်း အက်တမ်ခေါ် အဏုမြူ ဆိုသည့် စကားကိုထည့်၍ ပြောတတ်လေ၏။ ထို့ကြောင့် ၎င်းအား ဦးဇင်းတာတီး စ၍ အဏုမြူမောင်မောင်ဟု ခေါ်လေတော့၏။

လူဖေဆိုလျှင် 'အဏုမြူမောင်မောင်'ဟုပင် မခေါ်တော့ဘဲ အဏုမြူဟူ၍သာ အဖျားဆွတ်၍ ခေါ်လေတော့၏။

"အဏုမြူရေ. . . ဆွမ်းချက်ရအောင်ဟေ့၊ အဏုမြူရေ. . . . ရေခပ်ရအောင်ဟေ့. . . . "ဟူ၍သာ အစဉ်သဖြင့် နောက်ပြောင်နေ လေတော့သတည်း. . . ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၆)

## ထိမောင်မောင်

မောင်မောင်သည် ညနေ(၃) နာရီထိုးသည်နှင့် တစ်ပြိုင်နက် ...င်းအား ကန်တော့ကာ မော်တော်ကားလမ်းသို့ သွားရလေ၏။ ကား လမ်းသို့ရောက်လျှင် ကားကြိုကိုတားပြီး မင်းဘူးသို့ သွားရလေ၏။ မင်းဘူးသို့ရောက်လျှင် သဘောက်ကိုယ်စားလှယ်ကြီး၏ အိမ်သို့ သွားရ လေ၏။ သဘောက်ကိုယ်စားလှယ်ကြီး၏အိမ်က ၎င်းအား ညနေစာ ကျွေး၏။ ည(၇)နာရီထိုးလျှင် ၎င်းတို့အား စာပြမည့် ဆရာ ရောက်လာ ၏။ မောင်မောင်သည် ကောင်းစွာကြိုးစား၏။ သဘောက်ကိုယ်စားလှယ် ကြီး၏ သားများမှာ ကြိုးစားခြင်းမရှိကြ။ ဤသို့နှင့်ပင် ၁၀ တန်း ဖြေမည့် အချိန်သို့ ရောက်လာလေတော့၏။ ၁၀ တန်းဖြေရန်လည်း မင်းဘူး အစစ်ဌာနတွင် လျှောက်ထားစာရင်းသွင်းခဲ့လေ၏။ ထိုအချိန် အဆော အတွင်း၌ ညီမျှောအား အိပ်မက်မြင်မက်ခဲ့ခြင်း မရှိခဲ့ပေ။

စာမေးပွဲဖြေချိန်သို့ ရောက်သောအခါ၌ မောင်မောင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာဖြေနိုင်လေ၏။ မောင်မောင်၏ ခုံနံပါတ်မှာ (၃၆၉)ဖြစ်၏ စာမေးပွဲ ဖြေပြီးသောနေ့၌ မောင်မောင်သည် တစ်နှစ်လုံး(၁၀)တန်း စာများပြပေးခဲ့သော ဆရာအားသွား၍ ကန်တော့၏။ သဘော်တိုင် စားလှယ်ကြီး ဇနီးမောင်နှံကိုလည်း ကန်တော့ခဲ့၏။ သဘော်ကိုယ်စား လှယ်ကြီး၏ဇနီးက မောင်မောင့်အား -

"ဘုန်းကြီးလို့ သက်ရှည်ပါစေတော်" ဟုဆိုကာ ငွေ (၅) ကျပ် မုန့်ဖိုးပေးလေ၏။ မောင်မောင်လည်း ကားကြုံဖြင့် စကုသို့ လိုက်ပါခဲ့၏ ကျောင်းသို့ရောက်လျှင် ဦးဇင်းတာတီးက -

"ဘယ်လိုလဲကွ၊ ဖြေနိုင်ရဲ့လား. . . ."ဟု မေးလေ၏ မောင်မောင်က ဖြေနိုင်ကြောင်းကို ပြောပြလျှင် ဦးဇင်းတာတီးသည် လွန်စွာဝမ်းမြောက်၏။

မောင်မောင်သည် ကျောင်းရှေ့ရှိ ကျောက်တုံးကလေး တွင် အေးချမ်းစွာထိုင်နေ၏။ ထိုသို့ထိုင်နေစဉ် တစ်စုံတစ်ယောက်သည် သူ၏နောက်မှ ရောက်လာပြီးလျှင် သူ၏မျက်လုံးကို လက်နှင့် ပိတ် လိုက်၏။ လက်မှာ ပျော့ပျောင်းနူးညံ့၍ လှဖေ မဟုတ်ကြောင်း သိရ ထို့ကြောင့် မောင်မောင်က -

"ညိုချောပါဟယ်. . . . ငါ့မှာ ဒီလိုရင်းရင်းနှီးနှီးကျီစား သူငယ်ချင်းဆိုလို့ လှဖေနဲ့နင်ပဲရှိတဲ့ဥစ္စာ လှဖေမဟုတ်ရင် နင်ပေါ့. . . ဟု ပြောလိုက်လျှင် ညိုချောသည် ခစ်ခနဲရယ်ပြီးလျှင် မောင်မောင့်ရှေ့ ထွက်လာလေ၏။ ညိုချောသည် လွန်စွာလှနေ၏။ မောင်မောင် ငေးစိုက်ကြည့်နေ၏။

"ဘာကြည့်နေတာလဲ မောင်မောင်၊ နင် စာမေးပွဲဖြေနိုင်ရဲ့ မဟုတ်လား. . ."ဟု ညိုချောက မေးလေ၏။

"ဖြေနိုင်ပါတယ်၊ အင်္ဂလိပ်စာနဲ့ သင်္ချာဆိုရင် ဂုဏ်ထူးတော့ ရလိမ့်မယ်ထင်တယ်. . . ."ဟု မောင်မောင်က ပြောလေ၏။





"(၁၀) တန်းအောင်ရင်တော့ ယူနီဗာစီတီ ဆက်တက်ပေါ့ ဟယ်. . . ."ဟု ညိုချောက ခပ်လွယ်လွယ်ပင် ပြောလိုက်၏။

"ငါ့အခြေအနေက အဲဒီလိုဆက်ပြီးတက်ဖို့ မဖြစ်နိုင်ပါဘူး ဟယ်. . . ."ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက -

"နင်ကလည်း အလကားနေရင်း စိတ်အားငယ်နေတာပဲကိုး တစ်ယောက်လုံးရှိပါတယ်ဟယ်. . . . ဘာပူစရာလိုလို့လဲ. . ."ဟု ပြောလေ၏။

"ဒီလိုဆိုရင်လည်း ပြီးရောပေါ့ ညိုချောရယ်. . . . နင် ကူညီရင် တော့ ဖြစ်နိုင်ပါတယ်. . . ."ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက -

"အိုကေ. . ."ဟု ပြောလေ၏။

ထိုအချိန်၌မှာပင် တစ်ဖက်ကျောင်းမှ အရုဏ်တက် တုံးခေါက် ကြားရသဖြင့် မောင်မောင်သည် အိပ်ရာမှ ကမန်းကတန်း ထရလေ ဆွမ်းချက်ဆောင်သို့ ပြေးရလေ၏။ ဆွမ်းချက်ဆောင်သို့ ရောက်လျှင် ဖေက-

"ကဲ. . . ကိုယ့်လူရေ အေးအေးဆေးဆေးလုပ်ပါ. . . အားလုံး ပြီ. . . နေစမ်းပါဦး အကျော်မြူရ. . . ဘယ်လိုဖြစ်တာတုန်း. . . တာလည်း အိပ်မက်မက်ရင်လည်း ယောင်တော့တာဘဲ. . . . င်ရင်လည်း ညိုချောချည်းပဲယောင်တာ. . . . ဘယ်က ညိုချော . . . . ငါ့လည်းပြောပါဦး. . . ."ဟု ပြောလေ၏။

"ငါ အဲဒီလို ယောင်သလား. . . ."ဟု မောင်မောင်က ပြန်၍ ကိုက်ရာ -

"ယောင်တယ် ကိုယ့်လူ ယောင်တယ်. . အဲဒီလိုကို ယောင် . . ."ဟု လှဖေက ပြောလိုက်၏။ ထိုအခါ မောင်မောင်က -

"ညိုချောဆိုတာ ငါ့သူငယ်ချင်းကွ. . . . သူငယ်ချင်းဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူငယ်တန်းတုန်းက သူငယ်ချင်းပါ. . . . သူက ငါ့ကို ဒ်ပေါ်…
ထမင်းကျွေးတာ. . . . သူကျွေးမှ ငါလည်းစားဖူးတာ”ဟု ပြောလိုက်လျှ…
လှဖေက -

“ဒီလိုဆိုရင်လည်း ဒ်ပေါက်လို့ ယောင်ပေါ့ကွာ. . . ညိုချော…
ယောင်စရာအကြောင်း မရှိပါဘူး. . . . နေစမ်းပါဦး၊ အဲဒီညိုချောဆို…
အခုဘယ်မှာတုန်း. . . .”ဟု လှဖေက မေးလေ၏။

“ သူငယ်ချင်းရယ်. . . . အမှန်အတိုင်းပြောရရင် အဲ…
သူငယ်တန်းကတည်းက ကွဲသွားကြတာပါပဲ. . . . နောက်လည်း မတွေ့…
တော့ပါဘူး. . . . ဘယ်ရောက်နေမှန်းလည်း မပြောနိုင်ပါဘူးကွာ. . .”
ဟု မောင်မောင်က ပြန်၍ပြောလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ…
စကုမြို့အဝင်ရှိ “ထီးကြီး”ဆိုသော စေတီတော်ကြီး၏ ဘုရားပွဲတွင်…
လေ၏။ ဘုရားပွဲမှာ လွန်စွာစည်ကားလေ၏။ ရွှေကျီးညို၊ စိန်တိုး…
ဇာတ်သွင်း၏။ ကတ္တရာကားလမ်း၏ ဟိုဘက် ဒီဘက်တွင် ဈေးဆိုင်…
များ စေ့နေအောင် ထိုးထား၏။ အနယ်နယ် အရပ်ရပ်မှ ဈေးသည်…
လာရောက်ရောင်းချကြ၏။ ထိုပွဲတော်တွင် စက္ကောမဆရာငွေ၏ မ…
လှည့်ရုံလည်းရှိ၏။ ပြန်ကြားရေးဌာနမှ ပြသသော ရုပ်ရှင်ပိတ်ကား…
လည်းရှိ၏။ ခတ်ဘူးများ၊ တိုင်ကပ်နာရီများ၊ သွားတိုက်ဆေးဘူး…
မဲဖောက်ပေးသော မဲရုံများလည်း ရှိ၏။ မောင်မောင်သည် ပွဲဈေး…
ကိုဖြတ်၍ စကုမြို့တွင်းရှိ အိမ်တစ်အိမ်သို့ သွားရ၏။ ဦးဇင်းစေ…
လိုက်သော ကိစ္စဖြစ်သဖြင့် ခပ်သုတ်သုတ်ပင်သွား၏။ ကိစ္စပြီး…
ပြန်လာသောအခါ၌ အသွားတုန်းကကဲ့သို့ သွက်သွက်လက်လက် မ…
တော့၊ ဈေးတန်းကို ငေးမောကြည့်ရှု၍ သွားလေ၏။ မဲနှိုက်သောရုံ…
ရှေ့သို့ရောက်သောအခါ၌ မဲရုံမှ ပြောင်စပ်စပ်လူတစ်ဦးက -

“ပိုက်ဆံတစ်မတ်နဲ့ တိုင်ကပ်နာရီကြီးလည်းရမယ်. . .





…ထည့်ဖို့ ခတ်ဘူးကြီးလည်းရမယ်. . . သွားတွေမည်းနေရင်
…ဖို့ ကိုးလ်ဂိတ်သွားတိုက်ဆေးဘူးလည်းရမယ်. . .”ဟု အော်ဟစ်နေ
…ဖြင့် မောင်မောင်လည်း ဦးဇင်းတာတီးထံမှ ရထားသော ပိုက်ဆံ
…မတ်ကို နှိုက်၍ မဲတစ်စောင်ဝယ်လိုက်လေ၏။ များမကြာမီ၌ မဲရုံမှ
…မဲများကို ကြေညာရာ မောင်မောင်သည် အောင်ဘာလေသိန်းဆု
…မှတ်တစ်စောင်ပေါက်လေ၏။ ထိုအခါ မဲရုံမှ ပြောင်စပ်စပ်လူက

“ဟော မြင်ပြီမဟုတ်လား. . . . ပိုက်ဆံတစ်မတ်နဲ့ တစ်သိန်း
…ပစ္စည်း ရသွားပြီ. . . .”ဟု ပြောလေ၏။

လူများသည် မောင်မောင့်ကို ဝိုင်း၍ကြည့်ကြသဖြင့်
…ောင်မောင်လည်း ရှက်ကိုးရှက်ကန်းဖြင့် ငင်းနေရာမှ ထွက်ခွာလေ
…၏။ ကျောင်းသို့ ရောက်လျှင် လှဖေက -

“ ကြာလှချည်လား. . . အဏ္ဏုမြူရဲ့”ဟု မေးလေ၏။

“မဲဖောက်တဲ့နေရာမှာ မဲဝင်နှိုက်နေတာကွ. . . . ထီလက်မှတ်
…စောင်ပေါက်ခဲ့တယ်. . .”ဟု ပြောလျှင် လှဖေက-

“အရင်က မင်းဒီလို မဟုတ်ပါဘူးကွာ၊ မင်းမှာ လိုချင် မျက်စေ့
…ဘူး. . . . အခုတစ်လော ငါ မင်းကို ကြည့်နေတာ မင်းမှာ လောဘ
…ကို တွေ့နေရတယ်၊ ဘာဖြစ်လို့ လိုချင်ရတာလဲ” ဟု မေးလေ၏။

“လောဘကြီးတာမဟုတ်ပါဘူး သူငယ်ချင်းရာ. . . . တကယ်
…၁၀ တန်းအောင်သွားရင် ငါကျောင်းဆက်တက်ဖို့ ပိုက်ဆံလိုတယ်
…ကွာ၊ အဲဒီအတွက် ငါစိတ်ပူနေတာ. . .”ဟု မောင်မောင်က ပြော
…လေ၏။

“ဒီအတွက်မပူပါနဲ့ကွာ. . . . အရင်တစ်ခါ ငါ ဒီကနေ ထွက်
…တုန်းက ဖောက်ထွင်းသမားတွေနဲ့အတူနေခဲ့တာကွ. . . . သူတို့ရဲ့
…လိုက်အဖြစ်နဲ့တောင် နေခဲ့သေးတယ်. . . . လိုအပ်ရင် ပိုက်ဆံ
…တဲ့အိမ်တက်ပြီး ဖောက်ပေးပါ့မယ်ကွာ. . .” ဟု လှဖေက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါလက်ပါ ပြောလေ၏။

"ကျောင်းမတက်ရရင်လည်း နေပါစေ လှဖေရာ အဲဒီလို... မလုပ်ပါနဲ့ အဲဒီလိုနည်းနဲ့ရတဲ့ငွေနဲ့လည်း ငါ့ကို မထောက်ပံ့ပါနဲ့ မယူရက်ပါဘူး"ဟု မောင်မောင်က ပျာပျာသလဲတန့်ကွက်ရလေတော့...

ဦးဇင်းတာတီးသည် ထိုနေ့ညက မောင်မောင်နှင့်လှဖေ... အနီးသို့ခေါ်၍ ဆုံးမစကားများ ပြောလေ၏။ ထိုသို့ပြောရင်း...

"မောင်မောင်နဲ့လှဖေ. . . မင်းတို့နှစ်ယောက် တစ်ဦးကို... ခင်မင်ကြတဲ့သူငယ်ချင်းတွေအဖြစ် ဦးဇင်းတွေ့ရတာ သိပ်ပြီး... မြောက်တယ်၊ တစ်သက်လုံး အဲဒီလို ခင်သွားကြပေါ့ကွာ၊ စိန်တို့ ရွှေ... ပိုက်ဆံရှိရင် သွားပြီးဝယ်လို့ရတယ်၊ သူငယ်ချင်းဆိုတဲ့အရာက ဝယ်... လို့ရတာမဟုတ်ဘူးကြားလား၊ မင်းတို့ကို ပြောရဦးမယ်. . . ... ရှေးတုန်းက ဂျပန်ပြည်မှာ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်တဲ့ သူ... ချင်းနှစ်ယောက်ရှိသတဲ့၊ တစ်ယောက်သောသူငယ်ချင်းက စောင်း... အလွန်ကောင်းတယ်ဆိုဘဲ၊တစ်ယောက်ကတော့ ဘာမှမတီးတယ်... နားထောင်ရုံသက်သက်ပဲ၊ စောင်းတီးတဲ့ သူငယ်ချင်းက... အကြောင်း ဖွဲ့ဆိုတဲ့သီချင်းကို တီးတဲ့အခါ နားထောင်တဲ့ သူငယ်ချင်း... မျက်စေ့လေးမှိတ်ပြီး နားထောင်ရင်း "သူငယ်ချင်းရေ မင်းတ... ဘယ်လောက်ကောင်းသလဲတော့မပြောတတ်ဘူး. . . ငါမျက်စိထဲ... ညို့ညို့မှိုင်းမှိုင်းတောင်ကြီးကိုမြင်နေရပြီ. . . "လို့ ပြောလေ့ရှိ... အဲဒီလိုပဲ စောင်းတီးတဲ့သူငယ်ချင်းက စမ်းရေကျတဲ့သီချင်းကို ...အခါမှာ နားထောင်တဲ့သူငယ်ချင်းက မျက်စေ့လေးမှိတ်ထားပြီး "သူ... ချင်းရေ ငါ့နားထဲမှာ ရေကျသံတွေကြားနေရပြီ"လို့ ပြောလေ့ရှိ... အဲဒီလိုနဲ့ နေလာလိုက်ကြတာ အသက်တွေကြီးလာကြတယ်... တော့ကွယ်. . . နားထောင်တဲ့သူငယ်ချင်းက အရင်သေသွား... အဲဒီလိုသေသွားတယ်လို့လည်းသိရော စောင်းတီးတဲ့သူငယ်ချ...





...ယူပြီး သူ့စောင်းကြိုးတွေကို တစ်ခါထဲ ဖြတ်ချပစ်လိုက်တာ. . . ...အချိန်က စပြီး သူတို့နှစ်ယောက်ကို နမူနာယူပြီးတော့ တစ်ဦးနဲ့ ...ဦး ရင်းနှီးရမယ့် အခမ်းအနားတွေ မိတ်ဆွေဖွဲ့ရတဲ့ အခမ်းအနား ...မှာ ကြိုးကိုတန်းပြီး ကပ်ကျေးနဲ့ဖြတ်ကြတဲ့ ဓလေ့ဟာ ပေါ်လာတာ ...ယ်. . . . "ဟု ပြောပြလေ၏။ထို့နောက် အသီးသီး အိပ်ယာသို့ ဝင်ကြ ...၏။ မောင်မောင်သည် ကျောင်းရှေ့ရှိ ကျောက်တုံးကလေးတစ်တုံး ...တွင် အေးချမ်းစွာထိုင်၍နေ၏။ များမကြာမီ၌ ညိုချောသည် ...ဖြူပန်းလေးတစ်ပွင့်ကို ကိုင်၍ အနီးသို့ ရောက်လာ၏။ ထို့နောက် ...င်မောင့်လက်သို့ ကြာဖြူပန်း ကလေးကို ကမ်း၍ပေးလိုက်၏။ ...ာင်မောင်သည် ညိုချောကို ငေးကြည့် နေရင်း -

"နှင့်အကြောင်းကို လှဖေကမေးလို့ ပြောပြရသေးတယ်၊ နင်နဲ့ ...သူငယ်ချင်းဆိုတာလေ. . . . "ဟု မောင်မောင်က ပြောလိုက်လျှင် ...ချော က သွားတက်ကလေးပေါ်အောင် ပြုံးပြရင်း -

"ဒီမှာမောင်မောင် နင်ဟာငါ့ရဲ့သူငယ်ချင်းပါပဲ. . . . သူငယ် ...ဆိုတာနဲ့ပတ်သက်လို့ ငါ့ရဲ့သဘောထားကို ပြောပြမယ်၊ ငါကဒီမှာ ...တယ်. . . ငါ့ရဲ့သူငယ်ချင်း နင်ပဲဆိုပါတော့ဟယ်. . . အဲဒီ ...ယ်ချင်းက ကမ္ဘာရဲ့တစ်ခြားဖက်အခြမ်းမှာ ရှိတဲ့ ချိုင့်ဝှမ်းထဲကနေ ...ယ်ချင်းညိုချောရေ"လို့ အသံပြုလိုက် စမ်းပါ. . . . ဘယ်လောက်ပဲ ...ဝေး အသံဟာ ဘယ်လောက်ပဲ တိုးတိုး အဲဒီသူငယ်ချင်းခေါ်သံကို ...ကြားရမှာပါ. . . . ဘာဖြစ်လို့လဲသိလား. . . . ငါက နားနဲ့နား ...ောင်မှာ မဟုတ်ဘူးလေ. . . နှလုံးသားနဲ့နားထောင်မှာ မဟုတ်လား၊ ...တော့ ကြားကို ကြားရမယ်. . . . ကြားတာနဲ့တစ်ပြိုင်နက် ငါဘာမှ ...မှာမဟုတ်ဘူး. . . . သူငယ်ချင်းဆီကို အရောက်သွားမှာ. . . ...ချင်းကို အရောက်သွားမှာ၊ ဘယ်လိုသွားမလဲမမေးနဲ့. . . နှလုံးသား ...ကို စီးပြီးသွားမှာ. . . . ရောက်သွားတာနဲ့ "အဲဒီသူငယ်ချင်းကို




www.burmeseclassic.com

www.burmeseclassic.com



"ငါဘာလုပ်ပေးရမလဲ. . . ငါဘာကူညီရမလဲ. . .  အခုချက်
ပြောလိုက်စမ်းပါ. . . . အားလုံးဖြစ်အောင် ငါလုပ်ပေးမယ်"လို့
တကယ်လို့များ ငါ့သူငယ်ချင်းက ငါတစ်ယောက်ထဲ မတတ်နိုင်
ဟောဒီအလုပ် ဝိုင်းကူပြီး လုပ်ပေး ပါလို့ ပြောခဲ့ရင် ငါ့ရဲ့လက်နှစ်
လက်မောင်းက ဖြုတ်ပြီး "နင်သုံးပေတော့. . . . နင်ပြီးမှ ပြန်ပေး"
လက်နှစ်ဖက်ကို ငှားထားလိုက်မယ်. . . . တကယ်လို့များ ငါ့သူငယ်
က ဟောဒီ အရာတွေကိုကြည့်ဖို့ သူ့မျက်လုံးနှစ်လုံးနဲ့ မလုံလောက်
ကူပါဦးလို့ ပြောရင် ငါ့ရဲ့မျက်လုံးနှစ်လုံးကိုဖြုတ်ပြီး သူကြည့်ဖို့
ထားလိုက်မယ်. . . အဲဒါအခု ငါပြောတာဟာ သူငယ်ချင်းဆိုတဲ့
ပေါ်မှာ ငါထားတဲ့သဘောထားပဲ. . . . အဲဒီတော့ နင်ဟာငါ့ရဲ့ သူ
ချင်းဆိုတော့ နင့်အပေါ်မှာထားတဲ့သဘောထားလို့လည်း ယူ
တယ်. . . အဲဒီအကြောင်းအရာကလေးကို ငါကဗျာ ရေးထားတယ်
အခုတော့ သိမ်းထားရဦးမယ်. . . . တစ်နေ့နေ့တစ်ချိန်ခို
နှလုံးသားက ဖူးပွင့်လာမယ့် ကြာဖြူပန်းကလေးကို တင်စားမယ့်နာ
ဥပမာဟာယ်. . . "မနောကြာဖြူ"ပေါ့. . . အဲဒီနာမည်နဲ့ မဂ္ဂဇင်း
စောင်ထွက်လာရင်တော့ အဲဒီမဂ္ဂဇင်းကို ငါ့ရဲ့ "သူငယ်ချင်း"
ကဗျာကလေး ပို့လိုက်မယ်. . . . "ဟု ညိုချောက ပြောလိုက်
တစ်ဖက်ကျောင်းမှ တုံးခေါက်သံကြားသဖြင့် မောင်မောင်လည်း အိ
မှ ကဗျာကယာ ထရလေတော့သတည်း. . . . .။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

## အံ့နာမောင်မောင်

တစ်နေ့တွင် လှဖေအား ဦးဇင်းတာတီးကစကုမြို့တွင်းသို့ ကိစ္စတစ်ခုဖြင့် စေခိုင်းလိုက်ရာ လှဖေလည်း သွားရောက်ခဲ့လေ၏။ ဦးဇင်းခိုင်းလိုက်သောကိစ္စမှာ အလှူကိစ္စအတွက် ဒကာတစ်ဦး၏ အိမ်သို့ စာတစ်စောင်ပို့ခိုင်းခြင်းဖြစ်၏။ လှဖေသည် သွားစဉ်က ခြေလျင်သွားခဲ့သော်လည်း ပြန်သောအခါ၌ ဆိုက္ကားစီး၍ ပြန်လာ၏။ ကျောင်းရှေ့သို့ရောက်သည်နှင့် တစ်ပြိုင်နက် အော်ဟစ်၍ ကျောင်းပေါ်သို့ ပြေးတက်လာ၏။

"ဟော့ မောင်မောင် မင်းထီပေါက်ပြီကွ. . . . ထီပေါက်ပြီ. . . ဟောဒီမှာထီပေါက်စဉ်. . . ငါဝယ်လာခဲ့တယ်. . . ဟောဒီမှာ မင်းလက်မှတ်နံပါတ်. . . . "ဟု ထီပေါက်စဉ်ကို ကိုင်၍ပြလေ၏။

လှဖေသည် မောင်မောင်၏ ထီလက်မှတ်ကို တစ်ခါက မြင်တွေ့ခဲ့ဖူးသည်ဖြစ်ရာ နံပါတ်ကိုပါ အလွတ်ကျက်ထားပြီးဖြစ် ရကား ထီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှ ထီပေါက်စဉ်ကို ဝယ်၍ကြည့်မိသည်နှင့် တစ်ပြိုင်နက် သိန်း
ပေါက်နေကြောင်း သိရလေ၏။ ထို့ကြောင့် ကျောင်းသို့ ခြေလျင်မပြန်
ဆိုက္ကားစီး၍ ပြန်လာခဲ့ခြင်းဖြစ်၏။

ထိုအခါကျမှ မောင်မောင်လည်း သိမ်းထားသော ထီလက်မှတ်
ကို ထုတ်၍တိုက်ကြည့်ရာ အမှန်တကယ်ပင် သိန်းထီပေါက်နေကြောင်း
သိရ၍ ပြောမပြနိုင်လောက်အောင် ဝမ်းသာသွားလေ၏။

သူငယ်ချင်းနှစ်ဦးတို့သည် တစ်ဦးကိုတစ်ဦးဖက်၍ ခုန်နေ
လေ၏။ ထို့ကြောင့် ဦးဇင်းတာတီးက အခန်းတွင်းမှ ထွက်လာပြီး

"ဟေ့ကောင်နှစ်ကောင် ဘာဖြစ်နေကြတာတုံး. . . . "
မေးရာ လှဖေက -

"မောင်မောင် မဲပေါက်ခဲ့တဲ့ ထီလက်မှတ်က သိန်းဆုပေါက်
ပြီဘုရား. . . . "ဟု အားရဝမ်းသာ လျှောက်ထားလိုက်လေ၏။ ထို
ဦးဇင်းတာတီးက -

"ဟေ. . . . တယ်ကံချွန်တဲ့ကောင်ပါလား မက်ထရစ်လည်း
အောင်ပြီ ဆိုတော့ ကောလိပ်တက်နိုင် ပြီပေါ့ကွာ. . . မင်း
ပညာတတ်ဖြစ်ဖို့ ကံကိုပါတယ်ကွ၊ အတိတ်ကံတွေ၊ အတိတ်ကံတွေ
ရေရွတ်လေ၏။

ထိုနေ့နံနက်အဖို့ သူငယ်ချင်းနှစ်ယောက်တို့သည် ဝမ်းသာ
လုံးဆို့သဖြင့် နံနက်စာကိုပင် ကောင်းစွာမစားနိုင်ကြချေ။

မောင်မောင်နှင့်လှဖေတို့သည် အိပ်ရာထဲသို့ ရောက်သည်
တိုင်အောင် ထီပေါက်ခြင်းကိစ္စကို တတွတ်တွတ်ပြောဆိုနေခဲ့ကြ
၏။ အတော်ညဉ့်နက်မှ အိပ်ပျော်သွားကြလေ၏။

မောင်မောင်သည် ကျောင်းရှေ့မန်ကျည်းပင်ကြီးအောက်
ကျောက်တုံးပေါ်တွင် ထိုင်နေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည်
၎င်း၏ပုခုံးကိုလာ၍ပုတ်သဖြင့် လှည့်ကြည့်လိုက်ရာ ညိုချောဖြစ်





ကြောင်း တွေ့ရလေ၏။

"ကဲ. . . မောင်မောင် ၁၀ တန်းလည်း အောင်ပြီ. . . သိန်းထီ
လည်း ပေါက်ပြီ. . . . တက္ကသိုလ်ဆက်တက်လို့ ရပါပြီ၊ အဲဒီငွေတစ်သိန်း
ကို နင်ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ. . . "ဟု ညိုချောက မေးလိုက်ရာ
မောင်မောင်က -

"၁၀ တန်းအောင်ပြီဆိုတော့လည်း ကျောင်းဆက်တက်ရမှာပေါ့၊
ငွေတစ်သိန်းကို ဘယ်လိုလုပ်ရမလဲဆိုတော့ ဦးဇင်းကို တစ်သောင်း
လှူမယ်. . . လှဖေအစ်မကလည်း ကျေးဇူးရှိတော့ သူ့ကို တစ်သောင်း
ပေးမယ်. . . . အဲဒီတော့ ရှစ်သောင်းကျန်မယ်၊ အဲဒီရှစ်သောင်း
ကိုတစ်ဝက်ခွဲပြီး လှဖေကိုပေးမယ်၊ ကျန်တဲ့ လေးသောင်းနဲ့ ငါကျောင်း
ဆက်ပြီးတက်မယ်. . . "ဟု ပြောလိုက်လျှင် ညိုချောက -

"အဲလို လုပ်လို့ မဖြစ်ဘူး. . . ငွေတစ်သိန်းရရင် ဦးဇင်းကို
တစ်သောင်းလှူတာကတော့ ဟုတ်ပါပြီ. . . လှဖေအစ်မကိုတော့
တစ်သောင်းမပေးနဲ့၊ သူ့ယောကျ်ားက ဖဲသမား၊ နှစ်ရက်ထဲနဲ့ ကုန်သွား
မယ်၊ ဘာမှ အကျိုးမရှိဘူး. . . အဲဒီတော့ တစ်ပြားမှကို မပေးနဲ့၊ လှဖေ
အစ်မမပြရင်ကို ကျေးဇူးဆပ်ဖို့ အချိန်ရောက်လာဦးမှာ. . . . အဲဒီ
တော့မှ ဆပ်၊ အခုမပေးနဲ့၊ အကောင်းဆုံးကတော့ လှဖေကိုလည်း
ခွဲမပေးနဲ့၊ ကျောင်းတက်ရင်လည်း ရန်ကုန်မှာပဲတက်၊ လှဖေကိုပါ
ရန်ကုန်ခေါ်သွား၊ ခွဲလိုက်ရင် ငွေအားနည်းသွား မယ်၊ မခွဲဘဲနဲ့ လှဖေကို
အလုပ်လုပ်ခိုင်း. . . နင်က ကျောင်းပြီး အောင်တက်. . . တာမွေဘက်
လောက်မှာ ဈေးချိုချိုနဲ့ အိမ်ကလေးတစ်လုံးလောက်ရအောင်ဝယ်၊ ပိုတဲ့
ပိုက်ဆံနဲ့ အလုပ်လုပ်. . . . "ဟု ပြောလေ၏။

"ညိုချောရယ်. . . လှဖေကကော ဘာထူးလို့လဲ. . . ဒီကောင်
လည်း ဖဲသမားပဲဥစ္စာ. . . အကုန်လုံး ဖဲရိုက်လို့ ကုန်သွားပါဦးမယ်. . . "
ဟု မောင်မောင်က ပြောလိုက်ရာ ညိုချောက -



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မောင်မောင်ရဲ့. . . . လှဖေက ဖဲသမားဆိုပေမယ့် ရိုးရိုး ဖဲသမားမဟုတ်ဘူး. . . ဉာဏ်သမား. . . အဲဒီတော့ အမြဲတမ်းဖဲကစား လို့ မရပါဘူး. . . . ပြီးတော့လည်း လှဖေက နင် ဒုက္ခရောက်အောင် တော့ မလုပ်ဘူး နင့်အပေါ် အတော်ကောင်းတဲ့ သူငယ်ချင်းပဲ. . . . ငါပြောသလို လုပ်ပါ. . . . နင်တို့နှစ်ယောက် ငွေထုတ်ဖို့ဆိုပြီး ရန်ကုန်ကို ဆင်းသွားကြ၊ ရန်ကုန်ရောက်တဲ့အခါမှာ ငါပြောတဲ့နေရာမှာ အိမ်တစ် လုံးဝယ်၊ သုံးလေးထောင်လောက်ပဲပေးရမှာ. . . . ဦးဇင်းကို ကန်တော့ဖို့ လည်း လာပြီးကန်တော့မနေနဲ့. . . . စာတိုက်ကနေပြီးသာ ကန်တော့ လိုက်"ဟု ပြောလေ၏။

"ဟုတ်ပါပြီ ညိုချောရယ်. . . . ငွေတစ်သိန်း သွားထုတ်. . . . နင်ပြောတဲ့အတိုင်း တာမွေဘက်မှာ သုံးလေးထောင်တန်လောက် အိမ်ကလေးတစ်လုံးဝယ်၊ ပြီးတော့ လှဖေနဲ့အတူနေ၊ ပြီးတော့ လှဖေနဲ့ ငါက ဘာလုပ်ခိုင်းရမှာတုံး. . . "ဟု မောင်မောင်က ပြန်၍ မေးလိုက်ရာ ညိုချောက -

"ရန်ကုန်မှာ ဘတ်စ်ကားလိုင်းတွေ ရှိတယ်ဟဲ့၊ အဲဒီကားလိုင်း တွေထဲက သယ်န်းကျွန်းကားလိုင်းက ကားနှစ်စီးလောက် ဝယ်ပြီး ထောင်ထား. . . . အဲဒီကားလိုင်းက အသင်းရှိတယ်ဟဲ့. . . နေ့စဉ်ရတဲ့ ငွေတွေကို စာရင်းနဲ့ အဲဒီအသင်းကို အပ်ရတယ်. . . . ဒရိုင်ဘာ စပါယ်ယာခ၊ ဓာတ်ဆီဖိုး၊ ကားပြင်ခ နှုတ်ပြီး ဝေပုံကျ ပြန်ပြီးဝေပေးတာ အဲဒီအလုပ်ကို အသေးစိပ်တော့ ငါမပြောတတ်ဘူး. . . . နင်တို့ လုပ်ကြည့်ရင် သိမှာပေါ့. . . . စပြီးထောင် ထောင်ချင်း ကားနှစ်စီး လောက်ထောင်မှ ကောင်းမှာ၊ ပြီးတော့ တွက်ချေကိုက်တော့လည်း ကားတွေ တိုးလာမှာပေါ့ဟယ်၊ လှဖေဟာ လူညံ့မဟုတ်ပါဘူး၊ တကယ် အလုပ်လုပ်ရင် ကြီးပွားနိုင်တဲ့ ဉာဏ်ရည်ဉာဏ်သွေး သူ့မှာရှိပါတယ်" ဟု ပြောလေ၏။





ထိုအချိန်၌မှာပင် အနီးရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ တုံးမောင်းခေါက်သံကြားသဖြင့် မောင်မောင်လည်း အိပ်ယာမှ နိုးခဲ့ရ လေ၏။ ထို့နောက် ယာဂုကျိုရန် ဆွမ်းချက်ရုံသို့ ပြေးခဲ့ရလေ၏။ မောင်မောင်သည် ဆန်အိုးကိုဖွင့်၍ ဆန်ခပ်မည်အပြု၌ လှဖေက -

"ဟော့ကောင် လုပ်မနေနဲ့. . . . အားလုံးကျက်ပြီ. . . . ဒါနဲ့နေ စမ်းပါဦး. . . . ငွေတစ်သိန်းပိုင်တဲ့ သူဌေးလေးတော့ဖြစ်ပြီ မောင်မောင်၊ အဲဒီ ငွေတစ်သိန်းနဲ့ ဘာလုပ်ရမတုံး၊ ငါ့ကိုပြောစမ်း" ဟု မေးလေ၏။ ထိုအခါ မောင်မောင်က -

"ငွေတစ်သိန်း လက်ထဲရောက်ရင်ကွာ. . . . ဦးဇင်းကို တစ် သောင်းလှူမယ်၊ မင်းအစ်မကို တစ်သောင်းပေးမယ်၊ကျန်တဲ့ ရှစ်သောင်း ကို မင်းနဲ့ငါ ခွဲယူပြီး ကျောင်းတက်မယ်. . "ဟု ပြောလိုက်လေ၏။ ထိုအခါ လှဖေက -

"အဲဒီငွေကို ရန်ကုန်မှာဆင်းပြီး ထုတ်ရမှာကွ. . . . မင်းနဲ့ ငါ သွားပြီးထုတ်မယ်. . . . ဦးဇင်းကိုလှူမယ့် ငွေတစ်သောင်းကို လည်း ဒီကို ပြန်မလာတော့ဘူးကွာ၊ စာတိုက်ကနေပဲ လှူလိုက်မယ်၊ အစ်မကို လည်း မပေးနဲ့ကွ၊ သူ့ယောကျ်ားက ဖဲသမားကွ၊ မင်းပိုက်ဆံ တစ်သောင်း ကို တစ်နာရီထဲနဲ့ ကုန်အောင် ရိုက်ပစ်လိုက်မှာ. . . "ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က -

"မင်းရော ဘာထူးသေးလဲကွာ. မင်းလည်း ဖဲသမားပဲ ဥစ္စာ" ဟု ပြောလိုက်လျှင် လှဖေက -

"ဒီလိုရှိတယ်ကွ. ငါ့အစ်မယောကျ်ားက ရိုးရိုးဝါသနာပါလို့ ရိုက်တဲ့ဖဲသမားကွ. . . . ငါက ဒီလိုမဟုတ်ဘူး. . . . ငါက 'ကျား' လို့ ခေါ်တယ်ကွ၊ လိမ်ပြီးရိုက်တဲ့လူ. . . . ငါတို့လိုလူမျိုးက ဝိုင်းတွေ တိုင်း ကစားလို့မရဘူး၊ တစ်ခါတလေ တစ်နှစ်လုံးနေလို့ တစ်ဝိုင်း တွေ့တာမဟုတ်ဘူး၊ ပြီးတော့လည်း မင်းကို ငါကတိပေးပါတယ်ကွ. . .



www.burmeseclassic.com

www.burmeseclassic.com



ငါမကစားပါဘူး. . . . မင်းကျောင်းပြီးတဲ့အထိ မင်းငွေကိုလည်း မပွန်းရ အောင် အလုပ်လုပ်ပေးပါ့မယ်. . . . ငါ့ကိုလည်း ခွဲမပေးပါနဲ့. . . . ” ဟု ပြောလေ၏။

“နေစမ်းပါဦး လှဖေရ. . . . မင်းက ဘာလုပ်ပေးမှာတုံး” ဟု မောင်မောင်က မေးပြန်၏။

“အသေးစိပ်ပြောမယ်ကွာ. . . . ငွေထုတ်ပြီးတာနဲ့ တာမွေ ဘက်မှာဖြစ်ဖြစ်၊ သယ်န်းကျွန်းဘက်မှာ ဖြစ်ဖြစ် သုံးလေးထောင် တန် အိမ်တစ်လုံးဝယ်မယ်ကွာ၊ တို့နှစ်ယောက်နေဖို့ပြီးတော့ သယ်န်းကျွန်း လိုင်းကားနှစ်စီးဝယ်ထားမယ်ကွာ၊ ကားထောင်ထားမယ်ပေါ့ ကွာ၊ အဲဒီ ကားလိုင်းမှာ ဝေပုံကျအသင်းရှိတယ်ကွ၊ စိတ်ချရတယ်၊ မင်းကတော့ ကျောင်းတက်ပေါ့ကွာ၊ မော်တော်ကားကိစ္စကိုတော့ ငါလုပ်မှာပေါ့” ဟု ပြောလိုက်လျှင် လှဖေပြောသောစကားများမှာ အိပ်မက်ထဲတွင် ညိုချော ပြောသွားသော စကားများနှင့် တစ်ထပ်တည်းတူနေသောကြောင့် မောင်မောင်လည်း ပါးစပ်အဟောင်းသား ဖြစ်၍ သွားလေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ၃ လခန့်ကြာသော အခါ၌ မောင်မောင်နှင့်လှဖေတို့သည် ဘောက်ထော်ဘက်တွင် အိမ်တစ် လုံးဝယ်ဖြစ်ကြလေ၏။ ထို့အတူ သယ်န်းကျွန်းလိုင်းမှ မော်တော်ကား နှစ်စီးကိုလည်း ဝယ်ဖြစ်လေ၏။ ကားပိုင်ရှင် အုံနာ၏ အမည်နေရာတွင် ကိုမောင်မောင်ဟု ဖြည့်သွင်းထားလေ၏။ မောင်မောင်မှာ အုံနာဖြစ်၍ လှဖေမှာ ၎င်း၏အလုပ်သမား အဖြစ်ဖြင့် ဘတ်စ်ကား အလုပ်ကို လုပ်ရ လေ၏။

ညအချိန်ရောက်၍ ဘတ်စ်ကားများ သိမ်းလာသော အခါ၌ စပါယ်ယာ၏လက်တွင် ကျန်သော လက်မှတ်များနှင့် ဝေဘယ်လ်ခေ လက်မှတ်စစ်ဆေး၍ လက်မှတ်ထိုးရန် ပြုလုပ်ထား သော သားရေ တပ် စာရင်းစာရွက်ကို လှဖေက စစ်ဆေး၍ ၎င်းနေ့အဖို့ ဝင်ငွေကို





တွက်ရ၏။ ဒရိုင်ဘာခ၊ စပါယ်ယာခနှင့် ဓာတ်ဆီဖိုးများကို နှုတ်ရ၏။ ကျန်ငွေကိုစာရင်း၌ဖြည့်၍ အသင်းတိုက်သို့ လှဖေက သွား၍အပ်ရ၏။

ကားပျက်သောနေ့များ၌ လှဖေသည် အိမ်တွင် မက္ကင်းနစ်ကို ခေါ်၍ ကားကို ပြင်စေ၏။ ထိုအခါမျိုး၌ ၎င်းကလည်း ကူညီပံ့ပိုး၍ လုပ်သည်ဖြစ်ရာ ပင်ကိုယ်ကပင် ဉာဏ်ထက်သောသူဖြစ်သောကြောင့် မော်တော်ကားပြင်ခြင်းအတတ်ကို တတ်ကျွမ်းသွားလေတော့၏။ ထို့ အတူ ကားလည်း ကျွမ်းကျင်စွာ မောင်းတတ်နေပြီဖြစ်ရာ ဒရိုင်ဘာ လိုင်စင်ပင် လုပ်ပြီးနေပြီဖြစ်၏။

ကားနှစ်စီးမှာ တစ်လှည့်စီ ပျက်နေသောကြောင့် လှဖေသည် နောင်အခါတွင် မက္ကင်းနစ်ကို မခေါ်တော့ဘဲ ၎င်းကိုယ်တိုင်ပင် ဂွများ ခွင်းများ ကိုင်၍ ပြင်ဆင်နေသည်ချည်းဖြစ်၏။ ၎င်းသည် ဆီချေးပေ သော အကျီကို အစဉ်သဖြင့် ဝတ်ထားသည်ကို တွေ့ရ၏။ လှဖေသည် ဆပ်လျက်အိမ်ကို ဝယ်၍ ထိုအိမ်ကို ဖျက်ချပစ်လိုက်ပြီးလျှင် တဲရုံကြီး တစ်လုံးထိုးကာ အခြားကားများကိုပင် လက်ခံ၍ ပြင်ပေးနေလေ တော့၏။ ထို့ကြောင့် သယ်န်းကျွန်းဘတ်စ်ကားလိုင်းတွင် လှဖေအား ဝပ်ရှော့ဆရာဟု သိကြကုန်၏။

သယ်န်းကျွန်းကားလိုင်းမှလူများသည် လှဖေနှင့် မောင်မောင် ကိုလည်း ညီအစ်ကိုဟုပင် ထင်မှတ်ကာ လှဖေ၏ ဝပ်ရှော့ကိုလည်း ‘ညီနောင်ဝပ်ရှော့’ဟူ၍ ခေါ်ဝေါ်သမုတ်ကြကုန်၏။ ထိုခေတ်က ဘတ်စ်ကားများတွင် ကား၏ဘေး၌ နာမည်များ ရေးလေ့ရှိ၏။ ဥပမာ အားဖြင့်ဆိုရသော် ‘ပီယမောင်’ ‘ပလိုင်းမောက်’ လေဒီချစ်’ ‘ရဲဘော်’ ‘အေးရီအောင်’ ဟူ၍ ဖြစ်၏။

ထို့ကြောင့် လှဖေက ၎င်းတို့၏ကားဘေးတွင်လည်း နာမည် ရေးလိုကြောင်း ပြောသောအခါ မောင်မောင်က -

“ငါသူငယ်ချင်း ညိုချောနာမည်ပဲ ရေးချင်တယ်ကွာ. . . ” ဟု

www.burmeseclassic.com



ပြောလျှင် လှဖေက ပြုံးလေ၏။ ထိုသို့ ပြုံးပြီးနောက် -

"ညိုချောဆိုတော့ ခေါ်ရတာ ထောင့်တယ်ကွ၊ မောင့်ညို... လို့ ပေးရင်ကောင်းမယ်. . . အုံနာမောင်မောင်ရေ. . . " ဟု ပြော... လျှင် စာလုံးရေးသော ဆရာတစ်ဦးအား ခေါ်လာပြီးနောက် မော်... ကား၏ ဟိုဘက်ဒီဘက်တွင်"မောင့်ညိုချော" ဟူသောအမည်ကို ... လိုက်ကြလေတော့၏။ ထို့ကြောင့် ထိုခေတ် သယ်န်းကျွန်းဘတ်စ်... လိုင်းတွင် 'မောင့်ညိုချော'ဆိုသော ဘတ်စ်ကားကို တွေ့မြင်ကြရ... ဖြစ်၏။

မော်တော်ကားအလုပ်မှာ အဆင်ပြေလှသည်ဖြစ်၍ နော... ထပ်ကားသုံးစီးထပ်၍ ဝယ်လိုက်ရာ သယ်န်းကျွန်းကားလိုင်း... 'မောင့်ညိုချော'ဟူသော အမည်ရေးထားသည့်ကား ငါးစီးအထိ ဖြစ်... လေနေတော့၏။

၎င်းတို့နှစ်ဦးအား ကားအလိုရှိလျှင် မညည်းမညူ ရှာပေး... သော ကားပိုင်ရှင်တစ်ဦးသည်ရှိ၏။ ၎င်း၏အမည်မှာ ဦးချစ်တီး ... ဖြစ်၏။ ဦးချစ်တီးသည် လှဖေနှင့် မောင်မောင်ကို လွန်စွာသ... ကျ၏။

"ဒီကောင်တွေ ညီအစ်ကိုကသိပ်ပြီးတော်တာပဲ တစ်ယော... က ကားအလုပ်ကို ဖိဖိစီးစီးလုပ်တယ်၊ တစ်ယောက်က ကောလိပ်... တယ်. . . . အသောက်အစားလည်း မရှိဘူး၊ တစ်ခြား ရှုတ်ရှုတ်ရှုတ်... လည်း မရှိဘူး. . . . "ဟု မကြာခဏ ချီးမွမ်းလေ့ရှိ၏။

မောင်မောင်လည်း တက္ကသိုလ်ကျောင်းသို့ တက်နေပြီး... နှစ်စဉ်နှစ်တိုင်း အောင်မြင်ခဲ့၍ ဘွဲ့ယူမည့်နှစ်သို့ ရောက်လာလေ... ၏။ ထိုအခါ၌ လှဖေက -

"ဟေ့ကောင်မောင်မောင်. . . ဘွဲ့ရရင် မင်းက ဘာလုပ်... လဲ. . . လခစားဝင်လုပ်မှာလား. . . ငါ့လည်း ပြောပါဦး. . . " ဟု...





...လျှင် မောင်မောင်က -

"ငါ ဘာမှ မဆုံးဖြတ်ရသေးပါဘူးကွာ. . . ဘာလုပ်ရမယ် ...ဆိုတာ ငါ့သူငယ်ချင်း ညိုချောကပြောပါလိမ့်မယ်. . . "ဟု ပြန်၍ ပြော...လိုက်လေတော့သတည်း. . . . . ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၈)

## ဘီအေမောင်မောင်

သယ်န်းကျွန်းဘတ်စ်ကားလိုင်းတွင် မောင့်ညီ့ချောအမည်
ထားသော မော်တော်ကားဆယ်စီးပင်ရှိနေပြီဖြစ်သည်။ မောင်မောင်
ည်း ကျောင်းပြီးသွားပြီဖြစ်၏။ လှဖေသည် မောင်မောင် ဘွဲ့ဝတ်စုံဖြင့်
ထားသောဓာတ်ပုံကို ဦးဇင်းတာတီးထံ စာတိုက်မှ ပို့လိုက်လေ၏။
င်မောင်သည် မော်တော်ကား အုံနာပိုင်ရှင်စာရင်းကို လှဖေအား
းလိုက်လေ၏။ လှဖေလည်း ဘတ်စ်ကားဆယ်စီး၏ ပိုင်ရှင်အုံနာ
လာလေတော့၏။ သယ်န်းကျွန်းဘတ်စ်ကားလိုင်း ဝေပုံကျအသင်း
လှဖေသည် ချယ်ယာ မင်လူကြီးတစ်ဦးအဖြစ် ရွေးချယ်ခန့်ထားခြင်း
လေ၏။ ထို့ကြောင့် သယ်န်းကျွန်းတစ်ဝိုက်တွင် လှဖေအား ချယ်ယာ
ဦးလှဖေဟုသာ ခေါ်ဝေါ်ကြလေတော့၏။

ကောက်ပဲသီးနှံဘုတ်အဖွဲ့တွင်(ဂျေ-အီး-ဒို)ခေါ် အရာရှိများ
ရှိကြောင်း ဘွဲ့ရပြီးသူတိုင်း လျှောက်ထားနိုင်ကြောင်း ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သတင်းစာတွင် ဖတ်ရသဖြင့် မောင်မောင်လည်း လျှောက်လွှာ တစ်စောင် ရေးသားလျှောက်ထားလိုက်လေ၏။

တစ်နေ့သ၌ မောင်မောင်သည် ၎င်းတို့အိမ် ရှေ့ရှိ ထိုင်ခုံ တန်းလျားကလေးပေါ်တွင် ထိုင်၍နေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် ၎င်း၏ပခုံးကို နောက်မှလာ၍ ပုတ်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ညိုချောဖြစ်နေကြောင်း တွေ့ရလေ၏။ ညိုချောသည် ကိုယ်လုံးကိုယ်ပေါက် လွန်စွာလှ၏။ မျက်နှာမှာလည်း လွန်စွာ ချစ်စရာကောင်း၏။

"ညိုချောရယ်. . . . နင်သိပ်ပြီးလှတာပဲတယ်"ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချော၏ မျက်နှာသည် နီရဲ၍ သွားလေ၏။

"အဲလို မပြောပါနဲ့ မောင်မောင်ရယ်၊ ငါ ရှက်တယ်"ဟု ညိုချောက ပြန်၍ပြောလေ၏။

"လှလို့လှတယ်ပြောတာ. . . . နင်က ဘာရှက်စရာရှိလဲ" ဟု မောင်မောင်က ပြန်၍မေးလိုက်လျှင် -

"မိန်းကလေးဆိုတာ ရှက်တတ်တယ်ဟဲ့၊ ရှက်ဖို့တိုင်း အကြောင်းခိုင်လုံဖို့မလိုဘူး၊ သက်သေပြစရာလည်း မလိုဘူး၊ ဘာကြောင့် ရှက်တယ်လို့ ရှင်းပြဖို့လည်း မလိုဘူး၊ သူ့ဟာသူ ရှက်လာတာ၊ ရှက်တယ် ဆိုတဲ့အရာက ရှက်လာတာပဲ၊ ဒီထက် ငါဘာမှ ပိုမပြောတတ်ဘူး၊ အသေးစိတ်သိချင်ရင် နောက်ဘဝကျရင် မိန်းမ ဖြစ်အောင် ဆုတောင်း၊ အဲဒီတော့ နင်သိလိမ့်မယ်. . . ."ဟု လက်ညှိုးတငေါက်ငေါက်ထိုး၍ ပြောလေတော့၏။

"ညိုချော နင်ပြောတာ ငါမရှင်းဘူး၊ ဘာကြောင့်ရှက်တယ် ဆိုတာ အကြောင်းပြချက်ရှိရမှာပေါ့ဟဲ့. . . ."ဟု မောင်မောင်က ပြော လိုက်လျှင် ညိုချောက ရယ်လေ၏။ ထို့နောက် -

"ကဲ. . . နင့်ကို ငါမေးမယ်. . . . မောင်မောင် နင်သိပ်ရှက်တယ်ဆို ငါ့ကပြောမယ်၊ နင်ရှက်သလား"ဟု မေးလိုက်ရာ မောင်မောင်က

"မရှက်ပါဘူး၊ ဘာဖြစ်လို့ ရှက်ရမှာတုံး"ဟု ပြန်၍ဖြေလေ၏။

ထိုအခါ ညိုချောက -

"ကဲ. . . . ကောင်းပြီ ငမောင်ရေ၊ နင်ဘာကြောင့်မရှက်တာလဲ ဆိုတာ ငါ့ကိုအကြောင်းပြ၊ ခိုင်လုံတဲ့အချက်တွေပေး၊ လုပ်စမ်း"ဟု ပြော လေတော့၏။ မောင်မောင်သည် တွေတွေကြီး ဖြစ်သွားလေတော့၏။ ထို့နောက်မှ -

"ဘာမှ သက်သေပြစရာလည်း မရှိဘူး၊ အကြောင်းပြဖို့လည်း မရှိဘူး၊ မရှက်ချင်လို့ မရှက်တာဟေ့"ဟု ပြောလိုက်လျှင် ညိုချောက တခစ်ခစ်ရယ် လိုက်လေ၏။ ထို့နောက် ညိုချောက -

"ငါလည်း ရှက်ချင်လို့ ရှက်တာဟေ့၊ အဲဒါကို အကြောင်းပြ ဖို့လည်း မလိုဘူး၊ သက်သေပြဖို့လည်း မလိုဘူး၊ နားလည်ပြီလား"ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်က ပြုံးလေ၏။

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ ငါသဘောပေါက်ပါပြီ ညိုချော ရယ်၊ ဒါနဲ့နေပါဦး၊ နင်နဲ့ငါနဲ့မတွေ့တာ လေးနှစ်တောင်ရှိပြီနော်" ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက -

"လေးနှစ်၊ လေးလနဲ့ လေးရက်ရှိပြီ၊ အခု ငါလာတွေ့တာလည်း အကြောင်းရှိတယ်၊ အကြောင်းကလည်း ဘာလဲဆိုတော့ နင်အလုပ် လျှောက်ထားတာ မကြာခင် အင်တာဗျူးခေါ်လိမ့်မယ်၊ အဲဒါသွားပြီး ဖြေနဲ့. . . "ဟု ညိုချောက ပြောလေ၏။

"သွားပြီးမဖြေတော့ အလုပ်မရဘူးပေါ့ဟဲ့"ဟု မောင်မောင် က ပြောလျှင် ညိုချောက -

"အေး. . . ဟုတ်တယ်၊ နင့်ကို အဲဒီအလုပ် မလုပ်စေချင်ဘူး၊ မကြာခင်မှာ နင်အလုပ်တစ်ခုလျှောက်ဖို့ ငါလာပြောမယ်. . ."ဟု ပြော လိုက်လေ၏။

www.burmeseclassic.com



ထိုအချိန်မှာပင် ဒရိုင်ဘာတစ်ဦးသည် ဈေးကြိုမည့်တာ[illegible] စက်နှိုးလိုက်သောအသံကြောင့် မောင်မောင်လည်း အိပ်ရာမှ နိုးခဲ့ရ[illegible]၏။ များမကြာမီ၌ လှဖေပါ နိုး၍လာလေ၏။ ၎င်းတို့နှစ်ယောက်သ[illegible] လက်ဖက်ရည် သောက်ကြလေ၏။ ထိုအချိန်၌မှာပင် အငှားကားတစ်[illegible] အိမ်ရှေ့တွင် ရပ်လာသဖြင့် လှမ်း၍ကြည့်လိုက်ရာ ကားပေါ်မှ ဦး[illegible] တာတီးနှင့် လှဖေ၏အစ်မ မမြရင်တို့ ဆင်းလာကြသည်ကို တွေ့ရ[illegible]၏။ မောင်မောင်နှင့် လှဖေတို့လည်း အိမ်ပေါ်မှ ပြေးဆင်းသွာ[illegible] ခရီးဦးကြိုပြုကြလေ၏။ အထုပ်အပိုးများကို ဝိုင်း၍ သယ်ကြလေ[illegible] အိမ်ပေါ်သို့ရောက်လျှင် မောင်မောင်က ဦးဇင်းအား လက်ဖက်ရည်[illegible] နှင့် ပဲပြုတ်နံပြားကို ကပ်လေ၏။ လှဖေက ထမင်းကြော်နှင့် လက်[illegible] ရည် ၎င်းအစ်မအတွက် ထည့်ပေးလေ၏။

"မင်းတို့နှစ်ယောက် ဟန်ကျပန်ကျဖြစ်နေတယ်ဆိုတဲ့ သ[illegible] ကို မောင်ပိန့်ဆီကကြားလို့ မြရင်ကို လာပြီးပို့တာ၊ မြရင်မှာ အတော်[illegible] ဒုက္ခရောက်နေတယ်၊ သူ့ကို တစ်လှည့်မင်းတို့ ကြည့်ကြဦး. . ."[illegible] ဦးဇင်းတာတီးက မိန့်တော်မူလေ၏။ ထိုအခါ မောင်မောင်က -

"ကြည့်ရမှာပေါ့ဘုရား. . . ကြည့်ရမှာပေါ့. . .၊ ဘယ်လို[illegible] ရောက်တာလဲ အစ်မရယ်"ဟု မေးလိုက်ရာ မမြရင်က မျက်ရည်[illegible] စမ်းစမ်းစမ်းစမ်းနှင့် -

"ဘယ်လိုဒုက္ခရောက်ရမှာလဲ မောင်မောင်ရယ်. . .[illegible] ယောကျ်ားဆုံးတာ တစ်နှစ်ပြည့်တော့မယ်၊ ဖဲမလိမ်တတ် လိမ်[illegible] ဖဲဝိုင်းမှာ သွားပြီးလိမ်တာ ပိပိရိရိမရှိလို့ ပေါ်သွားတာနဲ့ ဖဲဝိုင်[illegible] မားထိုးခံရတာလေ၊ ငါ့မှာ သူသေပြီးကတည်းက ထမင်းဆိုင်[illegible] ဘာလေး ဖွင့်ပါသေးတယ်၊ အရင်းပြုတ်သွားပြီ၊ ခုတောင် ဦးဇင်[illegible] ကျွေးထားလို့"ဟု ပြောလေ၏။ ထိုအခါ၌ ဦးဇင်းတာတီးက -

"အဲဒါ မြရင်ဒုက္ခ၊ ငါ့ဒုက္ခလည်း ပြောရဦးမယ်၊ ငါ့ဒုက္ခတာ[illegible]





[illegible]ခြားမဟုတ်ဘူးကွ၊ အသက်ကြီးမှ ဘုန်းကြီးဝတ်တာဆိုတော့ အစာအိမ် [illegible]ရောဂါပေါ့ကွာ၊ အဲဒါအစာအိမ်ရောဂါကလည်း အချိန်မရွေး သွေးကြော [illegible]ပေါက်သွားနိုင်တယ်လို့ နားလည်တဲ့ လူတွေက ပြောတယ်၊ အဲဒါကိုလည်း [illegible]အင်္ဂလိပ်ဆေးတော မြန်မာဆေးနဲ့ပါ ကုသပါတယ်ကွာ၊ ဒါပေမယ့် [illegible]သက်သာဘူး၊ ဒီထက်ကြီးတဲ့ ဒုက္ခကတော့ မင်းတို့နှစ်ယောက် ကျောင်း[illegible] မရှိတော့ကတည်းက ငါတစ်ပါးတည်းဆိုတော့ ဆွမ်းကွမ်းကိစ္စ [illegible]ခက်အခဲတွေ့တာပေါ့ကွာ၊ ပြီးတော့ တစ်ပါးတည်း နေရတာဆိုတော့ [illegible]မှန်အတိုင်းပြောရရင် ငြီးငွေ့တယ်ကွ၊ အဲဒီတော့ ငါဖြင့် ဘုရားတွေ [illegible]ည့်ဖူးပြီး ခရီးတွေသွားချင်တယ်ကွ၊ ဝါတွင်းကာလသောက်ပဲ တစ် [illegible]ကျောင်းကျောင်းမှာ ကပ်ပြီး ဝါဆိုမယ်ကွာ၊ ဝါကျွတ်တာနဲ့ ခရီးထွက် [illegible]ယ်ကွာ၊ အဲဒီလိုဆုံးဖြတ်ပြီး ငါ့ကျောင်းကလေးကို အညာက ဦးဇင်းတစ် [illegible]ကို အပြီးလွှဲလိုက်ပြီး ခရီးထွက်ခဲ့တာ၊ ပြီးတော့ ငါ့ကျောင်းက ကျွဲတဲမှာ [illegible]ပေမယ့် ကျွဲတဲရွာရဲ့ဟိုးဘက် ကားလမ်းနဘေးမှာ မဟုတ်လားကွာ၊ [illegible]င်းတို့ရှိလို့ ဆွမ်းကွမ်းကိစ္စက လွယ်တာကွ၊ ငါ့အနေနဲ့ဆိုရင် အဲဒီရွာကို [illegible]မ်းခံသွားဖို့ မလွယ်လှဘူး၊ ငါ့ကျောင်းကလည်း ရွာက လှူထားတဲ့ [illegible]ကျောင်းမဟုတ်တော့ တစ်ချို့ရွာသားတွေဆို ငါ့ကျောင်းကို ရှိမှန်းတောင် [illegible]သိတဲ့ လူရှိ တယ်နော်. . . ."ဟု ပြောလေ၏။ ထိုအခါ လှဖေသည် [illegible]ာင်မောင်၏မျက်နှာကို လှမ်း၍ကြည့်လိုက်၏။ မောင်မောင်လည်း [illegible]င်းတာတီးအား မဝံ့မရဲ ကြည့်လိုက်ပြီးနောက် -

"ဦးဇင်းကို တပည့်တော်ကို ရန်ကုန်မှာ မြေဝယ်ပြီး ကျောင်း [illegible]ဆောက်ပေးမယ်၊ အဲဒီမှာ ကျောင်း ထိုင်ဖို့ ဆန္ဒရှိပါသလား"ဟုမေးရာ

"ငါက လှည့်ပြီး သွားချင်တာ. . ."ဟု ဦးဇင်းတာတီးက [illegible]န့်တော်မူလျှင် လှဖေက -

"မှန်ပါတယ်ဘုရား၊ အရှင်ဘုရားအနေနဲ့ ခုလိုသွားလာနိုင်တဲ့ [illegible]ချိန်က ကိစ္စမရှိပါဘူး၊ အသက်ကြီးလာပြီး မသွားနိုင် မလာနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကျရင် ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားရခက်ပါတယ်" ဟု လျှောက်ထားလိုက်လျှင် ဦးဇင်းတာတီးက -

"ငါ့ရဲ့ရောဂါ အခြေအနေဟာ မင်းတို့ပြောသလို ခြေမသယ် လက်မသယ်နိုင်အချိန်ထိ မစောင့်ပါဘူးကွ၊ စောစောပျံလွန်တော် မှာပါ" ဟု မိန့်တော်မူလျှင် မောင်မောင်က -

"အရှင်ဘုရားစိတ်တိုင်းကျ စီမံတော်မူပါဘုရား. . . . တပည့် တော်တို့ကတော့ အရှင်ဘုရား စိတ်ချမ်းသာအောင် လုပ်ပေးဖို့ အသင့် သင့်ပါပဲ. . . ."ဟု ဦးချ၍ လျှောက်ထားလိုက်လျှင် ဦးဇင်းတာတီး သာခုသုံးကြိမ် ခေါ်လေ၏။ ထိုအခါ ဦးဇင်းတာတီးက -

"ငါ့ကိစ္စတော့ ပြီးပြီ. . . .၊ မြရင်ကိစ္စကို ရှင်းကြဦး" ဟု မိန့်တော်မူလျှင် -

"အစ်မက ကျွန်တော်နဲ့နေပြီး ထမင်းချက်ကျွေး၊ အကျီအဝတ် အစားလျှော်ပေးရုံနဲ့တော့ မနေစေချင်ဘူး၊ အစ်မအနေနဲ့ အသက် အရွယ်လည်းရှိသေးတော့ စီးပွားရေးတစ်ခုခုလုပ်စေချင်တယ်. . . ." ဟု လှဖေက စကားစလိုက်ရာ မောင်မောင်က -

"ဘယ်လို စီးပွားရေးမျိုး အစ်မကိုလုပ်ခိုင်းမလို့လဲ"ဟု မေး လိုက်ရာ လှဖေက -

"အစ်မက ထမင်းဆိုင်ဖွင့်လာတာပဲကွာ၊ ရန်ကုန် လူစည်ကား တဲ့နေရာမှာ ထမင်းဆိုင်ဖွင့်ပေါ့၊ သူ့စီးပွားနဲ့သူဆိုတော့ ပိုပြီး မကောင်း ဘူးလား"ဟု ပြောလိုက်လျှင် ဦးဇင်းတာတီးက -

"လှဖေပေးတဲ့ အကြံဟာ မဆိုးဘူး၊ မြရင် နင် အဲဒါကို လက်ခံ မယ်"ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ဦးဇင်းတာတီး ကျိုက်ထီးရိုးဘုရား ဖူးချင်သည်ဆိုသဖြင့် မောင်မောင်နှင့် လှဖေ ခရီးစရိတ်ဆက်ကပ်လှူဒါန်းလိုက်လေ၏။ ဦးဇင်းတာတီးလည်း ကျိုက်ထီး ရိုးဘုရားသို့ ကြွတော်မူသွားလေ၏။ လှဖေသည် ထိုအချိန်မှစ၍

တတ်စ်ကားဆယ်စီးမှ ဒရိုင်ဘာဆယ်ယောက်နှင့် စပါယ်ယာဆယ် ယောက်အား ထမင်းဆိုင်ဖွင့်ရန် လူစည်ကားသောနေရာများကို စုံစမ်း ပေးရမည်ဟု မှာကြားခဲ့လေ ၏။ တစ်ပတ်အတွင်း၌ပင် ၎င်းဒရိုင်ဘာ စပါယ်ယာများသည် နေရာ ၅ နေရာကို တွေ့ခဲ့ကြလေ၏။ ၎င်းနေရာ များမှာ ဗဟန်း၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ သဘော်ဆိပ် သည် တို့ဖြစ်၏။ လှဖေသည် ထိုနေရာများသို့ တစ်ခုပြီးတစ်ခု လိုက်လံ စုံစမ်းခဲ့ရာ သဘော်ဆိပ်ရှိ စိန်မေတ္တာဆိုသော ထမင်းဆိုင်ဟောင်း ကြီးတစ်ဆိုင် ရောင်းချမည်ကို သိရှိခဲ့ရလေ၏။ လှဖေသည် အိမ်သို့ ပြန်ရောက်သောကာလ၌ -

"မောင်မောင်ရေ သဘော်ဆိပ်မှာ ထမင်းဆိုင်ဟောင်းကြီးတစ် ဆိုင် ရောင်းမယ်ဆိုတာ သိခဲ့ရတယ်ကွ"ဟု ပြောလျှင် မောင်မောင်က

"အစ်မအတွက် သင့်တော်မယ်ဆိုရင် ငါ့ကို မပြောပါနဲ့ကွာ၊ အစ်မကို ခေါ်သွားပြီးပြပါ၊ ဝယ်ပေးလိုက်ပါ၊ ပြင်ရမယ့်ဆိုင် ဆိုရင်လည်း ပြင်ပေးလိုက်ပါ၊ ဆောက်ရမယ့်ဆိုင်ဆိုလည်း ဆောက်ပေးလိုက်ပါ၊ ဒါတင်မကသေးဘူး ထမင်းဆိုင်နဲ့ပတ်သက်တဲ့ လိုအပ်တဲ့ပစ္စည်းတွေ လည်း ပြည့်ပြည့်စုံစုံလုပ်ပေးပါကွာ၊ အစ်မနဲ့ အဖော်ရမယ့် မိန်းကလေး တစ်ယောက်လည်း ရှာပေးပါ၊ အဲဒီအတွက် ကုန်ကျစရိတ်တွေကို မင်း သဘောအတိုင်းသုံးပါ၊ အစ်မမြရင်ဟာ မင်းအစ်မဖြစ်သလို ငါ့အစ်မ လည်း ဟုတ်ပါတယ်ကွာ၊ အဲဒီတော့ တို့အစ်မအတွက် အကောင်းဆုံး လုပ်ပေးကြရအောင်" ဟု ပြောလိုက်လျှင် လှဖေက -

"မောင်မောင်. . မောင်မောင်. . . မင်းဟာ ကောင်းစားရ မယ့်သူကွ၊ အဲဒီစိတ်ဓာတ်ဟာ မင်းကို နုံချာတဲ့ဘဝကနေ အမြင့်ကို တွန်းတင်ပေးလိုက်တာ" ဟု ပြောကာ မောင်မောင့်အား သိုင်း၍ဖက် လိုက်လေ၏။ ထိုအခါ မောင်မောင်က -

"ဟော့ကောင် လှဖေ မင်းနဲ့ငါဟာ ညီအစ်ကို အရင်းထက်

www.burmeseclassic.com



တောင် ချစ်ကြသေးတယ်၊ တစ်နေ့နေ့မှာ မင်းအိမ်ထောင်ပြုလို့ပဲဖြစ် ဖြစ် ငါအိမ်ထောင်ပြုလို့ပဲဖြစ်ဖြစ် အပိုလူတွေပါလာတဲ့အခါမှာ တို့နှစ် ယောက် စိတ်ဝမ်းမကွဲဖို့ လိုတယ်နော်" ဟု ပြောလိုက်လျှင် လှဖေက -

"စိတ်ချပါ ကိုယ့်လူရာ. . . တစ်ခါတည်း ပြောလိုက်ဦးမယ် ဘယ်လိုအကြောင်းနဲ့မှ မင်းအပေါ်မှာ စိတ်ဝမ်းမကွဲဘူးကွ၊ ငါကတိပေး တယ်၊ မင်းလည်း အဲဒီကတိမျိုးပေးပါ. . . "ဟု ပြန်၍ ပြောလေ၏။ မောင်မောင်လည်း -

"လှဖေရာ. . . ငါလည်း ကတိပေးပါတယ် ဒီတစ်သက် မင်း အပေါ်မှာ စိတ်ဝမ်းကွဲဖို့အကြောင်း မရှိပါဘူး၊ စိတ်ဝမ်းမကွဲဘူးလို့ ငါကတိပေးပါတယ်" ဟု ပြောပြီးလျှင် သူငယ်ချင်းနှစ်ဦးသည် တစ်ဦးကို တစ်ဦး တင်းကျပ်စွာဖက်ထားလိုက်ကြလေ၏။ ထို့နေ့၌ပင် မောင်မောင် ဘွဲ့ယူစဉ်က ရိုက်ကူးထားသော ဓာတ်ပုံကို လှဖေက ဓာတ်ပုံဆိုင်တွင် ပုံကြီးချဲ့ကာ ယူလာပြီးလျှင် အိမ်၏ခန်းစီးနံရံတွင် ချိတ်ထားလိုက်ပြီး နောက် မောင်မောင့်ကို ခေါ်၍ပြလေ၏။

"မောင်မောင်. . . မင်းဓာတ်ပုံကြီး ကြည့်ပါဦးကွ၊ မင်းဟာ ရိုးရိုးမောင်မောင် မဟုတ်တော့ဘူးနော်၊ ဘီအေမောင်မောင် ဖြစ်သွား ပြီ. . . . "ဟု ပြောလိုက်လျှင် မောင်မောင်က -

"လှဖေရယ် ဘွဲ့ဝတ်စုံနဲ့ပုံကို ဒီလောက်အကြီးကြီးကို ချိတ် ထားတော့ လူတွေက ငါ့ကို လူကြွားလို့ ထင်မှာပေါ့ကွ. . . . " ဟု ပြော လိုက်လေ၏။

"ထင်ချင်သလို ထင်ကွာ၊ မိမရှိ ဖမရှိ၊ သူတစ်ပါးရဲ့ အိမ်မှာ အစက်ကိုခံပြီး လူဖြစ်လာရတဲ့ လူတစ်ယောက်က. . . . ခုကြည့်စမ်း ဘီအေတောင် အောင်သွားပြီ၊ ချမ်းချမ်းသာသာဖြစ်နေပြီ၊ ဒါဟာ ဘာကြောင့် သိလား၊ ကံကြောင့်ချည်းဘဲမဟုတ်ဘူးငါ့လူ၊ မင်းရဲ့ကြိုးစားမှုကြောင့် ဖွံ့လုံ့လတွေပါတယ်၊ ဒါကြောင့် ဂုဏ်ပြုတဲ့အနေနဲ့ မင်းပုံကြီးကို ချိတ်ထား






တာ့"ဟု လှဖေက ပြောလိုက်ပြီးလျှင် သူစကားကို သူဖာသာ သဘော ကျပြီး တဟားဟား ရယ်နေလေတော့သတည်း။

❀ ❀ ❀ ❀ ❀

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၉)

## ပုတီးမောင်မောင်

ဦးဇင်းတာတီးသည် ကျိုက်ထီးရိုးဘုရားဖူးမှ ပြန်လာပြီး နောက် ပုသိမ်ရွှေမုဋ္ဌောဘုရားဖူးချင်သည်ဟုဆိုကာ ထွက်သွားပြန် ၏။ မောင်မောင်နှင့်လှဖေကလည်း လမ်းစရိတ်များ လှူဒါန်းလိုက် လေ၏။

ပုသိမ်မှ ဘုရားဖူးပြန်လာပြီးနောက်လည်း မန္တလေးသို့ ဘုရားဖူးကြွလိုသေးသည်ဆိုသဖြင့် မောင်မောင်နှင့်လှဖေသည် စီစဉ်ပေးရလေ၏။ မန္တလေးတွင် အတော်အတန်ကြာ၏။ အစာအိမ်ရောဂါဖြစ်၍ ဆေးကုသခံနေရကြောင်း ဦးဇင်းထံမှ စာရောက်လာသည်။ ထိုစာရောက်လာပြီး များမကြာမီ၌ ကျန်းမာရေး အခြေအနေဆိုးရွား၍ လူထွက်လိုက်ပြီဖြစ်ကြောင်း သံကြိုးရောက်လာလေတော့၏။ သို့သော် ဦးဇင်းကား ရောက်မလာပေ။

ဖိုဝင်တောင်သို့ သွားလိုသည်ဟုဆိုကာ ခရီးဆက်ပြန်၏။ လှဖေသည် ဦးဇင်းနှင့်ပတ်သက်၍ မောင်မောင့်အား စကားများစွာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က လက်မခံပေ။ မောင်မောင်က အစဉ်သဖြင့် လိုလို

“မပြောနဲ့ . . . သူက ဆရာ၊ တို့က တပည့်၊ မကောင်းဘူး မပြောနဲ့ . . .”ဟု ပိတ်ပင်လေ၏။

“ငါတော့ အတော်စိတ်ညစ်တယ်ကွာ၊ သူတို့ဆီရောက် လာ မယ်၊ ပြီးတော့ ငါတို့နှစ်ယောက်ကို ကလေးတွေလို သဘောထား အုပ်ချုပ်လိမ့်ဦးမယ်၊ ဒီထက်ဆိုးတာက ငါလုပ်နေတဲ့ အလုပ်ဟာ သူ သူ ဖြောင့်နေတယ်ကွ၊ သူ ဝင်ပြီးပါလာလိမ့်မယ်၊ ဒီထက်ဆိုးတာရှိ တယ်၊ ဒီအိမ်မှာနေလည်း ငြိမ်ငြိမ်နေမှာ မဟုတ်ဘူး၊ သဘော်ဆိုး အစ်မရဲ့ထမင်းဆိုင်ကိုသွားလိုက်၊ ဒီပြန်လာလိုက်နဲ့ လမ်းသလားဦးမှာ အဲဒီထက်ဆိုးတာကို ငါတွေးပြီးထားသေးတယ်၊ မင်းက လက်ခံမှာမ လို့ မပြောတော့ပါဘူးကွာ”ဟု လှဖေက ပြောလေ၏။ မောင်မောင်က

“မပြောပါနဲ့ကွာ. . . ဖြစ်မလာသေးတာတွေအတွက် ကြို ဘာမှမပြောပါနဲ့. . .”ဟု ကန့်ကွက်လေ၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး တစ်လခန့်ကြာသော အခါ၌ ဦးဇင်းတာတီးရောက်လာလေ၏။ ထို့နောက် ဦးဇင်းတာတီး သည် ခေါင်းရင်းတွင် ထိုင်ကာ -

“မင်းတို့နှစ်ယောက်လာဦး”ဟု လှဖေနှင့် မောင်မောင်ကို ခေါ် ၏။ လှဖေနှင့်မောင်မောင်လည်း အနီးသို့သွား၏။

“ငါ ကျန်းမာရေးမကောင်းဘူး၊ မင်းတို့နဲ့ပဲ နေရမှာပဲ၊ မင်း လက်ခံမှာလား လက်မခံဘူးလား၊ တိုတိုပဲဖြေကွာ”ဟု မေးလျှင် မောင်မောင်က သွက်လက်စွာပင် -

“လက်ခံပါတယ် ဦးဇင်းရယ်”ဟု ဖြေလေ၏။

“အေး. . . အဲဒါလည်း ပြောရဦးမယ်၊ ငါ့ကို ဦးတာတီးပဲ ခေါ် မယ်၊ ဦးဇင်းတာတီးလို့ ကွယ်ရာမှာရော ရှေ့မှာရော ခေါ်ခွင့်မရှိစေ ဘူး၊ ငါ ဦးဇင်းမဟုတ်တော့ဘူးကွ”ဟု ပြောလိုက်လျှင် မောင်မောင်နှင့်





သူတို့သည် တစ်ဦးမျက်နှာကို တစ်ဦးလှမ်း၍ ကြည့်ကြ၏။ ထို့နောက် လှဖေက -

“နှုတ်ကျိုးနေပြီဆိုတော့ တမင်တကာခေါ်တာ မဟုတ်ပေမယ့် ယောင်ပြီးခေါ်မိနိုင်ပါတယ်”ဟု ပြောလိုက်လျှင် ဦးဇင်းတာတီးက -

“ယောင်ပြီးခေါ်ရင် ခေါင်းကိုတစ်ချက်ခေါက်မယ်”ဟု ပြောလေ၏။ ထိုအခါ၌ လှဖေက -

“တစ်ချက်မဟုတ်ပါဘူး၊ ဘယ်နှစ်ချက်ပဲ ခေါက်ခေါက်ပါ၊ ဦးတာတီးက ကျွန်တော်တို့ကို ကလေးတွေလိုမြင်နေရင်တော့ မဖြစ်ဘူး ခင်ဗျာ၊ ကျွန်တော်တို့က လူကြီးတွေဖြစ်နေပြီ၊ မောင်မောင်ဆိုရင် ဘီအေအောင်သွားပြီ၊ ဟိုမှာ သူ့ဓာတ်ပုံ” ဟုဆိုကာ မောင်မောင်၏ ဝတ်စုံနှင့်ရိုက်ထားသော သူ့ဓာတ်ပုံကိုပြလိုက်လေ၏။ ဦးတာတီးက ၍ကြည့်လိုက်ပြီးနောက် -

“ဘီအေအောင်တာနဲ့ ခေါင်းကိုမခေါက်ရတော့ဘူးလား ကွာ. . . ”ဟု ပြောလိုက်လျှင် မောင်မောင်က -

“ကျွန်တော် ဒီလိုမပြောပါဘူး၊ မှားပြီးခေါ်မှ မဟုတ်ပါဘူး၊ ခေါက်ချင်တဲ့အချိန်ခေါက်ပါ”ဟု ပျာပျာသလဲပြောလျှင် ဦးတာတီးက လေ၏။ ထို့နောက်လှဖေ ဘက်သို့လှည့်ကာ -

“မင်းကကော. . . ”ဟု ခပ်ငေါက်ငေါက် မေးလိုက်လေ၏။

“မောင်မောင့်လို အချိန်မရွေးခေါက်ပါလို့တော့ မပြောနိုင်ဘူး၊ အခြေအနေနဲ့ အချိန်အခါဆိုတာရှိတယ်၊ ကျွန်တော်ဟာ ရန်ကုန်မြို့မှာ တဲ့ ဝေပုံကျ မော်တော်ယာဉ်အသင်းကြီးတစ်ခုရဲ့ ချယ်ရာ မင်းလူကြီး တစ်ဦးဖြစ်တယ်၊ နှပ်ချေးတွဲလောင်းနဲ့ ဘုန်းကြီးကျောင်းသား လှဖေ မဟုတ်တော့ဘူး၊ အဲဒီတော့ ကျွန်တော့်ကိုတော့ လူရှေ့ သူရှေ့မှာ ခေါက်တာကိုတော့ လက်ခံမှာမဟုတ်ဘူး၊ ဆဲတာဆိုတာကိုလည်း လက်ခံ မှာမဟုတ်ဘူး၊ အပြစ်ရှိတယ်လို့ထင်ရင် ခေါက်ပါ၊ ထိုးပါ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လူရှေ့မှာတော့မလုပ်ရဘူး၊ ည အိမ်မှာ သုံးယောက်ထဲရှိတဲ့အချိန်
ဦးတာတီး ကြိုက်သလို လုပ်ခွင့်ရှိပါတယ်၊ တစ်ခုတော့ မေးပါရစေ
ကျွန်တော်တို့ဘက်က ယောင်ပြီး မှားနိုင်သလို ဦးတာတီးဘက်ကလည်း
ယောင်ပြီး မှားနိုင်သေးတာပဲ၊ အဲဒါကိုရော ဘယ်လိုဆုံးဖြတ်မလဲ" ဟု
လှဖေက ပြန်၍မေးလိုက်ရာ ဦးတာတီးက -

"ဘာလဲ မင်းက ငါမှားရင် ပြန်ခေါက်ချင်သေးလို့လား" ဟု
မေးလေ၏။

"ဒီလိုမဟုတ်ပါဘူး ဦးတာတီး၊ မှားတယ်ဆိုတဲ့ စကားရပ်
မှာ ပြန်ပြီးသုံးသပ်ဖို့ မေးကြည့်တာပါ၊ မှားတဲ့ကိစ္စဟာ ထုံးရှိတယ်ဆို
မမှားသင့်ဘဲမှားတာလား၊ မှားတတ်တဲ့ ကိစ္စမျိုးမို့လို့ မှားသွားတာလား
ဆိုတာ စဉ်းစားရမယ်၊ အဲဒီလိုစဉ်းစားတဲ့ နေရာမှာလည်း မှားသွား
လူရဲ့ မှတ်ဉာဏ်အဆင့်အတန်း ဉာဏ်ရည် ဉာဏ်သွေးအဆင့်အတန်း
ပတ်ဝန်းကျင်အဆင့်အတန်း၊ အခြေအနေ အချိန်အခါဆိုတဲ့အရာတွေ
ထည့်ပြီးတွက်ရမယ် ခင်ဗျ. . . "ဟု လှဖေက ပြောလိုက်လျှင် ဦးတာတီး
သည် မျက်မှောင်ကျုံ့၍ သွားလေ၏။

"လှဖေ. . . မင်းတော်တော် စကားတတ်နေပြီပဲ၊ ငါ့ကို မ
မပြောဘူး၊ တရားခွင်မှာ ဝတ်လုံနှစ်ယောက် စကားပြောသလို ပြော
တယ်၊ ဒါကို ငါ မကြိုက်ဘူး"ဟု ပြန်၍ ပြောလေ၏။ မောင်မောင်
လှဖေဘက်သို့လှည့်ကာ ဆက်လက်၍ မပြောရန် မျက်စိမှိတ်ပြ
လေ၏။

ဤသို့နှင့်ပင် လှဖေနှင့် မောင်မောင်အား အုပ်ချုပ်
ဦးတာတီးသည် အိမ်သို့ရောက်ရှိ လာလေတော့၏။ ဦးတာတီးမှာ
ပထမတွင် လှဖေ၏အလုပ်များကို မသိကျိုးကျွံနေသော်လည်း
အနည်းငယ်ကြာလာသောအခါ၌ လှဖေ၏ဝပ်ရှော့လုပ်ငန်း၌
ကောင်း၊ မော်တော်ကားလုပ်ငန်း၌လည်းကောင်း ပါဝင်စွက်ဖက်





လေတော့၏။

ကားပြင်ရန်လာသောသူများနှင့် ဦးတာတီးသည် မကြာခဏ
စကားများခြင်း၊ မောင်ညိုချော ဘတ်စ်ကားများတွင် လုပ်ကိုင်သော
ဒရိုင်ဘာ၊ စပယ်ယာများနှင့် စကားများခြင်းစသောကိစ္စများ ပေါ်ပေါက်
လာ၏။ မောင်မောင်မှာ ဦးတာတီးအား "ဦးဇင်း"ဟု ယောင်၍ ခေါ်မိ
သောကြောင့် ငါးချက်အခေါက်ခံရပြီးဖြစ်၏။ ခေါက်ပြီးတိုင်းလည်း
ဦးတာတီးက -

"ဟေ့ကောင် ကျေနပ်ရဲ့လား"ဟုမေး၏။ မောင်မောင်က -

"ကျေနပ်ပါတယ်ခင်ဗျာ. . . ကျွန်တော်ဟာ မိနဲ့ဖနဲ့ ကြီးလာရ
တာ မဟုတ်လေတော့ ဒီလို ခေါက်မယ့်ရိုက်မယ့်လူ မရှိခဲ့ပါဘူး၊ အခုလို
အခေါက်ခံနေရတာကိုက ကျွန်တော့်ဘဝမှာ ပြည့်စုံမှုတွေ ရနေတယ်လို့
ယူဆလည်းပါတယ်ခင်ဗျာ. . . "ဟု ပြောလိုက်လျှင် ဦးတာတီးသည် စိတ်မ
ကောင်းဖြစ်၍သွားလေ၏။ လှဖေမှာမူ လွန်စွာသတိထား၏။ ထို့ကြောင့်
တစ်ကြိမ်တစ်ခါမျှပင် ယောင်၍ခေါ်မိခြင်း မရှိပေ။ ဦးတာတီး ရောက်
လာသည့်အချိန်မှ စ၍ ထမင်းဟင်းချက်တတ်သော ဆာမိဆိုသည့်
ကုလားကို လခနှင့် ငှားရမ်းထား၍ ထမင်းဟင်း ချက်စေခဲ့၏။ သို့ရာတွင်
ဦးတာတီးသည် ဆာမိချက်သော ထမင်းဟင်းများကို မဆလာစော်နံ
သည်ဟု ကဲ့ရဲ့လေ၏။

ထို့ကြောင့် စားခဲလှ၏။ ထမင်းစားချိန်၌ မောင်ညိုချော
ဘတ်စ်ကားအကြီးကို စောင့်၍စီးပြီးလျှင် မမြရင်၏ မြမေတ္တာထမင်းဆိုင်
သို့သွားရောက်ကာစားလေ၏။ ပြီးလျှင်ကားကြီးနှင့် ပြန်၍လိုက်လာလေ
၏။ ထို့ကြောင့်လှဖေက မောင်မောင့်အား -

"ဟေ့ကောင် မောင်မောင်တို့ ကိုတာတီးကြီးကတော့ အသော့
ဖွင့် စတုတ်နေပြီကွ၊ မြမေတ္တာထမင်းဆိုင်ကို ခြေဦးလှည့်နေပြီ" ဟု
ပြောလိုက်ရာ မောင်မောင်က -



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုခေါ်လိုက်တာလဲ၊ ဦးတာတီးလို့ ခေါ်စမ်းပါ မင်းက ကိုတာတီးလေး ဘာလေးနဲ့" ဟု ကန့်ကွက်လိုက်လျှင် လှ ပြုံးလေ၏။

"မင်း မသိပါဘူးကွာ၊ မင်းအနေနဲ့တော့ ဦးတာတီးပေါ့ ငါ့အနေနဲ့ကတော့ ကံကောင်းရင် အစ်ကိုတွေဘာတွေ တော်ချင် နေရဦးမှာကွ"ဟု ပြောလိုက်လျှင် မောင်မောင်၏ မျက်နှာသည် မဲ့ လေ၏။ ထိုအခါ လှဖေက -

"ငါ့ဟာငါ စိတ်ချမ်းသာနေတာကွ၊ ဒါပေမယ့် အခုတ စားမဝင်အိပ်မပျော်ဖြစ်နေတာကတော့ ဒီကိစ္စပဲ၊ နှစ်ယောက်စလုံး လည်း ငါကြောက်ရတဲ့လူတွေချည်းပဲဖြစ်နေတယ်ကွ၊ အိမ်ထောင် ဆိုတာကို မိန်းမနဲ့ယောကျ်ား အတူတကွ နေကြတဲ့ကိစ္စလောက် သ ထားပြီး သူတို့နှစ်ယောက် ဆုံးဖြတ်လိုက်မှာကို ငါအတော့်ကို ရင် မိတယ်၊ အိမ်ထောင်ရေးဆိုတာ တကယ်တော့ စောစောက ငါပြော ကိစ္စလောက် လွယ်ကူတဲ့အရာ မဟုတ်ဘူး၊ အဲဒီလောက်က သဘောထားလို့လည်းမရဘူး၊ အဲဒီထက် နက်နက်ရှိုင်းရှိုင်း စဉ်း မယ့်အကြောင်းတွေ ပါဝင်တယ်ဆိုတာ သူတို့နှစ်ယောက် သိမှ လေစ" ဟု ပြောလိုက်လျှင် မောင်မောင်က -

"ဟေ့ကောင်လှဖေ ၊ မင်းအခုပြောပြနေတာက ဖီလိုဆို တစ်ယောက်လိုလို ဘာလိုလိုဖြစ်နေတယ် ၊ ငါ့ကို ပြောရင် ရိုးရိုး စမ်းပါကွ ငါ့လူရ"ဟု ပြောလိုက်လေ၏။

"ငါ့အစ်မရဲ့အခြေအနေဟာ အခုနေအခါမှာ ဘာနဲ့တူသ ဆိုရင် ဒူးလေးကြီးထမ်းပြီး သားကောင်ကိုဖမ်းဖို့ တောထဲဝင်သွာ မုဆိုးကြီးတစ်ယောက်နဲ့ တူတယ်ကွ၊ မုဆိုးဟာ သူ့မှာ ပစ်ဖို့ လက် လည်းပါမယ်၊ သားကောင်လည်း တွေ့မယ်ဆိုရင် သားကောင်ကို ချယ်နေမှာ မဟုတ်ဘူး၊ သမင်တွေ့လည်း ပစ်မှာပဲ၊ ဆင်တွေ့





စ်မှာပဲ၊ ယုန်သူငယ်တွေ့လည်း ချမ်းသာပေး မှာ မဟုတ်ဘူး၊ အဲဒီတော့ ကိုတာတီးကြီးဟာ သူ့ရဲ့သားကောင် ဖြစ်သွားနိုင်တယ်၊ ကိုတာတီးကြီး ရဲ့အခြေအနေဟာလည်း ဘာနဲ့တူသလဲဆိုတော့ 'ဒေါင်းကာနီး ကေဖဲ မ်းနေတဲ့' ပိုကာသမား တစ်ယောက်နဲ့တူတယ်၊ သူကလည်း ဖဲကို တစ် ချပ်ပြီးတစ်ချပ် စမ်းနေရမှာပဲ၊ သူလိုချင်တဲ့ဖဲ စမ်းမိတဲ့အခါမှ ချခင်းပြ လိုက်ရမှာပဲ၊ နိုင်ပြီပေါ့ကွာ၊ အဲဒီတော့ နှစ်ယောက်စလုံးကို မှားတယ် လည်း ပြောလို့မရဘူး၊ ဖြစ်စဉ်အတိုင်းဖြစ်နေတာပါပဲ၊ တကယ် ကြပ်ဆိုက်နေတာကတော့ ငါပဲကွ၊ ငါ့အနေနဲ့ရှေ့ကို ဆက်ပြီး ဘာလုပ် မယ်ဆိုတာ တော်တော်လေးကို စဉ်းစားရကျပ်နေတယ်၊ ဖြစ်မလာသေး တဲ့ပြဿနာအတွက် ငါဟာ ဟန့်တားခွင့်မရှိဘူး၊ လက်ပိုက် ကြည့်နေရ မှာပဲ ငါထင်တဲ့အတိုင်း အဲဒီဖြစ်စဉ်ကြီးဟာ တထေရာတည်း ဖြစ်သွားပြီ ဆိုရင်လည်း ငါဘာမှမတတ်နိုင်ဘူး၊ လက်ပိုက်ပြီး ကြည့်နေရမှာပဲ" ဟု လှဖေက ပြောလိုက်ရာ မောင်မောင်က -

"နေပါဦး လှဖေရဲ့၊ မင်းအခုပြောနေတဲ့ စကားတွေက ကိုတာတီးနဲ့ အစ်မမြရင်တို့နှစ်ယောက် ညားသွားနိုင်တယ်လို့ ပြောနေ တာလား"ဟု မေးလိုက်လေ၏။ ထိုအခါ လှဖေက -

"မောင်မောင်ရယ်. . . မင်းဆိုတဲ့အကောင်က အတော်နားဝေး တဲ့ကောင်ပဲ၊ ကျားကိုက်ပါတယ်ဆိုမှ ပေါက်ပြကုန်သလားလို့ မေးနေရ သေးသလားကွာ. . ."ဟု မေးလိုက်လျှင် မောင်မောင်သည် တဟားဟား ရယ်မောလေ၏။ ထို့နောက် စကားပြတ်သွားကြပြီးလျှင် လှဖေလည်း ဆိုင်းတိုက်သို့ သွားစရာ ရှိသည်ဟုဆိုကာ ထွက်သွားလေ၏။

တစ်နေ့တွင် မောင်မောင်သည် အိမ်ရှေ့ရှိ ကုက္ကိုပင် အောက် ခုံ ထိုင်၍နေ၏။ ၎င်း၏နောက်မှ တစ်စုံတစ်ယောက် ရောက်လာပြီး ၏ မျက်လုံးကိုလက်ဖြင့် ပိတ်ထားလိုက်လေ၏။ မောင်မောင်လည်း လက်ကို ကိုင်၍ဖယ်လိုက်ပြီးလျှင် ထိုသူအား ရှေ့သို့ဆွဲယူကြည့်ရှုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာ ညှိုချောဖြစ်နေကြောင်း တွေ့ရလေ၏။ ညှိုချောသည် နန္ဒင်းကဲ့သို့ ဝါသော အဝါရောင်အဝတ်အစားများကို ဝတ်ထား၏။ လွန်စွာလှပ၏ ၄င်း၏ကိုယ်မှ ရနံ့မှာလည်း လွန်စွာသင်းပျံ့လေ၏။

"အမလေး၊ မောင်မောင်တို့များ ဘီအေအောင်သွားတာ တို့ကိုတောင်မေ့သွားပြီ"ဟု ညှိုချောက ပြောလေ၏။

"မဟုတ်တာ မပြောပါနဲ့ ညှိုချောရယ်၊ နင့်ကိုငါ ဘယ်တော့ မှ မမေ့ဘူး၊ ပြီးတော့ပြောရဦးမယ်၊ နင်သိပ်ပြီးလှနေတာပဲ"ဟု မောင်မောင်က ပြောလိုက်လေ၏။

"အခုငါလာတာလည်း တခြားကိစ္စမရှိပါဘူး၊ အရင်တုန်း ဆိုရင် ဦးဇင်းတာတီး အဲ. . . အဲ ယောင်လို့. . . ယောင်လို့၊ ငါလည်း အခေါက်ခံနေရဦးမယ်၊ နင်ရော ဘယ်နှစ်ခါ အခေါက်ခံရပြီးပြီလဲ၊ ဦးတာတီးနဲ့နေတုန်းက နင့်ဆီကို ငါပုတီးတစ်ကုံး ပို့ဖူးတယ်၊ ပုတီးပို့ ကလည်း ဦးမောင်မောင်ပဲလေ၊ အဲဒီတုန်းက ပုတီးမှန်မှန်စိပ်တာ အခုမစိပ်တော့ဘူးပေါ့၊ ဘာဖြစ်လို့ မစိပ်တာလဲ"ဟု ညှိုချောက မေး လေ၏။

"စိပ်ပါ့မယ်ဟယ်. . . စိပ်ပါ့မယ်၊ အဲဒီပုတီးလည်း ငါ့မှာရှိ သေးတယ်"ဟု မောင်မောင်က ပြောလိုက်လျှင် -

"မှန်မှန်စိပ်ပါဟဲ့. . . ပြီးတော့လေ နင်က ပုတီးမစိပ်တတ် သေးဘူး၊ ငါ နင့်ကို လာသင်ပေးဦးမယ်၊ ပုတီးက ပတ်ရေများဖို့ စိပ်နည်းမှန်ဖို့ကလည်း လိုတယ်ဟဲ့၊ နင်ကတော့ နာမည်အမျိုးမျိုး တာပဲ၊ ထီမောင်မောင်တဲ့၊ ဘီအေမောင်မောင်တဲ့၊ တကယ်က နင် ငါဖြစ်စေချင်တာ ပုတီးမောင်မောင်ပဲ ဖြစ်စေချင်တာဟဲ့၊ အဲဒီ ပုတီးစိပ်နည်းလည်း ငါပြောမယ်၊ နင်လည်း မှန်မှန်စိပ်ပါ့မယ်လို့ ကတိ ပေးပါမောင်မောင်ရယ်"ဟု ညှိုချောက ပြောလေ၏။

"ဒီလိုရှိတယ်ညှိုချောရဲ့၊ အစီဌာန်နဲ့ မလုပ်တဲ့ အခါတုန်း



ပုတီးကတစ်ခြား ကိုယ်ကတစ်ခြား ဖြစ်နေတာပေါ့၊ ပုတီးကို တွေ့တော့ လည်း အမှတ်ရပြီး စိပ်ပါတယ်ဟယ်. . . "ဟု မောင်မောင်က ပြောလိုက် လျှင် ညှိုချောက -

"အဲဒီတော့ အမြဲအမှတ်ရနေအောင် နင့်လည်ပင်းမှာ ဆွဲထား ပေါ့. . . . "ဟု ပြောလိုက်ရာ မောင်မောင်က -

"ငါ့အသက်အရွယ်နဲ့ လည်ပင်းမှာ ပုတီးကြီးဆွဲထားရင် လူမြင် လို့ မကောင်းပါဘူးဟယ်. . . . "ဟု ပြောလိုက်လေ၏။ ညှိုချောလည်း ဘခစ်ခစ် ရယ်လိုက်လေတော့သတည်း. . . . . . ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၀)

## ဘာမှမသိတဲ့မောင်မောင်

လှဖေသည် လူတစ်ယောက်ကို အိမ်သို့ခေါ်လာ၏။ ထိုလူသည် စာအုပ်တစ်အုပ်ကို ချိုင်း၌ညှပ်ထား၏။ လက်တွင်မူ တရုတ်ကုန်စုံဆိုင်များတွင် သုံးလေ့ရှိသော ပေသီးခွက်နှစ်ခွက်ပါလာ၏။

ထို့နောက် ထိုသူက လှဖေအား တရုတ်ပေသီးအကြောင်း ရှင်းပြ၏။ လှဖေက စာအုပ်တစ်အုပ်တွင် လိုက်လံ၍ရေးမှတ်၏။တရုတ်ပေသီးခွက်မှာ လေးထောင့်ဘောင်ကလေးအတွင်းတွင် တိုင်ကလေးများရှိ၏။ ထိုတိုင်ကလေးများတွင် ပေသီးဆံပြုလုပ်ထားသော သစ်သားလုံးလေး(၇)လုံးစီထည့်၍ထား၏။ ထို (၇)လုံးမှာလည်း (၅)လုံးကအောက်တွင် သတ်သတ်ရှိ၍နှစ်လုံးက အပေါ် တွင်ရှိစေရန် ကြားတွင်ကန့်လန့်တန်းကြီးတစ်ခု ခံထား၏။ အောက်တွင်ရှိသော ပေသီးလုံးလေးများသည် ထိုကန့်လန့်ခံထားသော တန်းဆီသို့ ရောက်လေသောအခါအရေအတွက် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်တွင်ရှိသော ပေသီးလုံးနှစ်လုံးမှာလည်း ကန့်လန့် ကြီးဆီသို့ ရောက်သောအခါ၌ အရေအတွက်ဖြစ်သွား၏။ အော ပေသီးလုံးကလေး (၅)လုံးသည် ရိုးရိုး 'တစ်နှစ်သုံး လေးငါး'သာဖြစ် အပေါ်မှ ပေသီးလုံးကလေးတစ်လုံးမှာ တစ်လုံးတိုင်း တစ်လုံး (၅) ဂဏန်းနှင့်ညီ၏။ အောက်မှ ပေသီးလုံး ကလေး(၅)ဖြစ်သော ထိုအတိုင်းမထားပဲ အပေါ်မှ တစ်လုံးလျှင် (၅)နှင့်ညီသော ပေသီး တစ်လုံးကိုဆွဲချ၍ အောက်မှ(၅)ကို ဖျက်ပစ်ရ၏။ 'ခု'နေရာတွင် ဆယ်ပြည့်သောအခါ၌ 'ဆယ်ဂဏန်း'တိုင်သို့ ကူးရ၏။ (၁၀) ဂဏန်း ပြည့်သောအခါ၌ ရာတိုင်၊ ထောင်တိုင်၊ သောင်းတိုင်စသည်ဖြင့် ကို ထိုသူက လှဖေအား ရှင်းပြ၏။

ပြီးလျှင် လှဖေကို လက်တွေ့ပေသီးလုံးများကို ရွှေ့ခိုင်း တစ်နေကုန် လေ့ကျင့်ခိုင်း၏။ လှဖေသည် ပါးစပ်မှဆို၍ ပေသီးလုံး ကို ခေါက်နေ၏။ လှဖေအနေနှင့် ကျွမ်းကျင်လာသောအခါ၌ လှ ပေသီးဆရာက ပေသီးခွက်တစ်မျိုး ထုတ်ပြန်လေ၏။ ပြီးလျှင် -

"ဒီလို ကိုလှဖေရဲ့ စောစောက ခင်ဗျား ခေါက်တဲ့ပေသီး တရုတ်ပေသီးဗျ၊ ကျုပ် တကယ်သင်မှာက ဂျပန်ပေသီးဗျ၊ ဂျပန် က အောက်မှာ လေးလုံးပဲရှိတယ်၊ အပေါ်မှာတစ်လုံးပဲရှိတယ် နှစ်ခုပေါင်းပါမှ (၉)ပဲရှိတယ်၊ သူက တစ်ဆယ်မထားဘူး၊ တင် ပြည့်ရင် 'ဆယ်ကွက်'ကိုကူးတော့တာပဲ၊ ပိုပြီးမြန်တယ်ဗျ၊ ဂဏန်း တာဟာ မှန်ရုံနဲ့ မပြီးသေးဘူးဗျ၊ မြန်ဖို့လည်း လိုသေးတယ်၊ ကိုလှဖေရယ်၊ ငွေတစ်သောင်းထဲကနေ တစ်ရာ့ရှစ်ဆယ့်ငါးကျပ် နှု ဆိုရင် ခင်ဗျားအတွက် အတော်ခက်လိမ့်မယ်၊ ကျုပ်အတွက် (၉၈၂၅)ကျပ် ရမယ်ဆိုတာ မတွက်ရဘဲနဲ့ တောင်သိနေတယ်၊ ဘာ ကြောင့်လဲသိလား၊ ခင်ဗျားက တစ်ရာ ရှစ်ဆယ့်ငါးကျပ်ကို တ တစ်သောင်းထဲကနှုတ်မှာ၊ ကျုပ်က တကယ်နှုတ်မှာ မဟုတ်





တစ်သောင်းမှာ 'တစ်'လျှော့ထားလိုက်မှာ၊ အဲဒီတော့ (၉၉၉၉) ဖြစ် နေမှာပေါ့၊ အဲဒီတော့ အပေါ်က တည်ကိန်းဂဏန်းဟာ အကုန်လုံး အကြီးဆုံးဂဏန်းတွေ ချည်းယူထားတယ်ဗျာ၊ အောက်က နှုတ်ကိန်း ဂဏန်းတွေက သူနဲ့တန်းတူ ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်ငယ်သွားတော့တာပေါ့၊ အဲဒီတော့ နှုတ်ရလွယ်သွားတာပေါ့၊ မနှုတ်လောက်လို့ သေးရတာတွေ ဘာတွေ မရှိတော့ဘူးပေါ့၊ ပြီးတော့မှ ကြိုပြီးနှုတ်ထားတဲ့'တစ်'ဂဏန်းကို ပြန်ပြီး ပေါင်းထည့်ပေးလိုက်တာပေါ့ဗျာ. . . . "ဟု ထိုသူက ပြောလိုက် လျှင် လှဖေလည်း လွန်စွာသဘောကျသွားလေ၏။

ထို့နောက် ထိုပေသီးဆရာသည် အပေါင်းအနှုတ် အမြှောက် အစား အတိုနည်းများကို လှဖေအား သင်ကြားပေးလေ၏။ ထိုအထဲတွင် (၂၅)ဂဏန်းနှင့်မြှောက်ရမည့်ကိစ္စများအား (၄)နှင့်စား၍ သုည(၂) လုံးတိုးလျှင် ရနိုင်ပုံများမှအစ ကတ်သီးကတ်သတ်နိုင်လှသော ဂဏန်း အတိုတွက်နည်းများကို သင်ပြပေးနေလေ၏။

တစ်လခွဲ နှစ်လခန့်ကြာသောအခါ၌ လှဖေသည် ဘတ်စ်ကား ငွေစာရင်းများကို ပေသီးဖြင့်တွက်နေလေတော့၏။ ပင်ကိုယ်ကပင် ဉာဏ်ကောင်းသူဖြစ်ရကား အတွက်အချက်အရာ၌ လွန်စွာ အောင်မြင် ၍ လွန်စွာမှလည်း မြန်ဆန်လှ၏။

ထို့နောက် လှဖေသည် လူတစ်ယောက်ကို အိမ်သို့ခေါ်လာ ပြန်၏။ ထိုလူသည် လှဖေအား အင်္ဂလိပ်စာကို သင်ပေးနေ၏။ အခြေခံ မှစ၍ သင်လေ၏။ ထိုဆရာမှာ တမိလ်လူမျိုးဆရာဖြစ်၏။ **So** ...ဆိုး၊ **Go** ...ဂိုး၊ **No** ...နိုး မှစ၍ သင်ပေးနေ၏။

ထို့နောက် စာလုံးများကို ကျက်ခိုင်း၏။ ဝါကျတည်ဆောက် ပုံများကို အလွယ်နည်းဖြင့် ပြပေးနေ၏။ လှဖေလည်း ကျက်မှတ်နေ ၏။ ထိုဆရာသည် လှဖေအား စာကိုသာသင်သည်မဟုတ်၊ စကား ပြောကိုလည်း သင်ပေး၏။ ဆရာတပည့်နှစ်ဦး တွေ့သည်နှင့်တစ် ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက် အင်္ဂလိပ်ဘာသာနှင့် နှုတ်ဆက်ကြ၏။ အင်္ဂလိပ်ဘာသာနှင့် ပြော၏။

ထို့နောက် လှဖေသည် ခုနစ်တန်းအတွက် ပြဋ္ဌာန်းသော အုပ်များကို ဝယ်ယူကာဖတ်၍ နေလေတော့၏။ ခုနစ်တန်းစာမေး ဖြေချိန်သို့ ရောက်သောအခါ၌ ဖြေခွင့်ဖောင်တင်၍ ကလေးများနှင့် အတူ မကြီးမငယ်နှင့် ခုနစ်တန်းဝင်၍ ဖြေသေး၏။ အောင်စာရင်း ထွက်သောအခါ၌ လှဖေ ခုနစ်တန်းအောင်သွားပြီဖြစ်၏။

နောက်ထပ် တစ်နှစ်ခွဲ၊ နှစ်နှစ်စာမျှ ကျက်သေး၏။ (ဆယ်) တန်း ဖြေချိန်ရောက်သောအခါ၌ ဝင်၍ဖြေဆိုရာ အောင်ရုံမက ဂုဏ်ထူး ပင် ထွက်သေး၏။

ထို့နောက် လှဖေသည် ဗဟုသုတဖြစ်ဖွယ်ကောင်းသော စာအုပ်များကို ယူလာ၍ တကုပ်ကုပ်ဖတ်၏။ ကားပြင်လျှင်ပြင်၊ မပြင်လျှင် စာရင်းတွက်၊ မတွက်လျှင် စာဖတ်နေ၏။ မောင်မောင်မှာမူ သက်သတ်လွတ်စားလိုက်၊ ပုတီးစိတ်လိုက် လုပ်နေ၏။

ဦးတာတီးမှာမူ ကီလီသဘော်ဆိပ်ရှိ မြမေတ္တာထမင်းဆိုင်နှင့် လှဖေတို့အိမ်သို့ ယက်ကန်းလွန်းကဲ့သို့ ကူးချည်သန်းချည်လုပ်နေ၏။ ယခင်က ရှပ်အင်္ကျီအဖြူလောက်သာ ဝတ်သော ဦးတာတီးသည် ဟာဝေယံရှပ်အင်္ကျီ ဝတ်နေပြီဖြစ်၏။

ဆေးပေါ့လိပ်လောက်သာသောက်သော ဦးတာတီးသည် ပစ်စတာပီးရှန်း စီးကရက်ကို ခဲနေပြီဖြစ်၏။ ၎င်း၏အိတ်ထဲတွင်လည်း ရာတန်သုံးလေးရွက်နှင့် ဆယ်တန်ငါးကျပ်တန်များဖြင့် အစဉ်သဖြင့် ပြည့်ဖောင်းနေပြီဖြစ်၏။

လက်ဆွဲသားရေအိတ်တစ်လုံးကို အစဉ်သဖြင့် ဆွဲတတ်၏။ ထိုအိတ်ထဲတွင်လည်း ချမ်းသာပါစေ၊ ကြံတိုင်းအောင်၊ လပ်ကီးစသော မြင်းတစ်စာအုပ်များ ပါတတ်မြဲဖြစ်၏။ အစဉ်သဖြင့် မြင်းတစ်စာအုပ်





များကို ထုတ်၍ -

'ဒီအပတ် ဂျော်ကီဘရင်လေးစီးမယ်၊ သုံးရောင်ခြယ်ဆိုတဲ့ မြင်းခဲ ဘယ်နှစ်တုံ ထိုးမယ်၊ ဘယ်မြင်းဟာ ပန်းတိုင်ကျရင် ဖောက် တတ်တယ်၊ ဘယ်မြင်းဟာ ပန်းဝင်ခါနီး ဇက်ဆန့်တတ်တယ်. . .”မှ အစချိန်ဆတွက်ချက်နေတတ်၏။ ပြီးလျှင်အပတ်စဉ် မြင်းပွဲသို့ သွား၍ 'ဝင်းပလေး' လောင်းတတ်၏။

ထို့ပြင် ၎င်း၏သားရေအိတ်အတွင်း၌ ကာဒွေးရုံ ဝင့်ဝင့်ရုံတို့မှ ပြဇာတ်လက်ကမ်းကြော်ငြာစာရွက်များလည်းပါလေ့ရှိ၏။ ဦးတာတီး သည် ထိုပြဇာတ်ရုံနှစ်ရုံတွင် လွန်စွာနာမည်ကြီးသော မျိုးချစ်၊ ခင်အုန်း မြင့်စသည့် နာမည်ကြီး ပြဇာတ်မင်းသား မင်းသမီးပါသော ဇာတ်ထုပ် များဆိုလျှင် မလွတ်တမ်းကြည့်တတ်၏။ ထို့နောက်တွင်ကား ပြဇာတ် မင်းသား ခင်မောင်ကြည်၊ ခင်မောင်မြင့်ပါသော ဇာတ်ထုပ်များကိုလည်း ကြည့်လေတော့၏။

ပြဇာတ်မင်းသမီး၏နာမည်တွင် 'ငွေ'ဆိုသော စာလုံးပါသည့် မင်းသမီးများကို လွန်စွာနှစ်သက်တတ်၏။ ဥပမာအားဖြင့် မြင့်မြင့်ငွေ၊ ကြည်ကြည်ငွေ စသည်တို့ဖြစ်ကြ၏။ လူရွှင်တော် သန်းနွဲ့နှင့် လူရွှင် တော် ကျွန်တော်ချစ်မောင်တို့ကိုလည်း လွန်စွာ သဘောကျ၏။

ထို့ကြောင့် ဦးတာတီးသည် မြင်းပွဲနှင့် ပြဇာတ်ကို စွဲနေပြီဟု ဆိုနိုင်၏။ ထို့ပြင် ၎င်း၌လည်း မိတ်ဆွေတစ်ဦးရှိ၏။ ထိုမိတ်ဆွေ၏ အရွယ်မှာလည်း ၎င်းနှင့်ရွယ်တူလောက်ပင်ဖြစ်၏။ ထိုမိတ်ဆွေ၏ အမည်မှာ ဦးစံမမီဟူ၍ ဖြစ်၏။ ဦးစံမမီ၏ ကောင်းမှုကြောင့် ဦးတာတီး သည် နေအကျတွင် လေထတတ်လာ၏။ လေထလျှင် လွန်စွာနာမည် ကြီးသော စထရောင်းအေးလ်၊ သို့မဟုတ် ပေးလ်အေးလ်ဆိုသည့် တစ် လုံးခုနစ်ဆယ့်ငါးပြားတန် လက်ရုံး တံဆိပ်ဘီယာကို သောက်တတ်နေ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ဦးစံမမီ၏ သင်ပြမှုကြောင့် ဘီယာသောက်သော အခါ၌ ချိစ်နှင့် ကြက်သွန်ဖြူကို မြည်းတတ်နေပြီဖြစ်၏။ တစ်နေ့ လှဖေက မောင်မောင့်အား -

"မင်းကလည်း ပုတီးပဲစိပ်နေ၊ ငါကလည်း စာကျက်လို စာဖတ်လိုက်နဲ့အတော့်ကိုပင်ပန်းနေပြီ၊ ဖိမ်အကျဆုံးကတော့ ဦးတာ ကြီးပဲကွ၊ အိတ်ထဲမှာလည်း ရာတန်ငါးရွက်လောက် အမြဲတမ်းရှိ တစ်ပတ်တစ်ခါ မြင်းလေးလောင်းလိုက်၊ ညနေကျဘီယာ လေးသော လိုက်နဲ့ အတော့်ကိုဟုတ်နေတာ. . . "ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က -

"နေပါစေကွာ၊ ဘာမှမပြောပါနဲ့. . . . "ဟု တောင်းပန်လေ၏။ ထိုအခါ လှဖေက -

"နောက်တစ်ခုရှိသေးတယ်ကွ၊ တို့အိမ်မှာ ထမင်းမစား ဘူးကွ၊ ငါ့အစ်မဆိုင်မှာပဲ ထမင်းစားနေတယ်၊ ထမင်းစားတာ အကြောင်းမဟုတ်ပါဘူးကွာ၊ အစ်မပါးကို မနာမကျင်လေး ရိုက်လို မနာမကျင်လေးလိမ်ဆွဲလိုက်. . . လုပ်နေပြီကွ၊ အဲဒါ ဘာဖြစ်တာ သိလား. . . အစ်မပါးကိုလာရောနေတာ၊ ပြီးတော့. . . ဦးတာတီ ပါးကို မနာ့တနာလေး လိမ်ဆွဲလိုက်တဲ့အခါမှာ နာတာလည်း မနာတာလည်းမဟုတ် ကြားထဲမှာ ရှိတယ်ကွ၊ အဲဒီမှာ မလုပ်ပါနဲ့ အစ်မက ရယ်နေတယ်၊ ပထမအဆင့်ဟာက ပါးကိုရောတာကွ၊ ဒု အဆင့်ဟာက ပါးကို ရယ်အောင်လုပ်တာကွ၊ အလွယ်ပြောတော့ ပါး ပါးရိုပေါ့ကွာ. . . " ဒီနည်းဟာ တိုက်မွဲစကားနဲ့ ပြောရရင် အမြန် အထိရောက်ဆုံး ရန်သူ့ပိုင်နက်ကို ဝင်သိမ်းနိုင်တဲ့ ထိုးဖောက် ကွ. . . . ဖိုင်နယ်ပွတ်ရှ် **(Final Push)**ပေါ့ကွာ. . . . "ဟု ပြော လျှင် မောင်မောင်သည် ပါးစပ်အဟောင်းသားနှင့် လှဖေ၏မျက်နှာ ကြည့်နေ၏။





"ငါတော့ ဘာမှမသိပါဘူး လှဖေရယ်၊ မင်းပြောတာနဲ့ ရှုပ်ကုန် ပြီ. . . . "ဟု မောင်မောင်က ပြောလိုက်လျှင် လှဖေက -

"မင်းကတော့ ဘာမှသိမယ့်ကောင် မဟုတ်ဘူး၊ အဲဒီတော့ နာမည်ပြောင်းလိုက်ကွာ. . . ဘီအေမောင်မောင်လည်း မလုပ်နဲ့၊ ဘာမှ မသိတဲ့မောင်မောင်ပေါ့ကွာ. . . . "ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်က -

"မင်းဟာမင်း ပြောင်းချင်လည်းပြောင်းလိုက်ပေါ့ကွာ၊ ငါမှမသိ ဘဲ ဥစ္စာ"ဟု ညည်းညူလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

## တွေးမောင်မောင်

တစ်နေ့တွင် လှဖေသည် သတင်းစာတစ်စောင်ကို ယူလာပြီးလျှင် မောင်မောင့်အား ဖတ်ပြလေ၏။ မောင်မောင်သည် ထိုသတင်းကို နားထောင်ပြီးနောက် အဓိပ္ပါယ်မသိဘဲ ရှိလေ၏။ ထိုအခါ၌ လှဖေက

"တို့လူငယ်တွေမှာ ပထမဆုံး အရေးကြီးတဲ့ စိတ်ဓာတ်ကတော့ ကိုယ့်တိုင်းပြည်ကို ချစ်တတ်တဲ့ တိုင်းချစ်ပြည်ချစ်စိတ် ဓာတ်လိုတယ်ကွ၊ အဲဒီလိုပဲ ကိုယ့်လူမျိုးကို ချစ်တတ်တဲ့ မျိုးချစ်စိတ်ဓာတ်ဆိုတာလည်း ရှိတာပဲကွ၊ ငါတို့ရှေ့က နောင်တော့် နောင်တော်ကြီးတွေဟာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နဲ့ တာဝန်ကျေသွားကြပြီ၊ အဲဒီတာဝန်ဟာ ဒီနေ့ဒီအချိန်မှာ တို့ပုခုံးပေါ်ကို ရောက်လာပြီလို့ နားလည်သင့်တယ်၊ တစ်ယောက်တည်း နားလည်ရမှာ မဟုတ်ဘူး၊ လူငယ်တိုင်း နားလည်သင့်တာ. . . ." ဟု ပြောလျှင် မောင်မောင်သည် ပါးစပ်အဟောင်းသား ဟ၍ လှဖေ၏မျက်နှာကို ငေးမောကြည့်ရှုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး လှဖေရယ်၊ မင်း. . . . ဒီစကားတွေ ခုတ... တော်တော်ပြောနေတယ်၊ ငါဖြင့် နားမလည်နိုင်အောင်ပဲ. . . ." ... မောင်မောင်က ပြောလိုက်လျှင် လှဖေက ပြုံးလေ၏။

"ဒီမှာ မောင်မောင်. . . . မင်းအနေနဲ့ နားမလည်ဘူးဆို... စကားကို ချန်ထားကွာ၊ မြောပြီး ပြီလို့ ယူဆလိုက် မင်းဘာမှ နားလ... မယ့်ကောင်လည်း မဟုတ်ဘူး၊ မင်းဟာ နိမ့်ကျတဲ့ဘဝကနေ မြင့်တ... လာအောင် ကြိုးစားတာတော့ မှန်တယ်၊ ဒါပေမယ့် မင်းရဲ့မြင့်တက်... ဟာ အများအတွက် မဟုတ်ဘူးကွ၊ မင်းတစ်ကိုယ်ရည်အတွက်ပဲ... တယ်၊ ဒါကြောင့် မင်းရဲ့ ကြိုးစားမှုတွေကို အမှတ်ပေးရမယ်ဆို... သုညလောက်ပဲပေးရမယ်"ဟု လှဖေက ပြောလိုက်ရာ မောင်မော...

"မင်းပြောတာ ငါ. . . နားကိုမလည်ဘူး၊ ငါ့ဟာ ငါနေရ... ငါဟာတစ်ကိုယ်ကောင်းသမားဖြစ်နေတယ်၊ ဟုတ်လား"ဟု တအံ့တ... ဖြစ်၍ မေးလိုက်လေ၏။

"ဟုတ်တယ် မောင်မောင်၊ မင်းဟာမင်း ဒီတိုင်း အေး... ဆေးဆေး နေနေတာကိုက တစ်ကိုယ်ကောင်းဆန်နေတာပဲ၊ ကိုယ့် ... ပြည်အတွက် ဘာလုပ်ရမယ်ဆိုတာမသိ၊ ကိုယ့်လူမျိုးအတွက် ဘာလု... မယ်ဆိုတာ မသိ၊ ကိုယ်တတ်ဖို့ ကိုယ်ကောင်းစားဖို့လောက်ပဲ ကြိုး... တတ်တဲ့ ခပ်ညံ့ညံ့ လူတစ်ယောက်ဖြစ်နေတယ်ဆိုတာကိုတော့ သ... ပေါက်စေချင်တယ်. . . " ဟု လှဖေက ပြောလိုက်လျှင် မောင်မော...

"ဟော့ကောင်လှဖေ. . . . မင်းပြောသလိုဆိုရင် ငါဟာ လူ... တစ်ယောက်ပေါ့. . . . "ဟု ပြန်၍မေးလိုက်လေ၏။

"လူဆိုးတစ်ယောက်လို့တော့ မပြောလိုပါဘူး၊ ပြောလ... မပြောသင့်ပါဘူး၊ ဒါပေမယ့် ငါလေးစားရမယ့် လူထဲမှာတော့ ... မပါဘူး. . . . "ဟု လှဖေကပြောလိုက်ရာ မောင်မောင်က ရယ်မော...

"အဲဒီနေရာမှာ မင်းနဲ့ငါနဲ့ ကွာတဲ့အချက်ပဲ လှဖေ၊ ငါက...





...လေးဘဝကစပြီး မင်းကို တွေ့တွေ့ချင်း လေးစားတယ်ကွ၊ အမှန် ...တိုင်း ပြောရရင် အခုလည်း လေးစားတုန်းပဲ. . . " ဟု မောင်မောင် ... ပြန်၍ ပြောလေ၏။

"ဘာဖြစ်လို့ လေးစားသလဲမောင်မောင်၊ မင်းပြန်ပြီး စဉ်းစား ...ကြည့်စမ်း၊ မင်းကို မင်းရဲ့ထမင်းဆိုင်ရှင်က နှိပ်စက်တော့ ငါဟာ မင်း ...ဘက်က ဝင်ရပ်တယ်၊ တကယ်ဆိုရင် ငါနဲ့ဘာမှ မဆိုင်ပါဘူး၊ ဒါပေမယ့် ...င်းဘဝကို ငါက စာနာတယ် ၊ အလွယ်ပြောရရင် မင်းကို ငါက ကယ် ...တ်သွားတယ်၊ မင်းကောင်းစားတာကို ငါက မြင်ချင်တဲ့အတွက် ငါ့မှာ ...တဲ့ ကလေးဉာဏ်ရည် ဉာဏ်သွေးလေး၊ ကလေးခွန်အားလေးနဲ့ အကူ ...ညီပေးခဲ့တယ်၊ အခုလည်း ဘတ်စ်ကားအလုပ်တွေကို ငါက ကုန်းလုပ် ...း မင်းတက္ကသိုလ်တက်နိုင်အောင် ငါ့ဘက်က အနစ်နာခံပေးခဲ့တယ်၊ ...ဒီအနစ်နာခံမှုတွေဟာ မင်းအတွက် လေးစားမှုတွေ ဖြစ်လာတာကွ၊ ...ဒီအနစ်နာခံမှုတွေကို မင်းက တန်ဖိုးထားနေတာ၊ လှဖေဆိုတဲ့ကောင် ...ာ ဘာမှမဟုတ်ပါဘူးကွာ၊ ဒါပေမယ့် မင်း မလေးစားဘဲ မနေနိုင်ပါ ...ဘူး. . . "ဟု လှဖေက ပြောရာ မောင်မောင်က -

"မင်းဟာ ဒီဘက်နှစ်ပိုင်းမှာ အတော့်ကို စကားတတ်လာ ...တယ်၊ ငါဖြင့် အံ့သြစရာကွာ၊ မင်းပြောတာ ငါမငြင်းပါဘူး၊ ဟုတ်မှာ ...ပဲ. . . . "ဟု ဝန်ခံလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ရက်အတန်ကြာ ...သာအခါ၌ မောင့်ညီပြုံးချော(၂) ဘတ်စ်ကားမှ စပါယ်ယာကုလားဆို ...သူက စာအိတ်ရှည်ကြီးတစ်အိတ်နှင့် စာတစ်စောင်ကို မောင်မောင့် ...အားပေးလေ၏။ မောင်မောင်လည်း ထိုစာကိုဖတ်ကြည့်ရာ လှဖေ၏ ...ဖြစ်ကြောင်း တွေ့ရ၏။ ထိုစာ၏အဓိပ္ပာယ်မှာ မော်တော်ကား ...စာရင်းများ၊ ဘဏ်စာအုပ်များမှ အစ ငွေအနေနှင့် ရှင်းစရာရှိ ...သည်များကို ပြည့်ပြည့်စုံစုံရှင်းထားပြီးလျှင် မောင်မောင့်အား နက်နက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းရှိုင်း နှုတ်ဆက်လိုက်သောစာပင်ဖြစ်၏။

ထို့အပြင် ၄င်းအား စုံစမ်းခြင်း၊ ရှာဖွေခြင်းမပြုရန်လည်း ပါသေး၏။ မောင်မောင်သည် ချက်ချင်းဆိုသလိုပင် ကားအသင်းတိုက် သို့သွားကာ လှဖေ၏ခေါင်းစဉ်အောက်တွင် ထားသောငွေကို ခေါင်းစဉ်အောက်တွင် ပြောင်းလိုက်ရလေ၏။ ဘဏ်စာရင်းများ လည်း ဘဏ်အကြီးအကဲနှင့်တွေ့ကာ ဘဏ်အကြီးအကဲနှင့်တွေ့ ရှင်းလင်းလွှဲပြောင်းရလေ၏။ ဘတ်စ်ကား ၁၀ စီး၏ အလုပ်တာဝန် သည် မောင်မောင်၏ ပုခုံးပေါ်သို့ ရုတ်တရက်ရောက်ရှိလာလေတော့၏

တစ်နေ့တွင် လှဖေ၏အစ်မ မမြရင်သည် မောင်မောင့် အိမ် ရောက်လာ၏။ မောင်မောင်က ထိုစာကိုပြ၍ မြရင်နှင့် တိုင်ပင် နွေးလေ၏။ မြရင်လည်း စာကိုဖတ်ပြီးနောက် ငိုလေ၏။

"ဟဲ့ မောင်မောင်. . . . လှဖေက ငါ့ကို စကားမပြော သုံးလရှိပြီဟဲ့. . . . ငါ့ကိုပဲ မဟုတ်ဘူး ၊ ဦးတာတီးကိုလည်း မပြော တို့ကမေးလည်း မပြောဘူး၊ ဘယ်လိုဖြစ်နေလဲမသိပါဘူး ဟယ်. . . " မြရင်က ပြောလိုက်လျှင် မောင်မောင်က -

"အစ်မမြရင်ရယ်. . . ကျွန်တော်မသိပါဘူး ခင်ဗျာ. . . " ပြန်၍ဖြေလိုက်လျှင် မြရင်က -

"မောင်မောင်. . . နင်ကတော့ ဘာမှသိမယ့်ကောင် မဟုတ် ဘူး၊ ဒါ့ကြောင့် ဦးတာတီးက မောင်မောင်ငတုံးတဲ့၊ လှဖေက ငယုတ် အဲဒီလိုပြောတာ"ဟု ပြောလေ၏။ ထို့နောက် မြရင်လည်း သယ်နီးတွင် ဈေးသို့သွားကာ ဟင်းချက်စရာများ ဝယ်၍ ချက်ပြုတ်ပေးလေ၏ မောင်မောင်လည်း -

"အစ်မအိမ်မှာရှိတုန်း ကျွန်တော် ကားအသင်းတိုက်ကို သွား မယ်. . . . "ဟုဆိုကာ ထွက်သွားလေ၏။ မောင်မောင်သည် နေ့လယ် တစ်ချက်ထိုးလောက်တွင် အိမ်သို့ပြန်ရောက်လာ၏။ ထို့နောက် အိမ်





သို့ကြည့်လိုက်ရာ ကားပြင်သောရုံဘက်မှ မက္ကင်းနစ်၊ ခရိုင်ဘာ၊ စပါယ် ယာ စုစုပေါင်း လူ ၅ ယောက်တို့သည် မောင်မောင်၏ အိမ်နံ့ဘေးထရံ ပေါက်မှနေ၍ အိမ်ခန်းအတွင်းဆီသို့ အလုအယက် ချောင်းကြည့်နေ ကြောင်းကို တွေ့မြင်နေရလေ၏။ မောင်မောင့်ကိုမြင်လျှင် မက္ကင်းနစ်က လက်ကိုဖော့၍ လျှောက်လာပြီးနောက် လေသံကလေးဖြင့် -

"ဆရာကိုမောင်မောင်. . . အိမ်ပေါ်မတက်နဲ့ဦးဗျ. . . " ဟု ပြောသဖြင့် မောင်မောင်လည်း ဘုမသိဘမသိနှင့် ထိုမက္ကင်းနစ်၏ နောက်မှလိုက်သွား ပြီးလျှင် ၄င်းတို့ ချောင်းကြည့်သော အပေါက်ဆီမှ အိမ်ခန်းတွင်းသို့ ချောင်းကြည့်လိုက်ရာ မြရင်နှင့် ဦးတာတီးကို တွေ့ရ လေ၏။

မောင်မောင်သည် မျက်မှောင်ကြုတ်သွား၏။ ပါးစပ်သည် တတရက် ပွင့်အာသွား၏။ ယောင်ယမ်း၍ အသံမထွက်မိစေရန် လက် တစ်ဖက်ဖြင့် ပါးစပ်ကို ပိတ်လိုက်၏။ ချွေးစေးများ ကျလာ၏။ ထိုမြင် ကွင်းကို ဆက်လက်၍ မမြင်လိုသောကြောင့် မျက်နှာကို ချာကနဲ လှည့် လိုက်၏။

မောင်မောင်သည် အိမ်ပေါ်သို့မတက်ဘဲ ခြံ ပြင်သို့ ထွက်ကာ လျှောက်သွားလေတော့၏။ ကုလားလက်ဖက်ရည်ဆိုင်သို့ ငံပြီးလျှင် လက်ဖက်ရည်ကို မသောက်ချင်ဘဲလျက် မှာပြီးလျှင် ာက်၍ ချိန်ဖြုန်းနေရလေ၏။ ထိုသို့ အချိန်ဖြုန်းနေစဉ်အတွင်း လှဖေ၏ မျက်နှာသည် ကွက်ကနဲပေါ်လာလေ၏။

"လှဖေဆိုတဲ့ကောင် အတော်ဉာဏ်ကြီးတဲ့ ကောင်ပဲ၊ ဒီကိစ္စ မဖြစ်ခင်ကတည်းက ငါ့ကို ကြို ပြီးပြောခဲ့တာ ၊ အခု ကြည့်စမ်း၊ ပြောတဲ့အတိုင်း ကွက်တိတွေဖြစ်ကုန်ပြီ လှဖေရေ၊ လာပြီးပြော ပါဦးကွာ. . . "ဟု စိတ်တွင်းမှ ရေရွတ်လိုက်လေ၏။ မောင်မောင် သည် လက်ဖက်ရည်ဆိုင်၌ ဖတ်ပြီးသား သတင်းစာကို ဖင်ပြန်ခေါင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ကာ အချိန်ဖြုန်းပြီးနောက် အိမ်သို့ပြန်လာ၏။

မက္ကင်းနစ်၊ စပါယ်ယာ၊ ဒရိုင်ဘာတို့သည် ကားတစ်စင်း
ပြင်နေကြလေ၏။ အိမ်ပေါ်သို့တက် လိုက်သောအခါ၌ ဦးတာတီး
တွေ့ရ၏။ ဦးတာတီးသည် ခေါင်းရင်းဘက်တွင် ချထားသော ပက်လက်
ကုလားထိုင်တွင်ထိုင်ကာ မာဃဒေဝလင်္ကာကိုဖတ်နေ၏။ ဦးတာတီး
သည် မောင်မောင့်ကိုမြင်လျှင် စာအုပ်ကိုချလိုက်ပြီးနောက် -

"ဟေ. . . မောင်မောင်ပါလားကွ၊ ငါလည်း အခုပဲရောက်တယ်
ကွ၊ မင်းနဲ့ငါနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲဟေ့၊ ဒါနဲ့ပြောရဦးမယ်၊ မင်းအဒေါ်
လှဖေတော့ ဘယ်ထွက်သွားလဲမသိဘူး၊ စိတ်ရှုပ်ပေါက်ပြီး ထွက်သွားပြီ
မင်းပဲကျန်တော့တယ်၊ မင်းကို ပြောချင်တာက ပညာလည်း ပြည့်စုံပြီ
ပစ္စည်းဥစ္စာလည်းရှိပြီပဲ၊ ဒါပေမယ့် အိမ်ထောင်တော့ မပြုနဲ့ဦး
အိမ်ထောင်ရေးဟာ အငိုလွယ်ပေမယ့် အရှိုက်ခက်တယ်ကွ၊ ကြားလား"
ဟု ပြောလေ၏။ မောင်မောင်က -

"ဟုတ်ကဲ့ခင်ဗျ"ဟု ပြန်၍ ဖြေ၏။ ထို့နောက် ဦးတာတီးက

"မင်းဖတ်ဖို့ဆိုပြီး ဟောဒီမှာ မာဃဒေဝလင်္ကာစာအုပ် ယူလာ
တယ်ကွ၊ အဲဒါကိုဖတ်ကြည့်စမ်း၊ ဒါကို. . . ဖတ်ပြီးရင် မင်းအနေနဲ့
ဆိုတာကို ကြောက်သွားလိမ့်မယ်၊ ပတ်သက်ရဲတော့မှာ မဟုတ်ဘူး. . ."
ဟု ပြောလိုက်လျှင် မောင်မောင်က -

"ဟုတ်ကဲ့ . . . အခုလည်း မပတ်သက်ပါဘူးခင်ဗျ. . ."ဟု
ပြန်၍ဖြေလေ၏။

"နောက်တစ်ခုပြောချင်တာက မင်းမှာရှိတဲ့ စီးပွားဥစ္စာဆိုတာ
ကလည်း မင်းတစ်ယောက်တည်းလုပ်ခဲ့တာ မဟုတ်ဘူးလေ၊ လှဖေနဲ့
နှစ်ယောက်လုပ်ခဲ့တာ မဟုတ်လား၊ တကယ်ပြောရရင် လှဖေလုပ်ခဲ့တာ
ပါကွာ၊ မင်းက ကောလိပ်တက်နေတဲ့ ဥစ္စာပဲ၊ အဲဒီတော့ကွာ၊ သူ့မောင်
ခဲ့တဲ့ပစ္စည်းကို သူ့အစ်မကို တစ်ဝက်ခွဲပေးဖို့တော့ ဆုံးဖြတ်ထားတယ်





ည်း တရားမှာ"ဟု ဦးတာတီးက ပြောလေ၏။ ထိုအခါ မောင်မောင်က

"ဟုတ်ကဲ့ ခွဲပေးပါမယ်၊ တကယ်ပြောရရင်တော့ လှဖေ ကိုယ်
တိုင်က အဲဒီလို ခွဲမပေးဖို့ ကျွန်တော့်ဆီကို စာရေးသွားခဲ့ပါတယ်၊ ဟောဒီ
မှာ သူ့စာရှိပါတယ်"ဟုဆိုကာ လှဖေရေးထားခဲ့သော စာကို ထုတ်ပြလေ
၏။ လှဖေ၏စာ၌ -

"ဦးတာတီးက လှဖေရှာတဲ့ စီးပွားတစ်ဝက်ကို အစ်မပြရင်
ကို ပေးသင့်တယ်ဆိုတဲ့ စကားမျိုး ပြောလာလိမ့်မယ်၊ လုံးဝမပေးပါနဲ့၊
အစ်မကိုလည်း မပေးပါနဲ့၊ ဦးတာတီးကိုလည်း မပေးပါနဲ့၊ ဒီပစ္စည်းတွေ
ဟာ မင်းပစ္စည်းတွေပါ၊ မင်းထီပေါက်ခဲ့တဲ့ငွေကနေ အပင်ပေါက်လာတာ
တွေပါ၊ ပေးစရာမလိုပါဘူး. . ."ဟူသော စာပိုဒ်ပါလေ၏။ ဦးတာတီး
သည် ထိုစာပိုဒ်ကို ဖတ်ပြီးနောက် -

"တောက်. . . တော်တော်ယုတ်တဲ့ လှဖေငယုတ်. . . ငယုတ်"
ဟု ရေရွတ်လိုက်လေတော့သတည်း. . . .။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၂)

## အရှုးမောင်မောင်

မြရင်သည် ဦးတာတီးနှင့် အတိအလင်းယူလိုက်ပြီဖြစ်၏။ ဦးတာတီးသည်ယခင်က ဟာဝေယံရှပ်လောက်သာ ဝတ်သော်လည်း ယခုအခါ၌ ဘောင်းဘီရှည်၊ ရှူးဖိနပ်၊ နေကာမျက်မှန်တို့ဖြင့် အတော့်ကို ခတ်မိမိဝတ်စားနေပြီဖြစ်၏။

မောင်မောင့်ထံလည်း မကြာခဏ ရောက်လာပြီးလျှင် -

"လှဖေက မပေးနဲ့ဆိုတာနဲ့ပဲ မင်းက မပေးတော့ဘူးလား၊ သူကယ်ပြောရရင် မင်းဟာ အနှိပ်စက်ခံ ဘုံကျွန်ကလေးအဖြစ် နေနေ သူတနေ မြရင်က ကယ်ခဲ့တယ်၊ ငါကလည်း ကြည့်ခဲ့တယ်၊ အဲဒီကျေးဇူး တွေကို မင်းမေ့သွားပြီလား. . ."ဟု မကြာခဏ ပြောလေ၏။ ထို့ကြောင့် မောင်မောင့်လည်း ရှေ့နေတစ်ဦးနှင့် တိုင်ပင်ကာ ဦးတာတီးနှင့် မြရင် အား မောင့်ညီချောအမည်ပါသော ဘတ်စ်ကား ၁၀ စီးအနက်မှ ၅ စီးတိတိကို ခွဲပေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတာတီးသည် မောင်မောင့်ထံမှရသော ဘတ်စ်ကား ၅ စီး အနက်မှ တစ်စီးကို ရောင်းပစ်ပြီးနောက် ဂျစ်ကားတစ်စီးဝယ်၍ စီးလေ၏။ ယခင်က ကြုံရာဘတ်စ်ကားလိုက်၍ စီးနေရသော ဦးတာတီးသည် ဂျစ်ကားတဝီဝီနှင့် ဖြစ်သွားလေတော့၏။

ဤသို့ မော်တော်ကားများ ခွဲပေးပြီးနောက် မြရင်အော ဦးတာတီးပါ အိမ်သို့ ပေါ်မလာတော့ပေ။အထက်ပါအဖြစ်အပျက်များသည် နှစ်အတန်ကြာခဲ့ပြီဖြစ်၏။ မောင်မောင်သည် ရွှေတိဂုံဘုရား ဆင်းလာ၏။ ဘုရား၏ခြေတော်ရင်းသို့ ရောက်သောအခါ၌ မြန်မာ တပ်မတော်မှ တပ်ကြပ်ကြီးတစ်ဦးနှင့် မျက်နှာချင်းဆိုင် တိုးမိလေ၏ ထိုအခါ၌ ထိုတပ်ကြပ်ကြီးက မောင်မောင်၏ ရင်ပတ်မှ အကျီင်္ကို လက်တစ်ဖက်ဖြင့် ဆွဲကိုင်လိုက်လေ၏။ ထိုသို့ ဆွဲကိုင်ပြီးလျှင် -

"ဟေ့ကောင်မောင်မောင်. . ."ဟု ပြောလိုက်ရာ မောင်မောင်လည်း ထိုတပ်ကြပ်ကြီး၏မျက်နှာကို ကြည့်ကာ -

"ဟာ. . . ."ဟု အရှည်ကြီး ရေရွတ်ပြီးနောက် -

"လှဖေ . . . ."ဟု အလန့်တကြား အော်လိုက်လေတော့၏။

"ဟုတ်ပါတယ်. . . လှဖေပါ၊ မင်းသူငယ်ချင်း လှဖေပါ. . ." ဟု လှဖေက ပြန်၍ ပြောလေ၏။

"နေပါဦးကွာ. . . မင်းတပ်ထဲဝင်သွားတာကို ငါ့ကို ဘာလို့ မပြောတာလဲ. . ."ဟု မောင်မောင်က ပြောလေ၏။

"ဘာဖြစ်လို့မှ မဟုတ်ဘူးဟေ့. . . . မင်းက ဖျက်ချင်ဖျက် မယ်လို့ ငါ ယူဆလို့ မပြောတာပါကွာ၊ စိတ်မဆိုးပါနဲ့. . . "ဟု လှဖေ တောင်းပန်လေ၏။

"ဒါနဲ့နေစမ်းပါဦး၊ မင်းက အခု ရန်ကုန်မှာလား. . . ."ဟု မောင်မောင်က မေးရာ လှဖေက -

"မင်းကိုပြောရင် မင်းအံ့သြသွားမယ်၊ ငါ တပ်ထဲကို ဝင်ပြီး





ဘယ်ရောက်သွားတယ်ထင်သလဲ"ဟု လှဖေက မေးလေ၏။

"ဟင့်အင်း မသိဘူး၊ မင်းတပ်ထဲဝင်သွားတယ်ဆိုတာတောင် မသိဘူးဆိုတော့ ဘယ်ရောက်နေတယ်ဆိုတာ ဘယ်လိုလုပ်သိမလဲ"ဟု မောင်မောင်က ပြန်၍ပြောလိုက်လေ၏။

"စကုက တပ်ကိုရောက်သွားတယ်ဟေ့. . . ."ဟု လှဖေက ပြောလိုက်လျှင် မောင်မောင်က ရယ်လေတော့၏။

"စကုကလူက စကုပြန်ရောက်သွားတာကိုး၊ ဒါနဲ့ နေပါဦး၊ အခု ဒီကိုရောက်နေပြီလား. . . ."ဟု မောင်မောင်ကမေးရာ လှဖေက -

"မဟုတ်ဘူးကွ၊ ဗိုလ်သင်တန်းတက်ဖို့ စာမေးပွဲလာဖြေတာ၊ တစ်ရက်နှစ်ရက်ဆို ငါပြန်ရမယ်"ဟု ပြောလေ၏။

"ဒါတွေထားလိုက်တော့ကွာ. . .၊ မင်း. . . ငါနဲ့ မနက်စာအတူ စားမယ်. . . ."ဟုဆိုကာ ရွှေတိဂုံဘုရား၏ အရှေ့ ဘက်မုခ်တွင်ရှိသော "အဒေါ်ကြီး" ထမင်းဆိုင်သို့ နှစ်ယောက်သားသွားကြလေ၏။ ထမင်းစားရင်း ဦးတာတီးကြီး ပစ္စည်းတစ်ဝက်လာတောင်းသောကြောင့် မော်တော်ကား ၅ စီး ပေးလိုက်ရပုံမှအစ ဦးတာတီးကြီး ဂျစ်ကားတဝီဝီ စီးနေပုံတို့ကိုပါ ပြောပြလိုက်လျှင် လှဖေက -

"အဲဒါတွေကို ကြိုပြီးမြင်လို့ မပေးနဲ့လို့ မင်းကိုငါ စာရေးထားခဲ့တာပဲ၊ မင်းက ပေးဖြစ်အောင်ပေးလိုက်တာကိုး၊ မင်းပြောတဲ့ အတိုင်းဆိုရင်တော့ သိပ်မကြာတဲ့အချိန်မှာ ငါ့အစ်မ ငိုပြီး မင်းဆီရောက်လာလိမ့်မယ်၊ ဘာဖြစ်လို့လဲသိလား၊ ဦးတာတီးကြီး မယားငယ်ယူသွားပြီဆိုတဲ့အကြောင်း မင်းကိုလာပြီး တိုင်လိမ့်မယ်၊ သိပ်မကြာခင်မှာပဲ ပစ္စည်းတွေ အပိုင်စီးသွားပြီး မယားငယ်နဲ့ သွားနေပြီဆိုတဲ့ သတင်းကြားရလိမ့်မယ်. . . ."ဟု ပြောလျှင် မောင်မောင်က -

"ငါတော့ ဘာမှမပြောချင်ပါဘူးကွာ၊ မင်း ပြောတဲ့အတိုင်း ဖြစ်လာလွန်းလို့ ကြောက်တောင်လာပြီ . . . ."ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက သဘာဝကို စဉ်းစားပြီးပြောတာကိုးကွ၊ ဖြစ်လာ[illegible] ပေါ့. . ."ဟု လှဖေက ပြန်၍ပြောလေ၏။

"ထားပါတော့ လှဖေရယ်. . . ဦးတာတီးကြီးဟာ မယား[illegible] ဆီကို ပစ္စည်းတွေနဲ့ပါသွားပြီး နောက်ဘာဖြစ်ဦးမှာလဲ" ဟု မောင်[illegible] က မေးလိုက်လျှင် -

"ဘာဖြစ်စရာရှိလို့လဲကွာ၊ သူ့ရဲ့မယားငယ်က သူ့ပစ္စည်း[illegible] ဘုံးပြီး လင်ငယ်နဲ့လိုက်သွားမှာပေါ့၊ အဲဒီမှာ ဦးတာတီးကြီးက [illegible] သစ်ကိုင်းလွတ်သလိုဖြစ်ပြီး ကျန်ခဲ့မယ်၊ ဝင်ငွေလည်း မရှာနိုင်၊ အ[illegible] ကလည်း ကြီးလာ၊ ကျန်းမာရေးကလည်း မကောင်း၊ အငတ်ငတ် အ[illegible] ပြတ်ဖြစ်ပြီး အစ်မဆီကို ဒူးထောက်လျက် ပြန်လာမှာပေါ့. . ." [illegible] လှဖေက ပြောလေ၏။

"အဲဒီတော့ အစ်မမြရင်နဲ့ ဦးတာတီး ပြန်ပေါင်းကြ[illegible] ပါစို့ကွာ. . . . ."ဟု မောင်မောင်က ပြောလိုက်လျှင် -

"နိုး. . . . နိုး. . . . နိုး. . . . ဒီလို မဟုတ်ဘူး၊ ဇာတ်[illegible] အဲလိုဆို မလှဘူး ၊ ဦးတာတီးကြီး မယားငယ်နဲ့ပါ သွားတဲ့နေ့ [illegible] ငါ့အစ်မဟာ မစားနိုင်မသောက်နိုင် တငိုငို တရယ်ရယ်နဲ့ ဖြစ်[illegible] ပါကွာ၊ အဲလိုဖြစ်တယ်ဆိုရင်ပဲ၊ ဟိုဗေဒင် ဆရာကောင်းတယ်[illegible] သွားလိုက်၊ ဟိုနတ်ကတော်ကောင်းတယ်ဆိုရင်သွားလိုက်နဲ့ ဗေဒင်[illegible] နတ်မေးတွေ လုပ်တော့မှာပေါ့၊ အဲဒီလိုသွားတဲ့ကိစ္စမှာလည်း [illegible] ယောက်ထဲသွားရင် မသင့်တော်ဘူးလေကွာ၊ အဲဒီတော့ သူ့ရဲ့[illegible] အလုပ်သမားထဲက လူရည်သန့်သန့် ကောင်ကလေးတစ်ကောင် အ[illegible] အဖြစ်ခေါ်သွားမှာပေါ့၊ ပထမအခေါက်တွေတုန်းက ဗေဒင်ဆရာ[illegible] နတ်ကတော်တွေဆီ သွားတဲ့အခါမှာ ဦးတာတီး ပြန်လာအောင် လု[illegible] တာကွ၊ နောက်ပိုင်းအခေါက်တွေကျတော့ ဦးတာတီး အပြီးပြန်[illegible] အောင် လုပ်ခိုင်းတာဖြစ်လိမ့်မယ်ကွ၊ ဘာဖြစ်လို့လဲ သိလား၊ အ[illegible]



[illegible]သွားတဲ့ ကောင်လေးနဲ့ အစ်မနဲ့ ငြိပြီလေကွာ. . ."ဟု လှဖေက ပြော လိုက်လျှင် မောင်မောင်သည် ပါးစပ် အဟောင်းသားဖြင့် လှဖေ၏ မျက်နှာကို ငေးကြည့်နေရာမှ"အဟုတ်ပဲလားကွာ. . . ."ဟု ပြန်၍ မေးလိုက်လေ၏။

"အဲဒီအတိုင်း. . . ဖြစ်လာမှာ ငါ့လူရဲ့. . . အစ်မက အဲဒီ ကောင်လေးကို ပြောင်ယူလို့မရဘူး၊ ကောင်လေးကို ဆိုင်မှာပဲ ထားမယ်၊ ဘာမှမခိုင်းဘူး၊ အဝတ်အစားကောင်းကောင်း ဆင်မယ်၊ အစား အသောက် ကောင်းကောင်းကျွေးထားပြီး ပိုးမွေးသလို မွေးထားမှာ၊ အဲဒါကို တစ်ဆိုင်လုံးကသိမှာပါ၊ အဲဒီအခြေအနေမှာ ဦးတာတီးကြီးက ဒူကွဲရောက်ပြီး အိုမင်းမစွမ်းနဲ့ အစ်မဆိုင်ကို ပြန်ရောက်သွားမှာ၊ အစ်မက လက်ခံရင်လည်း လင်ယောကျ်ား အဖြစ်နဲ့ လက်မခံတော့ဘူး၊ ဘောက်တိုမယ်ရခိုင်းဖို့ လက်ခံထား မှာ၊ အိပ်တာတောင် အထပ်ခိုးမှာ အိပ်ခွင့်ပေးတော့မှာ မဟုတ်ဘူး၊ မီးဖိုနားမှာပဲ အိပ်ခွင့်ပေးလိမ့်မယ်၊ အဲဒီလိုမှ မနေနိုင်ရင် 'ကျောင်း'လို့ ပြောလိမ့်မယ်၊ အဲဒီမှာ ဦးတာတီးကြီး က မသွားနိုင်ဘူးပေါ့၊ သွားရင် ငတ်တော့မှာကိုး၊ ကောင်းကောင်းလည်း မမာဘူးဆိုပါတော့ကွာ၊ အစ်မနဲ့ အလုပ်သမားလေးရဲ့ဇာတ်လမ်းကို ကြည့်ပြီး ဦးတာတီးက တငွေ့ငွေ့ဆွေးမြေ့ သွားလိမ့်မယ်၊ ပြီးတော့ ညကျရင် ကိုယ်တွေလက်တွေ ကိုက်တာတို့၊ ရင်ကြပ်တာတို့အတွက် သူ့ဟာသူ ရေနွေးရှာပြီးသောက်ရမယ်၊ ဆေးသူ့ဟာသူလူးရမယ်၊ အဲဒီ မှာ သနားတဲ့ လူသားတစ်ယောက်ရှိလိမ့်မယ်၊ အဲဒါ ဘယ်သူလဲဆိုတော့ မုလဆိုင်ပိုင်ရှင် ဒေါ်စိန်စိန်ပေါ့ကွာ၊ မင်းနေခဲ့တဲ့ စိန်မေတ္တာ ထမင်းဆိုင် ပိုင်ရှင်လေကွာ၊ သူက အစ်မဆီမှာ ဝင်ပြီး ထမင်းချက် လုပ်နေရတာ[illegible] မဟုတ်လား၊ အဲဒီ ဒေါ်စိန်စိန်ကြီးက ဦးတာတီးကို ရေနွေးခပ်ပေးမယ်၊ ဆေးလူးပေးမယ်ပေါ့ကွာ၊ အဲဒီမှာ ဦးတာတီးကြီးက သံယောဇဉ်တွယ် သွားမယ်၊ သံယောဇဉ်တွယ်တာနဲ့ တစ်ပြိုင်နက် ဒီအတိုင်း 'စိတ်ထဲက

www.burmeseclassic.com



တွယ်နေမှာ မဟုတ်ဘူး၊ ကိုယ်ထိလက်ရောက် ဆောင်ရွက်လိမ့်မယ် သင်္ဘောတစ်စီးဟာတစ်မြို့ပြီး တစ်မြို့ ဆိပ်ကမ်းတွေလျှောက်ပြီး ဆိုက်ကပ်လာလိုက်တာ ဆက်ပြီး ခုတ်မောင်းစရာ လောင်စာမရှိတဲ့အခါမှာ နောက်ဆုံးရောက်တဲ့ ဆိပ်ကမ်းမှာ ဆိုက်ကပ်ရတော့တာပေါ့ကွာ ဒေါ်စိန်စိန်ကြီးဟာ ဦးတာတီးကြီး နောက်ဆုံးဆိုက်ကပ်ရမယ့် နောက်ဆုံးဆိပ်ကမ်း. . . အင်္ဂလိပ်လို ပြောရရင်တော့(Last Habour) ပေါ့ကွာ" ဟု လှဖေက ပြောလိုက်လျှင် မောင်မောင်သည် တခစ်ခစ်ရယ်လေ၏။ ထို့နောက် ထမင်းစားကြလေ၏။ လှဖေက ငါးသလောက်အချဉ်ဆီ ပြန် တစ်ပွဲမှာ၍ စား၏။ မောင်မောင်က ဝက်သားဟင်း မှာ၍စား၏။

ထမင်းစားပြီးသောအခါ၌ ထမင်းဆိုင်ရှင် အဒေါ်ကြီး ပုလင်းဖြင့်ထည့်ထားသော ထန်းလျက်များကိုစားပွဲ ပေါ်သို့လာ၍ ချပေး၏။ နှစ်ယောက်သား ထန်းလျက်မြုံ့ရင်း ရေနွေးကြမ်းသောက်ရင်း စကားဆက်၍ ပြောဖြစ်ခဲ့ကြ၏။

"ကဲကွာ. . . လှဖေရာ. . . ငါကရော ဘာတွေဆက်ပြီး ဖြစ်နိုင်မှာလဲ . . ."ဟု မောင်မောင်က မေးလိုက်ရာ လှဖေက -

"မင်းက ဘာဖြစ်စရာရှိလို့တုံး၊ မင်းဟာ ယဉ်ယဉ်လေးနဲ့ ... တဲ့ကောင်ပဲ၊ အိပ်မက်ထဲက ညိုချောဆိုတဲ့ ကောင်မလေးက မင်းကို ပုတီးစိပ်ပါဆိုရင် မင်းက ပုတီးစိပ်မယ်၊ သက်သတ်လွတ်စား ပါဆိုရင် သက်သတ်လွတ်စားမယ်၊ (Flash and Bone) အသွေးအသားမရှိတဲ့ အိပ်မက်ထဲက လူတစ်ယောက်ရဲ့စကားကို မင်းဟာ ယုံယုံကြည်ကြည် နာခံနေတယ်၊ အဲဒီညိုချောဆိုတဲ့ ကောင်မလေးက မင်းကို ပုတီးစိပ်ပါ၊ သက်သတ်လွတ်စားပါ၊ အဲဒီမှာ ကြာလာရင် ဟိုတောသွားပါ၊ ဒီ... သွားပါ ခိုင်းဦးမှာ၊ မင်းကလည်း လိုက်လုပ်လိမ့်မယ်၊ အဲဒီ... လိုက်လုပ်ဖို့ကလည်း မင်းမှာက အခွင့်အရေးရှိနေ တယ်လေ၊ မင်းမှာ... စီးပွား ရှာစရာမလိုဘူး၊ ဘတ်စ်ကားတွေက ပိုက်ဆံဝင်နေတာ





မဟုတ်လား၊ အဲဒီတော့ မင်းသွားချင်ရာသွား၊ နေချင်ရာနေဖို့ အခွင့်အရေးရှိနေတယ်၊ နောက်ဆိုရင် အိပ်မက်ထဲက အသွေးအသား မရှိတဲ့ ညိုချောဆိုတဲ့ ကောင်မလေးက မင်းကို ဘာတွေခိုင်းလာမလဲ သိလား၊ ဆံပင်မညှပ်ရဘူး၊ အမိဋ္ဌာန်နဲ့ အရှည်ထားရမယ်၊ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေးတွေလည်း မရိတ်မဖြတ်ရဘူး၊ ရသေ့လိုနေရမယ်လို့ ခိုင်းလာလိမ့်မယ်၊ အဝတ်အစားကိုလည်း အညိုရောင်ပဲ ဝတ်ရမယ်၊ အဖြူရောင်ပဲ ဝတ်ရမယ်လို့ အကြပ်ကိုင်လာလိမ့်မယ်၊ မင်းက လိုက်ပြီး လုပ်ရမယ်၊ နောက်ဆုံး မင်းဘဝဟာ ဘုရားကြို ဘုရားကြား၊ ကျောင်းကြို ကျောင်းကြားမှာ ရသေ့လိုလို၊ လူသူတော်လိုလိုနဲ့ ဇာတ်သိမ်းသွားရမှာပေါ့ ကိုယ့်လူရာ၊ နောက်ထပ် ဘာများဖြစ်စရာရှိတော့လို့တုံး . . ."ဟု ရှည်လျားစွာ ပြောလိုက်လျှင် မောင်မောင်သည် မှဲ့၍ သွားလေ၏။ ထို့နောက် -

"မင်းကကောကွာ. . . . ရှေ့ဘာတွေဖြစ်မှာလဲ . . . ." ဟု မေးပြန်ရာ လှဖေက -

"အဲဒါတော့ မပြောပါရစေနဲ့ကွာ. . . . ငါက တာဝန်တစ်ခုနဲ့ ချုပ်တည်နေရတဲ့လူကွ၊ အဲဒီတော့ ငါ ဘာဖြစ်လာမယ်ဆိုတာ ပြောပြနိုင်ပါဘူး၊ ရုပ်ရှင်စကားနဲ့ပြောရရင်တော့ ပိတ်ကားပေါ်မှာ ဆက်ဆက်ပြီး ရှုစားပါ. . . ." ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်မောင်သည် လှဖေအား အိမ်သို့ခေါ်သွားပြီး လှုင် ချောင်ချောင်လည်လည် သုံးစွဲနိုင်ရန်အတွက် ငွေတစ်သိန်း ထုတ်၍ ပေးလိုက်လေ၏။ လှဖေလည်း မောင်မောင်နှင့်အတူ စကားများပြောဆို၍ ထွက်ခွာသွားလေ၏။ သွားခါနီးတွင် မောင်မောင့်ကို ဆွဲယူ၍ နားကာ နမ်းရှုံ့၍ -


"ငါ့သူငယ်ချင်း. . . အရူး"ဟု ခေါ်လိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၃)

## ညို့ချောရဲ့မောင်မောင်

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး များမကြာမီ၌ လှဖေသည် ဗိုလ်သင်တန်းတက်နေပြီဖြစ်ကြောင်း အကြောင်းကြားစာတစ်စောင်ရောက်လာ၏။ ဗိုလ်သင်တန်းဆင်းပွဲကို အကြောင်းကြားမည်ဖြစ်ကြောင်း၊ ဧည့်သည်အဖြစ် တက်ရောက်ရန်ကိုပါ မှာကြားထားခြင်းဖြစ်၏။

မောင်မောင်သည် ထိုစာကိုဖတ်ပြီးနောက် လွန်စွာ ပျော်ရွှင်သွားလေ၏။ ၎င်း၏သူငယ်ချင်းတိုးတက်ပုံကိုလည်း ဝမ်းမြောက်ပီတိဖြစ်လျက်ရှိ၏။ မောင်မောင်သည် လှဖေအတွက် ဂုဏ်ယူမိ၏။ စာကိုဖတ်ပြီးနောက် ပြုံးနေ၏။ ဖတ်ပြီးသောစာကို နှစ်ခေါက်သုံးခေါက် ပြန်၍ဖတ်နေ၏။

ထိုအချိန်၌မှာပင် လှဖေ၏အစ်မဖြစ်သူ မမြရင်အိမ်ပေါ်သို့ တက်လာ၏။ ထို့နောက် မောင်မောင်၏ လက်ကိုဆွဲ၍ -



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်စမ်းပါဦးဟယ်. . . . ပြောစရာရှိလို့" ဟု ပြော၍ ထိုင်ခုံ
လေ၏။ မောင်မောင်သည် ဘုမသိဘမသိ ထိုင်ချလိုက်လေ
မောင်မောင် ထိုင်မိသည်နှင့်တစ်ပြိုင်နက် မြရင်သည် ချုံးပွဲချ၍ ငိုလေ
တော့၏။

"ကောင်းသေးရဲ့လားဟယ် အစ်ကိုကြီးလေ မယားငယ်
ပါသွားပြီ။ ကားငါးစီးစလုံးလည်း ယူသွားတယ်. . . ငါးစီးလည်း
တော့ပါဘူး၊ ဘတ်စ်ကားလေးစီးနဲ့ ဂျစ်ကားတစ်စီးလေ. . . ."ဟု မြ
က ပြောလိုက်လျှင် မောင်မောင်က မဲ့ပြုံးကလေးပြုံးလိုက်၏။ အဘ
ကြောင့်ဆိုသော် လှဖေပြောခဲ့သော စကားများသည် မှန်နေပြီ
ကြောင်း မျက်ဝါးထင်ထင်တွေ့မြင်နေရသောကြောင့် ဖြစ်နေ၏။

"ကျွန်တော်ဘယ်လိုအကူအညီပေးရမလဲ အစ်မ. . . တ
တော့ရှိတယ်. . . . ဘယ်လို အကူအညီပေးရမလဲလို့ မေးသာ မေး
ပါ. . . ကျွန်တော်မကူညီနိုင်ပါဘူး. . . ဦးတာတီးနဲ့ တွေ့တယ်ထား
ကျွန်တော် သူ့ကို ဆုံးမလို့မရမှာ မဟုတ်ဘူး၊ သူက ဆရာ ကျွန်တော်
တပည့်လေ. . ." ဟု မောင်မောင်က ပြောလိုက်လေ၏။

"ဟဲ့. . . မောင်မောင်. . . နင့်ကိုကူညီ ဖို့ပြောတာမဟုတ်
နင့်ကို လာပြောထားတာ. . . . နင့်ဆီ ပိုက်ဆံတွေဘာတွေ လာတော
ရင်ပေးမိမှာစိုးလို့ဟဲ့. . . "ဟု ပြော၍ မြရင်လည်း ပြန်သွားလေတော့

များမကြာမီ၌ မောင်မောင်သည် ဘောက်ထော်ဘတ်
ဒရိုင်ဘာတစ်ဦး နေမကောင်းဖြစ်သည်ဟုဆိုသဖြင့် သွားရော
ကြည့်ရှုရာတွင် မြရင်သည် ကောင်လေးတစ်ယောက်နှင့် တွဲလျှော
လာသည်ကို တွေ့ရ၏။ ထိုကောင်လေးမှာ ၎င်း၏ဆိုင်မှ အလုပ်သမား
ကလေးတစ်ဦး ဖြစ်၏။ မောင်မောင်သည် မြရင်ကို တွေ့လျှင် -

"အစ်မ ဘယ်သွားမလို့လဲ. . . . ကျွန်တော် လိုက်ပို့မယ်"
ဟုပြော၏။ မြရင်က -



"ဘောက်ထော် နတ်စင်နားမှာ လင်ကွဲ မယားကွဲလုပ်ပေး တဲ့
နတ်ကတော်တစ်ယောက်ရှိတယ်လို့ ကြားလို့ လာတာဟေ့ အိမ်ကဟာကြီး
က ခုထက်ထိ ပြန်မရောက်သေးဘူးဟဲ့. . . . မယားငယ်ရဲ့ ရင်ခွင်ထဲ
မှာ နစ်မျောနေသတဲ့တော်. . . အဲဒါ ကိုယ်တော်လေးနဲ့ တိုက်ပြီး
ခွဲပေးမယ်ဆိုလို့လာရတာဟေ့၊ လိုက်လည်း မပို့ပါနဲ့. . . ကျုပ်တို့ဟာ
ကျုပ်တို့ "လခြမ်းကား" စီးပြီး သွားပါ့မယ်တော်. . ."ဟုပြောကာ ထွက်
သွားလေတော့၏။ မောင်မောင်သည် ပြုံး၍ကျန်ခဲ့၏။ အဘယ်ကြောင့်
ဆိုသော် လှဖေပြောခဲ့သောစကားများသည် ဆက်တိုက်ဆိုသလို တစ်ခုပြီး
တစ်ခုမှန်၍ လာသောကြောင့်ဖြစ်၏။

နောက်များမကြာမီ၌ ကားအုံနာတစ်ဦးထံမှ ဦးတာတီးသည်
မြင်းပွဲများလောင်းရာ အဆမတန် အရှုံးပေါ်နေပြီဖြစ်ကြောင်း သတင်းရ
ရှိလေ၏။ တစ်နှစ်ခန့်ကြာသောအခါတွင် ထိုကားအုံနာနှင့် မောင်မောင်
သည် တာမွေ၌တွေ့ကြလေ၏။ ထိုကားအုံနာ၏အမည်မှာ ဦးအုန်းမောင်
ဟူ၍ ဖြစ်၏။

ထိုကားအုံနာ၏ ကားနံပါတ်များကို မောင်မောင်က အလွတ်ရ
နေ၏။ ၎င်း၏ ကားတစ်စီးမှာ ၁၅၁ ဖြစ်၏။ အခြားကားတစ်စီးမှာ
၃၄၉၅ ဖြစ်၏။ ထို့ကြောင့် မောင်မောင်တို့ ကားလောက၌ ထို
ဦးအုန်းမောင်အား -

"ဆဲပင်းဖိုးနိုင်းဖိုက်. . နဲ့. . . ဝမ်းဖိုက်ဝမ်းအုံနာ" ဟု ခေါ်ဝေါ်
ကြလေ၏။ ဝမ်းဖိုက်ဝမ်းမှ ပင်တိုင်စပါယ်ယာကြီးမှာ ကိုမြမောင် ဟူ၍
ဖြစ်၏။ ၎င်းကိုမြမောင်ကြီးကိုလည်း ကားအသင်း တစ်သင်းလုံးမှ
သိကျွမ်းခင်မင်ကြလေ၏။ မောင်မောင်သည် ၎င်းဦးအုန်းမောင်နှင့်
တွေ့သောအခါ၌ -

"အန်ကယ်. . . . ဝမ်းဖိုက်ဝမ်း မတွေ့တာကြာပြီ" ဟု ပြောရာ
၎င်းက -



www.burmeseclassic.com

"ရောင်းပစ်လိုက်ပြီကွ. . . တွဲတေးဘက် ကလာဝယ်သွား ဘော်ဒီဖျက်ချပြီး မြေကြီးသယ်တဲ့ ကားလုပ်နေတာ. . . ဒါနဲ့ ပြောရဦး မယ်ကွ. . . . မင်းတို့ဆရာ ဦးတာတီးကြီး. . . . တစ်ယောက် ငါ့ဆီ ပိုက်ဆံလာပြီးချေးတယ်၊ မြင်းကန်တာ ကား ၄ စီးနဲ့ ဂျစ်ကား ၁ စီး ပါသွားပြီတဲ့၊ ရွှေ(၂၀)သားလည်း ကုန်ပြီတဲ့. . . . သူ နောက်ယူလိုက်တဲ့ ကောင်မလေးလည်း ဒီပြင်ကောင်နဲ့ လိုက်သွားပြီတဲ့. . . . သူ့မှာလည်း ကျန်းမာရေးကလည်းမကောင်း၊ ရင်ကြပ်ရောဂါကလည်း ရှိနေတော့ ဆေးကုဘို့ဆိုပြီး ပိုက်ဆံလာချေးတယ်၊ ငါက မချေးလိုက်ပါဘူးကွာ. . . ပေးလိုက်ပါတယ်. . . သူ့ ကား ၄ စီးမှာ နှစ်စီးက ငါဝယ်လိုက်တာ ကျန်တဲ့ ၂ စီးက ဦးချစ်တီးဝယ်လိုက်တာကွ" ဟုပြောလေ၏။

"ဒါနဲ့ နေပါဦး. . . . ဦးလေးကားက ဦးမြမောင်ကြီး ယောက် မတွေ့ပါလား" ဟု မောင်မောင်က မေးရာ ဦးအုန်းမောင်က

"အဲဒီ ဦးမြမောင်ကြီးက တကယ့်ကား စပါယ်ယာကြီး မဟုတ် ဘူးကွ. . . . သူလိုက်ချင်တဲ့ အချိန်ထပြီးလိုက်တာ. . . ဒီလို စွန်လွှတ် ရာသီဆိုရင် သူက ဘာမှမလုပ်ဘူးကွ. . . . ဆန်ချည်ကြိုးနဲ့ မှိုင်းခံ ဝယ်ပြီး ဗမာစွန်လုပ်ပြီး တစ်နေကုန် လွှတ်နေတော့တာ. . . ." ဟု ပြောသဖြင့် မောင်မောင်လည်း ပြုံးမိသေးတော့၏။

မောင်မောင်သည် ဦးအုန်းမောင်နှင့်အတူ လက်ဖက်ရည်ဆိုင် ၌ လက်ဖက်ရည်သောက်ပြီးနောက် ပုတီးစိပ်ရန်အတွက် ရွှေတိဂုံဘုရား ဆီသို့ ထွက်လာခဲ့လေ၏။

မောင်မောင်သည် ရွှေတိဂုံဘုရားရင် ပြင်တော်ပေါ် သို့ ရောက် လျှင် တနင်္ဂနွေဒေါင့်ရှိ ခေါင်းလောင်းကြီးဆီသို့ သွား၏။ ခေါင်းလောင်း ကြီးဆီသို့ ရောက်လျှင် လွယ်အိတ်အတွင်းမှ ပုတီးကို ထုတ်၍ ချွေး အမောဖြေကာ ထိုင်နေ၏။ ထိုအချိန်၌ ၎င်းနှင့် မလှမ်းမကမ်းတွင် ထိုင်၍နေသော လူကြီးတစ်ဦးက ၎င်းအား မကြာခဏ လှမ်း၍ ကြည့်





သည်ကို မောင်မောင်သည် သတိပြုမိလေ၏။

ထို့နောက် ထိုလူကြီးသည် မောင်မောင့်အနီးသို့ တိုးကပ်လာ လျှင် -

"စိတ်မရှိပါနဲ့ ငါ့တူရယ်. . . မောင်ရင့်ကို ကျုပ် တစ်နေရာရာ သေသေချာချာသိဖူးသလိုပဲ. . . " ဟုပြောလိုက်လျှင် မောင်မောင် သည်း ထိုလူကြီးအား စေ့စေ့စပ်စပ် ကြည့်လိုက်လေ၏။ ထို့နောက် မောင်မောင်က -

"ကျွန်တော်လည်း အန်ကယ့်ကို မြင်ဖူးသလိုရှိလို့ ကြည့်နေတာ၊ လုပ်ရအောင်လေ ကျွန်တော်က အရင်စပြီး ပြောကြည့်မယ်. . . ." ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ထိုလူကြီးက -

"ပြောကြည့်လေ. . . ပြောကြည့် ပိုပြီး ကောင်းတာပေါ့" ဟု ဆိုလိုက်လျှင် မောင်မောင်က -

"အန်ကယ်. . . . ဟိုတုန်းက မြို့ပိုင်လုပ်ဖူးသလား. . . " ဟု လိုက်ရာ ထိုလူကြီးက -

"မှန်တာပေါ့ မောင်ရင်ရယ်. . . မြို့ပိုင်လည်း လုပ်ဖူးတယ်၊ ယ်ပိုင်လည်းလုပ်ဖူးတယ်၊ အရေးပိုင်လည်း လုပ်ဖူးတာပေါ့ကွယ်. . . " ဟု ဖြည်းညင်းစွာ ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်က -

"ဒီလိုဆိုရင် ကျွန်တော်ငယ်ငယ်တုန်းက ကျောင်းနေဖက်ဖြစ် ညိုချောတို့အဖေဖြစ်တယ်. . . . " ဟုပြောလိုက်လျှင် ထိုလူကြီး၏ မျက်နှာသည် ဝင်းလက်၍သွားလေ၏။ ပြီးလျှင် ထိုလူကြီးက -

"မင်း. . . . မောင်. . မောင်. . ပေါ့"ဟု အားရဝမ်းသာ ပြော လိုက်လေ၏။

"ဟုတ်ပါတယ်အန်ကယ်. . . . ကျွန်တော်မောင်မောင်ပါ" ဟု ၍ ပြောလိုက်လေ၏။ ထို့နောက် မောင်မောင်က -

"ညိုချောကော. . . " ဟုမေးလိုက်လျှင် ထိုလူကြီးသည် ငိုင်၍



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ထို့နောက်မျက်လုံးများ၌ မျက်ရည်များစို့လာ၏။ မောင်မော[...] သည် အဖြေကို စောင့်မနေဘဲ -

"ညိုချောတို့အဒေါ် အန်တီလေးကော" ဟုဆက်၍ မေး[...] ပြန်၏။ ထိုအခါထိုလူကြီးက -

"ဒီလိုလုပ်ပါ မောင်မောင်ရယ်. . . . မင်း ပုတီးစိပ်စရာရှိ[...] စိပ်ပါ၊ အန်ကယ်စောင့်နေပါ့မယ် ပြီးရင်တော့ အန်ကယ်နဲ့ လိုက်[...] အန်ကယ်တို့အိမ်က စမ်းချောင်းမှာပါ. . . မင်းမေးတဲ့ အန်တီလေး[...] လည်း တွေ့ရမှာပါ. . . " ဟု ပြောလေ၏။ မောင်မောင်လည်း သ[...] တူလိုက်၏။ မောင်မောင် ပုတီးစိပ်ပြီးသောအခါ၌ ညိုချော၏ [...] နှင့်အတူ စမ်းချောင်းသို့ လိုက်ပါသွားလေ၏။ လမ်းတွင် ထိုလူကြီး[...]

"မင်းဟာ. . . တော်တော်မှတ်ဉာဏ်ကောင်းတဲ့ ကောင်ပဲ. . . အန်ကယ်နာမည်ကိုရော မှတ်မိလား၊ ပြီးတော့ မင်းသူငယ်ချင်း ညို[...] က တခြားနာမည်ရှိသေးတယ်လေကွာ၊ သူက အင်္ဂလိပ်ကျောင်းနေ[...] ဆိုတော့ အင်္ဂလိပ်နာမည်ရှိတယ်လေကွာ၊ အဲဒါကော မင်းမှတ်မိ[...] လား. . . " ဟု မေးလိုက်ရာ မောင်မောင်က -

"ကျွန်တော် ပြောကြည့်မယ်လေ. . . မှတ်မိမယ်ထင်[...] ပဲ. . . အန်ကယ့်နာမည်က ဦးထွန်းနိုင်တဲ့. . . ညိုချောက အင်္ဂ[...] ကျောင်းမှာနေတော့ သူ့ရဲ့ တစ်ခြားနာမည်က စင်သီယာ မဟုတ်[...] တစ်ခုပဲရှိတယ်၊ ညိုချောတို့ အဒေါ်ရဲ့နာမည်ကိုတော့ ကျွန်[...] မသိဘူး. . . . ညိုချောကိုယ် တိုင်ကလည်း သူ့အဒေါ်ကို တီတီလို့ ခေါ်[...] ပဲကြားဖူးတယ်" ဟုပြောလိုက်လျှင် ညိုချော၏ဖခင် ဦးထွန်းနိုင်[...] ဟက်ဟက်ပက်ပက်ရယ်လေ၏။ ထို့နောက် -

"မင်းရဲ့ မှတ်ဉာဏ်ကတော့ ထူးပါပေ့ကွယ်. . . ဖိုးထိုး[...] ဖစ်မန်မိုရီဆိုတာ ဒါမျိုးကိုပြောတာ"ဟု ပြောကာ တဟဲဟဲ ရယ်သေ[...]

အိမ်သို့ရောက်သောအခါ၌ ဖြူဖြူသန့်သန့် သီလရှင်[...]





[...]ဦးကို တွေ့ရ၏။ ထိုအခါ၌ ဦးထွန်းနိုင်က -

"ဆရာလေး. . . သူ့ကိုမှတ်မိသလား. . . သေသေချာချာ [...]ည်း ကြည့်ဦးလေ. . . "ဟု ပြောလိုက်လျှင် ထိုသီလရှင်မကြီးက [...]မှောင်ကြုတ်၍ ကြည့်ပြီးနောက် မောင်မောင့်ဘက်သို့ လှည့်ကာ

"စိတ်မကောင်းတော့မဖြစ်ပါနဲ့ကွယ်. . . ဆရာလေး မမှတ်မိပါ[...]. . . " ပြောလျှင် မောင်မောင်က -

"တီတီ. . . . ကသာ ကျွန်တော့်မမှတ်မိတာပါ. . . တီတီ ထည့်[...]လိုက်တဲ့ ဒံပေါက်ထမင်းကို ညိုချောယူလာလို့ ကျောင်းမှာ ကျွန်တော် [...]ခဲ့ရပါတယ်၊ အဲဒီဒံပေါက်ထမင်းဟာ ကျွန်တော့်ဘဝမှာ ပထမဆုံးစား[...]တဲ့ ဒံပေါက်ထမင်းပါပဲ. . . "ဟု ပြောလိုက်လျှင် သီလရှင်မကြီး၏ [...]နှာသည် တည်နေရာမှ တဖြည်းဖြည်း ပြုံးယောင်သန်းလာ၏။ [...]နောက်မှ -

"မင်း. . . မောင်မောင်မဟုတ်လား ကလေးရဲ့. . . " ဟု [...]လိုက်လေ၏။ မောင်မောင်လည်း ဟုတ်မှန်ကြောင်း ခေါင်းကို ညိတ်ပြ[...]၏။ ထို့နောက် မောင်မောင်က -

"တီတီရယ်. . . ညိုချောအကြောင်း ပြောပါဦး. . . ညိုချော [...]မှာလဲ. . . "ဟု မေးလျှင် သီလရှင်မကြီး၏ မျက်လုံးအစုံ၌ အရောင် [...]တ်ဖျတ်လက်နေသော မျက်ရည်နှစ်စက်သည် တွဲလောင်းခိုလျက် [...]သေတော့၏။ သီလရှင်မကြီးသည် အညိုရောင်လက်ကိုင်ပုဝါကလေး[...] မျက်ရည်စက်နှစ်စက်ကို တို့ယူလိုက်ပြီးနောက် ဆို့နင့်သော [...]ကြီးဖြင့် -

"မောင့်. . . ညိုချော. . အကြောင်း ပြောရတော့မှာပေါ့ကွယ်" [...]ဆိုကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ ရှုံ့ပွဲချ ငိုကြွေးလိုက်[...]တော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၄)

## သဘာဝမောင်မောင်

ညိုချော၏ဖခင် ဦးထွန်းနိုင်သည် ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကို ယူလာလေ၏။ ထို့နောက် "တီတီ"ခေါ် သီလရှင်မကြီးလက်သို့ အပ်လိုက်လေ၏။ ထို့နောက် သီလရှင်မကြီးက -

"မောင်မောင်ရေ. . . မင်းနဲ့စပြီး တွဲတဲ့နေ့ကစပြီး ညိုချောဟာ တွေ့သမျှလူအားလုံးကို မောင်မောင်လို့ပဲ ခေါ်နေတယ်၊ သက်ရှိသက်မဲ့အားလုံးဟာ မောင်မောင်ပဲ. . . ကြောင်ကိုလည်း မောင်မောင်ပဲ ခေါ်တယ်။ ခွေးကိုလည်း မောင်မောင်ပဲ ခေါ်တယ်. . . . သူ့အဖေကိုလည်း မောင်မောင်ပဲခေါ်တယ်။ တီတီကိုလည်း မောင်မောင်ပဲ ခေါ်တယ်. . . တီတီပြောချင်တာကတော့ သွက်သက်ခါအောင် ရှူးသွားတယ်ပေါ့ကွယ်၊ နောက်ဆုံး သေတော့မယ်ဆိုတာ တီတီတို့ သိပါတယ်။ ဒါကြောင့် သူ့အဖေရယ်. . . . တီတီတို့ သိပါတယ်။ ဒါကြောင့် သူ့အဖေရယ်. . . တီတီရယ် မင်းကို ရှာကြသေးတယ်၊ မင်းကလည်း အဲဒီအချိန်

www.burmeseclassic.com



မှာ အတော့်ကို ကံဆိုးမိုး မှောင်ကျနေတာကိုး၊ သဲလွန်စကို မရှာ ပါဘူးကွယ်. . . . မင်းနဲ့ ကွဲသွားရတဲ့နေ့ကစပြီးတွက်ရင် ၉၉ ရက်မြောက်မှာ ညိုချောဆုံးသွားရှာတယ်။ ဟောဒီမှာ သူ့အသုဘအခမ်းအနား. . . ဟုဆိုကာ ဓာတ်ပုံအယ်လ်ဘမ်တစ်ခုကို မောင်မောင့်ဆီသို့ ထိုးပေးလိုက်လေ၏။ မောင်မောင်သည် သူငယ်ချင်းဖြစ်သူ ညိုချော၏ အသုဘ အခမ်းအနား ဓာတ်ပုံများကိုကြည့်ရင်း ရင်ထဲတွင် ဆို့နင့်နင့်ကြီး ဖြစ်သွား လေ၏။ ထို့နောက်မှ -

ဒီလိုရှိတယ် တီတီ၊ ညိုချောကို ကျွန်တော် မကြာခဏ အိပ်မက် မက်တယ်. . . အိပ်မက်ထဲမှာ ကလေးမဟုတ်တော့ဘူး. . . တင်းမြား ထက်တစ်နှစ်ကြီးကြီးလာတယ်. . . အခု ကျွန်တော်နဲ့ရွယ်တူ မိန်းကလေး ဖြစ်နေပြီ၊ အိပ်မက်ထဲမှာ မကြာခဏ လမ်းညွှန်တယ်. . . သူလမ်းညွှန် တဲ့အတိုင်း ကျွန်တော်လိုက်ပြီး လုပ်ခဲ့တာပဲ၊ သူအိပ်မက်ထဲမှာ ကြိုပြီး ပြောပြခဲ့တာတွေဟာ အပြင်မှာ တကယ်ပဲဖြစ်လာခဲ့တယ်။ တီတီတို့ အန်ကယ်တို့အနေနဲ့ကတော့ ညိုချောဟာ သေပြီပေါ့. . . . ကျွန်တော့် အဖို့တော ညိုချောဟာ မသေသေးဘူး. . . အသက်ရှင်နေဆဲပဲ. . . ”ဟု ဆိုကာ မောင်မောင်သည် ညိုချောနှင့်ပတ်သက်ခဲ့ပုံ အလုံးစုံတို့ကို ပြော ပြခဲ့လေ၏။ မောင်မောင်ပြောပြသည်ကို ညိုချော၏ဖခင် ဦးထွန်းနိုင် သည်လည်းကောင်း၊ ညိုချော၏အဒေါ် တီတီသည်လည်းကောင်း ပါးစပ် အဟောင်းသားဖြင့် နားထောင်နေကြရလေ၏။ မောင်မောင်၏စကား ဆုံးသောအခါ၌ ဦးထွန်းနိုင်က -

“ဒီလိုရှိတယ်မောင်မောင်ရဲ့. . . အန်ကယ်တော့ တစ်ခါမှ အိပ်မက်မမက်ဘူး. . . နောက်ပြီးတော့ ဝိညာဉ်လောကကို ရောက်သွား တယ်ဆိုရင်လည်း အသက်ကြီးမလာတော့ဘူးကွ. . . . ကလေးဟာ ကလေးပဲ၊ လူကြီးဟာ လူကြီးပဲ. . . . ကလေးကနေ လူကြီးဖြစ်လာတယ် လို့ အန်ကယ်ဖြင့် တစ်ခါမှ မကြားဖူးဘူးကွာ. . . . အံ့စရာပဲ. . . .





နောက်ပြီးတော့ ညိုချောက အိပ်မက်ထဲကနေ မင်းကို အကြံကောင်းတွေ ပေးတယ်. . . ဟုတ်လား. . . အဲဒါက ပိုပြီးတော့ ဆန်းသေးတယ်. . . နောက်ပြီးတော့ မင်းကို မေးရဦးမယ်. . . စိတ်တော့မဆိုးနဲ့ ကိုယ့် သူရေ. . . . မင်းရော ညိုချောလိုပဲ စိတ်ရောဂါဖြစ်နေပြီလားဗျာ. . . ” ဟု ပြောလိုက်ရာ မောင်မောင်က -

“မဟုတ်ပါဘူး ဦးလေး. . . . ကျွန်တော်ကောင်းပါတယ်၊ ကျွန်တော့်မှာ ဘာရောဂါမှ မရှိပါဘူး. . . ပြီးတော့ ကျွန်တော်ဟာ စိတ်ဓာတ်ကြံ့ခိုင်သူပါ။ စောစောကပြောခဲ့တာတွေကလည်း ကျွန်တော် ယိမ်ညာပြီးပြောခဲ့တာတွေ မဟုတ်ပါဘူး။ သစ္စာဆိုပြီး ပြောနိုင်ပါတယ်၊ အဖြစ်အပျက်ကတော့ အဲဒီအတိုင်းပဲ”ဟု ပြန်၍ ပြောလိုက်လေ၏။

ညိုချော၏ဖခင်သည် မောင်မောင်၏ စကားကို နားထောင်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်ညိတ်နေလေ၏။ သီလရှင်မကြီးကမူ ငိုကြွေး နေဆဲရှိ၏။ မောင်မောင်သည် ၎င်းတို့နှစ်ယောက်အတူ အချိန်အတော် ကြာ စကားပြောခဲ့ပါ၏။ ထို့နောက်မှ နှုတ်ဆက်၍ ပြန်ခဲ့လေ၏။

ထိုနေ့ညက မောင်မောင်သည် အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေး တစ်ခုပေါ်တွင် ထိုင်ရင်း ထိန်ထိန်သာနေသော လမင်းကြီးကို ကြည့်နေ လေ၏။ ထိုအချိန်၌မှာပင် သူ၏နှာခေါင်းဝ၌ သင်းမွှေးသော ရနံ့တစ်ခုကို ရှိုက်မိလေ၏။ ထို့နောက် ညိုချောသည် သူ၏ရှေ့တွင် ဘွားကနဲ ပေါ်လာ၏။ ပြီးလျှင် ချစ်စဖွယ် ပြုံးပြလိုက်၏။ ထို့နောက် “မောင်မောင် နင် ဒီနေ့ ဒယ်ဒီရယ်၊ တီတီရယ်ကို တွေ့တယ်ဟုတ်လား . . . သူတို့က ငါ့ကိုသေပြီလို့ ပြောလိုက်တယ်မဟုတ်လား. . . . နင်က ငါနဲ့ မကြာခဏ တွေ့တာကို ပြောပြတာတောင်မှ ဒယ်ဒီက မယုံဘူးလေ. . . . နင့်ကို ငါတစ်ခု ပြောရဦးမယ်. . . . လူဆိုတာ ‘အမှန်’နဲ့နေတာ မဟုတ်ဘူးနော် ‘အယုံ’နဲ့ နေကြတာ အဲဒီအယုံဆိုတဲ့ ဘီလိဖ် (Believe)ဟာလည်း ကိုယ် တွေ့ဖူးတာ၊ ကိုယ်ကြုံဖူးတာ၊ ကိုယ်ကြားဖူးတာအပေါ်မှာပဲ အသည်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ အယုံတွေ. . . . လောကကြီးမှာ ကိုယ်မတွေ့ဖူးတာ. . . . ကိုယ် မကြားဖူးတာတွေ အများကြီးရှိသေးတယ် မောင်မောင်ရဲ့ . . . ကိုယ်သိ သိထားတဲ့ အသိတရားက သေသွားရင် ရှင်နေတဲ့လူတွေနဲ့ အဆက် အသွယ်ပြတ်သွားပြီလို့ ယုံထားတယ်. . . . နင်သိထားတဲ့ အသိတရား ကတော့ အဲဒီလိုမဟုတ်ဘူး၊ သေသွားပြီဆိုတဲ့ ညိုချောဆိုတဲ့ ကောင် မလေးနဲ့ အဆက်အသွယ် မပြတ်သေးဘူး . . . . ညိုချောနဲ့ မကြား အဆက်အသွယ်ရနေတယ်. . . ဘယ်လမ်းကြောင်းက ရနေသလဲဆို တော့ "အိပ်မက်"လမ်းကြောင်းရနေတယ်. . . နင့်ကို ငါပြောပြ မယ်. . . . "လေးဒီအော့ဖ်သည်အာဗားဗီး"ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ရှိ တယ်. . . . စာရေးဆရာကြီး သောမတ်စ်ဟာဒီရေးတာ. . . . အဲဒီ ဝတ္ထုကို နင်ဘီအေတန်းရောက်တုန်းက သင်ခဲ့ရဖူးမှာပါ. . . 'အာဗား ဆိုတဲ့ ရွာကလေးက မိန်းမပျိုကလေး'ဆိုတဲ့ဝတ္ထုလေ. . . . သိပ် ကောင်းတာပေါ့ . . . မြန်မာစာရေးဆရာကြီးတစ်ဦးက အဲဒါကို ပန်းသာ မစာဥဆိုပြီး ခြယ်မှုန်းထားသေးတယ်. . . ငါဟာလည်း အိပ်မက်ထဲက မိန်းမပျိုလေးပေါ့ဟယ်. . . 'သည်လေးဒီအော့ဖ် ဝမ်းဒါးဖူးလ်ဒါး' ပန်းသာမစာဥ၊ အာဗားဗီးက မိန်းမပျိုလေး၊ ညိုချောဆိုတာကတော့ မောင်မောင်ရဲ့ အိပ်မက်ရွာက မိန်းမပျိုလေးပေါ့ဟယ်. . . ဘာ ဆန်းလို့တုံး. . . သူတို့ကို ပြောပြရင်တော့ ယုံမှာမဟုတ်ဘူး. . . အဲ ကတော့ လူဆိုတာ 'ယုံ - မယုံ'ဆိုတဲ့အနေနဲ့ မနေရဘူး၊ ယုံတယ်ဆိုရင် လည်း ယုံတဲ့ဘောင်ထဲမှာ မိသွားတော့တာပဲပေါ့ . . . တကယ်တော့ ယုံစရာရှိရင်ယုံပေါ့. . . ယုံစရာ မရှိရင် မယုံနဲ့ပေါ့. . . အဲဒီလို 'အလယ်' ထားမှ ကောင်းလိမ့်မယ် . . . " ဟု ညိုချောက ပြောလေ၏။ ထိုအခါ မောင်မောင်က -

"ဘာဘဲပြောပြော. . . ငါက နင့်ကိုယုံတယ်၊ ယုံတဲ့ ဘောင်ထဲမှာ ပဲ မိနေချင်တယ် ညိုချောရေ"ဟု ပြောလိုက်လျှင် ညိုချောက ရယ်လေ



၏။ ရယ်ပြီးနောက် -

"နင်က ယုံပေမယ့်. . . နင့်သူငယ်ချင်း လှဖေက ငါ့ကို မယုံဘူး. . . အိပ်မက်ထဲက လူသားတဲ့၊ အသွေးအသားမရှိတဲ့ 'ဖလက်ရှ်အင်ဘုန်' မဟုတ်တဲ့ အရိပ်တဲ့ . . . အဲဒီလို နင့်ကို ပြောတယ် မဟုတ်လား၊ ငါတော်တော် မခံချင်ဖြစ်သွားတယ်. . . တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ့ဆီကို အသွေးရော အသားရော အရိုးရော ပြည့်စုံတဲ့ ညိုချောတစ်ယောက် ပို့လိုက်ဦးမယ်. . . "ဟု ပြောကာ တခစ်ခစ်ရယ်နေလေတော့၏။ ကျေနပ်အောင်ရယ်ပြီးနောက် -

"နင်. . . ငါ့ကို ယုံရင်တော့ နင့်ကိုငါ တစ်ခုခိုင်းရဦးမယ်. . . နင်ဟာ သဘာဝအတိုင်းနေရမယ်နော် . . . ဆံပင်ရှည်လာရင်လည်း မညှပ်ရဘူး၊ မုတ်ဆိတ်မွေးတွေ နှုတ်ခမ်းမွေးတွေ ထွက်လာရင်လည်း မရိတ်ရဘူး၊ သူ့အတိုင်းထားရမယ်၊ သဘာဝအတိုင်း ဖြစ်နေရမယ် . . . နင်လိုက်နာမယ် မဟုတ်လား . . . " ဟု မေးလိုက်ရာ မောင်မောင်က

"ညိုချောရယ် . . . နင်ပြောတာ ငါမလိုက်နာဘဲ ဘယ်နှစ်ခါ နေဖူးလို့လဲ. . . တစ်ခုတော့ ရှိတာပေါ့ဟယ်. . . ဆံပင်တွေက အရှည်ကြီး၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကလည်း အရှည်ကြီးဆိုတော့ ပုံပျက်နေးပျက်နိုင်တာပေါ့ဟယ် . . . "ဟု ပြောလိုက်လျှင် ညိုချောက -

"သူ့အတိုင်းထားရင် ပုံမပျက်ဘူးလေ၊ ညှပ်လိုက်ရိတ်လိုက်တာတာ ပုံပျက်တာမဟုတ်လား၊ ဘာလဲ. . . နင် မလုပ်ချင်ဘူးလား . . . လုပ်ချင်လည်း ငါ မလာတော့ဘူးဟေ့ . . . " ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က -

"လုပ်ပါ့မယ် ညိုချောရယ်. . . နင်မလာဘဲတော့ မနေပါရဲပါပေမယ့် လူတွေကတော့ ငါ့ကို အရူးလို့ ပြောကြတော့မှာ . . . " ဟု ပြောလိုက်လျှင် ညိုချောက -

"အရူးလို့ပြောလည်း မခံချင်စရာမရှိပါဘူး. . . နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လူကောင်းတွေမှာ စိတ်ညစ်တယ်ဆိုတာရှိရင် . . . အရူးမှာ စိတ်ညစ်တယ်ဆိုတာ မရှိဘူး. . . သူများကြောင့်တော့ သူစိတ်ညစ်စရာ မရှိတော့ဘူး. . . သူ့ကြောင့်တော့ သူများ စိတ်ညစ်ချင် စိတ်ညစ်မှာပေါ့ ဟယ်. . . ရာသီဥတုဒဏ်ကိုလည်း ခံနိုင်တယ်. . . မစားရ မသောက်ရ မဝတ်ရမှာကိုလည်း သူ ဘယ်တော့မှ မကြောက်ဘူး . . . အဝတ်စုတ် ဟာ သူ့အတွက် တစ်သိန်းတန်တဲ့ ဝတ်စားတန်ဆာ ဖြစ်ချင်ဖြစ်နေ မယ်. . . ပုလင်းကွဲနဲ့ စိန်နဲ့ သူ့အဖို့ ခြားနားခြင်း မရှိတော့ဘူး. . . နင့်ကို သဘာဝအတိုင်း နေခိုင်းတဲ့ လေ့ကျင့်ခန်း လုပ်ခိုင်းရဦးမယ်. . . နင်အဲဒီ လေ့ကျင့်ခန်း လုပ်ပြီးရင် အကောင်းတောင် ပြန်ဖြစ်ချင်တော့မှာ မဟုတ် ဘူး" ဟု ပြောလိုက်ရာ မောင်မောင်လည်း အထိတ်တလန့်ဖြင့် -

"ဟေ . . . " ဟု ယောင်၍ အော်လိုက်မိလေ၏။

ထိုအချိန်၌မှာပင် အိမ်ရှေ့မှ ဘတ်စ်ကား စက်နှိုးသံကြား သဖြင့် မောင်မောင်လည်း အိပ်ရာမှ လန့်နိုးခဲ့ရလေ၏။ ထိုအခါ ကျမှသာ ညီချောနှင့် တွေ့ဆုံရခြင်းမှာ အိပ်မက်ထဲတွင် တွေ့ဆုံနေခြင်းဖြစ် ကြောင်း သတိရသွားလေတော့သတည်း။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

အခန်း(၂၅)

## နတ်ပြည်တက်မည့်မောင်မောင်

မောင်မောင်၏ ဆံပင်သည် ပခုံးကို ကျော်၍ကျသည့်တိုင် အောင် ရှည်လျားနေပြီဖြစ်၏။ မုတ်ဆိတ်မွေးအဖျားသည်လည်း ရင် ဘတ်ဆီသို့ ဆိုက်ရောက်နေပြီဖြစ်၏။ နှုတ်ခမ်းမွေးမှာလည်း မုတ်ဆိတ် မွေးနှင့် ရောထွေးနေပြီ ဖြစ်၏။ အညိုရောင်အကျီ၊ အညိုရောင် လုံချည် ပြောင်ကိုသာ ဝတ်ဆင်ထား၏။ ၎င်းတွင်လည်း သစ်ကနက် ပုတီးတစ် ုံးကို ဆွဲထား၏။ သူ၏ ပုံပန်းသဏ္ဌာန်သည် ယောဂီတစ်ဦး သို့မဟုတ် ရသေ့သူတော်စင်တစ်ဦးနှင့် တူပေတော့၏။

တစ်ခါတစ်ရံ အကြောင်းရှိ၍ ဂျစ်ကားကို မောင်းနှင့်သွား သာအခါများ၌ လမ်းတွင်တွေ့သော ကလေးများက "ရသေ့က ချစ်ကားမောင်းတယ်ဟေ့"ဟု အော်ဟစ်ကြလေ၏။ မောင်မောင်သည် ၍သို့လျှင် အညိုရောင်ဝတ်စုံ၊ ဆံမုတ်ဆိတ်တို့ဖြင့် နေခဲ့ရသည်မှာ ကြာပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် လှဖေ၏ အစ်မဖြစ်သူ မမြရင်က တွေ့လိုသည် ဆိုသဖြင့် ကီလီသဘော်ဆိပ်ရှိ မြမေတ္တာတမင်းဆိုင်သို့ ဂျစ်တာ ထွက်ခဲ့လေ၏။

မြရင်သည် မောင်မောင့်ကို မြင်လျှင် -

"အမလေး. . . ငါ့မောင်ရယ်. . . မင်းကလည်း တ ရသေ့ကြီးဖြစ်နေပြီကိုး. . . တစ်ယောက်က စစ်ထဲဝင်. . . တစ် က ရသေ့လုပ်နဲ့ အတော့်ကို ဟုတ်နေကြပြီပဲ. . . မင်းတို့ ဦးတာတီးကြီးကတော့ ပက်လန်လန်ပြီး သွားပြီဟေ့၊ သူယူတဲ့မယား က နောက်တစ်ယောက်နဲ့ လိုက်သွားတယ်. . . ပစ္စည်းတွေလည်း သွားတယ်. . . . ကားတွေကုန်ပြီ. . . အတွင်းပစ္စည်းတွေလည်း အိမ်လည်း ရောင်းလိုက်ရပြီ . . . ရင်ကျပ်ရောဂါကြောင့် အိမ် ဗုန်းဗုန်းလဲနေပြီဆိုပဲ. . . . " ဟု ပြောလိုက်စဉ်၌ပင် ဆိုင်ရှေ့သို့ ကားတစ်စီး ဆိုက်ရောက်လာ၏။ ထို့နောက် ထိုဆိုက်ကား လူမမာတစ်ဦး ဒယိမ်းဒယိုင်ဖြင့် ဆင်းလာသည်ကို တွေ့ မောင်မောင်လည်း ထိုလူမမာကို ကြည့်လိုက်ရာ ဦးတာတီးကြီး ယောက် စောင်စုတ်ကြီးကို ခြုံ၍ ဆိုင်အတွင်းသို့ ဒယိမ်းဒယိုင်နှင့် ဝင် သည်ကို တွေ့ရလေတော့၏။ ဆိုင်သို့ရောက်လျှင် မောဟိုက်လွန်း လဲကျသွား လေတော့သည်။ ထိုအခါ၌ မောင်မောင်လည်း -

"ဦးဇင်း"ဟု ယောင်၍အော်ကာ ပြေးပွေ့လိုက်လေသည်။ တောင်ကိုတောင်း၍ ယပ်ခတ်ပေး၏။ ဦးတာတီးကြီး အမောပြေ သောအခါ၌ -

"ဟိတ်ကောင်. . . မောင်မောင်. . . မင်းက ငါ့ကို ဦးဇင်း ခေါ်တယ်. . . ဟုတ်လား. . . ဒီလိုဆိုရင်ခေါင်းကို အထိုးခံရမယ် ပြောထားတယ်မဟုတ်လား၊ ဆရာလုပ်တဲ့လူက ဆင်းရဲနွမ်းပါးလို့. . . မင်းက ဆရာကို မရှိသေတော့ဘူးလား. . . ဟုတ်လား. . . လာစမ်း





ဆိုကာ မောင်မောင်၏ လည်ကုတ်ကိုဆွဲ၍ ဦးခေါင်းကို လက်သီးဖြင့်-

"ဂွတ်. . . . "ကနဲ တစ်ချက်ထိုးလိုက်လေ၏။ မောင်မောင် သည်း ခေါင်းကို လက်သီးနှင့် အထိုးခံရသည့် တစ်ခဏ၌ -

"ဘုရား. . . ဘုရား . . . " ဟု ရေရွတ်လေ၏။ ထို့နောက် ဦးဇင်းကပင် -

"ဦးတာတီးရယ်. . . ဘာဖြစ်လို့ ကျွန်တော့်ကိုခေါင်းကို လက်သီးနဲ့ ထိုးရတာလဲ. . . ကျုပ်ခေါင်းက သိပ်ပြီးမာတယ်. . . ခင်ဗျားလက် နာသွားမှာပေါ့. . . ကျန်းမာအောင်နေလိုက်ဦး. . . ကျန်းမာလာတဲ့အခါကျမှ ကျွန်တော့်ခေါင်းကို ထိုးချင်ရင် 'မောင်မောင်' လို့ခေါ်လိုက်. . . ကျွန်တော် အပြေးရောက်လာမယ်. . . " ဟုဆိုတာ မောင်မောင်သည် မမြရင်ထံမှ ကျားဘမ်းပရုတ်ဆီကို တောင်း၍ ၎င်း၏ ခေါင်းကို ထိုးသဖြင့် ယောင်ယမ်းသွားသော ဦးတာတီးလက်ကို နှိပ်နှယ် ပေးနေလေတော့၏။

ထို့နောက် မောင်မောင်သည် ဦးတာတီးကို ကုလားထိုင်တစ် လုံးပေါ်တွင် တင်၍ထားလိုက်ပြီးနောက် ၎င်းကိုယ်တိုင်ကမူ တမံ တလင်းပေါ်တွင် အကျအနထိုင်ကာ ဦးတာတီး၏ ခြေသလုံးကြွက်သား များနှင့် ခြေခုံများကို ပရုတ်ဆီလူး၍ နှိပ်နယ်ပေးလေ၏။ ထိုအခါ၌ ဦးတာတီးက -

"ဟိတ်ကောင် မောင်မောင်. . . . ဆရာသမား မွဲသွားပြီ၊ ငါက နွမ်းသာတယ်ဆိုပြီး လှူပါးဝဖို့တော့ စိတ်မကူးနဲ့. . . . ငယ်ထိပ်ကို ဖနောင့်နဲ့ ပေါက်လိုက်မယ်. . . . "ဟု ကြိမ်းဝါးလေ၏။ မောင်မောင်က ပြန်၍ -

"လှူပါးမဝပါဘူး . . . ဝလည်း မဝရက်ပါဘူး ဦးတာတီးရယ်၊ ကျွန်တော့်ခေါင်းကို ဖနောင့်နဲ့ ပေါက်ချင်တယ်ဆိုရင် အခုသည်းခံပါဦး၊ နေကောင်းအောင် လုပ်လိုက်ပါဦး. . . . နေကောင်း လာလို့ ဖနောင့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချင်တယ်ဆိုရင် 'မောင်မောင်'လို့ ခေါ်လိုက်ပါ၊ ကျွန်တော် အ ရောက်လာပြီး ခေါင်းကို ထိုးပေးလိုက်ပါမယ်. . . . ဦးတာတီးအ ကျွန်တော့်ခေါင်းကို စိတ်ကြိုက် ဖနောင့်နဲ့ပေါက်ပါ. . . . ကျွန် ခေါင်းထိုးပေးပါမယ်" ဟု ပြောလိုက်စဉ်၌ပင် ဆိုင်ရှေ့သို့ အစိမ်း ဂျစ်ကားတစ်စီး လာ၍ ရပ်လေ၏။ ကားပေါ်မှ သပ်ယပ်စွာ ဝတ် ထားသော လူငယ်တစ်ဦး ဆင်းလာ၏။ ထိုလူငယ်မှာ လှဖေဖြစ်ကြော ကျွန်ုပ်၏ စာဖတ်ပရိသတ်ကို ရှင်းပြရန် လိုမည်မထင်ပါ။

မြရင်သည် လှဖေကို မြင်လျှင် -

"ဟယ်. . . မောင်လေး. . ."ဟု အလန့်တကြားအော်လိုက ၏။ လှဖေသည် မြရင်ကို မကြည့်၊ မောင်မောင့်ကိုသာကြည့်၍ -

"ဟေ့ကောင် မောင်မောင်၊ မင်းအိမ်ကို ငါရောက်ပြီးပြီ၊ ဒီည ငါခရီးသွားမယ်၊ မင်းနဲ့ အရေးကြီးတဲ့စကားပြောချင်လို့ ငါလာခဲ့ မင်းက ဒီဆိုင်ကို သွားတယ်ဆိုလို့ ငါလိုက်လာခဲ့တာ. . ."ဟု ပြေ လိုက်၏။ မောင်မောင်က တစ်စုံတစ်ရာ ပြန်၍ မဖြေဘဲ ဦးတာတီးဆီ မေးငေါ့ပြလိုက်၏။ ဦးတာတီးက လှဖေကို လှမ်း၍ ကြည့်လိုက်ပြီး

"ဩ. . .လှဖေကိုး၊ မင်းက ငါ့ကိုတွေ့တာတောင် နှုတ်မဆ ပါလား. . . ." ဟုပြောလေ၏။

လှဖေက မခိုးမခန့်ပြုံးလိုက်ပြီးနောက် -

"ခင်ဗျားနဲ့ စကားပြောဖို့လာတာမဟုတ်ဘူး၊ ပြော အကြောင်းလည်း မရှိဘူး၊ မောင်မောင်နဲ့ တွေ့ဖို့လာခဲ့တာ၊ ခင် ကို လေးစားဖို့လည်း ယပ်ပြီးမပြောနဲ့တော့. . . . ကျုပ်မလေးစ ဘူး. . . ကျုပ် မောင်မောင်မဟုတ်ဘူး. . . . လှဖေ"ဟု ပြန်၍ ေ လိုက်၏။ ထိုအခါ ဦးတာတီးက -

"မင်းကတော့ . . . ငရဲအိုးကျမယ့်ကောင်ပဲ" ဟု ပြောလေ

"ကိစ္စမရှိဘူး. . . ကျုပ် ငရဲအိုးကျရင်လည်း ကျုပ်အော





ခင်ဗျားရောက်နေမှာပါ. . . ခင်ဗျားက ကျုပ်အရင်ကျမှာလေ. . . ကျုပ်ရော ခင်ဗျားရော ကောင်းရာမွန်ရာ ရောက်မယ့် လူတွေ မဟုတ် ဘူးဆိုတာ သေချာပါတယ် . . . ကျိန်းသေနတ်ပြည်တက်မှာတော့ မောင်မောင်ပဲ. . . ကျေနပ်ပြီလား ကိုတာတီး၊ ဟေ့ကောင် မောင်မောင် သွားမယ် . . ."ဟု လှဖေက ပြော၍ ထလိုက်၏။ မောင်မောင်လည်း အားတုံ့အားနာနှင့် ထ,လိုက်ရ၏။ ထို့နောက် ဂျစ်ကားတစ်စီးစီ မောင်း၍ ထွက်သွားကြလေ၏။

၎င်းတို့နှစ်ဦးသွားပြီးနောက် ဦးတာတီးက မြရင်အား မျက်နှာ ယ်လေးနှင့် လှမ်း၍ကြည့်ကာ -

"မြရင် . . . ငါ့ကို ကယ်ပါဟယ်" ဟု ပြောလိုက်လေ၏။

"ဘာကို ကယ်ရမှာလဲ. . . ပစ္စည်းတွေအကုန်ယူပြီး မယားငယ် သွားတဲ့လူက ပစ္စည်းတွေကုန်မှ မယားငယ်မရှိတော့မှ ကျုပ်ဆီလာပြီး ယ်ပါလို့ပြောတာ ရှင်မို့ အရှက်မရှိ. . . . သရက်စေ့တော်၊ ရှင့်စကား ကြားရတာ. . . ကျုပ်ဖြင့် ရယ်ချင်လိုက်တာ ဖတ်ဖတ်မော. . . . ဘတ်နောက်က ကျောပဲတော်ရေ့" ဟု ပြောလိုက်လျှင် -

"ပြောတော့ မြရင်ရေ. . . ပြောတော့၊ ငါက ခံရမယ့် ဘဝ ာက်သွားပြီကိုး. . . ငါ့ဘဝဟာ အခုချိန်မှာတော့ ခရမ်းသီးပိန် မားတုံး နေပါပြီ၊ နေစရာလည်းမရှိ၊ စားစရာလည်း မရှိတော့ပါဘူး၊ နင့်ဆီက လို့ တစ်ခြားဘယ်မှ သွားစရာမရှိလို့ အားငယ်ငယ်နဲ့ ပြန်လာခဲ့ရတဲ့ ာနတစ်ယောက်ပါ . . . အသက်တစ် ချောင်း ကယ်ကောင်းပါတယ် ရဲ့၊ ဇိဝိတဒါနပေါ့ဟယ်. . . ငါ့ကို ကျွေးရမယ့်ထမင်းဆိုတာလည်း ဆိုင်မှာ သွန်ပစ်သလောက်ပဲရှိပါတယ်" ဟု ပြောလိုက်လျှင် မူလဆိုင် ဖြစ်ခဲ့ဖူးသော ယခုဆိုင်၏ ကူဖော်လောင်ဖက်ဖြစ်နေသည့် စိန်စိန်က -

"ညီမရယ်. . . လက်ခံလိုက်ပါ၊ သနားပါတယ်. . . သူ့မှာ ကျန်း



www.burmeseclassic.com

www.burmeseclassic.com



လည်းမကျန်းမာရှာပါဘူး”ဟု ပြောလိုက်လျှင် -

“အို . . . မစိန်စိန်က ဘာဖြစ်လို့လဲ၊ သူ့ကို လက်ခံလိုက်
သူတ ကျွန်မနဲ့ လင်မယားလို့ထင်နေဦးမှာ . . . ဝေးသေး၊ ရှင်
နေစရာမရှိလို့ နေချင်နေ . . . လင်မယားတော့ မဟုတ်တော့ဘူး
မီးဖိုချောင် ထမင်းစင်နားမှာနေ၊ စားတဲ့အချိန်ရောက်ရင် တော
စကားလည်းမပြောနဲ့ နေဖို့ရပြီ၊ သေရင် သဂြိုဟ်ပေးမယ်၊ ကြား
ဟု မြရင်က ပြောလိုက် လေ၏။ ထိုအခါ မစိန်စိန်သည် ဦးတာတီး
တွဲ၍ ခေါ်လိုက်ပြီးလျှင် -

“လာ . . . လာ . . . ဦးတာတီး”ဟု ပြော၍ မီးဖိုချော
ဘက်ဆီသို့ ခေါ်သွားကာ ထင်းရှူးပုံးမှ ပျဉ်ပြားများကို ခင်း၍ အိပ်
နေရာတစ်ခု ပြုလုပ်ပေး၏။ ဦးတာတီးကမူ -

“သာဓု . . . သာဓု . . . သာဓု . . . ”ဟု ရေရွတ်နေလေ၏

ထိုအချိန်၌ ဆိုင်အလုပ်သမားလေးတစ်ဦးသည် မြရင်ထိုင်
သော ကောင်တာစားပွဲအနီးသို့ ကပ်လာပြီးလျှင် -

“အစ်မ . . . အစ်မ ဒီလူကြီးကို ဘာဖြစ်လို့ လက်ခံလိုက်
လဲ . . . ပြဿနာလုပ်ရင် ဘယ့်နှယ်လုပ်မလဲ . . . ” ခပ်တိုးတိုး
လိုက်လေ၏။ မြရင်က -

“မပူပါနဲ့ . . . အငယ်လေးရယ်၊ ပြဿနာမလုပ်ဝံ့
ပြဿနာလုပ်လို့ကတော့ အစ်မကိုယ်တိုင် ပါးချည်းရိုက်ပစ် မယ်
ပါးရှစ်စိတ်ကွဲပြီး သွားကြားတဲ့ သွာချေးဟာ ယိုးဒယား ကမ္ဘား ထွက်
မယ် . . . ဘာမှတ်သလဲ . . . ” ဟု ပြောလိုက်လျှင် အငယ်လေးဆို
ဆိုင်အလုပ်သမားလေးသည် ကောင်တာစားပွဲ စွန်းတွင် တင်ထား
မြရင်၏ လက်ခုံကို “ရွှိ”ကနဲ နမ်းလိုက်လေ၏။

ထိုညတွင် ဦးတာတီးကြီးသည် ထမင်းမစားနိုင်သဖြင့် မစိ
က ဆန်ပြုတ်ပြုတ်၍ ကိုယ်တိုင်တိုက်လေ၏။ ဆန်ပြုတ် တိုက်ပြီး



ခါ၌ ပါးစပ်ကို လက်သုတ်ပဝါဖြင့် သုတ်ပေး၏။ ခါတ်ဘူးတစ်လုံးတွင်
တ်ဖက်ခြောက်ခပ်ကာ ရေနွေးများထည့်ပေး၍ မအိပ်နိုင်ဘဲ တဟင်း
င်းနှင့် ညည်းညူနေသောကြောင့် မစိန်စိန်သည် ဦးတာတီး၏ တစ်
ိယ်လုံးကို ကျားဘမ်းပရုတ်ဆီများ လိမ်းကျံပေးပြီး စိတ်ရှည်လက်ရှည်
ပေးလေ၏။ ထိုအခါကျမှပင် ဦးတာတီးလည်း အကိုက်အခဲသက်သာ
ာ အိပ်ပျော်သွားလေတော့သည်။

နံနက်မိုးလင်းသောအခါ၌ မစိန်စိန်က မြရင်အား -

“မြရေ . . . ဦးတာတီးကြီးက သိပ်ပြီး အခြေအနေ မကောင်း
. . . မနေ့ညက ထမင်းမစားနိုင်လို့ စိန်ကိုယ်တိုင် ဆန်ပြုတ်ပြုတ်ပြီး
တ်ရတယ် . . . တစ်ညလုံးလည်း ညည်းနေလို့ ပရုတ်ဆီတွေလူးပြီး
ပေးရတယ် . . . အဲဒီတော့မှ အိပ်ပျော်သွားတယ်တော်၊ ဘာပဲဖြစ်ဖြစ်
းတော့ ကုပေးပါ ညီမရယ် . . . ”ဟု ပြောလျှင် မြရင်က -

“ဆေးကုတယ်ဆိုတာ ဆေးဖိုးတော့ ထုတ်ပေးနိုင်တာပေါ့ . . .
ကလူး သေးကလူးတော့ မပြုစုနိုင်ပါဘူး . . . မမစိန်လင်ကြီးကို
စိန်ပဲ ပြုစုလိုက်၊ ကောင်းတဲ့ဟာကြီးမဟုတ်ဘူး . . . ” ဟု ပြောလေ
ထိုအခါ မမစိန်က -

“သေတော့မယ့်အချိန်ကျမှ မြက စိန့်လင်ကြီးလို့ ပြောရက်
ယ် . . . ခုတော့ ပြောမှာပေါ့လေ၊ ကဲပါ . . . ဒါတွေထားလိုက်ပါတော့
ာန်းထိပ်မှာ ဆေးခန်းတွေရှိတယ် . . . ညနေပိုင်းမှာ ဖွင့်တယ်၊
ီမှာ ဦးတာတီးကို ပြချင်တယ် . . . အဲဒီအတွက်တော့ ပိုက်ဆံထုတ်
ါ . . . ”ဟု ပြောလေ၏။ ထိုအခါ၌ မြရင်ကလည်း ထုတ်ပေးမည်
ကြောင်း ဝန်ခံလိုက်လေ၏။ ထိုနေ့မှစ၍ ဦးတာတီးကြီးအား
ကားဖြင့်တင်ကာ မစိန်စိန်သည် ဆေးခန်းသို့ ပြခဲ့၏။ ဆရာ
ကြားသော ဆေးများကိုလည်း ဝယ်ယူကာ မှန်မှန်တိုက်လေ၏။
ဝန်၏ ပြောချက်အရ -



www.burmeseclassic.com

www.burmeseclassic.com



"အားပြတ်နေသည်။ အားဆေးတိုက်ရမည်"ဟု ဆို
မစိန်စိန်သည် အားဆေးများဝယ်ကာ ဦးတာတီးကြီးအား တိုက်ခဲ့
မောင်မောင်ကလည်း ဦးတာတီးကြီးအား ဆေးကုရန်အ
ဟုဆိုကာ ငွေငါးထောင်လာ၍ ပေးထား၏။ မစိန်စိန်သည် ထိုငွေ
ဦးတာတီးအတွက် လိုအပ်သည့်ဆေးဝါးများ ဝယ်၏။ ဦးတာတီး
သည်ဆိုသော သွေးတောင်းသည့် အစားအစာများကို ဝယ်ယူချက်
ကျွေးမွေးလေ၏။

ဤသို့နှင့်ပင် ဦးတာတီးကြီးသည် ဗုန်းကနဲလဲနေသည့်အ
ထူထူထောင်ထောင် ဖြစ်လာလေတော့၏။ အသားများ ပြည့်ဖြိုး
တော့၏။ ထို့ပြင် နလန်ထတို့၏ ထုံးစံအတိုင်း ပါးစပ်နှင့်အစား
အောင် စားလေတော့၏။ ထို့ကြောင့် ဦးတာတီး၏ အသားများ
ပြည့်ရုံမျှမက ပြောင်တင်း၍ပင် လာလေတော့၏။ ထို့ကြောင့် မြ
မစိန်စိန်အား -

"မစိန် . . . မစိန်ရဲ့ လင်ကြီးကတော့ အသားအရေ
ပြည့်ဖြိုးပြီး ပြောင်တင်းလာပြီနော် . . . ဒုက္ခပေးတော့မယ်
တယ် . . . သတိလည်းထားဦး"ဟု နောက်သလိုလို အတည်လိုလို
မျိုးပြောလေသည်။

တစ်ညတွင် နာရီပြန်နှစ်ချက်ထိုးလောက်၌ ဦးတာတီး
သည် ခန္ဓာကိုယ်ကိုက်ခဲ့ကာ ဟင်း . . . ဟင်း . . . ဟု ညည်း
ထို့အပြင် ချောင်းဆိုး၍ ချွဲများလည်း ကျပ်နေပုံရ၏။ မစိန်စိန်
ဦးတာတီး၏ ချောင်းဆိုးသံကြောင့် အိပ်ရာမှ နိုးလာပြီးလျှင် ပ
ဘူးကလေးကိုကိုင်ကာ ဦးတာတီးခြင်ထောင်ကို မ၍ ခြင်ထောင်အ
သို့ ဝင်ပြီးလျှင် ရင်ဘတ်ကို ပရုတ်ဆီလူးပေးလေ၏။ ဦးတာတီး
အမှန်တကယ် ချောင်းဆိုးရင်ကြပ်သည်မဟုတ်။ အမှန်တ
ကိုယ်လက်ကိုက်ခဲ၍ ညည်းညူသည်မဟုတ်။ မစိန်စိန်အား ကြံ





ဆန်ဆောင်ခြင်းမျှသာ ဖြစ်၏။

ဦးတာတီးသည် ဆေးလူးပေးနေသော မစိန်စိန်အား ဆွဲယူ
ပြီးလျှင် နမ်းရှိုက်လေ၏။ မစိန်စိန်က -

"မတော်ပါဘူး"ဟုဆိုကာ ရုန်း၏။ ထိုအခါ ဦးတာတီးက -

"စိန်ရယ် . . . နည်းနည်းလေး နားထောင်စမ်းပါ . . .
ကိုတာတီး ပြောပါရစေအုံး . . . ကိုကိုတာတီးဟာ ဘာနဲ့တူနေသလဲ
ဆိုရင် ဆိပ်ကမ်းပေါင်းစုံလျှောက်ပြီး ကပ်နေတဲ့သင်္ဘောကြီးနဲ့တူတယ်၊
ဒါပေမယ့် အခုအခါမှာ ကပ်စရာဆိပ်ကမ်းမရှိတော့ပါဘူး . . . စိန်ဟာ
ကိုကိုတီးရဲ့ နောက်ဆုံးဆိုက်ကပ်ရမယ့် ဆိပ်ကမ်းပါ . . . ဆိပ်ကမ်းလေး
ရယ် . . . မရုန်းပါနဲ့ကွယ် . . ."ဟု ပြောလေ၏။ မစိန်စိန်သည် ရုန်း
သေး၏။ သို့ရာတွင် မရုန်းနိုင်ပေ။ ဦးတာတီးက တအားဖက်၍ထား၏။
ထို့နောက်တွင်ကား ဦးတာတီးသည် မစိန်စိန်အား အနိုင်ကျင့်လိုက်လေ
တော့သည်။ ထိုနေ့မှစ၍ မစိန်စိန်နှင့် ဦးတာတီးတို့သည် မြမေတ္တာ
သမင်းဆိုင်၏ မီးဖိုခန်းတွင် တိတ်တိတ်ပုန်း လင်မယားဖြစ်သွားကြလေ
တော့သတည်း . . ."

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၆)

## ပုတီးကြောင်မောင်မောင်

ကီလီသဘော်ာဆိပ်နှင့် များများမဝေးလှသော မြမေတ္တာ သမင်းဆိုင်ရှိ ဆိုင်အလုပ်သမားကလေးများသည် ညဦးနက်သောအခါ၌ အိပ်စက်ခြင်းမရှိကြဘဲ မီးဖိုခန်းအတွင်းမှ ဦးတာတီးနှင့် မစိန်စိန်တို့ အချစ်ဇာတ်လမ်း ဘိုင်စကုပ်ကို ချောင်းမြောင်းကြည့်ရှု ရန် အစဉ်သဖြင့် ကြိုးပမ်းနေကြလေ၏။

ထို လူဘိုင်စကုပ်ပြီးသောအခါ၌ အထိပ်ခိုးမှ ဆိုင်ပိုင်ရှင် မြရင်နှင့် ဆိုင်အလုပ်သမား ငယ်လေးဆိုသည့် ကောင်းလေးတို့၏ အချစ်ဇာတ်လမ်း လူဘိုင်စကုပ်ကို ဆက်၍ကြည့်ရှုကြပြန်၏။ ထို့ကြောင့် ဆိုင်အလုပ်သမားကလေးများသည် အိပ်ရေးများပျက်ကာ မျက်တွင်းဟောက်ပက်များ ဖြစ်လာကြကုန်၏။

မစိန်စိန်လည်း အခါတိုင်းကဲ့သို့ စုတ်တီး စုတ်ပြတ်မနေလေ့ရှိဘဲ ဖြီးလိမ်းပြင်ဆင်၍သာနေလေတော့၏။ ထို့ကြောင့် မြရင်က -



www.burmeseclassic.com

www.burmeseclassic.com



“မစိန်စိန်တော့ မရိုးတော့ဘူးနဲ့ထင်တယ် . . .”ဟု ပြောလိုက်
လေ၏။ ထိုအခါ မစိန်စိန်ကလည် ကိုယ်နဲ့နှိုင်း မရိုင်းဘူးပေါ့ ညီမလေး
ရယ်”ဟု ပြန်၍ပြောလျှင် မြရင်က -

“မြကတော့ တကယ်ဖြစ်နေတာ. . . အများရှေ့မှာလည်း ရှ
ရတယ်၊ အငယ်လေးဟာ မြရဲ့လင်ကလေးပဲ. . . မစိန်စိန်ရော အဲသ
ဝန်ခံရဲသလား . . .”ဟု စိန်ခေါ်လိုက်လေ၏။ ထိုအခါ မစိန်စိန်က -

“ဒီလိုစိန်ခေါ်တော့လည်း စိန်တို့က တိမ်ပေါ်ကနေ စိန်ခေါ်
တာပေါ့အေ. . . . ကိုကိုတီးနဲ့ ငါနဲ့လည်း တကယ်ဖြစ်ကြပြီ. . . . ညည်း
ဘာပြောချင်သေးလဲ. . .”ဟု ပြောလိုက်လျှင် မြရင်သည် ရယ်၏။ ထို
ရယ်ပြီးနောက် -

“တကယ်ဖြစ်တာ မဖြစ်တာ အရေးမကြီးပါဘူး၊ ဆိုင်အလု
သမားလေးတွေနဲ့ နေရတာဆိုတော့ ဆင်ခြင်ပေါ့၊ ညညဆိုရင် မမစိန်
အတွဲကို ချောင်းနေရတာနဲ့ ကလေးတွေ အိပ်ရေးပျက်ပြီး မျက်တွင်း
ဟောက်ပက်ကလေးတွေ ဖြစ်ကုန်ကြပြီ၊ ကြာရင် မသာပေါ်ကုန်လိမ့်မယ်
ကလေးတွေ မသာပေါ်တာက အရေးမကြီးဘူး၊ မမစိန်ရဲ့ အချစ်
ကိုကိုတီးကြီးလည်း အသက်ထွက်သွားဦးမယ်၊ အဲဒီလို အသက်ထွက်
သေသွားတာလည်း အရေး မကြီးပါဘူး၊ မိုးတွင်းကြီးဆိုတော့ အသုဘ
လုပ်ရကိုင်ရခက်တယ်၊ တွင်းတူးတဲ့ စန္ဒာလတွေလည်း မိုးတွင်းကြီး
တာဆိုတော့ ရေတွေထွက်ထွက် လာလို့ ခပ်ခပ်ပြီး ထုတ်ရတာ ပင်ပန်း
ပါတယ်၊ အဲဒါကြောင့် သေရင်လည်း မိုးတွင်ကြီးတော့ မသေပါစေနဲ့ဦး”
ဟု ပြောလိုက်လျှင် စိန်စိန်က -

“စကားတော်တော်တတ်တဲ့ အညာသူမ”ဟု ဆိုကာ နှုတ်ခမ်း
မဲ့၍ ထွက်သွားလေ၏။

များမကြာမီ၌ မောင်မောင်သည် ဆိုင်သို့ရောက်လာ၏။ မြရင်
သည် မောင်မောင့်ကို မြင်လျှင် -





“အမယ်လေးတော်. . . ဆိုင်ထဲကို ဘယ်ကရသေ့များ ဝင်လာ
သလဲလို့ . . .” ဟု ရွှတ်နောက်နောက်ပြောလိုက်လေ၏။

“မဟုတ်ပါဘူး. . . အစ်မမြရင်ရယ်. . . ဦးတာတီးကြီးရဲ့
ကျန်းမာရေးအခြေအနေကို သိချင်လို့ပါ၊ အခြေအနေမကောင်းဘူး
ဆိုရင်တော့ ဆေးရုံတင်သင့်ရင် တင်ရမယ်မဟုတ်လား. . .”ဟု
မောင်မောင်က ပြောလိုက်လျှင် မြရင်သည် ဟက်ဟက်ပက်ပက် ရယ်
လေတော့၏။ ထို့နောက် -

“ဆေးရုံတင်ဖို့ မလိုဘူးဟေ့ . . . မင်္ဂလာဆောင်လက်ဖွဲ့ဖို့သာ
စိတ်ကူးတော့. . . မင်းဆရာတာတီးကြီးက”ဟုဆိုကာ မောင်မောင့်အား
အနီးသို့ဆွဲခေါ်ကာ တိုးတိုးကပ်၍ ပြောလိုက်လေ၏။ မောင်မောင်သည်
မျက်လုံးပြူး၍သွား၏။

ဤသို့လျှင် မြရင်က မောင်မောင့်အား ဦးတာတီးတို့အကြောင်း
ပြောနေသည်ကို မစိန်စိန်သည် လှမ်း၍မြင်လေ၏။ ထို့ကြောင့် အနီးသို့
လျှောက်လာပြီးလျှင် -

“ညီမလေး ဝအောင်ပြော. . . မောရင်ရေခပ်ပေးဦးမယ်၊ ငါနဲ့
ကိုကိုတီးကြီးအတင်းတွေ ပြောနေတာမို့လား. . .”ဟု ပြောလိုက်လျှင်
မြရင်က -

“အတင်းပြောတာ မဟုတ်ပါဘူး၊ အမှန်တွေပြောနေတာပါ၊
မဟုတ်ဘူးလား၊ တစ်ဆိုင်လုံးက အလုပ်သမားတွေ သက်သေရှိတယ်”
ဟု ပြောလိုက်လေ၏။ ထိုအခါ မစိန်စိန်က -

“ဒီလိုတော့လည်း ငါက ပြောရဦးမှာပေါ့”ဟုဆိုကာ မောင်
မောင့်၏ လက်ကို ဆောင့်ဆွဲ၍ နားအနီးသို့ကပ်ကာ မြရင်နှင့် အငယ်
လေးတို့၏ ကြာဇာတ်လမ်းကို ပြောလေ၏။ မြရင်က မစိန်စိန်၏ ဗိုက်
ခေါက်ကို လက်ဖြင့်ဆွဲလိမ်၏။

“ညီမလေးမြ. . . ငြင်းဦးမလို့လား၊ တစ်ဆိုင်လုံးက စားပွဲထိုး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ သက်သေရှိတယ်”ဟု မစိန်စိန်က ပြောလိုက်လေ၏။ မောင်မောင်သည် လွန်စွာ နားရှက်သွားပုံရ၏။ ထို့နောက် မှ ဣန္ဒြေဆယ်လိုက်ပြီးလျှင် မစိန်စိန်အား -

“ဒီလိုဆိုလည်း အစ်မရယ်. . . တိတ်တိတ်ပုန်းမနေကြပါနဲ့ ပြောင်ယူလိုက်ကြပါတော့၊ ဟောဒီမှာ ကျွန်တော်လက်ဖွဲ့တာ. . .”ဟု ပြောကာ သားရေအိတ်အတွင်းမှ ငွေနှစ်သောင်းကို ထုတ်၍ မစိန်စိန်၏ လက်တွင်းသို့ထည့်ကာ ဆိုင်ထဲမှ ထွက်သွားလေတော့၏။

မစိန်စိန်လည်း ငွေထုပ်ကိုပိုက်လျက် ၎င်း၏ချစ်သူ ကိုကိုတီးထံသို့ ပြေးဝင်သွားလေတော့၏။ ထို့နောက် အကြောင်းစုံကိုပြောကာ ငွေထုပ်ကို ဦးတာတီး၏ လက်သို့အပ်လိုက်လေ၏။ ဦးတာတီးလည်း ငွေထုပ်ကိုကိုင်ပြီးနောက် -

“ဒီအပတ် မြင်းပွဲမှာ စိန်လျှံဆိုတဲ့မြင်း တစ်ဆွဲဖို့ရှိတယ်၊ ဟောဒီငွေတွေအားလုံးကို စိန်လျှံတစ်ကောင်ထဲ ‘ဝင်း’ လောင်းလိုက်ရင် ကိုကိုတီးနဲ့ စိန်တို့ ချမ်းသာပြီ. . .”ဟု ပြောလိုက်လျှင် မစိန်စိန်က ငွေထုပ်ကို ပြန်၍ ယူလိုက်ပြီးနောက် -

“မလုပ်လိုက်ပါနဲ့ ကိုကိုတီးရယ်၊ ဒါလေးနဲ့ ရင်းနှီးစားရင် လူမွေးလူတောင် ပြောင်နိုင်သေးတယ်”ဟု ပြောလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များစွာမကြာသော အချိန်၌ ဦးတာတီးနှင့် မစိန်စိန်တို့သည် ပုသိမ်ညွှန့်ရပ်ကွက်တွင် အိမ်ခန်းလေး တစ်ခန်းငှားရမ်းနေထိုင်ကြလေ၏။

မစိန်စိန်သည် ဈောင်တန်းဆိပ်ကမ်းနှင့် မျာစွာမဝေးသော နေရာတွင် ထမင်းဆိုင်လေးတစ်ဆိုင် ဖွင့်ဖြစ်သွားလေ၏။ ထမင်းဆိုင်၏ အမည်ကို ‘စိန်တီးတီး’ဟု ပေးထား၏။ သန်လျင်ဘက်မှလာသော သဘော်ာစီးခရီးသည်များ အားပေးကြသဖြင့် စိန်တီးတီးထမင်းဆိုင်ကလေးသည် တွင်တွင်ကျယ်ကျယ် ရောင်းရလေတော့၏။





မြရင်နှင့် အငယ်လေးမှာလည်း ပြောင်ပြောင်တင်းတင်း လူသိရှင်ကြား ယူလိုက်ကြပြီဖြစ်၏။ ထမင်းဆိုင်၏ ဆိုင်ဘုတ်ကိုလည်း ‘မြမေတ္တာ’မှ ‘မြငယ်ငယ်’ဟု ပြောင်း၍ ရေးလိုက်လေတော့၏။

ထိုအဖြစ်အပျက်များကို မောင်မောင်သည် လှဖေထံသို့ စာရေး၍ အကြောင်းကြားလိုက်လေ၏။ လှဖေလည်း မောင်မောင့်ထံသို့ စာပြန်လေ၏။ စာထဲတွင် -

“ယခုတစ်ကြိမ် ဒုက္ခရောက်မည်မှာ သူ၏အစ်မမြရင်ဖြစ်ကြောင်း ဖော်ပြထားလေ၏။ မြရင်၏ နောက်လင်အငယ်လေးသည် ဦးတာတီးလက်ထက်က ဝယ်ထားသော ရေဒီယိုကြီးကို အပြစ်မရှိ အပြစ်ရှာ၍ ပေါက်ခွဲလိမ့်မည်ဖြစ်ကြောင်းကိုလည်း ၎င်း၏စာ၌ ပါရှိလေ၏။ ထိုသို့ပေါက်ခွဲပြီးနောက် ငယ်လေးသည် မြရင်အား စိတ်ဆိုးသည်ဟုဆိုကာ အိမ်ပေါ်မှ ဆင်းသွားပြီး တစ်ခြားတစ်နေရာတွင် မိန်းမသွားယူမည်ဖြစ်ကြောင်း၊ မြရင်သည် အရင်းပြုတ်ကာ ဆိုင်ပါပျောက်သွားမည်ဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြရေးသားထားလေ၏။

နှစ်လခန့်ကြာသောအခါ၌ လှဖေသည် ရန်ကုန်သို့ အလုပ်တာဝန်ဖြင့် ရောက်ရှိလာပြီး မောင်မောင်နှင့်တွေ့ဆုံလေ၏။ မောင်မောင်သည် လှဖေကို မြင်လျှင်မြင်ချင်း -

“လှဖေ. . . မင်း ငါ့ဆီကို ရေးလိုက်တဲ့စာကြီးဟာ ဟောစာတမ်းကြီးလိုပါပဲကွာ. . . အငယ်လေးဆိုတဲ့ကောင်လေးဟာ အစ်မမြရင်နဲ့ ယူခဲ့တယ်ကွ၊ တစ်နေ့မှာ ဦးတာတီးကြီးဝယ်ခဲ့တဲ့ ရေဒီယိုကြီးကို အပြစ်မရှိ အပြစ်ရှာပြီး ဒီမသာကြီးဝယ်ခဲ့တဲ့ ပစ္စည်းကြီးကို မကြည့်ချင်ဘူးဆိုပြီး ပေါက်ကွဲပစ်လိုက်တယ်ကွ၊ အဲဒီမှာ အစ်မမြရင်က ပြောတော့ အငယ်လေးက စိတ်ဆိုးတယ်ဆိုပြီး အိမ်ပေါ်က ဆင်းသွားတယ်၊ ဆင်းတော့လည်း ရိုးရိုးမဆင်းဘူး၊ အစ်မမြရင်ရဲ့ ငွေတွေရော၊ ပစ္စည်းတွေရောယူပြီး ဆင်းသွားတယ်၊ အစ်မမြရင်ဟာ အခု ငါကြားသလောက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆိုင်ကိုပေါင် ထားရတယ်ကွ၊ ဆုံးတော့မယ်၊ နောက်ထပ် ဘာတွေ များဖြစ်ဦးမှာလဲ လှဖေရာ. . . ပြောစမ်းပါဦးကွာ. . .”ဟု မောင်မောင်က မေးလိုက်လေ၏။ ထိုအခါ လှဖေက -

“နောက်ထပ် ဘာဖြစ်စရာရှိလို့လဲကွာ၊ ငါ့အစ်မဆိုင်ထား အပေါင်ဆုံးသွားမယ်၊ သူလည်း နေစရာမရှိတော့ဘူး၊ စားစရာလည်း မရှိတော့ဘူး၊ ဒုက္ခတွေ ပင်လယ်ဝေပြီဆိုတဲ့အကြောင်း မင်းကိုလာပြီး ပြောလိမ့်မယ်၊ ကယ်ပါယူပါ တစာစာနဲ့ မင်းဆီမှာ အကူအညီ လာပြီး တောင်းလိမ့်မယ်. . .”ဟု ပြောကာ စီးကရက်ကို နှုတ်ခမ်းဖျားတွင် တေ့၍ သောက်နေလေ၏။ မောင်မောင်သည် ခေါင်းကို တဖျဉ်းဖျဉ်း ကုတ်၍နေလေ၏။ ထို့နောက် -

“ပြီးတော့. . . ဘာဆက်ဖြစ်ဦးမှာလဲ၊ ပြောစမ်းပါဦး လှဖေရ” ဟု မောင်မောင်က မေးလိုက်ရာ လှဖေက စီးကရက်ကို ပါးစပ်မှ ဖြုတ် လိုက်ပြီး -

“ဘာများဖြစ်စရာ ရှိလို့တုန်း လှဖေရာ၊ မင်းကလည်း ပုတီး စိပ်သက်ကလေး အတော်ရလာပြီဆိုတော့ အပြီးအပိုင် တောထွက်တော့ မှာပေါ့၊ မင်းတို့ စကားနဲ့ဆိုတော့ ဂန္ဓာရီထွက်မယ်ပေါ့ကွာ၊ အဲဒီလို ထွက်မယ်ဆိုတော့ မင်းရဲ့မောင့်ညှိုချော ဘတ်စ်ကားတွေကို ရောင်းခဲ့ရ မှာပေါ့၊ မင်းမှာ အိမ်ပဲကျန်မယ်၊ အစ်မမြရင်က မင်းဆီကို ငိုပြီး ရောက်လာတဲ့အချိန်မှာ အစ်မမြရင်ကို သနားပြီး မင်းက အဲဒီအိမ်ကြီးကို အပိုင်ပေးခဲ့မယ်၊ ဘာမှလုပ်စားစရာ မရှိတဲ့အတွက် ကားကို အကုန် မရောင်းဘဲ တစ်စီးချန်ပြီး ငါ့အစ်မကို မင်းကပေးခဲ့မယ်၊ အဲဒီတော့ အစ်မမြရင်ဟာ ထမင်းဆိုင်ပိုင်ရှင် ဖြုတ်ကနေ ကားအုံနာဘဝရောက် သွားမှာပေါ့၊ အဲဒီမှာလည်း သိပ်ကြာမှာ မဟုတ်ပါဘူး၊ ဒရိုင်ဘာတစ် ယောက်ယောက် ဒါမှမဟုတ် စပယ်ယာတစ်ယောက်ယောက်နဲ့ ငါ့အစ်မ ညားမှာပေါ့ကွာ၊ ဒီ့အပြင် ဘာများဖြစ်စရာရှိသေးလို့တုန်း မောင်မောင်





ရ” ဟု လှဖေက ပြောလေ၏။ မောင်မောင်လည်း ခေါင်းကို တဆတ် ဆတ်ညိတ်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မဂိုလမ်းရှိ ချစ်တီး ထမင်းဆိုင်သို့ သွားရောက်ကာ ထမင်းစားကြလေ၏။ ထမင်းစားရင်း မောင်မောင်က -

“အစ်မမြရင်အကြောင်းကတော့ ပြည့်စုံပါပြီကွာ၊ ငါကကော ဘာတွေဖြစ်ဦးမှာလဲ. . .”ဟု စိတ်ဝင်းစားစွာ မေးလိုက်လေ၏။ ထိုအခါ လှဖေသည် စီးကရက်ဖွာရင်း -

“ဒီလိုကွ. . . မင်းကလည်း အိပ်မက်ထဲက မိန်းကလေးတစ် ယောက်ပြောတဲ့စကားကို နားယောင်ပြီး အညိုရောင်ဝတ်စုံတွေ ဝတ်လို ဝတ်၊ ဆံပင်မုတ်ဆိတ်တွေ ထားလိုထား၊ သက်သတ်လွတ်စားလိုစား၊ ဟိုတောင်မှာ အဓိဋ္ဌာန်ဝင်လိုက်၊ ဒီတောင်မှာ အဓိဋ္ဌာန်ဝင်လိုက်နဲ့ အချိန်တွေ ဖြုန်းပစ်လိုက်လိမ့်မယ်၊ အချိန်လည်းကုန်ရော အသက်လည်း အတော်ကြီးလာပြီ၊ တကယ်တမ်းလည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ အဲဒီမှာ ကြောင်တောင်တောင်ပုတီးသမား၊ “ပုတီးငကြောင်”ပေါ့ကွာ၊ အဖြစ်နဲ့ ကျောင်းကြိုကျောင်းကြား၊ ဇရပ်ကြိုဇရပ်ကြားမှာ ဇိဝိန်ကြွေ သွားရမယ်၊ ဘာဖြစ်လို့လဲသိလား၊ မင်းလုပ်တဲ့အလုပ်မှာ ဖိလိုဆိုဖိမပါ ဘူး၊ လောကအတွေးအမြင်တွေ ခမ်းခြောက်နေတယ်။ အဲဒီတော့ ဖိလိုဆို မပါတဲ့ လုပ်ရပ်တော်တော်များများဟာ ခိုင်မာမှုနည်းတယ်ကွ၊ ဖိလို ဆိုဖီ မရှိရင် ကွန်ဆက်ပ်လို့ခေါ်တဲ့ ခံယူမှုမခိုင်မာနိုင်ဘူး၊ အစဉ်သဖြင့် ရှိနေမယ်၊ မင်းရဲ့ပုတီးစိတ်ခြင်းဟာ ကုသိုလ်ရတယ်ဆိုတာ ငါမငြင်းပါ ဘူး ဒါပေမယ့် မင်းလုပ်နေတာက ကုသိုလ်လိုချင်နေလို့ လုပ်နေတာ မဟုတ်ဘူး၊ အိပ်မက်ထဲက ညှိုချောဆိုတဲ့မိန်းမခိုင်းတဲ့အတိုင်းလုပ်နေ တာ၊ အဲဒါကြောင့် စောစောက ငါပြောသလိုပဲ ဘုရားကြို ဘုရားကြား၊ ကျောင်းကြိုကျောင်းကြားမှာ မင်းဘဝဇာတ်သိမ်းသွားမယ်၊ တစ်ခုတော့ ရှိတယ်။ မင်းလိုပဲ ကြောင်တဲ့လူအချို့ဟာ မင်းဆီမှာ တပည့်ခံခဲ့ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မင်းဆီမှာ တပည့်ကျော်တွေ ရှိမှာပေါ့ကွာ၊ အဲဒီတပည့် ကျော်တွေက မင်းသေသွားတဲ့အခါမှာ အသေထွက်ထွက်တယ်လို့ ကြွေးကြော်ကြလိမ့်မယ်။ အဲဒါလည်း မင်းကိုလေးစားလို့မဟုတ်ဘူး၊ မင်းကို ပေါပေါက်မြောက်မြောက် ဖြစ်သွားတယ်လို့ မကြွေးကြော်ရင် သူတို့လည်း ပေါက်ပေါက်မြောက်မြောက်ဖြစ်မှာမဟုတ်ဘူး၊ သေတဲ့နည်းနဲ့ပေါ...တာလို့ ပြောကြလိမ့်မယ်၊ ကမ္ဘည်းထိုးကြလိမ့်မယ် သူငယ်ချင်း၊ အချိန်ရှိသေးတယ်၊ ရပ်တန်းကရပ်ရင်ကောင်းမယ်"ဟု လှဖေက ရှည်လျားစွာ ပြောပြ လေ၏။ မောင်မောင်သည် တွေ၍ နားထောင်နေ၏။

"လှဖေ. . . မင်းပြောတာ တကယ်ပဲလားသူငယ်ချင်း... ငါဟာ အချိန်ဖြုန်းနေတာလား၊ ငါဟာ ကျောင်နေတာလား. . ."ဟု မောင်မောင်က ဝမ်းနည်းသံကြီးနှင့် မေးလိုက်လေ၏။

"တကယ်ပဲသူငယ်ချင်း၊ ငါ့အယူအဆပြောတာပါ၊ ငှက်...ကောင်ကိုကြည့်၊ အတောင်ပါမယ်၊ ပျံသန်းနိုင်မယ်၊ အစာရှာနိုင်မယ်ဆိုရင် ငှက်အဖြစ်နဲ့ ပြည့်စုံနေပြီ၊ ပြီးမြောက်နေပြီ၊ ငါးတစ်ကောင်ကြည့်၊ ရေထဲမှာနေနိုင်မယ်၊ ကူးခတ်နိုင်မယ်၊ အစာရှာနိုင်မယ်ဆိုရင် ငါးအဖြစ်နဲ့ ပြည့်စုံနေပြီ၊ ပြီးမြောက်နေပြီ၊ နောက်ထပ် ဘာမှထည့်စရာ မလိုတော့ဘူး၊ ငါးတစ်ကောင်က ကောင်းကင်ပျံချင်တယ်၊ ကောင်းကင်...အောင်လုပ်တဲ့နည်းတွေလည်းရှိတယ်လို့ ယုံကြည်နေတယ်ဆိုရင်တော့ အဲဒီငါးကို ရိုးရိုးငါးလို့တော့ပြောလို့မရဘူး၊ "ငါးရူး"လို့ပဲ ပြောရမှာပဲ... အခုလည်း မင်းကြည့်စမ်း. . လူဟာ လူဖြစ်နေတာကိုက ပြည့်စုံနေ... အဲဒီ ပြည့်စုံနေတဲ့ လူတစ်ယောက်ဟာ လူတွေအတွက်ပဲ အလုပ် ထ...မယ်၊ အဲဒီလို မဟုတ်ဘဲနဲ့ စိတ်ကူးနဲ့တန်ခိုးရှင်ဖြစ်ချင်တာတို့၊ သိဒ္ဓိ...ဖြစ်ချင်တာတို့ဆိုရင်တော့ သူ့ကို နော်မယ်ထဲမှာ ထားလို့မရတော့... စဉ်းစားပါသူငယ်ချင်း. . . "ဟု ပြောလိုက်လျှင် မောင်မောင်သည် ခေါင်းကို တဖျင်းဖျင်းကုတ်လေ၏။ ထို့နောက်. . . .





"မင်းပြောတဲ့စကားတွေကို ငါအလေးအနက်ထားပါမယ်၊ စဉ်းစားစဉ်းစားပါမယ်၊ ဒါပေမယ့် မင်းပြောသလို စိတ်ကူးယဉ်နေတာတော့ မဟုတ်ဘူး၊ ငါက တကယ်လုပ်နေတာတော့ မဟုတ်ဘူး၊ ငါက တကယ်လုပ်နေတာသူငယ်ချင်း. . ."ဟု မောင်မောင်က ပြောလိုက်လျှင် လှဖေက -

"တကယ်လုပ်နေလို့ ပိုပြီးခက်တာပေါ့ မောင်မောင်ရေ. . ."ဟု မချင့်မရဲဖြစ်သော လေသံကြီးဖြင့် ပြောကာ လှောင်ရယ်ရယ်လိုက်လေတော့သတည်း. . .။

"ဟား. . . ဟား. . . ဟား. . . ဟား"

www.burmeseclassic.com



အခန်း(၂၇)

## စိုးရိမ်စရာအဖြစ်ရောက်နေတဲ့မောင်မောင်

မောင်မောင်နှင့်လှဖေသည် ထမင်းဆိုင်မှ လမ်းခွဲခဲ့ကြပြီး ...ာက်တော်တော်နှင့်မတွေ့ဖြစ်ကြတော့ပေ။ မမြရင်၏ဆိုင်မှာ ...တ်သွားပြီဖြစ်၏။ မြရင်၏ လင်ငယ်အငယ်လေးဆိုသည့် ကောင်လေး ...လည်း မမြရင်၏ ပစ္စည်းများကိုယူ၍ထွက်သွားပြီဖြစ်၏ ဦးတာတီးနှင့် ...ါ် စိန်စိန်တို့၏ စိန်တီးတီးထမင်းဆိုင်မှာမူ လွန်စွာအောင်မြင်လေ၏။

၎င်းတို့ လင်မယားသည် ငွေပိုငွေလံလျှံလေးရှိလာသော အခါ ...ကျောက်ကုန်းဘက်တွင် ခြံကလေးတစ်ခြံဝယ်၍ တစ်ထပ်တိုက် ...လေးတစ်လုံး ဆောက်လုပ်နိုင်ခဲ့လေ၏။ ထို့ပြင် ဦးတာတီးသည် ...ည်ကားသောနေရာတွင် အခန်းတစ်ခန်းဝယ်ယူ၍ "အားလုံး ...တီးစိန်တီးတီး"ဟူသော အမည်ဖြင့် အောင်ဘာလေထီဆိုင်ကြီး ...ဆိုင် ဖွင့်နိုင်လေ၏။

ထိုထီဆိုင်မှ ရောင်း၍မကုန်သော ထီလက်မှတ်မှနေ၍ သိန်းဆု

www.burmeseclassic.com

www.burmeseclassic.com



၂ ဆု၊ ၅ သောင်းဆု၊ ၆ သောင်းဆုပေါက်ခဲ့သည်ဖြစ်ရာ ဦးတာတီးသည် အတော်ကြီးပွားလျက်ရှိလေတော့၏။ ထိုအချိန်၌ ဦးတာတီးသည် ဘတ်စ်ကားပေါ်မှအဆင်း ခြေချော်ကျ၍ ခြေ ထောက်တစ်ချောင်း သွင်သွင်ကျိုးသွားလေ၏။

ငွေကုန်ကြေးကျခံ၍ ကုသပါသော်လည်း ခြေထောက် အကောင်းပကတိဖြစ်မလာတော့ဘဲတစ်ဖက်နိမ့်၍ သွားလေ တော့၏။ ထို့ကြောင့် ဦးတာတီးသည် လမ်းကိုကောင်းစွာ မလျှောက် နိုင်တော့ဘဲ ထော့နင်းထော့နင်းလျှောက်ရသောအဖြစ်သို့ ရောက် သွားလေတော့၏။ ထိုသို့ ခြေထောက်ကျိုးသည့်အချိန်မှစ၍ ညနေစောင်းလျှင် ဘီယာသောက်ခြင်း၊ တနင်္ဂနွေနေ့ရောက်လျှင် မြင်းလောင်းခြင်းမှအ ပြဇာတ်ကြည့်ခြင်း၊ ပိုကာဒေါင်းခြင်း၊ မိန်းမရှုပ်ခြင်း စသောအ အားလုံးအား ဘုရားတွင်သစ္စာဆို၍ ရပ်ဆိုင်းပစ်လိုက်လေတော့၏။

ထို့နောက်တွင်ကား ဦးတာတီးသည် ၎င်းတို့ထမင်းဆိုင် ရွှေဥဩာင်ပင်အောက်တွင်ခင်းထားသော ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ခြေထောက်ကြီးကို ဆန့်ဆန့်ကြီးထားကာ စိတ်အေးလက်အေးနှင့် တရား စာအုပ်များကို ဖတ်ရှုနေလေတော့၏။ ထို့နောက် ဆရာတော်တစ်ပါး သို့လည်း မကြာခဏ သွားရောက်ကာ တရားနာခြင်း မရှင်းလင်းသည် များကို မေးလျှောက်ခြင်း၊ တရားထိုင်ခြင်းများပြုလေ၏။

ဒေါ်စိန်စိန်မှာမူ "စိန်တီးတီးထမင်းဆိုင်"နှင့် "အားလုံး လပ် စိန်တီးတီး" ထိုဆိုင်ကြီးကို ကြီးကြပ်အုပ်ချုပ်လျှက် စီးပွားရှာနေ တော့၏။ ထို့ပြင် ဦးတာတီးအတွက်လည်း လိုလေသေး မရှိပြုစုရှာ

ဦးတာတီးသည် မကြာခဏဒေါ်စိန်စိန်အား သူ၏ဓမ္မမိတ် များနှင့် မိတ်ဆက်ပေး၏။ ထိုသို့မိတ်ဆက်သည့်အခါတိုင်း၌လည်း

"ဟောဒီ မစိန်စိန်က ကျုပ်ဆိုတဲ့ ရွက်သင်္ဘောကြီး နော ဆုံးဆိုက်ကပ်ရတဲ့၊ နောက်ဆုံးဆိပ်ကမ်းသာ. . . "(My Last Habo



. . . "ဟု ချီးမွမ်းပြောဆိုလေ့ရှိ၏။ မစိန်စိန်ကလည်း ဤသို့ ချီးမွမ်း သည်ကို ကျေနပ်မြဲဖြစ်၏။ ဦးတာတီးကြီးသည် ညအခါ၌လည်း ကျောက် န်းရှိအိမ်၌တရားထိုင်၏၊ နံနက် အာရုဏ်တက်တွင်လည်း တရားထိုင် ၏၊ နေ့လယ်နေ့ခင်းများ၌လည်း ဆိုင်ရှေ့ဥဩာင်ပင်အောက်ရှိ ကွပ်ပျစ် ပေါ်တွင် တရားထိုင်လျက်ရှိ၏။ ဦးတာတီး၏မျက်နှာသည် ကြည်လင် နေ၏။ ထမင်းလာ၍ စားသောသူများသည် ဦးတာတီးကိုမြင်လျှင် ကြည်ညိုသဖြင့် လက်အုပ်ချီ၍ သွားတတ်ကြ၏။

ဦးတာတီးထံလာရောက်သော မိတ်ဆွေများအား ဦးတာတီးက တရားဟော၏၊ ဦးတာတီးသည် သူယုံကြည်ထားသော တရားဓမ္မကို ရှင်းလင်းပြတ်သားစွာ ဟောပြတတ်၏၊ အနီးအနားတွင်ရှိသော ဆိုင်များ ကလည်း ဦးတာတီးကို လေးစားကြ၏၊ ဦးတာတီးအားထိုင်၍ ဦးချသေး ၏၊ ဦးတာတီးပြောသည်ကို လက်အုပ်ကလေးချီ၍ နားထောင်၏။

ဆိုင်အလုပ်သမားကလေးတစ်ဦး ပိုက်ဆံခိုးသည့်အကြောင်း ကို ဦးတာတီးအား လာရောက်တိုင်တန်းရာ ဦးတာတီးက -

"သုံးစရာရှိလို့နေမှာပေါ့ စိန်စိန်ရယ်. . . ကလေးကို ရိုက်လား နှက်လားမလုပ်ပါနဲ့ . . . ခိုးတယ်ဆိုတာ မကောင်းဘူးဆိုတဲ့အကြောင်း ကို ပြောပြပေးပါမယ်. . . အလုပ်လည်း မထုတ်ပါနဲ့ ဟိုး. . . နှစ်ပေါင်း အတော်ကြာတုန်းက မောင်မောင်ဆိုတဲ့ ဆိုင်အလုပ်သမားတစ်ယောက် ကို မင်းတို့နှိပ်စက်ခဲ့ကြတယ်မဟုတ် လား. . . အခုကြည့်စမ်း. . . . အဲဒီ မောင်မောင်ဆိုတဲ့ ဆိုင်အလုပ်သမားလေးရဲ့ ကျေးဇူးရိပ်အောက်ကို ရောင်းရောင်ပါရော ခိုလှုံခဲ့ကြရပြီ မဟုတ်လား. . . . လူတွေကို အရမ်းအကဲ ခတ်လို့မရဘူး၊ စိန်ကဲ ကျောက်ကဲခတ်လို့ လွယ်တယ်. . . . လူကဲခတ်ဖို့ မလွယ်ဘူး. . . အခုတော်တော်ညံ့တဲ့လူ. . . . နောက်နှစ်ပေါင်း အတော်ကြာတော့ အတော်တော်တဲ့လူ. . . . ဖြစ်ချင်ဖြစ်နေတာ. . . အခုတော် တော်ရှုပ်တဲ့လူ နောက်နှစ်အတော်ကြာတော့ တော်တော်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူဖြစ်ချင်ဖြစ်နေတာ”ဟု ပြောလိုက်လျှင် ဒေါ်စိန်စိန်ကပြုံးလေ၏။ ထို့နောက် -

“ကိုကိုတီးလိုပေါ့. . . အခုများ ရှင်းလိုက်တာ မျက်နှာကြီး လင်းနေတာပဲ. . .”ဟုပြောလိုက်လေ၏။ ထိုအချိန်၌ မောင်မော ရောက်လာလေ၏။ မောင်မောင်သည် ကွပ်ပျစ်အောက်တွင် ထိုင်၍ ဦးတာတီးအား ကန်တော့လေ၏။ ဦးတာတီးသည် မောင်မောင့် ကြည့်၍ -

“မင်းကိုကြည့်ရတာ ပင်ပန်းလိုက်တာ မောင်မောင်ရယ် အခုဘယ်တောင်မှာသွားပြီး ပုတီးစိပ်ပြီး ပြန်လာတာလဲ. . .” မေးလိုက်လျှင် မောင်မောင်က -

တောင်မဟုတ်ပါဘူး၊ ဦးတာတီးရယ်. . . မေမြို့အတက် ရွှေစာရံဘုရားမှာ အဓိဋ္ဌာန်ဝင်ပြီး ပြန်လာတာပါ. . . ကားပေါ်က ဆင် တာနဲ့ ဒီကိုဝင်လာခဲ့တာ”ဟုပြောလေ၏။ ထိုအခါ ဦးတာတီးက -

“စိန်စိန်ရေ. . . မောင်မောင့်ကို ထမင်းကျွေးပါဦး. . . သူ သက်သတ်လွတ်နော်. . .”ဟု ပြောလိုက်လေ၏။ မစိန်စိန်လည်း စ ပုလေးတစ်လုံးကို မောင်မောင် ရှေ့တည်းသီးဆားထောင်း၊ ပဲနီလေးဟင်း တို့နှင့်အတူ ထမင်းပွဲပြင်ပေးလေ၏။ စပါးနက် ဆန်နှင့်ချက်ထားသော ထမင်းအုပ်တစ်အုပ်၊ ကမ္ဗလာသီးဖျော်ရည်ကိုလည်း မောင်မော အတွက် ချထားပေးလေ၏။ မောင်မောင်သည် ထမင်းကို မြိန်ယှက် စား၏။ ထိုအချိန်၌ ဦးတာတီးက-

“မောင်မောင်ရေ. . . မင်းအခုလုပ်နေတာတွေက သာသနာ အချိန်မှာ လုပ်ရတာတွေကွ၊ သာသနာကြီးနဲ့ ကြုံတဲ့အခါမှာ နိဗ္ဗာ ရောက်ကြောင်းတရားကိုပဲ လုပ်သင့်တယ်ကွ၊ အကြံပေးတာ ကွာ. . . .၊ မင်းစိတ်ဝင်စားမယ်ဆိုရင်တော့ လုပ်နည်းကိုင်နည် ငါ့ဆီကိုလာပြီးမေးကွာ. . . ငါကတော့ မင်းနဲ့ စာရင် လုပ်နည်းကိုင်နည်





အတော်အတန် တတ်တယ်ပေါ့ကွာ. . . .” ဟု ပြောလိုက်ရာ မောင်မောင် ပြုံးလေ၏။

“ကျွန်တော်လုပ်နေတာတွေကို လှဖေကလည်း မှားနေတယ် လို့ပြောဖူးတယ်. . .”ဟု မောင်မောင်က ပြန်၍ ပြောလိုက်လျှင် ဦးတာတီးက -

“သူပြောတာကိုတော့ မင်းအတည်မယူနဲ့ကွ၊ သူက ဘာသာရေး လမ်းကြောင်းပေါ်မှာ မရှိဘူးလေကွာ. . . သူက ဘာမှမလုပ်ဘဲ မှားတာ မှန်တာ ဘေးချိတ်၊ မင်းကလုပ်သေးတယ်လေကွာ၊ သူက ဘာမှမလုပ်ဘဲ” ဟု ပြောလေ၏။ မောင်မောင်လည်း ဦးတာတီး ပြောသည်ကို နားထောင် ပြီးနောက် နှုတ်ဆက်၍ ပြန်လာ ခဲ့လေ၏။

အိမ်သို့ရောက်လျှင် လှဖေရောက်နေကြောင်း တွေ့ရလေ၏။ လှဖေသည် မောင်မောင်ကို မြင်လျှင် မြင်ချင်း -

“ဘယ်လိုလဲ မောင်မောင်. . . ဒီနေ့ မင်းပြန်ရောက်လာမယ် ဆိုတာတော့ မင်းဘတ်စ်ကားက စပါယ်ယာလေးလာပြောလို့ သိရပါပြီ ကွာ. . . . ငါ့အစ်မ ဆိုင်ပြုတ်သွားပြီ မဟုတ်လား. . . ဒါနဲ့နေပါ ဦး. . . . မင်းက ရွှေစာရံကနေ အခုပြန်ရောက်လာတာလား. . . .”ဟု မေးလိုက်ရာ မောင်မောင်က -

“ဟုတ်တယ်ကွ. . . ကားပေါ်က ဆင်းဆင်းချင်း ဒီကို တန်းမလာဘဲ ဦးတာတီးကြီးဆိုင်ကို ဝင်တယ်ကွ၊ ဦးတာတီးကြီးက အရင်လိုတော့ မဆိုးတော့ဘူး. . . တရားတွေ ဘာတွေအားထုတ်နေပြီ သူ့ ဆိုင်ရှေ့က ညောင်ပင်ကြီးအောက်မှာ ကွပ်ပျစ်ခင်းပြီး အဲဒီမှာပဲ တရားစာအုပ်ဖတ်တယ်. . . တရားမှတ်တာ၊ အတော့်ကိုပဲ အေးချမ်း နေတယ်. . . . ဒေါ်စိန်စိန်ကြီးကတော့ ထမင်းဆိုင် ထိုင်လိုက်. . . မီးဆိုင်ပြေးလိုက်ပေါ့ကွာ. . .”ဟု ပြောလိုက်လျှင် လှဖေက -

“ညောင်ပင်အောက်မှာ ထိုင်ပြီး မဟုတ်တာလုပ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



သေရင်ညောင်ပင်တစ္ဆေဖြစ်မှာ. . . . ဒါပေမယ့် သူတို့နှစ်ယောက် ပေါင်း သွားတာတော့ အကောင်းဖြစ်သွားတယ်ကွ၊ မစိန်စိန်တလည်း တစ်ခြမ်းပဲ၊ ကိုတာတီးကလည်း တစ်ခြမ်းပဲ့ တစ်ခြမ်းပဲ့ နှစ်ခုပေါင်း လိုက်တော့ အကောင်းတစ်ခုဖြစ်သွားတာပေါ့ကွာ. . . သူ့ကို အဘော် လေး စီးပွားဖြစ်နေပြီလို့ကြားတယ်. . . . ဖြစ်ကြပါစေကွာ. . . . အား ဖြစ်ဖြစ် ကိုတာတီးရဲ့လမ်းစဉ်ကတော့ မင်းထက် ပိုပြီးတောင် တယ်. . . . မောင်မောင်ရေ. . . ”ဟု ပြောလျှင် မောင်မောင်က -

“မင်းကဦးတာတီးကို အမှတ်ပေးတယ်၊ ဦးတာတီးကတော့ မင်းကို အမှတ်မပေးဘူးကွ၊ မင်းဟာ ဘာသာရေးလမ်းကြောင်းပေါ်မှာ မရှိတဲ့ကောင်တဲ့. . . ငါကတော့ မင်းထက်သာသေးသတဲ့. . . . ငါက ဘာသာရေးလမ်းကြောင်းပေါ်မှာရှိတယ်တဲ့၊ လုပ်နည်းကိုင်နည်း လွဲနေတာတစ်ခုပဲတဲ့. . . . ”ဟု ပြောလိုက်လျှင် လှဖေသည် အားရပါး ရယ်လေ၏။

“ကိုတာတီး. . . . ကိုတာတီး. . . . ဘယ်တော့မှ ငါ့ကို အကောင်းပြောမှာမဟုတ်ဘူး. . . . ယောက်ဖဟောင်းကြီး ကိုတာတီး ပြောပြလိုက်ပါကွာ. . . . ငါလည်းဘာသာရေး လမ်းကြောင်းပေါ်မှာ ရှိတာပါတယ်လို့၊ ဒါပေမယ့် မင်းကို ကိုတာတီးတို့နဲ့တော့ မတူဘူးပေါ့ ကွာ. . . . ”ဟု လှဖေကပြောလိုက်လျှင် မောင်မောင်က ပါးစပ် အဟောင်းသားနှင့် လှဖေ၏မျက်နှာကို ကြည့်၏။

“မင်းလည်း ဘာသာရေးလုပ်နေတယ်. . . . ဟုတ်လား တကယ်. . . . ”ဟု အံ့အားသင့်စွာ မေးလိုက်လေ၏။ လှဖေက စီးကရက် တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာရင်း -

“တကယ်ပါမောင်မောင်ရ. . . . ငါဘာသာရေးလမ်းကြောင်း ပေါ်ရောက်နေတာ ကြာပါပြီ. . . . ဘယ်လောက်ကြာပြီလဲဆိုရင် ပြောရင် မင်းမယုံမှာစိုးလို့ ငါမပြောတာ. . . . ငယ်ငယ်ကတည်းက





ရောက်နေတာ. . . . ငါ့ကို အဲဒီလိုရောက် အောင် သွန်သင်ဆုံးမတဲ့ ဆရာသမားက ဘယ်သူလဲသိလား. . . . သူဟာ ဖဲလိမ်ရိုက်တတ်တဲ့ ဖဲဆရာသမား ကိုပြဒါးဆိုတဲ့ လူကွ. . . . ငါဟာ ကိုပြဒါးဆီမှာ အချိန် အတော်ကြာ တပည့်ခံခဲ့တယ်။ သူ့ဆီက ဖဲလိမ်ရိုက်တဲ့နည်းလည်း တတ် ခဲ့တယ်. . . . သူဟာ အသက်မွေးဝမ်းကြောင်းအရ ဖဲသမားတစ် ယောက်ဖြစ်ပေမယ့် တကယ်က ကိုပြဒါးဟာ တရားသမားကွ. . . . သူဟာ ငါ့ကို တရားတွေအများကြီး ဟောပြခဲ့တယ်. . . . ဆုံးမသွန် သင်ခဲ့တယ်၊ ငါ့ရဲ့ ဆရာသမားပါပဲကွာ. . . . နောက်တော့လည်း သူဟာ လောင်းကစားအလုပ်ကို စွန့်လွှတ်လိုက်ပြီး တရားဓမ္မနဲ့ပဲ နေထိုင်သွား ရှာတယ်. . . . သူဟာငါ့ရင်ထဲမှာရှိတဲ့ စိတ်ညံ့စိတ်ယုတ်တွေကို ဓမ္မနည်း နဲ့ ထုတ်ပစ်ခဲ့တယ်. . . . မွန်မြတ်သန့်စင်ပြီး ကြည်လင်ပြတ်သားတဲ့ အတွေးတွေကို ပေးခဲ့တယ် သူဟာ ငါ့ရဲ့လမ်းပြ ဖြစ်တယ်။ သူပြတဲ့ လမ်းကြောင်းအတိုင်း ငါလျှောက်လှမ်းလာတာကြာပြီ. . . . ” ဟု လှဖေ တ ပြောလိုက်လျှင် မောင်မောင်က -

“နေပါဦး သူငယ်ချင်းရာ. . . မင်းဆရာကိုပြဒါးမှာ ဘဝကို လျှောက်လှမ်းဖို့ နည်းတော့ရှိမှာပေါ့၊ ဒါက ဘာသာရေးနဲ့တော့ မဆိုင် ပါဘူး၊ အဲဒီနည်းငှကိုတော့ မင်းရထားသလား. . . . ရထားရင် သူ့နည်း ကို ငါ့ကိုပြောပြပါ. . . ”ဟု မေးလိုက်ရာ လှဖေက -

“သူဟာ ပုံသေသမားမဟုတ်ဘူး. . . ၊ ဘယ်ဟာကိုမှ ပုံသေကာ တျ ယူဆမထားဘူး၊ ဒါကြောင့် တစ်စုံတစ်ယောက်ကို ကိုပြဒါး ဘာလုပ် နေသလဲလို့ ပြောဖို့ခက်တယ်၊ ကိုပြဒါး ဘာကိုယုံကြည်နေသလဲလို့ ပြောဖို့ လည်း မလွယ်လှဘူး. . . . မင်းနားလည် အောင်ပြောရရင် ဒီလိုပြော ရမှာပဲ. . . . ဒါကလည်း ငါ့စကား မဟုတ်ပါဘူး. . . . ကိုပြဒါးရဲ့စကား ပါ. . . လူတစ်ယောက်ဟာ တောနက်ကြီးထဲကိုသွားပြီး အသံပြုလိုက်ရင် ပဲ့တင်သံ ချက်ချင်း ထွက်လာတယ်. . . . ။ အဲဒီမှာ ပဲ့တင်သံရဲ့ သဘာဝ

www.burmeseclassic.com



ကိုမသိတဲ့လူက မပြောလို့ အော်လိုက်ရင် ပဲ့တင်သံကလည်း'မပြောနဲ့လို့' ပြန်ပြီး ထွက်တယ်. . .။ အဲဒီတော့ ပဲ့တင်သံကို အလိုမရှိတဲ့လူက 'တိတ်ပါတော့ကွာ'လို့အော်လိုက်ရင် ပဲ့တင်သံက မတိတ်ဘူး၊ 'တိတ်ပါတော့ဗျို့. . . .'ဆိုတဲ့ အသံပြန်ပေးတယ်. . .။ အဲဒီတော့ ပဲ့တင်သံတိတ်အောင် ဘယ်လိုသံမျိုးနဲ့ကြိုးစား ကြိုးစား. . . . ကြိုးစားသမျှအောင်မြင်မှုမအောင်မြင်နိုင်ဘူး၊ ကြိုးစားနေတာကိုက ပဲ့တင်သံမတိတ်အောင် လုပ်နေသလိုဖြစ်နေတတ်တယ်။ အကောင်းဆုံးလုပ်နည်းကတော့ ဘာမှ မလုပ်ဘဲ ငြိမ်နေတာဟာ ပဲ့တင်သံကို အကောင်းဆုံးရပ်စဲစေတဲ့ နည်းပဲ. . . . အဲဒါကို ကိုပြဒါးရဲ့ စကားနဲ့ပြောရရင် 'ဘာမှမလုပ်တဲ့ အလုပ်ကိုလုပ်ခြင်း'တဲ့. . . . ကိုပြဒါးရဲ့ ဘဝမှာ ငြိမ်သက်နေခြင်းကို အကြောင်းအရာအမျိုးမျိုးနဲ့ အသုံးချခဲ့တယ်။ ဒါကြောင့် သူဟာဘဝနေ နေနည်း ထိုင်နည်းနဲ့ ပတ်သက်လို့လည်း နည်းမရှိတာတော့မဟုတ်ဘူး ဒါပေမယ့် ပြောပြဖို့ခက်တယ်. . . . နည်းမဟုတ်တဲ့နည်းပေါ့. . . . သူဟာ ဘဝကိုလျှောက်လှမ်းသွားဖို့ လမ်းပျောက်နေတဲ့သူတော့ မဟုတ်ဘူး။ ဒါပေမယ့် ပြောပြဖို့တော့ ခက်တယ်။ လမ်းမဟုတ်တဲ့ လမ်းပေါ့ အဲဒီလိုပဲ သူငယ်ချင်း. . . . ကိုပြဒါးဟာ ငါ့ရဲ့ဆရာလို့တော့ပြောလို့ ရတယ်. . . . ဒါပေမယ့် ဆရာမဟုတ်တဲ့ ဆရာကွ. . . ငါဟာလည်း သူ့ရဲ့တပည့်တွေမဟုတ်တဲ့ တပည့်ကွ. . . . ကိုပြဒါးဟာ မြတ်စွာဘုရားကို အလွန်ကြည်ညိုတယ်၊ တရားတော်ကိုလည်း အလွန်ကို လေးစားမြတ်နိုးတယ်။ သံဃာတော်အရှင်မြတ်တွေ အပေါ်မှာလည်း သဒ္ဓါထက်တယ် ဒါပေမယ့် မင်းတို့နဲ့တော့ မတူဘူး. . . . အဲဒီလောက်ပဲပြောနိုင်တယ် သူငယ်ချင်း. . . . ငါဟာ မြတ်စွာဘုရားကို နက်နက်ရှိုင်းရှိုင်းကြီး ကြည်ညိုတယ်၊ တရားတော်ကိုလည်း ငါနားလည်သလောက် လေးလေးနက်နက်ကြီး ကြည်ညိုတယ်၊ သံဃာတော်ကိုလည်း ဒီအတိုင်း ပါပဲ. . . . မင်းဘာပြောမလဲ မောင်မောင်. . . . မင်းဆရာကိုတာတီးနဲ့





ငါနဲ့ မတူဘူး. . . . မင်းဆရာ ကိုတာတီးဟာ ခြေထောက်ကျိုးပြီး. . . . အသက်ကလည်းကြီးပြီ. . . . ဘာမှမဟုတ်တာလုပ်လို့ မရတော့မှ ဘာသာရေးသမားလုပ်တာ. . . . ငါက ဒီလိုမဟုတ်ဘူးလေ. . . . နုပျိုရှင်သန်နေတဲ့အချိန်မှာ အသိတရားနဲ့ ယှဉ်ပြီးလုပ်တာ. . . အကြောက်တရားနဲ့လုပ်တာမဟုတ်ဘူး. . . အဲဒါက အရေးမကြီးဘူး. . . မင်းအတွက် ငါအများကြီးစိုးရိမ်တယ် . . .”ဟု လှဖေက ပြောလိုက်သည့်အခါ၌ မောင်မောင်က -

“မစိုးရိမ်ပါနဲ့ သူငယ်ချင်းရာ. . .”ဟု လျော့ရဲရဲအသံဖြင့် ပြောလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၈)

## ဂန္ဓာရီမောင်မောင်

မောင်မောင်သည် အိမ်ရှေ့၌ မြောင်းအကူး ခုံတန်းရှည်ကလေးပေါ်တွင် ထိုင်၍နေ၏။ လမှာ ထိန်ထိန်သာနေ၏။ ထိုစဉ်၌ ညမွှေးပန်း၏ ရနံ့လိုလို နံ့သာဖြူနံ့လိုလို အနံ့မျိုး ရှူရှိုက်မိလေ၏။ ထို့ကြောင့်မောင်မောင်က လွှတ်ကနဲ -

"ညိုချောရောက်နေပြီနဲ့တူတယ်. . ."ဟု ရေရွတ်လိုက်ရာ -

"ဟုတ်ပါသတဲ့၊ ရသေ့ကြီးဦးမောင်မောင်ရေ. . . ."ဟု ပြောဆိုကာ ခစ်ကနဲရယ်သံနှင့်အတူ ညိုချောသည်ရှေ့တွင်လာ၍ ရပ်လေ၏။ ထို့နောက်ညိုချောက -

"မောင်မောင်. . . နင်ဟာသိပ်တော်တာပဲ၊ ငါပြောတဲ့ အတိုင်း တစ်သွေမထိမ်းလိုက်ပြီးလုပ်တယ်. . . . နင်ဆံပင်ဟာ အနော့်ကို ရှည်နေပြီ၊ ကျောကုန်းအလယ်လောက်တောင်ရောက်နေပြီ၊ အဲဒီ ဆံပင်ကို ငယ်ထိပ်မှာစုပြီး ထုံးလိုက်ရင် သိပ်ပြီး ကြည့်ကောင်းမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နင့်ရဲ့ နှုတ်ခမ်းမွေးတွေက မုတ်ဆိတ်မွေးကလည်း ရင်ဘတ်ကို ရောက် သွားပြီ၊ ဘာပဲဖြစ်ဖြစ်. . . . နင်ဟာ ပုတီးသမားလမ်းကြောင်းပေါ်ကို ရောက်သွားပြီ၊ ပုတီးသမားဟာ ရင့်ကျက်လာတဲ့အခါမှာ အဓိဋ္ဌာန်တွေ ပြည့်စုံလာတဲ့အခါမှာ ကိုယ့်အိမ်မှာချည်း ပုတီးစိပ်နေလို့မရဘူး နေရာ ဒေသအမျိုးမျိုးကို လှည့်လည်သွားလာပြီး ပုတီးစိပ်ရတယ်၊ အဲဒါကို ဂန္ဓာရီ လှည့်တာ လို့ခေါ်တယ်. . . . အမြို့မြို့အနယ်နယ်သွား ပြီး ဘုရားပေါင်းစုံမှာ ပုတီးစိပ်ရမယ်၊ အဓိဋ္ဌာန်ဝင်ရမယ်၊ ပြီးတော့ တော တစ်ခုခု ကပ်ရမယ်၊ တောမိပြီးတော့ အဓိဋ္ဌာန်တွေလုပ်ရမယ်၊ ကိုယ့်မှာ ပိုက်ဆံတွေရှိတယ်ဆိုပြီး အမြဲတမ်းဝယ်စားလို့တော့ မဖြစ်ဘူး အလှူခံ စားရမယ်၊ အဲဒီဂန္ဓာရီအဓိဋ္ဌာန်ပြီးမှ နင့်ရဲ့ပုတီးလမ်းစဉ်ဟာ ပြည့်စုံသွား မှာ. . . . ငါပြောတဲ့အတိုင်းလုပ်နော်. . . နင့်အိမ်ကိုလည်း ရောင်းမနေ ပါနဲ့ဟယ်. . . . လှဖေအစ်မကိုပေးလိုက်ပါ။ ဂန္ဓာရီ ထွက်ဆိုရင်တော့ အကောင်းဆုံးအချိန်ဟာ အခုလာမယ့်သင်္ကြန် အတက်နေ့ပဲ. . . . အဲဒီ နေ့မှာ စပြီးထွက်ပေါ့. . . . ဂျစ်ကားကိုတော့ ရောင်းပစ်လိုက်ပါ. . . . ဂန္ဓာရီထွက်ရင် ကားနဲ့ မထွက်ရဘူးနော်. . . . ဖြစ်နိုင်ရင် အဖော်မခေါ် ပါနဲ့. . . . မဖြစ်နိုင်ရင်တော့ အဖော်ကောင်းတစ်ယောက် ခေါ်ချင်ခေါ် ပေါ့. . . . အဖော်ကိုလည်း အတော့်ကို စိတ်ချလက်ချရှိတဲ့ လူကိုရွေးရ မယ်. . . .” ဟု ပြောလျှင် မောင်မောင်က -

“နင်ပြောတဲ့အတိုင်း ဂန္ဓာရီထွက်ပါမယ်ဟယ်. . . . အဖော်မ ခေါ်ပါဘူး. . . . ကားလည်း ယူမသွားပါဘူး. . . . ခြေလျင်ပဲ ထွက်ပါ မယ်. .” ဟုပြန်၍ ပြောလျှင် ညိုချောက-

“အကောင်းဆုံးကတော့ ရွှေစက်တော်ကို အရင်တန်းပြီး သွားပါ။ အဲဒီကမှ ပုပ္ပါးကိုသွားပါ. . ဘာပဲဖြစ်ဖြစ် ပုပ္ပါးမှာ ၄၅ ရက် လောက်နေပြီး မဲဇာဘက်ကိုထွက်သွား. . . မဲဇာဘက်ကနေ ပြန်လှည့် တဲ့အခါမှာ တောင်ငူဘက်လောက်ကိုဆင်းပါ. . . ”ဟု ပြောလေ၏





မောင်မောင်က -

“နင်ပြောတဲ့အတိုင်း လုပ်ပါ့မယ်ဟယ်. . . ”ဟု ပြောလိုက်လျှင် ညိုချောသည် တခစ်ခစ်ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် -

“မောင်မောင်. . . နင် ဘာမှမကြောက်နဲ့နော်၊ ဂန္ဓာရီ ထွက် စရာရှိတာထွက်၊ တောထဲမှာ နေစရာရှိရင်လည်းနေ. . . . နင်သွား မယ့် တောက တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့လည်း ငါနဲ့ အတော်ရင်းနှီးကြတယ်၊ ကြိုပြီးပြောထားမယ်လေ. . . . စာရေး သောက်ရေးအဆင်ပြေအောင်ပေါ့. . . . နင့် အလုပ်ကတော့ မေတ္တာပို့ တဲ့ အလုပ်ကို မပြတ်လုပ်ရမယ်. . . ”ဟု ပြောလိုက်လေ၏။ မောင်မောင် သည် ညိုချောအား ပြုံးပြ၍ ခေါင်းညိတ်လိုက်၏ ညိုချောလည်း ပျောက်ကွယ်သွားလေ၏။

ထိုအချိန်၌မှာပင် ဈေးကြိုမည့်ကားစက်သံကြားသဖြင့် မောင်မောင်လည်း အိပ်ယာမှလန့်၍ နိုးသွားလေ၏။ မောင်မောင် သည်း ဂျစ်ကားကိုမောင်း၍ ရွှေတိဂုံဘုရားကိုထွက်လာခဲ့၏။ ဘုရားပေါ် တွင် ပုတီးစိပ်ပြီးနောက် ဦးဘာတီးရှိရာ ညောင်တန်းသဘော်ဆိပ်သို့ ထွက်ခဲ့လေ၏။ ဦးဘာတီးသည် ပဲပြုတ်နှင့် နံပြားကို စား၍ လက်ဖက် ရည်ကိုသောက်၏။ မောင်မောင်လာသည်ကိုမြင်လျှင် -

“ဟုတ်ကဲ့ ကိုကိုတီး. . . . ”ဟု ပြောပြီးလျှင် လက်ဖက်ရည် တစ်ပန်းကန်ယူ၍ မောင်မောင့်အားပေးလေ၏။ မောင်မောင်လည်း လက်ဖက်ရည်သောက်ပြီးနောက် ဦးဘာတီးအား -

“ဦးဘာတီး. . . အခုလာမယ့် သင်္ကြန်အတက်နေ့မှာ ကျွန်တော် အိမ်ယာကိုစွန့်ပြီး ဂန္ဓာရီထွက်မယ်”ဟု ပြောလိုက်လျှင် ဦးဘာတီးက

“ရူးပြန်ပြီကွာ. . . . မင်းဟာလူပဲကွ. . . . အိမ်နဲ့ ယာနဲ့ နေရ မှာပေါ့. . . ဘာကြောင့်အိုးမဲ့အိမ်မဲ့လုပ်ချင်ရတာလဲ. . . ပုတီးစိပ်တယ် ဆိုတာ သမာဓိရအောင်စိပ်တာမဟုတ်လား. . . ဘယ်မှာပဲ စိပ်စိပ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ. . . . ကိုယ့်အိမ်မှာ ကိုယ်စိပ်လိုက်. . . . အခုလိုရွှေတိဂုံဘုရား တက်စိပ်လိုက်. . . . တော်ပြီပေါ့ကွာ. . . . ဘယ်တွေလျှောက်သွားဦးမှာလဲ. . . .” ဟု ဝေဖန် ပြောဆိုလေ၏ သို့ရာတွင် မောင်မောင်က -

“မဖြစ်ဘူး ဦးတာတီး. . . . ကျွန်တော်ထွက်မယ်လို့ ဆုံးဖြတ်ပြီး. . .”ဟု ပြန်၍ပြောလျှင် ဦးတာတီးက -

“ကဲ. . . မင်းကိုငါမေးမယ်. . . . အဲဒီလို အိုးအိမ်ပစ်ပြီး ထွက်သွားတာ ဘာအဓိပ္ပာယ်လဲ ဘာရည်ရွယ်ချက်လဲ. . . . ပြော. . . .” ဟု မေးရာ မောင်မောင်က -

“အဲဒါတွေမမေးပါနဲ့ ဦးတာတီး. . . . ကျွန်တော်ဘာမှ မပြောတတ်ပါဘူး. . . . ကျွန်တော်ပြောတတ်တာတစ်ခုပဲရှိတယ်. . . . ညိုချောက အဲဒီလို လုပ်ခိုင်းလို့လုပ်တာ. . . .” ဟု ပြောလိုက်လျှင် ဦးတာတီးသည်ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် -

“ရှေးအခါတုန်းက ဒေါင်းဖတ်စာမှာတော့” မြေခွေး စကားထိုးသောပုဏ္ဏားမိုက်”လို့ ဆိုတဲ့ဟာတော့ ဖတ်ဖူးတယ်ကွ။ အခု မင်းဟာ “အိပ်မက်ထဲကမိန်းမကို ယုံမိသော ဘတ်စ်ကား အုံနာမိုက်”ပေါ့ကွာ ဒီတစ်ခါဒေါင်းတံဆိပ်ဖတ်စာထွက်ရင် မင်းအကြောင်းထည့်ရမယ်ကွာ ရူးနည်းအမျိုးမျိုးရှိတဲ့ အထဲမှာ မင်းရဲ့ရူးနည်းဟာ အဆိုးဆုံးပဲကွာ. . . . စီးပွားပျက်အောင်၊ ဘဝပျက်အောင် ရူးတဲ့အရူးပဲ၊ မတတ်နိုင်ဘူးလေ. . . . ကိုယ့်ဒုက္ခနဲ့ကိုယ်ကိုးကွ. . . . အဲဒါကို အဝိဇ္ဇာက ပေးတဲ့ဒုက္ခတွေပေါ့ကွာ. . . . တကယ့်ကို အချိန်ကောင်းအခါကောင်း ဝိမုတ္တိယုဂခေတ်ကြီးရောက်နိုင်ပါလျက်၊ ဆုထူးကြီးရနိုင်ပါလျက် ဥာဏ်မဲ့လေတော့လည်း လွဲချက်ကနာသကွာ၊ မောင်မောင် မောင်မောင်. . .” ဟု ဦးတာတီးက ပြောလေတော့၏။ မောင်မောင်လည်း ဦးတာတီးနှင့် ဒေါ်စိန်စိန်ကို နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ ထို့နောက် လှဖေ၏ အစ်မ မြရင်အား သယ်န်းကျွန်းလိုင်း ဘတ်စ်ကားတစ်စီးနှင့် အိမ်ကို အပြီး





အပိုင်ပေးလိုက်လေ၏။ ကျန်သောဘတ်စ်ကားများကိုရောင်း၍ ငွေကို ဘဏ်တိုက်တွင် သွင်းလိုက်လေ၏။

သင်္ကြန်အတက်နေ့သို့ ရောက်သောအခါ၌ မောင်မောင်သည် လွတ်အိတ်တစ်လုံးကိုလွယ်လျက် ထမင်းစားသော ဖောက်နက်နက်ကြေးလင်ပန်းလေးတစ်ချပ်နှင့် သောက်ရေ သောက်ရန် ကြေးဖလားလေးတစ်လုံးကို အဖော်ပြုကာ ရွှေစက်တော်ဘက်ဆီသို့ ထွက်လာခဲ့လေတော့၏။ မောင်မောင်၏ ဂန္ဓာရီခရီးကား စပြီဖြစ်၏။

ရွှေစက်တော်ဘုရားသို့ ရောက်လျှင် ဘုရား၌အဓိဋ္ဌာန်ပြု၍ သစ္စာဆိုပြီးလျှင် နောက်တစ်နေ့၌ ပုပ္ပါးတောင်ဆီသို့ ခရီးဆက်ခဲ့လေ၏။

ပုပ္ပါးတောင်သို့ရောက်လျှင် စကားဝါချောင်၌ ၄၅ ရက် တိတိနေ၍ ပုတီးကိုအကျအန စိပ်လေ၏။ ၄၅ ရက်ပြည့်သောအခါ၌ မဲဇာကို သွားခဲ့၏။ ထို့နောက်တွင်ကား မဲဇာမှပြန်လာပြီးလျှင် မြန်မာပြည်အထက်ပိုင်းရှိ ဘုရားများကို လှည့်လည်ဖူးရင်း ပုတီးများ စိတ်နေလေတော့၏။

ထိုသို့လှည့်လည်ရင်း မန္တလေးသို့ ရောက်သောအခါ၌ မဟာမြတ်မုနိဘုရားသို့သွား၍ ဘုရားဖူးစဉ် လှဖေနှင့်တွေ့လေတော့၏။ လှဖေသည် မောင်မောင်၏ ပုခုံးကိုအားရပါးရဖက်ကာ -

“လုပ်လိုက်ကွ. . . မောင်မောင်ရ. . . . အိပ်မက်ထဲက အသွေးအသားရုပ်ဒြပ်မရှိတဲ့ မိန်းမပြောတာကိုယုံပြီး လျှောက်လုပ်လိုက်ကွ၊ ဟောဟိုမှာ မှန်ရှိတယ်. . . . မင်းပုံကိုလည်း မင်းသွား ကြည့်လိုက်ဦး ဘာနဲ့တူနေပြီလဲလို့. . . . မင်းဟာ ငါနဲ့အတူနေတဲ့ မောင်မောင် မဟုတ်တော့ဘူး။ အတော့်ကို ပြောင်းလဲနေပြီ. . . . ဆာဒူးကုလားလိုလို. . . . ပွဲထဲက ရသေ့လိုလို. . . . ဘယ်လို ပုံပေါက်နေပြီလဲဆိုတော့ မှန်လေး ဘာလေးကြည့်ဦး၊ ကိုယ့်လူရဲ့. . . . မင်းဟာက ကုသိုလ်ရေးလည်း မဟုတ်၊ ဘာသာရေးလည်း မဟုတ်၊ ဘာရေးလုပ်နေမှန်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါမသိတော့ပါဘူးကွာ. . . . ကဲပါ. . . . ဒီမနက်စာကိုတော့ ငါကျွေး
ရစေ. . . . ရသေ့စုတ် ရေ. . . .”ဟု ပြောကာ တဟားဟားရယ်
၏။ လှဖေသည် မောင်မောင့်ကို ကြည့်၍ မချင့်မရဲဖြစ်နေပုံရ၏။ ထို
ထိုးကြိတ် ပစ်ချင်စိတ်များလည်း ပေါက်နေပုံပေါ်၏။

“ငါက သက်သတ်လွတ် စားတာကွ. . .”ဟု မောင်မောင်
ပြောလျှင် လှဖေက -

“စား. . . စား. . . သက်သတ်လွတ်ပဲစားစား၊ မီးလွတ်
စားစား. . . ဆိုင်မှာဝယ်လို့ရတယ်၊ ငါကျွေးမယ်. . .”ဟုပြော
ထမင်းဆိုင်သို့သွား၍ မောင်မောင့်အတွက် သက်သတ်လွတ် ဟင်း
များမှာ၏ ၎င်းအတွက် ဝက်သားဆီပြန်ဟင်းမှာ၏။ ထို့နောက်
ယောက်သားထမင်းအတူတူစားကြ၏။ ထမင်းစားရင်း လှဖေက -

“ဒါနဲ့. . . . နေပါဦး. . . . မင်းပစ္စည်းတွေ ဘယ်လိုလုပ်
သလဲ. . .”ဟု မေးရာ မောင်မောင်က -

“ကားလေးစီးရောင်းပြီး ငွေကို ဘဏ်မှာ အပ်ခဲ့တယ်။ ဘ
ကားတစ်စီးနဲ့ အိမ်ကိုတော့ အစ်မမြရင်ကိုပေးခဲ့တယ်. . .” ဟု
လျှင် လှဖေသည် တဟားဟားရယ်လေ၏။

“ငါ့အစ်မက ထမင်းဆိုင်ပြုတ်ဘဝကနေဘတ်စ်ကား
ဖြစ်သွားပြီပေါ့. . . သိပ်မကြာပါဘူး၊ သူ့ကားက ဒရိုင်ဘာနဲ့လား၊
ယာနဲ့လား. . . ညားဒါနဲ့နေစမ်းပါဦး. . . ငါတို့ ဆရာ ကိုတာတီး
တော့ အခြေအနေကောင်းတယ်မဟုတ်လား” ဟု လှဖေက မေးလိုက်
မောင်မောင်က -

“ကောင်းပါတယ် သူငယ်ချင်း. . . . အတော့်ကို အတွ
တရားရသွားပြီကွ. . . .”ဟု ပြောလိုက်လျှင် လှဖေက ရယ်ပြန်
ထို့နောက် -

“သေရမှာကို ကြောက်သွားတာကွ. . . . သေပြီးရင်ခံရမ





ငရဲကိုလည်း၊ ကြောက်သွားပုံရတယ်. . . ၊ ဒါကြောင့် ကိုတာတီးကြီးဟာ အမှန်တရားနဲ့ ရပ်တည်နေတာမဟုတ်ဘူးကွ. . . . အကြောက်တရားနဲ့ ရပ်တည် နေတာ. . . . ၊ မင်းလည်းပဲ အမှန်တရားနဲ့ ရပ်တည်နေတာ မဟုတ်ဘူး၊ အယုံတရားနဲ့ ရပ်တည်နေတာ. . . .” ဟု ဝေဖန်ပြောဆိုပြီးလျှင် ထမင်းဖိုးငွေကို လှဖေက ရှင်းလိုက်လေတော့၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ထမင်းဆိုင်မှ ထွက်ခဲ့ကြလေ၏ ပြီးလျှင် ဘူတာရုံသို့သွားကြ၏။ မောင်မောင်က တောင်ငူသို့ သွားမည်ဟု ပြောသောကြောင့် လှဖေကဘူတာသို့လိုက်၍ ပို့ရခြင်း ဖြစ်၏။ ဘူတာရုံသို့ရောက်လျှင် လှဖေက မောင်မောင့်အတွက် တောင်ငူသို့ လက်မှတ်ဝယ်ပေး၏။ မောင်မောင်သည် လှဖေအား “ငါက ပုတီးစိပ်တယ်ကွာ၊ တို့ဆရာဦးတာတီးက တရားမှတ်တယ်. . . . ၊ မင်းကရောဘာမှ မလုပ်ဘူးလား. . . .”ဟု မေးလိုက်ရာ လှဖေက -

“အေး. . . ဟုတ်တယ်. . . ဘာမှမလုပ်တာတော့ မဟုတ်ဘူးကွ၊. . . ဘာမှမလုပ်တဲ့အလုပ်ကိုလုပ်တာ. . .”ဟု ပြန်၍ဖြေလိုက်လျှင် မောင်မောင်သည် နားမလည်နိုင်ဘဲ လှဖေ၏မျက်နှာကို ငေးစိုက်၍ ကြည့်နေလေ၏။ ထို့နောက် မောင်မောင်က -

“ငါလုပ်နေတာတွေနဲ့ပတ်သက်လို့ မင်းက မကြာခဏ ဝေဖန်ပြောဆိုတယ်. . . အဲဒီလိုပဲ ငါကလည်း မင်းလုပ်နေတာတွေကို နားမလည်ဘူး”ဟု ပြန်၍ ပြောလိုက်ရာ လှဖေကပြုံးလေ၏။ ထို့နောက်မှ -

“ဘာမှမရှိဘူးဆိုတဲ့ အရာဟာ မရှိတဲ့အနေနဲ့ ရှိနေတယ်လေကွာ. . . . အဲဒါကို မင်းနားလည်အောင် ငါဘယ်လိုလုပ် ပြောမလဲ၊ အဲဒီ ဘာမှမရှိဘူးဆိုတဲ့အရာကိုပဲ ရှေးကပုဂ္ဂိုလ်ကျော်ကြီးတွေက ပုံ အမျိုးမျိုး၊ စကားလုံးအမျိုးမျိုးနဲ့ ဖွင့်ဆိုသွားကြ တာပေါ့. . . ။ ဟိုး. . . ရှေးနှစ်ပေါင်းသုံးထောင်လောက်က ပေါ်ပေါက်ခဲ့တဲ့ တရုတ်ပညာရှိကြီး လောက်ဇူးဆိုရင် သူ့ရဲ့တပည့်တွေကို နားလည်အောင်လို့ တောင်နှစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ကြားနေရာကို ညွှန်ပြပြီး ဘာမှမရှိတဲ့ တောင်ကြားကိုတောင် မိခင်အဖြစ်နဲ့ တင်စားခဲ့တယ်။ တောင်ကိုတင်စားတာ မဟုတ်ဘူး နော်. . . . စောစောက မင်းပြောတဲ့ ဘာမှမရှိဘူးဆိုတဲ့နေရာ ဘာမှမရှိဘူးဆိုတဲ့အရာဟာ ဘာမှမရှိတဲ့အနေနဲ့ရှိနေတယ်၊ သူဟာ သိပ်ပြီး အရေးကြီးတယ်လို့ ငါထင်တယ်. . . . ”ဟု လှဖေက ပြောလိုက်စဉ်၌ပင် ရထားထွက် တော့မည်ဖြစ်ကြောင်း ဥသြဆွဲသဖြင့် မောင်မောင်သည် လှဖေအား နှုတ်ဆက်ကာ ရထားပေါ်သို့ တက်ရလေ၏။ မြားမကြာမီ၌ပင် ရထားလည်းထွက်လေတော့၏။ မောင်မောင်လည်း လက်ပြနှုတ်ဆက်၏။ လှဖေလည်း လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေတော့သတည်း။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၉)

## အာရုံမောင်မောင်

မောင်မောင်သည် ရထားနှင့်လိုက်ပါလာခဲ့ပြီဖြစ်၏။ တောင်ငူဘူတာသို့အရောက်တွင် ရထားပေါ်မှဆင်း၏။ ကုလားလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်တစ်ခွက်ဝယ်၍ သောက်ပြီးနောက် အရှေ့၊ အနောက်၊ တောင်၊ မြောက်ခရီးလမ်း ပန်းအခြေအနေကို စုံစမ်းပြီးလျှင် မော်တော်ကားတစ်စီးနှင့် ဖြူးဘက်ဆီသို့ လိုက်ပါခဲ့လေ၏။

ကျွဲပွဲမြို့အလွန်သို့ရောက်လျှင် ကား၏ လက်ယာဘက်သို့ ကြည့်လိုက်ရာ စိမ်းညို့ညို့နိုင်လှသော ရိုးမတောင်ကြီးနှင့် အောက်ခြေရှင်းနေသောလွင်ပြင်ကို တွေ့ရလေ၏။ ထို့ပြင် ကားလမ်းနှင့် ကပ်လျက် စေတီဖြူဖြူလေးတစ်ဆူကိုတွေ့ရသဖြင့် ကားကို ရပ်ခိုင်းပြီးလျှင် ကားပေါ်မှ ဆင်းလိုက်လေ၏။ ကားလည်းဆက်၍ ထွက်သွား၏။ မောင်မောင်လည်း ကားလမ်းဘေးရှိ ကုက္ကိုပင်ကြီးတစ်ပင် အောက်တွင်ရပ်၍



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့လေ၏။

မောင်မောင်သည် မျက်စိကိုဝေ့ယမ်း၍ ကြည့်လိုက်ရာ မိုင်တိုင်(၁)ခုကို တွေ့ရ၏။ ထိုမိုင်တိုင်တွင် (၁၅၄)ဟု ရေးထားသော ဂဏန်းကိုလည်း တွေ့ရလေ၏။ ရန်ကုန်မြို့မှ မိုင်ပေါင်း(၁၅၄)မိုင်တိတိ ရောက်နေပြီဖြစ်ကြောင်း ဖော်ပြထားသော မိုင်တိုင်ဖြစ်၏။ မောင်မောင်စိတ်ထဲ "၁၅၄"ဆိုတဲ့ ဂဏန်းဟာ အောင်ဘာလေလို့ နိမိတ်ကောက်ရင်ရတာပဲ ဘာပဲဖြစ်ဖြစ် ဒီနားမှာ စခန်းချမယ်. . . . "ဟု ဆုံးဖြတ်လိုက်ချိန်၌ပင် လူတစ်ယောက်သည် ၎င်းအနီးမှ ဝါးတစ်စီးကို ထမ်း၍လာနေသည်ကို တွေ့ရသဖြင့် မောင်မောင်က -

"နောင်ကြီး. . . . နောင်ကြီး. . . ဒီကားလမ်းဘေးက ရွာကြီးက နာမည်ဘယ်လိုခေါ်သလဲဗျ"ဟု မေးလိုက်လျှင် ထိုလူက -

"ရွာနာမည်က စည်ပင်သာလို့ခေါ်တယ်၊ ဟောဒီစေတီက စည်ကြီးတင်တဲ့၊ စေတီဟိုဘက်ကကျောင်းဗျ. . . .၊ ဆရာတော်က ဦးဂန္ဓမာတဲ့၊ ကျုပ်နာမည်က ချစ်မြိုင်တဲ့၊ ကဲ. . . ခင်ဗျားဘာသိချင်သေးလဲ. . . . "ဟု ပြောလိုက်သဖြင့် မောင်မောင်က -

"နောင်ကြီးက အတော့်ကို ဆက်ဆံရေးကောင်းတာပဲ၊ တော်တယ်တွေ ဘာတွေမှာ ဧည့်ခံကြိုဆိုရေးနေရာမှာ လုပ်ဖို့ကောင်းတယ်. . . . " ဟု ပြောလိုက်လေ၏။ ထိုအခါ ၎င်းကိုချစ်မြိုင်ဆိုသူက မောင်မောင့်အား ခြေဆုံးခေါင်းဆုံးကြည့်ပြီးလျှင် -

"နေစမ်းပါဦး. . . ခင်ဗျားက ရသေ့လား၊ ယောဂီလား၊ ရွာထဲ အလှူခံမလို့လား၊ အကောင်းဆုံး အကြံပေးချင်တာကတော့ ဒီမှာ အလှူမခံပါနဲ့၊ ခင်ဗျားရမှာမဟုတ်ဘူး၊ ဘုရားပွဲကလည်း နီးလာပြီလေ၊ တော့ ဘုရားပွဲအတွက်လည်း ကျုပ်တို့က ထည့်ရဦးမှာ. . . . "ဟု ပြောလေ၏။

"နေစမ်းပါဦးဗျာ၊ ခင်ဗျားပြောသလို အလှူခံဖို့မဟုတ်ပါဘူး





ဒီနားမှာပဲ သက်ဆိုင်ရာလူကြီးကိုပြောပြီး တဲတစ်လုံးထိုးမယ်ဗျာ၊ ကျုပ်အဓိဋ္ဌာန်စခန်းဝင်ချင်လို့ပါ. . . . "ဟု မောင်မောင်က ပြောလိုက်လျှင် ၎င်းကိုချစ်မြိုင်က -

"သက်ဆိုင်ရာ လူကြီးဆိုတာက ဒီကျောင်းက ဆရာတော် ဦးဂန္ဓမာကို ပြောရမယ်၊ ဆရာတော်ခွင့်ပြုရင်တော့ တဲတစ်လုံးထိုးတာ ဘာမှမခက်ပါဘူး၊ ကျုပ်ကလက်သမားပဲ၊ လာ. . . လာ ကျုပ်လိုက်ပို့မယ်၊ လျှောက်တာကတော့ ခင်ဗျားဘာသာလျှောက်နော်၊ ဆရာတော်က အားကြီးစိတ်တိုတယ်. . . . "ဟု ပြောလေ၏။ ထို့နောက် ကိုချစ်မြိုင်၏ နောက်သို့လိုက်သွားရာ ဆရာတော်နှင့် တွေ့ခွင့်ရလေ၏။ ဆရာတော်က ကားလမ်းနှင့် အတော်အတန် လှမ်း၍ ရိုးမဘက်သို့ အစွန်ကျသော နေရာတစ်နေရာတွင် တဲထိုးခွင့်ပေးလေ၏။ ကိုချစ်မြိုင်လည်း အိမ်သို့ ပြန်သွားပြီးလျှင် ပေါက်တူး၊ တူရွင်း၊ ငန်းပြား၊ တူး၊ လွှ. . . . စသည်များ ယူခဲ့၍ စည်ကြီးတင်စေတီအနီး၊ ရိုးကလေးတစ်ခု၏အစပ်တွင် ရှစ်ထောင့်ပုံသဏ္ဌာန် တဲဝိုင်းကလေးတစ်လုံး ထိုးပေးလေတော့၏။

ထို့နောက် ကိုချစ်မြိုင်၏မိန်းမ ဒေါ်မြရင်ဆိုသူလိုက်လာသဖြင့် ဒေါ်မြရင်ကိုပင် ထမင်းချက်ရန်၊ ပန်းကန်ခွက်ယောက်များ၊ အိုးများကို ဖြူးဈေး၌ သွားရောက်ဝယ်ယူရန် စေခိုင်းလိုက်ရလေတော့၏။ မောင်မောင်လည်း ထိုတဲစခန်း၌ပင် သူ၏အဓိဋ္ဌာန်ကို ဆက်၍လုပ်ရလေ၏။

ဆရာတော် ဦးဂန္ဓမာလည်း မကြာခဏ လာရောက်၍ အားပေးစကားပြော၏။ ကိုချစ်မြိုင်နှင့်ဒေါ်မြိုင်တို့မှာ မောင်မောင့်ကို များစွာကူညီပေး၏။ ကိုချစ်မြိုင်သည် မောင်မောင့်အနီး၌ပင် နေ၍ လိုအပ်သည်များကို လုပ်ကိုင်ပေး၏။ ဒေါ်မြိုင်က ချက်ပြုတ် ကျွေး၏။ ထို့ကြောင့် မောင်မောင့်အဖို့များစွာ အဆင်ပြေ၏။

တစ်ညသ၌ မောင်မောင်သည် စည်ကြီးတင်စေတီတော် ရင်ပြင်ပေါ်တွင် ထိုင်ရင်း ထိန်ထိန်သာနေသောလမင်းကြီးကို မော့၍



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ၏။ နှင်းမှုန်များကြားတွင် ဝိုးတဝါးမြင်နေရသော ရိုးမတောင်တန်းကြီးကိုလည်း မကြာခဏ ငေးမောကြည့်ရှုနေမိ၏။ ထိုအချိန်၌ ၎င်း၏ရှေ့သို့ ညိုချောတစ်ယောက်ရောက်ရှိလာ၏။ လရောင်အောက်တွင် ညိုချောသည် အခါတိုင်းထက်ပို၍လှနေ၏။ မောင်မောင်သည် ငေးစိုက်၍ကြည့်နေ၏။ ညိုချောမျက်နှာကလေးမှာ ချစ်စရာကောင်းသကဲ့သို့ ညိုချော၏ ကိုယ်လုံးကလေးမှာလည်း ကျစ်လစ်သေးသွယ်သည်ဟုဆိုရသော်လည်း "ရှိုက်ဖိုကြီးငယ် အသွယ်သွယ်၊ သွယ်သွယ် ရှုးသိကြားထုသို့"ဟူသော စကားကဲ့သို့ သိကြားမင်းထုသည့် အရုပ်ကဲ့သို့ မိန်းမတို့၏ အလှများ ပေါ်လွင်နေ ၏။ ညိုချောသည် မောင်မောင်၏ နဖူးကို လက်ညိုးကလေးဖြင့် တွန်းလိုက်ပြီးနောက် -

"အမယ်လေး. . . ကြည့်နေလိုက်တာ. . . လူကို အကြည့်ခံရတာနဲ့ပဲ မျက်လုံးဒဏ်နဲ့ ပေါက်ထွက်သွားမယ့်အတိုင်းပဲ၊ ငါ့ကိုရွှေအုတ်ဒဇောင့်မ(ဥစ္စာစောင့်)များ အောက်မေ့နေသလား. . . ဟု ပြောလိုက်လျှင် မောင်မောင်က -

"အေး. . . . ဟုတ်တယ်၊ နင်လာရင် နံ့သာဖြူနံ့လိုလို၊ ညမွှေးပန်းအနံ့လိုလိုကလည်းရသေးတယ်၊ နင့်ပုံကလည်း ဥစ္စာစောင့်ပုံပေါက်နေတာကိုး. . . . "ဟု ပြောလိုက်ရာ ညိုချောက ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် -

"ငါက ဘယ်လိုလုပ် ဥစ္စာစောင့်ဖြစ်မလဲ၊ ဥစ္စာစောင့်ဆိုတာချမ်းသာမှဖြစ်မှာ. . . . အီဂျစ်က ကလီယိုပါထရာဘုရင်မဆိုရင် တော့ဥစ္စာစောင့်ဖြစ်ကောင်းဖြစ်မှာ. . . . သူက ချမ်းသာတာကိုး၊ အဲဒီတော့သူ့ပစ္စည်းတွေသူစောင့်ပေါ့. . . . "ဟု ပြောကာ သူ့စကားသူသဘောကျ၍ ရယ်ပြန်လေ၏။ ကျေနပ်အောင်ရယ်ပြီးနောက် ညိုချောက -

"ဒီနေရာမှာ အရင် တစ်နှစ်တိတိနေရမယ်၊ တစ်နှစ်ပြည့်ပြီးရင်တော့ ဒေးစွန်ပါကို ရွှေ့ရမယ်. . . . ဒီမှာ နေရမယ်ဆိုတာလည်း





ဒီလိုထိုင်နေရမှာမဟုတ်ဘူး၊ ဒီနေရာကို အထိုင်စခန်းထားပြီး အခြားနေရာကို အခါအားလျော်စွာ သွားရမယ်၊ နင့်ဆီကိုလည်း ဘဝဘဝကအဆက်ရှိတဲ့လူတွေရောက်လာပြီး အကူအညီတောင်းမယ်. . . . ၊ အဲဒီအကူအညီတောင်းမယ့် လူတွေထဲမှာ မဲခေါင်ကျော်စွာဆိုတဲ့ မုဆိုးတစ်ယောက်ရောက်လာလိမ့်မယ်၊ သူ့ကိုလည်း နင့်အနေနဲ့ ကူညီရမှာပဲ. . . "ဟု ပြောလေ၏။

"အေးပါဟယ်. . . နင်ပြောသမျှ ငါလုပ်ရမှာပေါ့. . . . " ဟု မောင်မောင်က ပြောလိုက်ချိန်၌ပင် ဦးဂန္ဓမာကျောင်းမှ တုံးခေါက်သံကြားသဖြင့် အိပ်ယာမှ လန့်၍နိုးသွားသည်ဖြစ်ရာ ညိုချောနှင့် စကားပြောနေခြင်းမှာ အမှန်တကယ်မဟုတ်ဘဲ အိပ်မက်မက်နေခြင်းဖြစ်ကြောင်း သိရလေတော့၏။

မောင်မောင်သည် အောင်ဘာလေစည်ကြီး တင်စခန်း၌နေထိုင်ရင်း ပုတီးစိပ်ခြင်း၊ သက်သက်လွတ်စားခြင်းစသော အဓိဋ္ဌာန်များကို ပြုလုပ်လေ၏။ တစ်ခါတရံ ထိုနေရာမှနေ၍ ရှမ်းပြည်သို့သွားရသည့်အခါလည်းရှိ၏။ ရွှေဘို၊ မုံရွာ စသည့် မြို့များသို့သွား၍ ဘုရားဖူးရသည့်အခါလည်း ရှိ၏။ တစ်ခါတရံ၌ တောင်တွင်းကြီးမြို့ ရွှေရောင်တော်ဘုရားသို့ သွားရောက်၍ ပုတီး စိပ်ရသည့်အခါများလည်း ရှိ၏။

တစ်ခါတွင် မောင်မောင်သည် ညိုချောကို အိပ်မက်မက်၏။ အိပ်မက်ထဲတွင် ညိုချောက -

"ဟဲ့. . . မောင်မောင်. . . နက်ဖြန်ကျရင် မန္တလေးက မိန်းမတစ်ယောက်ရောက်လာလိမ့်မယ်. . . . သူကတော့ သူ့ကိုယ်သူ အပျိုကြီးလို့ ပြောလိမ့်မယ်၊ ဒါပေမယ့် အမှန်တကယ်က အပျိုကြီး မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်နဲ့ တိတ်တိတ်ပုန်း အိမ်ထောင်ကျနေတာဟဲ့. . . . အဲဒီယောကျ်ားမှာက သားကြီး၊ မယားကြီးရှိတယ်၊ အဲဒီမိန်းမက သူ့ရဲ့အလုပ်အကိုင်ကိစ္စကို အာရုံယူပြီးကြည့်ပေးပါလို့ ပြောလိမ့်

www.burmeseclassic.com



မယ်၊ ဘာအာရုံမှမယူနဲ့၊ နင်က ဘာမှ အာရုံယူတတ်တာမှ မဟုတ်ဘဲ. . . . အလုပ်ပြုတ်မယ်လို့ ပြောလိုက်၊ သူ့ယောက်ျားကိုလည်း အလုပ်နေရာပြောင်းရမယ်လို့ ပြောလိုက်၊ သူ့မှာယောက်ျားတစ်ယောက် အဖော်ပါလာလိမ့်မယ်၊ ဒါပေမယ့် ယောက်ျားလို့ ပြောမှာမဟုတ်ဘူး မိတ်ဆွေလို့ ပြောလိမ့်မယ်၊ အာရုံယူသလိုလို ဘာလိုလိုနဲ့ မျက်စိမှိတ်ပြီး ငါပြောတဲ့အတိုင်း ပြောလိုက်"ဟု ဆိုသဖြင့် မောင်မောင်က ရယ်လေ၏။

"နင်လုပ်တာနဲ့ ငါက ဗေဒင်ဆရာလိုလို၊ အကြားအမြင် ဆရာလိုလို ဖြစ်တော့မှာပဲ၊ ငါက အဲဒါ တွေမလုပ်ချင်ဘူး၊ ပြီးတော့ နင့်ကို ငါပြောရဦးမယ်၊ အဲဒီဗေဒင်တို့ဘာတို့ကို ငါကမယုံဘူး ဟဲ့. . . ." ဟု မောင်မောင်က ပြောလျှင် ညိုချောက -

"နင့်ကို ယုံခိုင်းနေတာမဟုတ်ဘူး၊ ပြောခိုင်းနေတာ ငါခိုင်းတဲ့အတိုင်းလုပ်နော်. . . . အဲဒီနှစ်ယောက်က ငါလွှတ်လိုက်တာ ဟဲ့၊ နင်နားလည်အောင်ပြောရရင် "ခွင်" (ဂွင်) ပေါ့ဟယ်"ဟု ပြောပြီးလျှင် တခစ်ခစ်ရယ်နေလေ၏။

"ညိုချောရယ်. . . နင်ပြောတဲ့ ဂွင်တွေဂွက်တွေ ငါ နားမလည်ပါဘူး. . . ရိုးရိုးလုပ်စမ်းပါဟယ် . . ."ဟု မောင်မောင်က ပြောလျှင် ညိုချောက -

"မောင်မောင် နင်သိပ်ပြီးအတဲ့ကောင်ပဲ၊ အတာကိုရိုးတာလို့တော မထင်နဲ့နော်. . . . အတာဟာ အတာပဲ၊ လောကကြီးထဲမှာ နေရင် အလို့တော့မရဘူး၊ အကင်းပါးနည်းကျမ်းတော့ မရှိဘူး၊ အကင်းပါးနည်းကိုသင်တဲ့ကျောင်းလည်း မရှိဘူး၊ အကင်းပါးအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ပုံသေနည်းလည်း မရှိဘူး၊ နင်နဲ့ လှဖေနဲ့ကွာတာ ဒါပဲ၊ လှဖေက အကင်းပါးတယ်. . . . နင်က ထူတယ်၊ ဦးတာတီးက ရှုပ်တယ်. . . မမြရင်က ထွေးတယ်. . . ."ဟု ပြောလိုက်လျှင် မောင်မောင်က အားရပါးရရယ်ပြီး -





"ရှုပ်တာနဲ့ ထွေးတာ ဘယ်လိုကွာသလဲ ညိုချောရဲ့ ငါ့ကိုလည်း ရှင်းပြပါဦး. . . . ညိုချောရဲ့" ဟု ပြောလိုက်ရာ -

"ရှုပ်တာက သူ့ရဲ့ကြိုးပမ်းမှုတွေပါတယ်၊ ထွေးတာက ကြိုးပမ်းမှုတွေမပါဘူး၊ သူ့အလိုလိုလုံး သွားရှာတာ. . . အခုလည်း မမြရင်က သူ့ကားကို မောင်းတဲ့ မုဆိုးဖိုဒရိုင်ဘာနဲ့ လုံးသွားရှာပြီ၊ သူ့ ဘဝကလည်း အဲဒီလိုလုံးသွားရမယ့် ဘဝကိုးဟဲ့၊ အားကိုးစရာ ယောက်ျားလည်းမရှိ မဟုတ်လားဟယ် . . ."ဟု ညိုချောက ပြောလေ၏။ ထို့နောက် မောင်မောင်သည် အိပ်ယာမှလန့်နိုးခဲ့၏။ အိပ်မက်လည်း ပြီးဆုံးသွားပြီ ဖြစ်၏။

နောက်တစ်နေ့နံနက်တွင် မောင်မောင်၏ အမိဋ္ဌာန်စခန်းသို့ မိန်းမတစ်ဦးနှင့် ယောက်ျားတစ်ဦး ရောက်ရှိလာလေ၏။ သူတို့နှစ်ဦးသည် မိတ်ဆွေများဖြစ်ကြသည်ဟုဆို၏။ သည်နားတွင် ရသေ့တစ်ဦး အမိဋ္ဌာန်ဝင်နေကြောင်းကြား၍ မေတ္တာရိပ်ကိုခိုလှုံရန် လာခဲ့ကြောင်း ပြောကြ၏။

မောင်မောင်သည် ညိုချောပြောသည့်အတိုင်း မျက်စိကို စုံမှိတ်လိုက်၏။ ထို့နောက် -

"အြော်. . . . မိန်းကလေးက အိမ်ထောင်မရှိဘူးသာဆိုတယ် သံယောဇဉ်ကတော့ ရှိနေပြီပဲ၊ ကျုပ်အာရုံထဲမှာတော့ အလုပ်ပြုတ်မယ်လို့ တွေ့တယ်၊ ဟောဒီမိတ်ဆွေကလည်း လက်ရှိ အလုပ်နေရာကနေ ရုတ်တရက်ပြောင်းရမယ်လို့တွေ့တယ်. . . . " ဟု ပြောလိုက်လေ၏။ ထိုစုံတွဲလည်း နှုတ်ဆက်၍ ပြန်သွားကြလေ၏။ နောက်များမကြာမီ မိန်းမဖြစ်သူမှာ အလုပ်ပြုတ်သွားပြီ ဖြစ်ကြောင်း၊ ယောက်ျားမှာလည်း ရုတ်တရက် အလုပ်ပြောင်းရပြီ ဖြစ်ကြောင်း ၎င်းတို့နှစ်ဦးထံမှ စာဖြင့် ရေးသား အကြောင်းကြားလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၀)

## ညှော်ခံမောင်မောင်

တစ်ညတွင် မောင်မောင်သည် စည်ကြီးတင်စေတီရင်ပြင်တွင် ထိုင်ရင်း အရပ် ၁၀ မျက်နှာကို မေတ္တာပို့လျက်ရှိလေ၏။ ဆောင်းတွင်းဖြစ်သဖြင့် ညဉ့်နက်၍လာလေ၊ အအေး ပို၍ အေးလာလေဖြစ်၏။ ထို့ကြောင့် တဲဆီသို့ သွားရောက်ကာ ဆွယ်တာအင်္ကျီ လက်ရှည်ကို ယူ၍ ဝတ်ပြီးနောက် စေတီကလေးဆီသို့ ပြန်၍ လာစဉ်၌ပင် ကားတစ်စီး ဝင်၍ လာသည်ကိုတွေ့သဖြင့် မောင်မောင်လည်း ကားမီးရောင်ကို လှမ်းမျှော်၍ ကြည့်ရှုနေ လေ၏။

ကားသည် အနီးတွင်လာ၍ရပ်လေ၏။ ကားပေါ်မှ မိန်းမ တစ်ယောက် ဆင်းလာ၏။ ထိုမိန်းမသည် အောက်သို့ ရောက်လျှင် ရောက်ချင်း"မောင်မောင်"ဟု လှမ်း၍ ခေါ်လိုက်လေ၏။ မောင်မောင် သည် အသံရှင်မှာ မမြရင်ဖြစ်ကြောင်း ကောင်းစွာမှတ်မိသွား၏။ ထို့ နောက် ကားမောင်းသမားလည်း ဆင်း၍လာလေ၏။ မောင်မောင်က

www.burmeseclassic.com

www.burmeseclassic.com



"ညကြီးသန်းခေါင် ဘယ်လိုကိစ္စကြောင့် အစ်မမြရင် ရောက်လာရတာတုံး. . . ."ဟု မေးလိုက်ရာ မြရင်က -

"ဒီလိုဟဲ့. . . . မော်တော်ကားက မန္တလေးကို အော်ဒါ ရသွား လိုက်သွားတာ. . . .၊ စပါယ်ယာကလည်း ဆေးရုံတက်နေရလို့ မပါဘူး ဟယ်. . .၊ ဒရိုင်ဘာတစ်ယောက်တည်း ကားကိုလွှတ်ရမှာ စိတ်မချလို့ ငါကိုယ်တိုင် လိုက်လာတာပေါ့. . . . အုံနာရဲ့ ဒုက္ခ. . . ဒုက္ခ၊ မန္တလေး ရောက်ပြန်တော့ အဲဒီခရီးသည်တွေက မူဆယ်ကို ဆက်ပြီးသွားမယ်ဆို တာနဲ့ တို့ကမလိုက်နိုင်တော့ဘူး. . . . အဲဒါနဲ့ ပြန်ပြီးလှည့်လာတာ. . . . တစ်လမ်းလုံး အေးလိုက်တာဟယ်၊ မနက်မှ ထပြီးသွားမယ်. . . . ငါ [illegible] အအေးဒဏ်မခံနိုင်ဘူး ဟဲ့. . . ." ဟု ပြောလေ၏။

"ဟုတ်ပါပြီ အစ်မမြရင်ရယ်. . . . ကျွန်တော် ဒီမှာ ရှိနေ မှန်း အစ်မဘယ်လိုလုပ်သိသလဲ"ဟု မောင်မောင်က မေးလိုက်ရာ မြရင် က -

"အမယ်လေး မောင်မောင်ရယ်၊ နင်က အကြားအမြင် ဆရာကြီးဖြစ်နေတာကိုး၊ မန္တလေးက ထမင်းဆိုင်မှာ တို့နှစ်ယောက် ထမင်းဝင်ပြီးစားတော့ တို့ဘေးက ထမင်းဝိုင်းမှာ မိန်းမတစ် ယောက်နဲ့ ယောကျ်ားတစ်ယောက်ရှိတယ်၊ သူတို့အပြင် စားပွဲဝိုင်းမှာ အခြားနှစ် ယောက်လည်းရှိတယ်၊ သူတို့နှစ်ယောက်က ကျွဲပွဲနားမှာ ရွာတစ်ရွာ ကြောင်း၊ ကိုမောင်မောင်ဆိုတဲ့ လူတစ်ယောက် ရသေ့တဲနဲ့ အမိဌာန်ဝင် နေကြောင်း၊ သူတို့နှစ်ယောက်ကို ပြောလိုက်တာ ဒက်ထိမှန်ကြောင်း ပြောသံကို ငါကကြားတော့ ဝင်ပြီး စပ်စုတာပေါ့ဟယ်၊ စပ်စုပြီး ပုံစံ သဏ္ဌာန်မေးတော့ အဲဒီမိန်းမက နင့်မျက်လုံးအောက်က မျက်ရည်ခံ [illegible] ကလေးပါတာတောင် သူက မှတ်မိနေတယ်. . . . အဲဒီတော့ နင်ဆို [illegible] သေချာတာပေါ့. . . အဲဒါနဲ့ ဒီနားရောက်တော့ နည်းနည်းပါး [illegible] မေးစမ်းပြီးဝင်လာတာပေါ့၊ ကဲ. . . အဲဒါတွေ ထားလိုက်ပါတော့





မောင်မောင်ရယ်. . . တို့ ဘာမှ မစားခဲ့ရသေးဘူး. . ." ဟု ဆိုသဖြင့် မောင်မောင်လည်း ကိုချစ်မြိုင်နှင့် ဒေါ်မြိုင်အိမ်သို့ ခေတ္တပြန်သွားပြီဖြစ် သောကြောင့် သူကိုယ်တိုင်ပင် ထမင်းဟင်းချက်ရ၏။ အသင့်ဝယ်ထား သော အာပြဲခြောက်ကို မန်ကျည်းသီးနှင့် အချဉ်ဆီပြန်ချက်ရ၏။ ချက်ပြုတ်သောအခါ၌ ၎င်းတို့နှစ်ဦးအား ထမင်းဟင်းများ ခူးခပ်ကျွေး လေ၏။ ထမင်းစားပွဲ တွင် ဒရိုင်ဘာက မောင်မောင့်အား -

"ဆရာကိုမောင်မောင်. . . . ကျွန်တော့်လည်း မှတ်ထားပါ ဗျာ. . . .၊ မမကားက ဒရိုင်ဘာပါ၊ ကျွန်တော့်နာမည်က မောင်မာကျီးလို့ ခေါ်ပါတယ်၊ ကားသမားဆိုတော့လည်း ပင်ပန်းတော့ တစ်ခွက်တစ် ဖလားသောက်တော့ အသောက်အစားမကင်းဘူးပေါ့ခင်ဗျာ၊ ကျွန်တော့် မှာ ယမကာလေးပါပါတယ်၊ သောက်ခွင့် ပြုပါ. . . ."ဟု ပြောဆိုပြီးလျှင် ၎င်း၏လက်ဆွဲအိတ်အတွင်းမှ ရမ်ပုလင်းအပြား ကလေးနှင့် ဆော်ဒါ တစ်လုံးကို ထုတ်ကာ ဖန်ခွက်တစ်လုံးယူပြီးလျှင် ငှဲ၍ သောက်လေတော့ ၏။

မောင်မောင်ချက်ထားသော အာပြဲခြောက်အချဉ်ဆီပြန် ဟင်းကိုလည်း အမြည်းအဖြစ် သဘောထားကာ မြည်းလေတော့၏။ မောင်မောင်သည် တစ်စုံတရာပြောဆိုခြင်း မပြုဘဲ ထမင်းဝိုင်းအနီးမှ ထကာ တဲအပြင်သို့ ထွက်ခဲ့လေ၏။ ထိုအခါ၌ မြရင်က-

"မောင်လေး. . . အရမ်းတော့မလုပ်ပါနဲ့ကွယ်. . . မောင်မောင့်ရှေ့မှာ ပုံပျက်လို့လည်းမဖြစ်ဘူး၊ စကားများလို့လည်း မဖြစ်ဘူး. . . သတိထားပါကွယ်. . . မောင်မောင်သိရင် ဟိုကောင်ပါ သိမှာ. . . မောင်မောင်က ရသေ့. . . ဟိုကောင်က ဘီလူးဟဲ့"ဟု တိုးတိုး တိုးတိုးနှင့် ပြောလေ၏။ မောင်မောင်သည် ထိုစကားကို ကောင်းစွာကြား လိုက်၏။ ထိုအခါ၌ ညိုချော၏ အိပ်မက်ထဲတွင် ပြောသည့် "[illegible]" သွား သည်ဆိုသည့် စကားကို အမှတ်ရမိသဖြင့် ပြုံးမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သည် ထမင်းစားပြီးချိန်လောက်တွင် အခန်း အတွင်းသို့ ပြန်၍ဝင်လာပြီးနောက်၊ ပန်းကန်ခွက်ယောက်များ ဝိုင်း သိမ်းဆည်းပေးလေ၏။ ထို့ကြောင့် မြရင်က -

"ငါ့မောင် ရဲသေ့ကြီးကို လာပြီးဒုက္ခပေးသလို ဖြစ်နေပြီ အားနာလိုက်တာ. . .၊ ဟင့်. . . ဟင့်. . . "ဟု ပြောလေ၏။ ထို့နောက် တွင်ကား မောင်မောင်လည်း ထွန်းထားသော မှန်အိမ်ကို ငြိမ်း၍ အိပ်ယာသို့ ဝင်လေ၏။ မြရင်နှင့်မောင်မာဂျီးမှာ စေတီရင်ပြင်တွင် ထိုင်၍ စကားပြောနေကြ၏။

နာရီပြန်နှစ်ချက်ထိုးတွင် မောင်မောင်သည် အိပ်ရာမှ နိုးလာ၏။ သူ၏ ထုံးစံအတိုင်း မေတ္တာပို့ရန်အတွက် တဲအပြင်သို့ ထွက် လာပြီး ဇရပ်ဘက်သို့ လျှောက်လာရာ. . . မြရင်နှင့် မောင်မာဂျီးတို့ တစ်ဦးကို တစ်ဦးတင်ကြပ်စွာဖက်လျက် အိပ်မောကျနေသည်ကို တွေ့ရ သဖြင့် မောင်မောင်၏အာရုံထဲတွင် လှဖေ၏မျက်နှာသည် ကွက်ကနဲ ပေါ်လာလေတော့၏။

နံနက်မိုးလင်းသောအခါ၌ မောင်မောင်သည် ဆန်ပြုတ် ပြုတ်၍ ၎င်းတို့နှစ်ဦးအား ကျွေးမွေးလေ၏။ မြရင်သည် ဆန်ပြုတ် သောက်ရင်း၊ ငါးရံ့ခြောက်ကို ဝါးရင်း -

"ကဲ. . . မောင်မောင်ရေ. . . အာရုံလေး ဘာလေး ခံ စမ်းပါကွယ်. . . အစ်မမြရင် သက်န်းကျွန်းလိုင်းမှာ ကားတွေကို မ ချင်ဘူး. . . . ဘုရားဖူးကား ထောင်ချင်တယ်. . . ရွှေစက်တော်၊ ကျိုက် ထီးရိုး၊ ပုဂံညောင်ဦး၊ အင်းလေးဖောင်တော်ဦးပေါ့ကွယ်၊ ဘုရားဖူး မယ်. . . . ကားလိုရင်လည်း ထပ်ငှားမှာပေါ့ ကွယ်. . . . ဝယ်တန် လည်း ဝယ်မှာပေါ့. . . . အစ်မရဲ့ ဘုရားဖူးယာဉ်လုပ်ငန်းကို "သံသ လေကမ်းတိုင်"လို့ နာမည်ပေးမယ်ကွယ့်၊ တစ်ခုတော့ရှိတာပေါ့ကွယ် ကားနောက်ကိုတော့ အစ်မကိုယ်တိုင်လိုက်ရမှာပေါ့. . .၊ အဲလိုလုပ်လိုက်





ရင်တော့ ငါ့မောင်ဆီကိုလည်း အစ်မ တစ်လကို နှစ်ခေါက်၊ သုံးခေါက် လောက် ရောက်နိုင်မယ်ကွယ့်. . . "ဟု မြရင်က ပြောလေ၏။

"အစ်မရေ. . . အမှန်အတိုင်း ပြောရရင် ကျွန်တော် ဘာအာရုံမှလည်း မရပါဘူး၊ ဘာအကြားအမြင်မှလည်း မရပါဘူး၊ ဒါပေ မယ့် အစ်မ ခုပြောတဲ့လုပ်ငန်းကိုတော့ ကောင်းတယ်လို့ပဲ ပြောရမှာ ပဲ. . . တစ်ခုတော့ရှိတာပေါ့လေ. . . အခေါက်တိုင်းကိုတော့ အစ်မ ဘယ်လိုက်နိုင်မလဲ. . . နောက်ပြီးတော့လည်း အစ်မရယ်. . . အစ်မ တစ်ဝမ်းတစ်ခါးအတွက်ကိုတော့ ဒီလောက်ကြီး ပင်ပင်ပန်းပန်း မလုပ်ပါ နဲ့. . . "ဟု မောင်မောင်က ပြောလိုက်လေ၏။

"လုပ်ရမယ်မောင်မောင်ရေ. . . လုပ်ရမယ်၊ ကြိုးစားမယ်၊ စိန်စိန်နဲ့ ဦးတာတီးတို့က အတော့်ကို ချမ်းသာသွားပြီကွယ့်၊ "အားလုံး လပ်ကီး စိန်တီးတီး "ထိဆိုင်ကလည်း အရမ်းကို အောင်မြင်သွား ပြီ. . . .။ စိန်စိန်ကလည်း အရင်စိန်စိန် မဟုတ်ဘူးဟေ့. . . . စိန်နား တပ်ကြီး တဖြန်းဖြန်းနဲ့. . . ဦးတာတီးကလည်း အရင်ဦးတာတီး မဟုတ် ဘူး. . . . ဘယ်မှာ ဘာလှူတယ်ဆို၊ သူပါမှဖြစ်တာ၊ လှူလိုက်တာလည်း မနည်းပါဘူး. . . .၊ သူတို့ကို အမီလိုက်ရမှာဟဲ့"ဟု မြရင်က ပြန်၍ ပြောလေ၏။

ထို့နောက်တွင်ကား မြရင်တို့နှစ်ဦးသည် မောင်မောင့် အားနှုတ်ဆက်၍ ရန်ကုန်ဘက်သို့ ခရီးဆက်ကြပြီ ဖြစ်၏။ နောက်များ မကြာမီရက်အတွင်း၌ လွန်စွာလှပသော ကားလေးတစ်စီး မောင်မောင် ရှိရာ စည်ကြီးတင်စခန်းသို့ ရောက်လာလေ၏။ မောင်မောင်လည်း ခေါင်းကိုငဲ့၍ ထိုကားကို လှမ်း၍ ကြည့်လိုက်၏။ ကားပေါ်မှ လွန်စွာ ချမ်းသာကြွယ်ဝပုံရသော ဖြူဖြူသန့်သန့် မိန်းမဝဝကြီးတစ်ဦးနှင့် ကိုယ်လုံးကိုယ်ထည် ခပ်ဖိုင့်ဖိုင့်ရှိသော ယောကျ်ားကြီးတစ်ဦး ဆင်းလာ သည်ကို တွေ့ရသဖြင့် သေချာစွာကြည့်လိုက်ရာ ဦးတာတီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်စိန်တို့ ဖြစ်ကြောင်း သိရလေ၏။

မောင်မောင်လည်း တဲအတွင်းမှထွက်၍ ကြိုဆိုလေ၏။ ဦးတာတီးသည် မောင်မောင့်ကို တွေ့လျှင်တွေ့ချင်း -

"ဘယ်လိုလဲ ရသေ့ကြီးရဲ့. . . . သိပ်လည်း မကျင့်နဲ့နော်။ မိုးခေါင်လို့. . . . မင်းသမီးတစ်ပါးလာပြီး အကျင့်ဖျက်တာကို ခံနေရဦးမယ်"ဟု နောက်လိုက်ရာ ဒေါ်စိန်စိန်က -

"အို. . . ကိုတာတီးကလည်း ဘာတွေ လျှောက်ပြောနေတာလဲ. . . . အားနာစရာ. . . "ဟု ပြောလိုက်လျှင် ဦးတာတီးက -

"စိန်ချစ်ရယ်. . . မင်းကအခုမှ အားနာနေတာပါ။ မင်းဆိုင်မှာ အလုပ်လုပ်တုန်းက ဒီကောင့်ကို နှိပ်စက်လိုက်တာ မပြောပါနဲ့တော့. . . " ဟု ပြောလိုက်လေ၏၊ ထိုအခါ ဒေါ်စိန်စိန်က -

"ဟုတ်ပါတယ် ကိုကိုတီးရယ်. . . စိန်စိန်ဟာ တစ်ခါက မုဆိုးတစ်ပိုင်း မိန်းမရိုင်းတစ်ဦးပါ။ ကိုကိုတီးနဲ့ တွေ့တော့ ကိုကိုတီးက ဝတ္ထုနိုပါတ်၊ ပိဋကတ်နဲ့ လျှာပြတ်အောင် သွန်သင်လေတော့ စိန်စိန်ဟာ သိမ်မွေ့နူးညံ့၊ ရင့်ကျက်တဲ့ မိန်းမတစ်ဦး ဖြစ်သွားပါပြီ၊ အဲဒါတွေ ပြန်ပြီး မပြောနဲ့. . . . အကုသိုလ်အဟောင်းတွေက အသစ်တွေပြန်ပြီး ဖြစ်လာမယ်. . . . တော်တော့နော်၊ ကိုကိုတီး. . . နော်နော်နော်. . . "ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်က ပြုံးလိုက်လေ၏။ ထိုအခါ ဒေါ်စိန်စိန်က စိတ်မလုံသဖြင့် -

"မောင်မောင်. . . ဘာပြုံးတာလဲ" ဟု မေးလိုက်လေ၏။

"အစ်မစိန် စကားတတ်တာကို ပြုံးမိတာပါ. . . "ဟု မောင်မောင်က ပြန်၍ပြောလျှင် ဒေါ်စိန်စိန်က -

"မတတ်လို့မရဘူးကွယ်. . . အစ်မဟာကြီးမှ သာလိကာလေးလို အပြောအဆိုသင်ရတာ. . . မင်းတို့ဆရာ ကိုကိုတီးက အသင်အပြ အဆုံးအမ အလွန်ကောင်းတာကလားကွယ်"ဟု ပြောလေ၏။





မောင်မောင်လည်း ဦးချစ်မြိုင်နှင့် ၎င်း၏ဇနီးဒေါ်မြိုင်ကို ဈေးသို့လွှတ်ပြီးလျှင် ဦးတာတီးနှင့် ဒေါ်စိန်စိန်ကို ထမင်းကောင်း ဟင်းကောင်းများ ချက်ပြုတ်၍ ကျွေးမွေးလေ၏။

"မင်း ဒီနားမှာ ရောက်နေတယ်ဆိုတဲ့ သတင်းကိုတော့ ငါ့အနေနဲ့ နှစ်နေရာ၊ သုံးနေရာမှာ ကြားရတယ်ကွယ့်. . . . " အလုပ်ကများနေတော့ မလာဖြစ်ဘူးကွာ။ အခုတော့ စိန်ချစ်က ဘုရားစုံဖူးချင်တယ်ဆိုလို့ ဘုရားဖူးလိုက်ပို့ရတာ. . . . ဟန်းနီးမွန်းထွက်တယ်လို့ မထင်ပါနဲ့ကွာ. . . ငါတို့နှစ်ယောက်ဟာ လင်မယားဆိုပေမယ့် တကယ်ကတော့ ဘဝနေဝင်ချိန်ရယ်၊ ဘဝဖော်. . . . မမွဖော်. . . . သံသရာဖော်တွေပါကွာ. . . ။ ဟောဒီကားလေးကို ဝယ်ပြီးတော့ တံခါးမှာ "သံသာလေကမ်းတိုင်"လို့တောင် ရေးထားတယ်ကွယ့်ဟုဆိုကာ ထိုစာတန်းကိုပြလေ၏။ မောင်မောင်သည် လွန်စွာအံ့ဩနေ၏။ ထို့နောက် ဦးတာတီးအား -

"ခြေထောက်တစ်ဖက် မကောင်းဘူးမို့လား. . . အခု ဘယ်လိုနေသေးလဲ. . . "ဟု မေးလိုက်ရာ ဦးတာတီးက -

"မန်းနီးပေါ့ကွာ. . . မန်းနီးမိတ် အဲဖရီးသင်းပေါ့ကွာ၊ လက်ထဲမှာငွေရှိတော့ စင်္ကာပူမှာသွားပြီး ကုတယ်ကွ၊ အခု ငါ့ခြေထောက်ဟာ ဘောလုံးကန်လို့ရတယ်၊ ခပ်ကြွားကြွားပြောရရင် လူငယ်လက်ရွေးစင်အသင်းထဲဝင်ပြီး နှစ်ဂိုး၊ သုံးဂိုးတော့ ရှုးပြနိုင်ပါသေးတယ်ကွာ. . . "ဟု ပြောကာ တဟားဟား ရယ်နေလေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၁)

## နွားထောင်သမားသက်သက်မောင်မှာ

မောင်မောင်သည် ထိုစခန်း၌ နေထိုင်သည်မှာ တစ်နှစ်ခန့် ကြာပြီဖြစ်၏။ ဆရာတော်လည်း လွန်စွာကျူညီ၏။ တစ်နေ့တွင် မောင်မောင်သည် စည်ကြီးတင်စေတီကလေး၌ ထိုင်နေ၏။ ထိုအချိန်၌ လွန်စွာသင်းပျံ့သော အမွှေးနံ့တစ်ခုကို ရှူရှိုက်မိလေ၏။ မျှားမကြာမီ၌ ပင် ၄င်း၏ရှေ့သို့ ညီချောရောက်လာလေ၏။

"ဟဲ့ မောင်မောင်၊ နင် ဒီကိုရောက်နေတာ တစ်နှစ်ပြည့်ပြီနော်၊ အဲဒီတော့ ဒီကနေပြောင်းပေတော့. . . . ပဲခူးဘက်ကို သွား၊ ဒေးစွန်ပါ ဘုရားဆိုတာရှိတယ်၊ အဲဒီမှာ နေရာရမယ်၊ အဲဒီမှာ အမိဌာန်ဝင်ရ မယ်. . . ."ဟု ပြောလေ၏။

"ညီချော. . . နင် ငါ့ဆီမလာတာ ကြာပြီနော်၊ ငါ့ဆီကို အစ်မ မြရင်လည်းလာတယ်၊ ဦးတာတီးတို့ ဇနီးမောင်နှံလည်း လာတယ်၊ အစ်မ မြရင်တော့ စီးပွားရေးအခြေအနေ သိပ်မကောင်းဘူး၊ ဦးတာတီးတို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ အတော့်ကို ချမ်းသာသွားပြီ. . . ”ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက ရယ်လေ၏။ ပြီးနောက် -

“နင့်ကို ငါတစ်ခုမေးမယ်၊ ဦးတာတီး ဒီတစ်ခါ အလုပ်လုပ်တာ စီးပွားရေး အလွန့်ကိုတက်သွားတယ်. အလွယ်ပြောရရင်တော့ ချမ်းသာသွားတယ်ပေါ့ဟာ. . . အဲဒါ ဘာကြောင့်လဲ နင်သိလား”ဟု မေးရာ မောင်မောင်က -

“ကံကောင်းလို့ပေါ့ဟယ်. . . . ”ဟု ပြန်၍ဖြေလျှင် ညိုချောက ခေါင်းကိုရမ်း၏။

“ဒီလိုမောင်မောင်ရဲ့. . . ဦးတာတီးက အခုမှအလုပ်လုပ်တာပါ. . . အစ်မမြရင်နဲ့တုန်းက သူက အလုပ်မှ မလုပ်ဘဲ၊ ဖြုန်းနေတာ အခုတော့ အလုပ်လုပ်ပြီ၊ မလုပ်ရင် မဖြစ်ဘူးဆိုတာလည်း သူသဘော ပေါက်သွားပြီ၊ အလုပ်လုပ်တဲ့အခါမှာ အလုပ်ကို နားလည်တယ်၊ ပြီးတော့ ဦးတာတီးဟာ အရမ်းလုပ်တာမဟုတ်ဘူး၊ သူ့ရဲ့ဘဝဟာ ငွေမရှိရင် မဖြစ်ဘူးလို့ နားလည်သွားတယ်၊ အဲဒီအခါမှာ ဘဝအတွက် စီမံကိန်းချပြီး အလုပ်လုပ်တာ၊ သူ့ရဲ့မယားငယ်က ပစ်သွားပြီး အစ်မမြရင်ဆီ ပြန်လာတဲ့အခြေအနေကို နင်လည်း မှတ်မိဦးမှာပေါ့၊ အစ်မမြရင်က လည်း ပြန်မကြည့်ဘူးလေ၊ သူကလည်း စားပွဲထိုးလေးနဲ့ ဖြစ်နေတာ မဟုတ်လား၊ ဦးတာတီးဟာ အတော့်ကို နေမကောင်းဖြစ် နေရရှာတယ် ဟိုးနောက်ဖေး ထင်းပုံ့ လေးနားမှာ အိပ်နေရရှာတယ်၊ အဲဒီအခြေအနေ ကနေ သူ့ဘဝအတွက် ‘ပလ္လင်’ (Plan) ချပြီး အလုပ်လုပ်ခဲ့တာပဲ၊ တကယ်က အဲဒီအချိန်မှာ သူဘာမှ မလုပ်ရှားနိုင်ဘူး၊ သူလုပ်ချင်တာကို လိုက်ပြီး လုပ်ပေးမယ့် နောက်လိုက်က လိုနေပြီ၊ အဲဒါကြောင့် ဒေါ်စိန်စိန် ကြီးကို သူက စည်းရုံးခဲ့တာ၊ ဒေါ်စိန်စိန်ကိုလည်း ရရော. . . သူ့ပလ္လင် ကို အကောင်အထည်ဖော်တော့တာပဲ” ဟု ညိုချောက ပြောလေ၏။

“အကောင်အထည်ဖော်တယ်ပဲ ထားပါဦး ညိုချောရယ်၊ ငါ





သူတို့ကိုပေးတဲ့ ပိုက်ဆံကလေးနဲ့ စ,ရရှာတာ၊ ဒီလောက်ကြီး ချမ်းသာသွား တာတော့ အံ့ဩစရာပဲ”ဟု မောင်မောင်က ပြောလျှင် ညိုချောက -

“ဩော်. . . . ခက်တော့တာပဲ မောင်မောင်ရယ်၊ ဦးတာတီးဟာ သူလုပ်ရမယ့်အလုပ်ကို ကောင်းကောင်းသဘော ပေါက်သွားတာ၊ အလုပ်ရဲ့ ကီး(သော့)ကို တွေ့သွားတာ. . .၊ အဲဒါကြောင့် ပလ္လင်ချပြီး သေချာလုပ်သွားတာ၊ အရမ်းကြီးပွားသွားတယ် မထင်နဲ့. . . . ”ဟု ဒေါ်နှင့်မောနှင့် ပြောလိုက်လေ၏။

“ဆိုစမ်းပါဦး၊ သူ့အလုပ်ကို သူက ဘယ်ပုံဘယ်နည်း သဘော ပေါက်သွားတာတုံး၊ အလုပ်ရဲ့ ကီးကို ဘယ်လိုတွေ့သွားတာတုံး. . . ”ဟု မောင်မောင်က ပြန်၍မေးလိုက်လေ၏။ ထိုအခါ ညိုချောက -

“အလုပ်ဟာ သဘာဝအားဖြင့် လေးမျိုးရှိတယ်ဟဲ့၊ လွယ်ကူတဲ့ အလုပ်အမျိုးအစား၊ အစပိုင်းမှာ လွယ်ကူပြီး နောက်ပိုင်းမှာ လုပ်ရခက် တဲ့ အလုပ်အမျိုးအစား၊ အစပိုင်းမှာ ခက်ခဲပြီး နောက်ပိုင်းမှာ လုပ်ရလွယ် ကူတဲ့ အလုပ်အမျိုးအစား၊ စလယ်ဆုံး သုံးပါးစလုံး လုပ်ရခက်တဲ့ အလုပ် အမျိုးအစားရယ်လို့ ရှိတယ်ဟဲ့. . . ”ဟု ပြောလျှင် မောင်မောင်က -

“အင်း. . . ဟုတ်သားပဲ၊ အဲဒီတော့ . . . ”ဟု ပြောလိုက်ရာ ညိုချောက -

“အလုပ်လုပ်လို့ရမယ့် အကျိုးအမြတ်ကလည်း လေးမျိုးလေး စားရှိတယ်ဟဲ့. . . . မိမိအကျိုးရှိမယ့်အလုပ်၊ မြင့်သာသော အကျိုး အမြတ်ရှိမယ့်အလုပ်၊ မမြင့်သာသော အကျိုးအမြတ်ရှိမယ့် အလုပ်၊ အများအတွက် အကျိုးရှိပြီး မိမိအတွက် အကျိုးအမြတ် လုံးဝမရှိမယ့် အလုပ်. . . . ရယ်လို့ လေးမျိုးရှိတယ်. . . . ”

“အလုပ်ရဲ့အချိန်ကာလဆိုတာလည်း လေးမျိုးပဲ၊ အချိန်တို အတွင်း ပြီးစီးသွားမယ့်အလုပ်၊ အချိန်မစောင့်ရဘဲ မိမိထပြီး လုပ်ရင် လုပ်ခွင့်ရှိတဲ့အလုပ်၊ အချိန်အနည်းငယ်မစောင့်ဘဲ လုပ်လို့ကို မဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မျိုး၊ နောက်တစ်ခုကတော့ ရေရှည်လုပ်ရမယ့် အလုပ်အမျိုးအစားပေါ့ဟယ်"ဟု ညိုချောက ပြောပြန်၏။ ထိုအခါ မောင်မောင်က

"ဆိုစမ်းပါဦး"ဟု ထောက်ပေးလိုက်လေ၏။

"ကိုယ်လုပ်မယ့်အလုပ်အတွက် ကူညီပံ့ပိုးမှု ရပုံရနည်းကလည်း လေးမျိုးပဲရှိတယ်၊ လူအား၊ ငွေအား၊ ပစ္စည်းအား အကူအညီရနိုင်တဲ့ အလုပ်အမျိုးအစား၊ လူအားသာ အကူအညီရပြီး ငွေနဲ့ပစ္စည်း အကူအညီမရနိုင်တဲ့ အလုပ်အမျိုးအစား၊ ငွေနဲ့ပစ္စည်းသာ အကူအညီ ရနိုင်ပြီး လူအား အကူအညီမရနိုင်တဲ့ အမျိုးအစား လူရော ငွေရော ပစ္စည်းရော ဘယ်လိုအကူအညီမျိုးမှ မရနိုင်တဲ့ လုပ်ငန်းအမျိုးအစား ရယ်လို့ လေးမျိုးရှိတယ်. . . ဦးတာတီးဟာ အဲဒီလေးမျိုးကနေ သူဘယ်လိုလုပ်ရမယ်ဆိုတာကို ပလ္လင်ချခဲ့တာ ဟဲ့ . . . ဥပမာဟယ်. . . မောင်မောင်ဆိုတဲ့ လူဆိုက သူဟာ ငွေပဲအကူအညီရနိုင်မယ်၊ လူအား ဘာမှ အကူအညီ မရနိုင်ဘူး၊ ဒေါ်စိန်စိန်ဆိုက သူဟာ ငွေအား ပစ္စည်းအား ဘာမှ အကူအညီ မရနိုင်ဘူး၊ လူအားပဲ အကူအညီရမယ်၊ ဒါကြောင့် ဦးတာတီးကြီးဟာ ဒေါ်စိန်စိန်ကို သူရဖို့အတွက် သူတတ်တဲ့ပညာနဲ့ စည်းရုံးခဲ့တာပေါ့၊ စောစောက ငါပြောခဲ့တဲ့ လေးမျိုးလေးလီပေါ်မှာ အခြေခံပြီး သူ့ဘဝ စီးပွားဖြစ်ဖို့အတွက် 'ကီး'တွေရခဲ့တာ၊ အဲဒီကီးတွေနဲ့ ပလ္လင်ဆွဲခဲ့တာ၊ အဲဒီကီးတွေက ဘာလဲဆိုတော့ မိမိရဲ့အားသာချက်၊ မိမိရဲ့ အားနည်းချက်၊ ကံအခွင့်အလမ်း ဖေးမမှု၊ အခြေ အနေရဲ့လှုံ့ဆော်မှု အဲဒီအချက်လေးချက်ဟာ ဦးတာတီးရဲ့ပလ္လင်မှာ အဓိကကျတဲ့အချက်တွေပဲ၊ အဲဒီမှာ ပလ္လင်ကို သူဟာ အချက်ပေါင်း ၁၄ ချက်နဲ့ ရေးဆွဲခဲ့တယ်၊ ဒေါ်စိန်စိန်ကြီးကို သူဟာ ဘယ်လောက် အသုံးပြုလို့ ရမလဲဆိုတာ တွက်ထားပြီး ထမင်းဆိုင်ဖွင့်ခိုင်းခဲ့တယ်' သူ့အလုပ် သမားတွေကို သူ လေ့ကျင့်ပေးပြီး စိန်တီးတီးထိဆိုင်ကို ဖွင့်ခဲ့တယ်၊ အခုနောက်ပိုင်းကျတော့ ဦးတာတီးကြီးဟာ သူဟာ လျှုလိုက်တာပဲ၊ ဒီနေရာမှာဆိုရင်လည်း





သူက အကုန်အကျခံလိုက်တာပဲ၊ အဲဒါ တွေလျှောက်ပြီးလုပ်နေတာ. . . နင်လည်း သိမှာပေါ့၊ အဲဒါတွေ ဘာကြောင့်လုပ်နေတာလဲ သိလား၊ သူ့ရဲ့ပလ္လင် (၁၄)ချက်ထဲက နံပါတ်(၆)အချက်မှာ လှူပ်ရှားနိုင်စွမ်းဆိုတာ ပါတယ်ဟဲ့. . . ၊ ပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်အောင်လုပ်နေတာ၊ လူပေါင်းဆန့်အောင် လုပ်နေတာ၊ အခုနောက်ပိုင်းမှာ ဦးတာတီးကြီးဟာ အပေါင်းအသင်း ကောင်းတွေ၊ မိတ်ကောင်းဆွေကောင်းတွေ အများကြီး ရသွားတယ်၊ အဲဒီတော့ ထမင်းဆိုင်ဟာလည်း အဓိက မဟုတ်တော့ဘူး၊ ကွန်စရပ်ရှင်းဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်နေပြီဟဲ့. . . 'တီးမဟာ' ဆောက်လုပ်ရေးလုပ်ငန်းဆိုတာ သူ့ဟာ၊ အခု ဘာပဲဆောက်ဆောက် သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရှေ့တန်းရောက်လာပြီ၊ ဆောက်လုပ်ရေး လုပ်ငန်း ရုံးခန်းချည်းကကို မနည်းဘူး၊ အကြီးကြီးဟဲ့၊ အဲဒီမှာ အင်ဂျင်နီယာတွေ၊ ဆူပါဗိုက်ဇာတွေ ခန့်ထားတာလည်း မနည်းပါဘူး၊ နင့်ဆီကို လာတုန်းက ကားအသစ်လေး စီးလာတယ်ဆိုတာ၊ အဲဒီ'တီးမဟာ' ဆောက်လုပ်ရေးလုပ်ငန်းကရတဲ့ ငွေတွေနဲ့ဝယ်တာ"ဟု ပြောလိုက်လျှင် မောင်မောင်သည် ပါးစပ်အဟောင်းသားနှင့် နားထောင်ပြီး -

"နေစမ်းပါဦး ညိုချောရယ်၊ တို့ဆရာ ဦးတာတီးကြီးဟာ အဲဒီ ပလ္လင်တွေ ဆွဲတတ်တယ်ဆိုတာ ငါဖြင့် မသိပါဘူးဟယ်. . . နင်ကလည်း နှိုက်နှိုက်ချွတ်ချွတ် သိလိုက်တာ. . ."ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောသည် တခစ်ခစ်ရယ်လေ၏။ ထို့နောက် -

"အဲဒါတွေ တတ်နေတာကတော့ ဦးတာတီးရဲ့ လျှို့ဝှက် အရည်အချင်းပေါ့ဟယ်. . . အဲဒီလျှို့ဝှက်အရည်အချင်းဆိုတာထဲမှာ သူသုံးတဲ့ တက္ကနစ်တစ်ခုရှိသေးတယ်၊ အဲဒါကတော့ ဘာလဲဆိုရင် ဘယ် အလုပ်ကိုပဲ ဖြစ်ဖြစ်၊ အချိန်ကာလကို မကြာအောင် အစဉ်သဖြင့် စဉ်းစားထားတယ်၊ ရေရှည်လုပ်ငန်း ဘာမှမလုပ်ဘူး၊ အားလုံးရေတို ချည်းပဲ၊ ၈ လလောက်လုပ်ရမယ့်အလုပ်မျိုး မရှိဘူး၊ အားလုံး တစ်လစာ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ၊ ဘယ်လောက်ကြီးတဲ့ အလုပ်မျိုးပဲဖြစ်ဖြစ် သူဟာ ၈ ပုံ ပုံထား လိုက်တယ်၊ ရေရှည်လုပ်ငန်းတွေကို ရေတိုလုပ်ငန်းတွေဖြစ်အောင် လုပ်ပစ်လိုက်တယ်၊ သူလုပ်သမျှ လုပ်ငန်းတွေကိုလည်း ထာဝရလုပ်မယ် လို့ ဘယ်ဟာကိုမှ အသေကိုင်မထားဘူး၊ ဒါမကောင်းတော့ရင် ဟိုဟာ ပြောင်းလုပ်မယ်၊ ဥပမာ ကလေးတွေကစားတဲ့ ဂျင်လိုပေါ့၊ ဂျင်ကို ကြိုးနဲ့ ပတ်ပြီး ပေါက်လိုက်တဲ့အခါမှာ ဂျင်ဟာ ထောင်ပြီးလည်နေတာတော့ အမှန်ပဲ၊ ထောင်နေတာတော့ မှန်တယ်၊ အသေရပ်နေတာတော့ မဟုတ် ဘူး၊ လှုပ်ရှားလည်ပတ်နေမှုနဲ့ ထောင်နေအောင်လုပ်ထားတာ၊ ဦးတာတီး ရဲ့ စီးပွားရေးလုပ်ငန်းတွေဟာလည်း အဲဒီလိုပါပဲ၊ အဲဒီလို သူက စပင် နင်းဖော်မြူလာလို့ သူဟာသူ အမည်ပေးထားတယ်၊ မြန်မာလိုဆိုရင် တော့ "ချားရဟတ်ဖော်မြူလာ" ပေါ့ဟယ်၊ အဲဒီတော့ ရေတိုစဉ်းစားထား တယ်ဆိုကတည်းက ဒီတစ်မျိုး မကောင်းရင် နောက်တစ်မျိုးပြောင်းဖို့ အမြဲတမ်း အဆင်သင့် လုပ်ထားတယ်. . . "ဟု ညိုချောက ပြောလိုက် လေ၏။ ထိုအခါ -

"အောင်မယ်လေး ညိုချောရယ်. . . နင်ကလည်း သိလိုက် တာ မပြောပါနဲ့တော့၊ ဦးတာတီးအကြောင်းကို နင်ဘာလို့ ဒီလောက်စဉ်းစား ထားရတာတုံး၊ ဦးတာတီးအတ္ထုပ္ပတ္တိများ ပြုစုမလို့လား. . . . " ဟု မောင်မောင်က မေးလိုက်လေ၏။

"ပြောလက်စနဲ့ နောက်တစ်ခု ပြောလိုက်ဦးမယ် မောင်မောင် ရေ. . . . ဦးတာတီးကြီးဟာ သူ့ခြေထောက် ဆေးကုဖို့ဆိုပြီး စင်ကာပူကို သွားတယ်မဟုတ်လား၊ ဆေးကုတာလည်း ဟုတ်ပါတယ်ဟယ်၊ ဒါပေမယ့် သူနဲ့တွဲပြီး အလုပ်လုပ်ရမယ့် ကုန်သည်တွေသွားရှာတာရော မဖြစ်နိုင် ဘူးလား. . . ၊နေ့တိုင်းလိုလို ဖော်တယ်မှာ ကုန်သည်တွေကို ညစာကျွေး ပြီး လုပ်ငန်းအတွက် စကားတွေပြောနေပြီဟဲ့၊ သူ့ရဲ့စီးပွားရေးလုပ်ငန်း တွေကို ကျောထောက်နောက်ခံကောင်းကောင်းနဲ့ တအားလည်အောင်





လုပ်တော့မှာ. . . ၊ တီးမဟာကနေ တီးစကြာဝဠာတောင် လုပ်ချင် လုပ်ဦးမှာ. . . ၊ နင်ကလည်း ဘာမှမသိဘူး၊ ငါပြောတာ နားထောင်ဖို့ပဲ တတ်တယ်. . . "ဟု ညိုချောက ပြောလေ၏။ ထိုအခါ မောင်မောင်က

"ငါက နားထောင်သမားပါဟယ်. . . ၊ အပြောသမား မဟုတ် ပါဘူး. . . "ဟု ပြောလိုက်ရာ ညိုချောက တခစ်ခစ်ရယ်၍ -

"နားထောင်. . . နားထောင်၊ ငါပြောသမျှကိုပဲ နားထောင်" ဟုဆိုကာ ရယ်မောနေစဉ်၌ပင် ဆရာတော်ဦး. . . . ကျောင်းမှ ဦးဇင်း ဒံပေါက်၏ တုံးခေါက်သံကိုကြားသဖြင့် မောင်မောင်လည်း အိပ်ရာမှ နိုးခဲ့ရလေတော့သတည်း . . .။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၂)

## ဖြူးစ်မောင်မောင်

မောင်မောင်ရှိရာ စည်ကြီးတင်စခန်းသို့ လှဖေရောက်လာလေ၏။ ရာထူးတက်သွားပြီဖြစ်၏။ မောင်မောင်သည် လှဖေ ရောက်သည့်အတွက် လွန်စွာဝမ်းသာမိ၏။ ရာထူးတက်သွားခြင်းအတွက်လည်း များစွာဂုဏ်ယူမိ၏။

"မင်း. . . ငါ့ဆီအလည်လာတာလား. . ."ဟု မောင်မောင်က မေးလိုက်ရာ လှဖေက ရယ်လေ၏။

"ငါက စစ်သားပဲကွာ၊ အားအားလျားလျား ဘယ်လျှောက်လည်နိုင်ပါ့မလဲ၊ ရန်ကုန်ကို လက်နက်ခဲယမ်းမီးကျောက်တွေ ထုတ်ဖို့ ရှမ်းပြည်ဘက်ကနေ ဆင်းလာတာကွ၊ မင်း ဒီမှာရှိတယ်ဆိုတာ သိရလို့ ဝင်တွေ့တာပါ. . ."ဟု လှဖေက ပြန်၍ပြောလေ၏။

"မင်းအတွက် ငါ စိုးရိမ်တယ်ကွ. . ."ဟု မောင်မောင်က ပြောလျှင် လှဖေက ရယ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ စိုးရိမ်နေတာလဲကွာ၊ စစ်သားပဲကွ၊ စစ်တိုက်ရမှာပေါ့၊ မစိုးရိမ်ပါနဲ့ သူငယ်ချင်းရာ၊ ငါက မင်းကို စိုးရိမ်နေတာ. . . အခုလို ကြောင်တောင်တောင်နဲ့ ဆံပင်က အရှည်ကြီးထား၊ မုတ်ဆိတ်နှုတ်ခမ်းမွေးတွေက အရှည်ကြီး၊ ဟိုတောဝင် ဒီတောထွက်နဲ့ ဘာမှလည်းဟုတ်တာမဟုတ်ဘူး၊ မင်းရဲ့အချိန်တွေကို နှမြောလိုက်တာကွာ၊ ဒါနဲ့မေးရဦးမယ်၊ ညိုချောကရော အိပ်မက်ထဲမှာရောက်ရောက်လာတုန်းပဲလား အတော့်ကို ဒုက္ခပေး တဲ့ ညိုချောပဲ၊ မင်းဘဝတစ်ခုလုံးကို သူဟာ လွှမ်းမိုးနေတာပဲ၊ အိပ်မက်ထဲက ရန်သူပဲကွ၊ ငါတို့မှာက ရန်သူတော့ရှိတာပေါ့ကွာ၊ မင်းလိုတော့ အိပ်မက်ထဲကရန်သူမျိုး မဟုတ်ဘူးကွ၊ ငါအကြံပေးချင်တာကတော့ မင်းဟာ စိတ်ရောဂါတစ်မျိုး ဖြစ်နေတယ်နဲ့ တူတယ် စိတ်ရောဂါကုတဲ့ ဆရာဝန်နဲ့တွေ့ပြီး မင်းရောဂါကို ပြကြည့်ဖို့ကောင်းတယ်. . . ."ဟု လှဖေက ပြောလိုက်လျှင် မောင်မောင်က ပြုံးပြီးနေ၍ -

"ဒီမှာလှဖေ၊ ညိုချောဟာ မင်းပြောသလို ရန်သူမဟုတ်ဘူးကွ၊ မိတ်ဆွေကွ၊ သူဟာ ငါ့ရဲ့လမ်းညွှန်ဂိုဒ် (GUIDE)ကွ၊ ငါ့မှာ စိတ်ရောဂါမရှိပါဘူး၊ ငါသိပါတယ်. . ."ဟု ပြန်၍ပြောလေ၏။

"မင်းရဲ့ညိုချောဟာ အပြင်မှာ တကယ်ရှိတဲ့မိန်းမဆိုရင် အမြန်ဆုံးယူလိုက်ဖို့ကောင်းနေပါပြီ၊ ဒီလောက်နှောင့်ယှက်တဲ့ မိန်းကလေးကို မင်းက မိတ်ဆွေလို့ ထင်နေသေးတယ်၊ ဖြစ်နိုင်ရင် ဒီကောင်မလေးကို ငါတရားစွဲချင်တယ်ကွ၊ ဘာပုဒ်မ တပ်ရမလဲတော့ ရှေ့နေနဲ့ တိုင်ပင်ရမှာပေါ့ကွာ၊ ငါ့သူငယ်ချင်းရဲ့ ဘဝကို ဖျက်ဆီးတဲ့ ပုဒ်မပါပဲ၊ ဖျက်ဆီးတဲ့ အပြစ်ပါပဲ. . ."ဟု ပြောကာ လှဖေက သူ့စကားကို သူ သဘောကျ၍ ရယ်ပြန်လေ၏။ ထိုအခါ ၌ မောင်မောင်က -

"အိပ်မက်ထဲကနေ အပြင်ရောက်လာရင်တော့ မင်းပြောသလို တရားစွဲချင်စွဲပါကွာ၊ ဒါနဲ့ ငါပြောရဦးမယ်ကွ၊ ဦးတာတီးတို့ ဇနီးမောင်နှံ





လည်း ငါ့ဆီကို ရောက်လာကြတယ်၊ အတော့်ကို ချမ်းသာသွားပြီ ကိုယ့်လူရေ. . . . တီးမဟာကွန်စရပ်ရှင်းဆိုတဲ့ လုပ်ငန်းနဲ့ သိန်းပေါင်းများစွာ ချမ်းသာသွားပြီ. . ."ဟု မောင်မောင်က ပြောလိုက်လျှင် လှဖေက -

"တစ်ခုတော့ရှိတယ်ကွ၊ ဒီလူကြီးဟာ ဆင်းရဲတဲ့ဒဏ်ကိုတော့ ခံနိုင်ပါတယ်ကွာ၊ ချမ်းသာတဲ့ဒဏ်ကိုတော့ ခံနိုင်မှာ မဟုတ်ဘူးကွ၊ ဘာကိုပဲလုပ်လုပ် အကွက်ချပြီး ပလ္လင်နဲ့ လုပ်တတ်တဲ့အတွက် ချမ်းသာသွားနိုင်တယ်ဆိုတာတော့ ငါမငြင်းပါဘူး၊ ပြီးတော့ ဦးတာတီးအကြောင်း ငါသိတယ်ကွ၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် ပလ္လင်ချရင် နှစ်ခု နှစ်ခု ချထားတာကွ၊ တစ်ခုဟုတ်တာနဲ့ အရေး ပေါ် တစ်ခုလုပ်ဖို့ ကွန်တီဂျန်စီဆိုတဲ့ ပလ္လင်တစ်ခု အမြဲရှိတယ်ကွ၊ မင်းကြည့်လေကွာ၊ ငါ့အစ်မမြရင်နဲ့ လက်တွဲပြုတ်တာနဲ့ ဒေါ်စိန်စိန်ကြီးကို ဖမ်းချိတ်လိုက်တာပဲ၊ အခုလည်း ထိုဆိုင်ကနေ ကွန်စရပ်ရှင်းဖြစ်နေပြန်ပြီ၊ သူ့နည်းက အမြဲတမ်း လှုပ်ရှားနေရတဲ့ နည်းမျိုးကွ၊ လှုပ်ရှားမှုရပ်တာနဲ့ ဗုန်းဗုန်းသား ကျသွားမယ်၊ ဘာနဲ့တူသလဲဆို ဂျင်ကလေးတစ်လုံး လည်ပြီးထောင်နေသလိုပဲ၊ ကြည့်ရင်တော့ လည်နေတာပဲ၊ ဒါပေမယ့် သူ့ခမျာ လည်နေရတာ အလည်ရပ်တဲ့နေ့ဟာ သူလဲတဲ့နေ့ပဲ၊ အဖြစ်နိုင်ဆုံးကတော့ လုပ်ငန်းကြီးတစ်ခုလုပ်တဲ့နေရာမှာ ငွေတွေ ဆွဲလွှဲပြီး လုပ်လိမ့်မယ်၊ အဲဒီလုပ်ငန်းက မမျှော်လင့်ဘဲ ရပ်ဆိုင်းသွားတဲ့ အခါမှာ သူ့ရဲ့ဂျင်ဟာ လဲသွားလိမ့်မယ်၊ သူ့ရဲ့ကွန်တီဂျန်စီပလ္လင်ကလည်း တတ်နိုင်မှာ မဟုတ်တော့ဘူး၊ အဲဒီအခါမှာ လိမ်လည်မှုနဲ့ ဂျေးထဲဝင်သွားလိမ့်မယ်၊ အဲဒါ ဦးတာတီးအတွက် အဖြေပဲကွ၊ ဂျေးထဲမှာပဲ သူ့ဘဝဟာ နိဂုံးချုပ်သွားလိမ့်မယ်"ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်က

"အစ်မမြရင်လည်း ငါ့ဆီကို လာတယ်ကွ"ဟုဆိုကာ စကားကို ရပ်လိုက်လေ၏။

"မင်းပေးခဲ့တဲ့ မော်တော်ကားဟာ လိုင်းမဆွဲဘဲနဲ့ အော်ဒါ လိုက်နေတယ်ဆိုပါတော့ကွာ၊ ကားကို စိတ်မချလို့ဆိုပြီး သူက ကား



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို လျှောက်လိုက်နေမှာပေါ့၊ အမှန်ကတော့ ကားကို စိတ်မချတာ မဟုတ် ဘူး၊ မောင်းတဲ့ ဒရိုင်ဘာကို စိတ်မချတာ၊ မောင်းတဲ့ ဒရိုင်ဘာ ရပ်ဝေးမှာ မိန်းမရှုပ်မှာ၊ အပျော်အပါးလိုက်မှာကို သူ့ရဲ့ ဘတ်စ်ကား ပျက်တာထက်တောင် သူက စိုးရိမ်လိမ့်မယ်ကွ၊ ပြီးတော့ အဲဒီဒရိုင်ဘာ က ခရီးဝေးမောင်းရတဲ့အတွက် ပင်ပန်းတယ်၊ အရက်သောက်ချင်တယ် ဆိုလို့ အရက်တိုက်ရလိမ့်မယ်၊ ကားမောင်းရတာ ခါးညောင်းလို့ဆိုရင် ခါးကို နှိပ်ပေးရလိမ့်မယ်၊ နောက်ဆုံးမှာ အဲဒီဒရိုင်ဘာက ကားတ မကောင်းတော့ဘူး၊ ရောင်းပစ်ပါလို့ လှော်တာနဲ့ သူ ရောင်းပစ်လိမ့်မယ်၊ အဲဒီငွေကို ဒရိုင်ဘာက ယူသွားလိမ့်မယ်၊ နောက်ဆုံးမှာ ဘာမှလုပ်စရာ မရှိတဲ့အတွက် မင်းပေးခဲ့တဲ့ သယ်န်းကျွန်းက အိမ်ကို ရောင်းစားပစ်လိမ့် မယ်၊ အဲဒါပြီးရင် လောကီကို စိတ်ကုန်ပြီဆိုပြီး သီလရှင်ဝတ်ချင် ဝတ်သွားလိမ့်မယ်၊ ဒါမှမဟုတ် ရသေ့မကြီး ဖြစ်ရင်ဖြစ်သွားလိမ့်မယ်၊ အစ်မက ကြာသပတေးသမီးဆိုတော့ သီလရှင်ဝတ်ရင် ဒေါ်ပုညစာရီ ပေါ့ကွာ. . .”ဟု လှဖေက ပြော၍ ၎င်းဘာသာ တဟားဟား ရယ်နေ လေ၏။

“ထားပါတော့ကွာ၊ သူများအကြောင်း၊ မင်းကရော ဘာဖြစ်မှာ တုံး. . .”ဟု မောင်မောင်က မေးလိုက်ရာ လှဖေက -

“ငါက ဘာဖြစ်စရာရှိလို့တုံး၊ နောက်ထပ် ရာထူးတစ်ဆင့် နှစ် ဆင့် ထပ်ပြီးတက်မယ်၊ အသက်စေ့တဲ့အခါမှာ တပ်က အနားယူရမယ်၊ ပင်စင်စားပေါ့ကွာ၊ နောက်တစ်ခုကတော့ ဒဏ်ရာရမယ်၊ အဲဒီအခါ မျိုးမှာလည်း တာဝန်မထမ်းဆောင်နိုင်တော့တဲ့အတွက် အနားယူခွင့်ရ မယ်ပေါ့ကွာ. . . . ဘာပဲဖြစ်ဖြစ် ငါ့တိုင်းပြည်နဲ့ ငါ့လူမျိုးအတွက်ဆိုတော့ ငါလုပ်ပေးနိုင်သလောက် လုပ်ပေးခွင့် ရတာကိုပဲ ငါ့ဘဝကို ငါကျေးဇူး တင်ပါတယ်. . .”ဟု တည်ငြိမ်စွာ ပြောလေ၏။

“ထားပါတော့ကွာ၊ ငါကကောကွာ. . .”ဟု မောင်မောင်က





မေးလိုက်လျှင် လှဖေက -

“မင်းက ဘာဖြစ်စရာရှိလို့လဲ၊ အခုလည်း ရူးနေတာပဲ၊ နောက် ဆက်ပြီး ရူးပေါ့၊ မင်းလိုအရူးမျိုး ထူးတယ်လို့ထင်ပြီး ဆည်းကပ်တဲ့လူမျိုး တွေ ဘာတွေ ပေါ်လာရင်တော့ မင်းဟာ လူထူးတစ်ယောက်ပေါ့ကွာ၊ ပုဂ္ဂိုလ်ထူးပေါ့၊ ဒါပေမယ့် တကယ်ပုဂ္ဂိုလ်ထူးတော့ မဟုတ်ဘူးနော်၊ မင်းဟာ ရူးနေတာ၊ လောကမှာ အရူးကို အထင်ကြီးတယ်ဆိုတဲ့ လူမျိုး တွေလည်း ရှိသေးတယ်ကွ၊ သိပ်တော့ မပူပါနဲ့ သူငယ်ချင်းရယ်” ဟု ပြောလိုက်လေ၏။

“ထားပါတော့ကွာ၊ မင်းပြောသလို ငါဟာ အရူးပဲ၊ ငါ စိတ်မဆိုး ပါဘူး၊ လွတ်လပ်စွာ ရူးခွင့်ရနေတဲ့ငါ့ဘဝကို ကျေးဇူးတင်ပါတယ်၊ အဲဒီလို ရူးနေရုံနဲ့ ပြီးရောလား လှဖေ”ဟု မောင်မောင်က မေးလိုက်ရာ လှဖေက

“မပြီးချင်ရင်တော့ ဟောဒီလို ဆက်ချင်ဆက်လို့ ရသေးတယ် ကွ၊ မင်းဟာ တကယ်ရူးနေရာကနေ ကိုယ့်ဟာကိုယ်လည်း ရူးလို့ ရူးနေ မှန်းမသိတော့ မင်းရဲ့ အရူးစိတ်ကူးတွေကို စာအုပ်အလွတ်တွေမှာ ရေးမှတ်ထားမှာပေါ့ကွာ၊ အဲဒါကို ဖတ်မိတဲ့လူတွေ က ‘သိပ်ကောင်းတာပဲ၊ စာအုပ်ရိုက်ပါလား’လို့ မြှောက်ပေးတဲ့ လူတွေပေါ်လာရင် မင်းစာအုပ် ရိုက်ဖြစ်မှာပေါ့၊ အဖြစ်နိုင်ဆုံးကတော့ မင်းဟာ ညီချောကို အမြဲသတိရ နေတာဆိုတော့ မင်းပထမဆုံးရေးမယ့်စာအုပ်ဟာ ညီချောအကြောင်းပဲ ဖြစ်လိမ့်မယ်၊ ညီချောကိုလည်း ဘယ်သူ့နဲ့မှ မပေးစားနိုင်ဘူး၊ မင်းရဲ့မသိ စိတ်က သိမ်းပိုက်ထားလိမ့်မယ်၊ အဲဒီတော့ မင်းရဲ့ပထမဦးဆုံးဝတ္ထုဟာ “မောင်မောင့်ရဲ့ညီချော” ဒါမှမဟုတ် အဲဒီဝတ္ထုထဲမှာ မဖြစ်မနေ ပါနေ တာကတော့ ငါရယ်၊ ဦးတာတီးရယ်၊ ငါ့အစ်မမြရင်ရယ်၊ ဒေါ်စိန်စိန်ရယ်၊ အဲဒီလေးယောက်ကတော့ မင်းရဲ့ဝတ္ထုမှာ အရံ ဇာတ်ကောင်တွေပေါ့ကွာ၊ မင်းနဲ့ညီချောကတော့ မင်းသားနဲ့ မင်းသမီးပေါ့ကွာ၊ ရေးပါ သူငယ်ချင်း၊ စာအုပ်အဖြစ် ရိုက်ဖြစ်အောင်လည်း ရိုက်ပါ၊ ဖတ်ကြမှာပါ သူငယ်ချင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ အဲဒီစာအုပ်ကို မင်းရေးတဲ့အခါမှာ မင်းရဲ့ငယ်ငယ်က ဆင်းဆင်းရဲရဲ ဖြတ်သန်းလာခဲ့ရတဲ့ ကလေးဘဝ အတွေ့အကြုံတွေ ပါမှာလေကွာ၊ ဖတ်လို့ကောင်းမှာပါ”ဟု ပြောကာ တဟားဟား ရယ်မော ပြန်၏။

“လှဖေ. . . လှဖေ၊ မင်းဆိုတဲ့ကောင်ဟာ ကတ်သီးကတ်သတ် အတော်ပြောတတ်တဲ့ကောင်၊ ဒါတွေထားပါတော့ကွာ၊ ငါက မင်း အတွက် အမြဲတမ်းစိတ်ပူတယ်ကွ၊ ငါ့အတွက်တောင် ငါ ဒီလောက်မပူ ဘူး၊ မင်းအတွက် ပိုပူနေရတယ်. . . . ”ဟု မောင်မောင်က ပြောလိုက် လျှင် လှဖေသည် စိတ်မကောင်းဖြစ်သွား၏။

“မပူပါနဲ့သူငယ်ချင်းရယ်၊ မင်းအတွက်လည်း မပူနဲ့၊ ငါ့အတွက် လည်း မပူနဲ့၊ ငါ့အစ်မမြရင်အတွက်လည်း မပူနဲ့၊ တို့ဆရာ ကိုတာတီးကြီး အတွက်လည်း မပူနဲ့၊ တကယ်ပြောရရင် မင်းတို့ငါတို့တွေဟာ ငါးဆယ့် ကျော် ကျောက်လောက်ရှိတဲ့ သားရေအိတ်ရှည်မျော မျောထဲမှာ အသား အချို့ရယ်၊ သွေးအချို့ရယ်၊ အရိုးအချို့ရယ် စုစည်းပြီး ထုပ်ထားတဲ့ အထုပ်တွေပါကွာ၊ သိပ်ပြီးထူးဆန်းတယ် မဟုတ်ပါဘူး၊ အဲဒီအထုပ်တွေ အတွက်တော့ ပူမနေပါနဲ့တော့. . . ” ဟု လှဖေက ခပ်ပေါ့ပေါ့ ပြန်၍ ပြောလိုက်လေ၏။

“ဒီလိုတော့ မဟုတ်သေးဘူးထင်တယ် လှဖေရဲ့၊ ငါတို့ဟာ မင်းပြောသလို အထုပ်သက်သက်တော့ မဟုတ်ဘူးကွ၊ ငါတို့မှာ အသက် တွေရှိတယ်လေကွာ၊ မင်းဆိုတဲ့ လှဖေမှာလည်း အသက်နဲ့၊ မောင်မောင် ဆိုတဲ့ ငါ့မှာလည်း အသက်နဲ့ပဲ၊ တို့ဆရာ ဦးတာတီးကြီးမှာလည်း အသက် နဲ့လေကွာ၊ အထုပ်ကြီးသက်သက်မှာ မဟုတ်ဘဲ” ဟု မောင်မောင်က ပြန်၍ပြောလိုက်လျှင် လှဖေသည် စီးကရက်တစ်လိပ်ကိုထုတ်ယူ၍ မီးညှိ ရှိုက်ဖွာပြီးလျှင် မောင်မောင့်မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက် လေ၏။





“လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကနေ ရပ်ကွက်ထဲကို လျှပ်စစ်ဓာတ်အားတွေ ပေးထားသလိုပါပဲ၊ မင်းအိမ်မှာ လင်းနေတဲ့ မီးကို မင်းရဲ့မီး မင်းရဲ့လျှပ်စစ်အားလို့ ယူဆတာပေါ့ကွာ၊ ငါ့အိမ်မှာ လင်းနေတဲ့ မီးကိုလည်း ငါ့ရဲ့လျှပ်စစ်မီးလို့ ယူဆတာပေါ့၊ အမှန်က တော့ အသက်ဆိုတဲ့ ဓာတ်ဟာ မင်းဟာ ငါ့ဟာ မဟုတ်ဘူးကွ၊ အများနဲ့ ဆိုင်တဲ့ ဖို့စ်(FORCE)တစ်ခုပဲ၊ အဲဒါကလည်း အစဉ်သဖြင့် ရှိနေတယ်၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ မင်းအိမ်မှာ ဖျူးစ်ပြတ်သွားရင် မင်းအိမ်ကမီး ပြတ်သွားတာပေါ့၊ ငါ့အိမ်နဲ့မဆိုင်ဘူး၊ ဓာတ်အားကတော့ တစ်ခုတည်း ပါပဲကွာ၊ ဖျူးစ်တွေက သီးခြားဖြစ်နေတာပါ၊ ဓာတ်အားဟာ ရှင်ခြင်းပဲ၊ ဓာတ်အားဟာ အသက်ပဲ၊ အဲဒါဟာ သဘောတစ်ခုပဲ၊ မင်းဟာလည်း မဟုတ်ဘူး၊ ငါ့ဟာလည်း မဟုတ်ဘူး၊ ဖျူးစ်ဆိုတာကတော့ အလွန်သေး ငယ်တဲ့ ကြိုးငယ်လေး မဟုတ်လား၊ ဒါကတော့ မင်းအိမ်မှာလည်း ဖြစ်နိုင် တယ်၊ ငါ့အိမ်မှာလည်း ပြတ်နိုင်တယ်၊ အဲဒါ လေးပြတ်သွားရင် သေတယ် ပေါ့ကွာ. . . . ” ဟု လှဖေကပြောလျှင် မောင်မောင်သည် ခေါင်းကို တဖျင်းဖျင်းကုတ်လေ၏။ ထို့နောက်မှ -

“မင်းပြောသလိုဆိုရင် ဖျူးစ် မပြတ်ဖို့ အရေးကြီးတာပေါ့ကွ” ဟု ပြောလိုက်လျှင် လှဖေက -

“ဒါပေါ့ ဖျူးစ်မောင်မောင်ရယ်. . . . ”ဟု ပြောလိုက်လေတော့ သတည်း. . . ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၃)

## အညံ့စားမောင်မောင်

မောင်လှဖေ ပြန်သွားပြီးနောက် မောင်မောင်သည် သူ၏ ဒိုင်ယာရီတွင် လှဖေရောက်လာသည့်အကြောင်း ရေးမှတ်ထားလိုက်၏။ လှဖေ ပြောသွားသည့် စကားများကိုလည်း ရေးမှတ်ထားခဲ့လေ၏။

နောက်တစ်လကြာသောအခါ၌ မောင်မောင်သည် ဒေးစွန်ပါဘက်စီသို့ ပြောင်းရွှေ့လာခဲ့လေ၏။ ထိုသို့ ပြောင်းရွှေ့ခဲ့သည်မဟုတ်။ အိပ်မက်ထဲမှ ညီချော်က ပြောင်းပါဆို၍ ပြောင်းခဲ့ခြင်း ဖြစ်၏။

ဒေးစွန်ပါသို့ရောက်လျှင် ရသေ့ကြီးတစ်ဦး၏ အနီး၌ နေရာရသဖြင့် စခန်းချခဲ့လေ၏။ မောင်မောင် ဒေးစွန်ပါသို့ရောက်ပြီး တစ်လခန့်အကြာ၌ ဒေါ်စိန်စိန် ရောက်လာလေ၏။

ဒေါ်စိန်စိန်၏ မျက်နှာသည် လွန်စွာညိုးချုံးနေ၏။ မောင်မောင်က ဒေါ်စိန်အား -

"ဆိုပါဦး. . . ဘာတွေဖြစ်လာတာလဲ. . ."ဟု မေးလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်စိန်က -

"ကိုကိုတီး အချုပ်ထဲရောက်သွားပြီး. . ."ဟု အရင်းမရှိ အဖျားမရှိ ပြောလိုက်လေ၏။

"ဘယ်လိုဖြစ်လို့ အချုပ်ထဲရောက်သွားတာတုံး. . ."ဟု မောင်မောင်က မေးလိုက်လျှင် -

"အဆောက်အဦးတစ်ခု တာဝန်ယူပြီးဆောက်တာဟေ့. . . . အဲဒီအဆောက်အဦးက မပြီးခင်မှာ အကြောင်းတစ်ခုနဲ့ ရပ်လိုက်ရတော့ ငွေကပြန်မပေါ်ဘူး. . . . ငွေဆိုတာကလည်း တို့ပိုင်မဟုတ်ဘူးလေ ကုမ္ပဏီတစ်ခုကနေယူပြီး လုပ်ရတော့. . . . ဒီငွေ ပြန်မဆပ်နိုင်တဲ့ အတွက် လိမ်လည်မှုနဲ့ အမှုဖွင့်တော့ အချုပ်ထဲရောက်သွားတာပေါ့ ကွယ်. . . .၊ အခု ငါလာ တာက ရှိတဲ့ပစ္စည်းတွေရောင်းဖို့ ကိုကိုတီးက ပြောတယ်. . . အိမ်တွေ၊ ကားတွေပေါ့ကွယ်. . . အဲဒါ ငါလည်း ဘာမှ မလုပ်တတ်ဘူး၊ အချုပ်ထဲကနေ ကိုကိုတီးက မင်းဆီကိုသွားတဲ့. . . . မင်းကို လုပ်ခိုင်းတဲ့. . . . မင်းကိုလုပ်ခိုင်းတဲ့ဆိုလို့ လာခဲ့တာ ဟေ့. . . ." ဟုဆိုကာ အပူကပ်လေ၏။ ထို့ကြောင့် မောင်မောင်လည်း ဂန္ဓာရီရသေ့ဘဝမှ ခေတ္တရပ်၍ ရန်ကုန်သို့တက်ကာ ကားများ၊ အိမ်များ ရောင်းရသော ဘဝသို့ ရောက်လေတော့၏။ ရောင်းရသမျှငွေကိုလည်း ကြွေးသွင်းစရာရှိသောကုမ္ပဏီသို့ ပေးသွင်းပေးလေ၏။ သို့ရာတွင် ငွေများ ကျန်သောကြောင့် ထိုအမှုနှင့်ပင်ဦးတာတီးသည် ထောင်ကျသွားလေတော့၏။

ဦးတာတီး ထောင်ကျသွားသောအခါ၌ ဒေါ်စိန်စိန်လည်း နေစရာမရှိသောကြောင့် ယောဂီဝတ်ကာ မောင်မောင်စခန်းသို့ ရောက်လာလေတော့၏။

မောင်မောင်၏စခန်းတွင် မီးဖို၌ နေထိုင်၍ ထမင်းဟင်းများ ချက်ပေးလေ၏။ ထိုအဖြစ်အပျက်များဖြစ်ပြီး များမကြာမီ၌ လှဖေ



အစ်မမမြရင် ရောက်လာပြန်၏။ မောင်မောင်က အကျိုးအကြောင်းကို မေးမြန်းရာ -

"ဒီလိုဟေ့. . . . ရသေ့ကြီးမောင်မောင်ရဲ့၊ ကားက မကောင်းတော့ ရောင်းပစ်လိုက်ရတယ်. . . ရောင်းလို့ရတဲ့ ငွေကိုလည်း ဒရိုင်ဘာက လိမ်သွားတယ်၊ အဲ ဒီအတောအတွင်း တခြားက ဆွဲလွဲပြီး သုံးထားတဲ့ အကြွေးတွေကလည်း တော်တော် လေးနစ်နေပြီလေ. . .၊ ဒါကြောင့် မင်းပေးထားတဲ့ အိမ်လေးကို အစ်မက ရောင်းပစ်လိုက်ချင်တယ်၊ သက်သက်သာသာရမယ့် နေရာလေးမှာ ပြန်ဝယ်မယ်ကွယ်၊ လိုတဲ့ ပိုက်ဆံလေးနဲ့ အလုပ်လုပ်ရတာပေါ့. . . .၊ ဒါပေမယ့် အိမ်က မင်း နာမည်နဲ့ဆိုတော့ အစ်မရောင်းလို့ရမှာ မဟုတ်ဘူး. . . .၊ မင်းပဲ ရောင်းပေးပါ. . . . " ဟု ဆိုလေ၏။ ထို့ကြောင့် မောင်မောင်လည်း ရန်ကုန်သို့ တက်၍ အိမ်ကိုရောင်းပေးရလေ၏။ ရောင်းရသောငွေ အားလုံးကိုလည်း မမြရင်အား တစ်ပြားတစ်ချပ်မကျန်ပေးလိုက်လေတော့၏။

မောင်မောင်သည် ၁၅ ရက်တစ်ကြိမ် ဒေါ်စိန်စိန်အား ငွေထုတ်ပေးရလေ၏။ အဘယ့်ကြောင့်ဆိုသော် ဒေါ်စိန်စိန်သည် ၁၅ ရက်တစ်ကြိမ် ဦးတာတီးအား ထောင်ဝင်စာသွား၍ တွေ့ရသောကြောင့် ဖြစ်၏။

ဦးတာတီးသည် ထောင်ဝင်စာလာတွေ့သော ဒေါ်စိန်စိန်အား "မောင်မောင့်ကို ပြောလိုက်. . .၊ ရသေ့လိုလို. . . ယောဂီလိုလို လုပ်မနေနဲ့"ဟူ၍ အစဉ်လိုလိုမှာတတ်လေ၏။ တစ်ခါတရံလည်း မောင်မောင့်ကို တွေ့ချင်သည်ဆို၍ မောင်မောင် ကိုယ်တိုင် ထောင်ဝင်စာသွားတွေ့ရသည်လည်း ရှိ၏။

တစ်နေ့တွင် မောင်မောင်သည် သပြေပင်အောက်တွင် ပုတီးထိုင်၍ စိပ်နေ၏။ ထိုအချိန်၌ သီလရှင်တစ်ပါးသည် မောင်မောင်ရှိရာသို့ လျှောက်လာ၏။ မောင်မောင်လည်း ပုတီးစိပ်ပြီးပြီဖြစ်၍ ထိုသီလရှင်ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်း၍ကြည့်မိလေ၏။ ထိုသီလရှင်သည် မောင်မောင်အနီးသို့ ရောက်လာ၏။ မောင်မောင်လည်း သီလရှင်ကို အနီးကပ် တွေ့မြင်လိုက်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ အဘယ့်ကြောင့်ဆိုသော် ထိုသီလရှင်မှာ အခြားသူမဟုတ်ဘဲ လှဖေ၏ အစ်မမမြရင် ဖြစ်နေသောကြောင့်ဖြစ်၏။ မောင်မောင်သည် ကပျာကယာ ထိုင်ရာမှ ထ၍ -

"အစ်မ. . . အဲအဲ. . . . ယောင်လို့ယောင်လို့ ဆရာလေး ထိုင်ထိုင်. . . ဘယ်တုန်းက အဝတ်လဲလိုက်တာလဲ. . ." ဟု မေးလိုက်ရာ သီလရှင်က -

"ဒီလပြည့်နေ့ကပဲ. . . လူ့လောကကြီးမှာ ဒုက္ခတွေက တရစပ်လာလွန်းလို့ဟော့. . . . လူ့ဘဝကို ငြီးငွေ့ပြီး ဒီဘဝကို ရောက်လာရတာပဲ. . . ဆရာလေးဘွဲ့က မပုညစာရီတဲ့"ဟု ပြောလိုက်လျှင် မောင်မောင်သည် လှဖေကို ကွက်ကနဲ သတိရသွားလေတော့၏။

"တော်လိုက်တဲ့ သူငယ်ချင်းရာ၊ မင်းပြောတာတွေဟာ ကွက်တိပါပဲ. . ." ဟု စိတ်တွင်းမှ ရေရွတ်လိုက်မိလေတော့၏။

ထို့နောက် သီလရှင်ဒေါ်ပုညစာရီ ခေါ် ဒေါ်ပုညက -

"စိန်စိန်လည်း ဒီမှာရောက်နေ တယ်လို့ပြောတယ်. . ." ဟု ပြောလိုက်စဉ်၌မှာပင် ဒေါ်စိန်စိန်လည်း အနီးသို့ရောက်လာပြီးကာ ဒေါ်ပုညကိုမြင်လျှင် ဖိနပ်ကို ကပျာကယာချွတ်၍ ပြေး၍ဖက်ကာ ကြုံကြုံပါအောင် ငိုလေတော့၏။ ဒေါ်ပုညလည်း ဒေါ်စိန်စိန်၏ ခေါင်းကို ပွတ်သပ်၍ ချော့၏။ သို့ရာတွင် သူကိုယ် တိုင်၏ မျက်လုံးအိမ်မှလည်း မျက်ရည်များစီးကျနေပြီဖြစ်၏။ သို့သော် သီလရှင်ဖြစ်နေခြင်းကို သတိရ၍ မျက်ရည်သုတ်ကာ ဣန္ဒြေဆည်လိုက်လေ၏။ ထိုအခါ၌ ဒေါ်စိန်စိန်က -

ဆရာလေးရယ်. . . ကိုကိုတီး ထောင်ထဲရောက်နေတယ်. . . ဟုပြောလိုက်ရာ ဒေါ်ပုညက -



"ဘဝ ဘဝက ဝဋ်ကြွေးတွေပေါ့ စိန်စိန်ရယ်. . . . "ဟု နှစ်သိမ့်စကားပြောလေ၏။ ထို့နောက် ဒေါ်စိန်စိန်က ဒေါ်ပုညအား နံ့နက်စာ လှူဒါန်းလေ၏။ ထမင်းစားရင်း ဒေါ်ပုညက မောင်မောင့်ကို ခေါ်၍

"မောင်မောင်. . . . ငါ့မှာနေဖို့ ဇရပ်လည်းမရှိဘူး၊ ဒီမှာက စိန်စိန်လည်း အဖော်ရှိတယ်ဆိုတော့ ဆရာလေး ဒီမှာနေချင်တယ်. . ." ဟု ပြောရာ မောင်မောင်သည် လွန်စွာစိတ်ရှုပ်သွား၏။ သို့ရာတွင် မနေနဲ့ဟု ပြောရန်မဖြစ်နိုင်သောကြောင့် -

"ဆရာလေးရယ်. . . ဇရပ်လည်း ဆောက်မနေနဲ့တော့. . . အစ်မစိန်နေတဲ့ ဟောဟိုက ပျဉ်ထောင်အဆောက်အဦးလေးထဲမှာပဲ နေပေါ့. . . တစ်ဦးကိုတစ်ဦး အဖော်သဟဲပြုရတာပေါ့. . ." ဟု ပြန်၍ ပြောလေ၏။ ထိုအခါ၌ ဒေါ်ပုညက -

"ပြီးတော့ မောင်မောင်ရဲ့. . . ဆရာလေးမှာက သီလရှင် အဝတ်အစား အပြည့်အစုံမရှိဘူး၊ အဲဒါလည်း လှူဒါန်းဦး. . . "ဟု ပြောလေ၏။ မောင်မောင်သည် သီလရှင်အဝတ်အစားများအတွက် ဝတ္ထုငွေကို လှူဒါန်းလိုက်ရပြန်၏။ ထို့နောက် ဒေါ်ပုညက -

"အဝတ်အစားချည်းဝယ်ပေးလို့ မဖြစ်သေးဘူးဟဲ့၊ အဲဒါတွေထည့်ဖို့ သေတ္တာကလည်း သံသေတ္တာမလုပ်ပါနဲ့ဟယ်. . . ခရီးသွားတဲ့လာတဲ့အခါ ယူသွားလို့ရအောင် ယိုးဒယားကလာတဲ့ ဖိုင်ဘာ သေတ္တာဝယ်ပြီးလှူစမ်းပါ. . . "ဟု ပြောလေ၏။ မောင်မောင်လည်း ငွေလှူရပြန်၏။ ထို့နောက် ဒေါ်ပုညက -

"သာဓုပါ မောင်မောင်ရယ်. . . နင်ကတော့ သေရင်နတ်ပြည်ကို ရောက်မှာ. . . ၊ တစ်ခုပြောရဦးမယ်ဟဲ့. . . . သီလရှင်ဆိုတာ ညစာစားလို့ရတာမဟုတ်ဘူး၊ ရေနွေးကြမ်းလေး ထန်းလျက်လေးပဲ သားခွင့်ရှိတာ၊ ဓာတ်ဘူးကြီးကြီးတစ်လုံးဝယ်ပြီးလှူပါဦး"ဟုဆိုသဖြင့် မောင်မောင်လည်း ဓာတ်ဘူးအပါအဝင် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူ

www.burmeseclassic.com



ရန်အတွက် လှူဒါန်းရပြန်၏။ ရသေ့မကြီး ဒေါ်စိန်စိန်နှင့် ဆရာလေး ဒေါ်ပုညတို့သည် အစဉ် သဖြင့် တပူးတွဲတွဲနေကာ စကားတတွတ်တွတ် ပြောနေတတ်ကြ၏။ ဒေါ်စိန်စိန်က ထမင်းချက်လျှင် ဒေါ်ပုညက မတ်တတ်တံမြက်စည်း တစ်ချောင်းဖြင့် သစ်ရွက်များကို လှဲနေတတ်၏။ နှစ်ယောက်သား အတူ ဘုရားဝတ်တက်ကြ၏။ နှစ်ယောက်သားအတူ ပုတီးစိပ်ကြ၏။

တစ်နေ့တွင် မောင်မောင်သည် ငွေထုတ်ရန်အတွက် ရန်ကုန်သို့ ထွက်လာခဲ့လေ၏။ ပန်းဆိုးတန်းတစ်နေရာသို့ရောက်လျှင် လှဖေနှင့် တွေ့လေတော့၏။ လှဖေလည်း ယူနီဖောင်းအပြည့်ဝတ်ထား၏။ မောင်မောင်မျက်စိတွင် လှဖေသည် လွန်စွာကြည့်၍ ကောင်းနေ၏။ ယောကျ်ားပီသသော အရပ်အမောင်းနှင့် လှဖေ၏ ရုပ်ရည်သည် ယူနီဖောင်းနှင့် လွန်စွာလိုက်ဖက်လှ၏။ ၎င်းတို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ လက်ဖက်ရည်များ မှာယူကြလေ၏။ မောင်မောင်သည် လှဖေအား ဦးတာတီး၊ ဒေါ်စိန်စိန်နှင့် မြရင်တို့အကြောင်းကို ပြောပြလေ၏။ လှဖေက ပြုံးလေ၏။

"အဲဒီနှစ်ယောက်ကတော့ ကြည့်ရတာကိုက စိတ်ချမ်းသာစရာပဲကွာ. . . . ရသေ့မနဲ့ သီလရှင်တို့ဟာ ညီအစ်မအရင်း တွေလိုပဲ. . . . ချစ်လိုက်ကြတာလည်း မပြောနဲ့တော့. . . . တစ်ဦး နေမကောင်းရင် တစ်ဦးက ပြုစုလို့. . . အစတုန်းကတော့ သူတို့ ရောက်လာတဲ့အတွက် ငါ့မှာ အနှောင့်အယှက်ဖြစ်သလိုပဲ. . . . အခုတော့ မဖြစ်တော့ဘူးဟေ့. . . . ငါ့ကိုလည်း ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးတယ်. သူတို့ နှစ်ယောက်ကို ကြည့်ရတာကိုက စိတ်ချမ်းသာတယ်ကွာ. . . ငါ့အတွက်တော့ အစ်မနှစ်ယောက်ရတာပါပဲ. . . တို့ဆရာ ဦးတာတီးကြီးအတွက်တော့ ပူရတယ်ဟေ့. . . "ဟု မောင်မောင်က ပြောလိုက်လျှင် လှဖေသည် ပြုံး၍နေ၏။



"မင်းကလည်း ပြုံးပဲနေတာပဲ၊ ပြောစမ်းပါဦး လှဖေရ. . . ." ဟု မောင်မောင်က ပြောလိုက်လေ၏။ ထိုအခါ၌ လှဖေသည် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာပြီးနောက် -

"ဒီလိုရှိတယ်မောင်မောင်ရေ. . . အဲဒီနှစ်ယောက်ဟာ ထမင်းရောင်းခဲ့ကြတဲ့ ထမင်းသည်တွေကွ၊ တစ်နေ့မှာ လက်ရှိဘဝကို ငြီးငွေ့လာရင် နှစ်ယောက်ပေါင်းပြီး ထမင်းပြန် ရောင်းကြလိမ့်မယ်"ဟု လှဖေက ပြောလျှင် မောင်မောင်က -

"ဖြစ်နိုင်ပါ့မလားသူငယ်ချင်းရာ. . . သူတို့နှစ်ယောက် စလုံးမှာ အရင်းအနှီးဆိုလို့ ဗလာနတ္ထိကွ၊ အရင်းအနှီးမရှိဘဲနဲ့ ထမင်းဆိုင်ဖြစ်မှာတဲ့းကွ. . . "ဟု ပြန်၍ပြောလေ၏။ ထိုအခါ လှဖေက -

"အရင်းအနှီးက မခက်ပါဘူးကွာ. . . မင်းဟာ ဒေါ်စိန်စိန်ကြီးကို နေ့တိုင်းဈေးဝယ်ခိုင်းနေတာပဲ၊ အဲဒီဈေးဖိုးထဲက မသိမသာ ဖြောင်ပြီးစုထားရင် ထမင်းဆိုင် (၁၀)လုံးလောက်တောင် တည်လို့ရမယ်ကွ. . . " ဟု ပြောလိုက်ရာ မောင်မောင်က -

"ဖြောင်လို့မရပါဘူးကွာ. . . ဈေးဖိုးက စာရင်းနဲ့အင်းနဲ့ ငါ့ကိုပြန်ပြီးပြရတယ်ကွ. . . "ဟု ပြောလိုက်လေ၏။ ထိုအခါ လှဖေက -

"အဲဒီစာရင်းလုပ်လို့ကို ဖြောင်လို့ရတာကွ၊ ဆီဆိုတာက ဟင်းထဲဘယ်လောက်ထည့်တယ်လို့ စစ်လို့ရတဲ့ပစ္စည်းမျိုး မဟုတ်ဘူးကွ၊ အကုန်ပြလို့ရတယ်၊ အဲဒီအရင်းအနှီးလေးရရင် မင်းနေတဲ့စခန်းရဲ့ ဘေးကရွာထဲကို ငွေတိုးလေးဘာလေး ချေးထားလို့တောင် ရသေးတယ်၊ အဲဒီငွေလေး အထုပ် ဖြစ်လာတဲ့အချိန် လက်ရှိဘဝကိုလည်း ငြီးငွေ့လာတဲ့အချိန်မှာ သူတို့ထွက်သွားကြလိမ့်မယ်၊ ရန်ကုန်မှာတော့ ဘယ်တိုးနိုင်မလဲကွာ၊ ထွက်ရင် သကြံန်နားကပ်ပြီး ရွှေစက်တော်ဘုရားပွဲတော်မှာ ထွက်ဖြစ်လိမ့်မယ်ကွ. . . ဆိုင်နာမည်ကလည်း ငါ့အထင်ပြောရရင်တော့ နှစ်ယောက် နာမည်ပါအောင် "စိန်နဲ့မြ" ထမင်းဆိုင်ပေါ့ကွာ၊ ဒါမှမဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com

လည်း သူတို့နှစ်ယောက်ဟာ တစ်ကြောပြန်ပြီး တွဲကြတဲ့အတွဲဆိုတော့ "စိန်တစ်ရစ် မြတစ်ရစ်"လို့တောင် ပေးချင် ပေးကြလိမ့်မယ်ကွ. . . ." ဟု ပြော၍ တဟားဟား ရယ်နေလေ၏။

ထို့နောက် လှဖေနှင့် မောင်မောင်သည် လမ်းခွဲကြလေ၏။ လမ်းခွဲခါနီး၌ လှဖေက -

"မင်းကတော့ကွာ. . . ငါ့အစ်မနဲ့ ဒေါ်စိန်ကြီး နှပ်တာကိုခံရမယ့် အနှပ်ခံတစ်ယောက်ပါပဲကွာ. . . . မင်းဟာလေ. . . . အခုထက်ထိ အညာခံနေရတုန်းပဲ. . . . တကယ့်ကို အညံ့စား ကောင်ပါပဲကွာ"ဟု ပြော၍ ပုခုံးကိုပုတ်ကာ ထွက်ခွာသွားလေတော့သတည်း။

❀ ❀ ❀ ❀ ❀




www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၄)

## မှတ်စုမောင်မောင်

မောင်မောင်သည် ဒေါ်စိန်စိန်ပြသော ဈေးဖိုးစာရင်းများကို အစဉ်သဖြင့် စစ်ဆေးလေ့ရှိ၏။ အထူးသဖြင့် စစ်ဆေးသည်မှာ ရေတွက်ရန်ခက်သော ပစ္စည်းများဖြစ်သည်။ ဆီဖိုး၊ ဆန်ဖိုး စသည်များဖြစ်၏။ ဒေါ်စိန်စိန်သည် စာရင်းကို စနစ်တကျရေး သွင်းထား၏။

စာရင်းစစ်သည့်အခါတိုင်း စာရင်းစာအုပ်ပြရင်း အစဉ်လိုလို ဒေါ်စိန်စိန် ပြောတတ်သည့်စကားမှာ -

"ဈေးဖိုးက မလောက်ဘူးဟဲ့. . .၊ ဒီကြားထဲ နင်က ညှော့သည် သိပ်များတာ၊ လာတဲ့ဧည့်သည်တိုင်းကလည်း လက်ဖက်ရည် မဟုတ်ရင် ကော်ဖီသောက်ကြတာဆိုတော့ နို့ဆီဖိုး၊ သကြားဖိုး၊ လက်ဖက်ခြောက်ဖိုး၊ ကော်ဖီမှုန့်ဖိုးက နေ့တိုင်းထွက်နေတာ၊ ဈေးဖိုးထဲကနေ အဲဒီပစ္စည်းတွေ ဝယ်ရတာဆို သိပ်ပြီး ကသီတာဟဲ့. . ."ဟု ပြောတတ်လေ၏။ ထိုသို့ ပြောတိုင်းလည်း ဒေါ်ပုညကဝင်၍ ထောက်ခံတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဒေါ်ပုညက မောင်မောင့်အား -

"မောင်မောင်ရေ. . . ဆရာလေးတော့ စကု မရောက်တာကြာလို့. . . . စကုကိုသွားချင်တယ်၊ ရွှေစက်တော်ဘုရားပွဲလည်း စပြီဆိုတော့ အဲဒီဘုရားမှာ အဓိဋ္ဌာန်လေးဘာလေး ဝင်ချင်တယ်၊ သွားရင်တော့ တစ်ယောက်တည်းမသွားဘူး၊ စိန်စိန်ကိုပါ ခေါ်သွားမယ်၊ သူလည်း ရွှေစက်တော်မရောက်တာကြာပြီ"ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က -

"သွားပါဆရာလေး. . . . အစ်မစိန်ကို ခေါ်မယ်ဆိုရင် လည်း ခေါ်သွားပါ. . . ." ဟု ခွင့်ပေးလိုက်လျှင် ဒေါ်ပုညနှင့် ဒေါ်စိန်စိန်တို့သည် ထွက်သွားကြလေတော့၏။ မောင်မောင်လည်း ၎င်းတို့ မရှိသောကြောင့် ကိုယ်တိုင်ဈေးဝယ်၍ ကိုယ်တိုင်ချက်ပြုတ်ရမည့် အခြေအနေသို့ ရောက်သွားလေတော့၏။ ထို့ကြောင့် ဘုရားကြီးဈေးသို့ ဈေးဝယ်ရန် ထွက်လာခဲ့ပြီး ဝယ်နေကျ ကုန်စုံဆိုင်သို့ ဝင်လေ၏။ ထိုကုန်စုံဆိုင်မှ ဆိုင်ရှင်ဖြစ်သော ကိုမြင့်စိုး အောင်က လက်ဖက်ရည် တိုက်ပါရစေဟုဆိုကာ မောင်မောင့်အား လက်ဖက်ရည်တိုက်လေ၏။ မုန့်ဟင်းခါးကျွေးချင်သည်ဟုဆိုကာ မုန့်ဟင်းခါးလည်း ကျွေးလေ၏။ မောင်မောင်လည်း လက်ဖက်ရည်သောက်၏။ မုန့်ဟင်းခါးစား၏။ ထိုအချိန်မှာပင် ကိုမြင့်စိုး အောင်က -

"နေပါဦးဗျာ. . .၊ ဦးမောင်မောင်ရဲ့ အဓိဋ္ဌာန်စခန်းက ဒေါ်ပုညရယ်. . . ဒေါ်စိန်စိန်ရယ်ကို ဘယ်ကိုလွှတ်လိုက်တာတုံး၊ ဒန်အိုးတွေ၊ ပန်းကန်တွေဝယ်ချင်တယ်ဆိုလို့ ကျွန်တော်ပဲလိုက်ပြီး ဝယ်ပေးလိုက်ရတယ်. . .၊ ဦးမောင်မောင်ရဲ့စခန်းမှာ ပန်းရံ လာလုပ်တဲ့ ကျွန်တော်တို့ ဘုရားကြီးက မောင်ကျော်မြိုင်ကိုတောင် အဖော်လိုက်ခဲ့ပါဆိုလို့ သူတို့နဲ့ လိုက်သွားရတယ်. . .၊ နွားခြင်ထောင်သားပိတ်နဲ့ချုပ်ထားတဲ့ ပိတ်ဆိုင် ဘုတ်ကြီးတစ်ချပ်လည်း ပါလေရဲ့. . . . အဲဒီဆိုင်းဘုတ်မှာ စာရေးချင်





တယ်ဆိုလို့ ဟောဟိုနားက ကားနံပါတ်ရေးတဲ့ ဆရာဆီမှာ အပ်ပေးရသေးတယ်. . .၊ ဘာတဲ့၊ ဘာတဲ့. . . သူတို့ရေးသွားတဲ့စာက "စိန်တရစ်၊ မြတစ်ရစ် ထမင်းဆိုင်"တဲ့ဟု ပြောလိုက်လျှင် မောင်မောင်သည် လှဖေကို သတိရ၍ ပြုံးလိုက်လေတော့၏။ ထို့နောက်မှ -

"ကျုပ်ကိုပြောသွားတာတော့ ဒေါ်ပုညက သူ့မြို့ကို မရောက်တာကြာလို့ ပြန်ချင်တယ်၊ ရွှေစက်တော်မှာ အဓိဋ္ဌာန်ဝင်ချင်တယ်လို့ ပြောသွားတာပဲ၊ အမှန်ကတော့ သူတို့နှစ်ယောက်စလုံး လူဝတ်လဲကြမယ်၊ ပြီးတော့ ရွှေစက်တော်ဘုရားပွဲမှာ ထမင်းဆိုင် ဖွင့်ကြလိမ့်မယ်ထင်တယ်၊ သူတို့မှာ အဖော်မရှိလို့ မောင်ကျော်မြိုင်ကို ခေါ်သွားတာဖြစ်မှာပါ. . ."ဟု မောင်မောင်က ပြောလိုက်လျှင် ကိုမြင့်စိုးအောင်က -

"ဟုတ်လိမ့်မယ်၊ ဟုတ်လိမ့်မယ် အကျီတွေ ထဘီစတွေလည်း ဝယ်ကြသေးတယ်၊ မောင်ကျော်မြိုင်အတွက်တောင် ဘောင်းဘီပွပွကြီး တစ်ထည် ဝယ်ပေးသေးတယ်. . ."ဟု ပြောလေ၏။

မောင်မောင်လည်း ကိုမြင့်စိုးအောင်နှင့် လမ်းခွဲပြီးနောက် *ဝယ်ခြမ်းစရာရှိသည်များကို ဝယ်ခြမ်း၍ သူ၏စခန်းသို့* ပြန်လာပြီးလျှင် ကိုယ်တိုင်ပင်ချက်ပြုတ်၍ စားသောက်ရလေတော့၏။ မောင်မောင်သည် ၎င်းနေထိုင်ရာတဲလေးရှေ့ရှိ စားပွဲပေါ်တွင်ထိုင်နေ၏။ လမှာ ထိန်ထိန်သာနေသောကြောင့် တစ်စုံတစ်ယောက်ကို လွမ်းဆွတ်သကဲ့သို့ ရှိနေလေ၏။ ထိုအချိန်၌မှာပင် သင်းပျံ့သောရနံ့တစ်မျိုးကို ရှူရှိုက်မိပြီးနောက် ညိုချော ရောက်လာလေတော့၏။ ညိုချောမျက်နှာသည် ပြုံးစစနှင့် မောင်မောင့်အား လှောင်ပြောင်သကဲ့သို့ ရှိလေတော့၏။ ထို့နောက်

"ဘယ်လိုလဲ. . . ဆရာကြီး. . . ကိုယ်တိုင် ဈေးသွား၊ ကိုယ်တိုင် ထမင်းချက်နဲ့ ပင်ပန်းနေပြီလား" ဟု ပြောလိုက်လျှင် မောင်မောင်က

"ဘယ်ရောက်နေတာလဲ ညိုချော၊ ငါ့ဆီ မလာတာတောင် ကြာပြီနော်. . .၊ မဟုတ်မှလွဲရော. . . ဘာတွေညာတွေ တွေ့နေပြီ

www.burmeseclassic.com



ထင်တယ်. . . "ဟု ပြောလိုက်လျှင် ညိုချောသည် အသံလွင်လွင်ကလေးဖြင့် တခစ်ခစ်ရယ်လေ၏။

"ဒီလိုရှိတယ် မောင်မောင်ရဲ့. . .၊ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ဘယ်လောက်ပဲခင်ခင် ချစ်သူဖြစ်ချင်မှ ဖြစ်တာ. . .၊ ရိုးရိုးခင်တာလည်း ဖြစ်နိုင်တာပဲ. . . တကယ်လို့ မိန်းမ တစ်ယောက်မှာ ချစ်သူတွေ့သွားပြီဆိုရင်တော့ ရိုးရိုးခင်တဲ့လူဆီကို ဘယ်လိုအကြောင်းနဲ့မှ မလာတော့ဘူး. . .။ ဘာလို့လဲဆိုတော့ သူ့ချစ်သူက အထင်လွဲသွားမယ်လေ. . .၊ ချစ်သူအထင် လွဲခံရတဲ့ ပုဒ်မဟာ မိန်းမအတွက်တော့ (၃၁၂)ထက်ကြီးတယ်ဟဲ့. . .၊ စိုးလည်း စိုးရိမ်တယ်. . .၊ ငါနင့်ဆီကိုလာနေသေးတယ်ဆိုတော့ ငါ့မှာ အဲဒီပုဒ်မကြောက်စရာမလိုသေးဘူးလို့ နင်နားလည်ထားစမ်းပါ. . ."

"အဲဒါတွေ မသိပါဘူး ညိုချောရယ်. . . ငါကရည်းစားမှ မရှိဘူးပဲ. . . အဲဒီတော့ နင်ပြောတာတွေကို ငါမသိပါဘူး၊ အမှန်အတိုင်းပြောရရင် လွမ်းတော့လွမ်းတတ်ပါတယ်. . . အဲဒီလွမ်းတာကိုလည်း ငါ သေသေချာချာ နားမလည်ပါဘူး၊ လူ့ဖေကို လွမ်းနေတာလား. . . နင့်ကို လွမ်းနေတာလား မပြောတတ်ပါဘူး၊ နှင်းတွေကျပြီး လသာနေတဲ့ညမှာ အမြဲလိုလို လွမ်းတတ်တယ်၊ လရောင်အောက်မှာ ချောင်းကိုပဲဖြစ်ဖြစ် မြစ်ကိုပဲဖြစ်ဖြစ်၊ ရေကန်ကိုပဲဖြစ်ဖြစ် မြင်ရရင်လည်း ငါ့စိတ်ထဲမှာ လွမ်းသလိုပဲဟဲ့. . .၊ နောက်ထပ်လည်းရှိပါသေးတယ်၊ ငါမပြောတတ်လို့ပါ. . . လွမ်းတယ်ဟဲ့၊ ဒါပေမယ့် လွမ်းတယ်ဆိုတာ ဘာဖြစ်တာလဲလို့တော့ ငါ့ကိုပြန်ပြီးမမေးနဲ့နော်. . . ငါမပြောတတ်ဘူး"ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက -

ဒီလိုရှိတယ်ဟဲ့. . . လူမှာက အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ် အနာဂတ်ရယ်လို့ ကာလ ၃ ပါးရှိတဲ့အနက် လွမ်းတယ်ဆိုတဲ့အလုပ်ဟာ ကာလ ၁ ပါးနဲ့ပဲ သက်ဆိုင်တယ်၊ အနာဂါတ်ကိုလည်း လွမ်းလို့





မရဘူး၊ ပစ္စုပ္ပန်ကိုလည်း လွမ်းလို့မရဘူး၊ လွမ်းတယ်ဆိုရင် အတိတ်ကိုပဲ လွမ်းလို့ရတယ်၊ အတိတ်ကာလမှာ တွေ့ကြုံဖြစ်ပျက်ခဲ့တဲ့ အတွေ့အကြုံတစ်ခုရှိတယ်ဆိုပါတော့. . . အဲဒါကို နောက်တစ်ကြိမ်ပြန်ပြီး မရနိုင်တော့ဘူးဆိုတဲ့ အခြေအနေမှာ အဲဒီအဖြစ် အပျက်ကို ပြန်ပြီးနှစ်နှစ်ကာကာ သတိရတာကိုလွမ်းတယ်လို့ ခေါ်တယ်ဟဲ့. . . ချစ်သူမှ လွမ်းတာ မဟုတ်ဘူး၊ ချစ်သူမဟုတ်တဲ့ အရာတွေကိုလည်း လွမ်းလို့ရတယ်၊ ဥပမာ ဟယ်. . . နင်ငယ်ငယ်တုန်းက မိုးရေထဲမှာ သူငယ်ချင်းတွေနဲ့ ကစားဖူးတယ်ဆိုပါတော့. . .၊ အသက်ကလေးရလာတဲ့အခါမှာ မိုးရွာရင် အဲဒီ အဖြစ်အပျက်ကို ပြန်ပြီး သတိရတတ်တယ်၊ အဲဒီအဖြစ်အပျက် ကလည်း နင့်အဖို့တော့ ပြန်ပြီး မရနိုင်တော့ဘူးလေ. . .၊ အဲဒီလို မိုးရွာတဲ့အခါမျိုးမှာ လွမ်းသလိုလို ခံစားရတယ်ဟဲ့၊ ပြီးတော့ နင်ယုံမလားမဆိုနိုင်ဘူး၊ လူမှာ မှတ်သားတဲ့ နေရာ ၃ နေရာရှိတယ်ဟဲ့. . .၊ ဦးနှောက်ကလည်း မှတ်တယ်. . .၊ သည်းခြေကလည်း မှတ်တယ်၊ နှလုံးသားကလည်းမှတ်တယ်. . .၊ ဦးနှောက်က မှတ်တယ်ဆိုတာလည်း သာမန်အကြောင်းအရာတွေလောက်ကို မှတ်တာပါ. . . သည်းခြေက မှတ်တယ်ဆိုတာကတော့ နာကြည်းစရာအဖြစ်တွေကို မှတ်လေ့ရှိတယ်. . .၊ ငါငယ်ငယ်တုန်းကဆိုရင် ငါ့မျက်နှာကို လက်သည်းနဲ့ကုတ်တဲ့ ကောင်မလေးနဲ့ မကစားရဘူးလို့ ငါ့တီတီက မှာထားတယ်၊ ငါကလည်း ကစားဖို့ အဖော်မရှိလို့ သွားပြီး ကစားမိတယ်၊ အဲဒီအခါမှာ တီတီက "နင့်မျက်နှာကို ကုတ်ထားတာ နင်မမှတ်မိဘူးလား. . . သည်းခြေမရှိတဲ့ကောင်မ" ဆိုပြီး ငါ့ပေါင်တွင်းကြောကို တအားလိမ်ဆွဲဖူးတယ်. . . အဲဒီတော့ သည်းခြေဆိုတာ နာကြည်းစရာတွေကိုမှတ်တဲ့နေရာလို့ မမိပွါယ် မရဘူးလား. . . ဒါပေမယ့် နှလုံးသားကတော့ ဆွတ်ပျံ့ကြည်နူး စရာကောင်းတာတွေကိုပဲ မှတ်လေ့ရှိပါတယ်. . .၊ ဒါကြောင့်မို့လို့ စောစောက နင်ပြောတဲ့ လွမ်းတယ်ဆိုတဲ့စကားဟာ ဦးနှောက်နဲ့လည်း မပတ်သက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သည်းခြေနဲ့လည်း မပတ်သက်ဘူး၊ နှလုံးသားနဲ့ပဲ ပတ်သက်တယ်. . .” ဟု ညိုချောက ပြော၍ တခစ်ခစ်ရယ်နေလေ၏။ မောင်မောင်သည် ညိုချောပြောသော စကားများကို တွေးနေမိလေ၏။ ထိုအချိန်၌မှာပင်

“ငါပြောတာတွေကို လုဖေကို ပြန်ပြီးမပြောနဲ့ဦး၊ လူမှာ မှတ်တဲ့နေရာ ၃ နေရာရှိတယ်ဆိုတဲ့စကားတစ်ခွန်းထဲနဲ့ကို နင်နဲ့ ငါ့ကို အဆူစာရင်းထဲထည့်လိုက်လိမ့်မယ်. . .”ဟု ပြောလိုက်ချိန် ၌ပင် ဆင်ပုန်းတောရကျောင်းဘက်မှ တုံးခေါက်သံကြားသဖြင့် မောင်မောင်လည်း အိပ်ယာမှ လန့်၍နိုးသွားလေတော့၏။

နောက်တစ်နေ့တွင် မောင်မောင်နှင့် သိကျွမ်းသော သူငယ်ကလေးနှစ်ဦး မောင်မောင့်ထံ ရောက်လာလေ၏။ ၎င်းတို့ကလည်း မောင်မောင်နှင့်အတူနေထိုင်၍ ပုတီးစိပ်လိုသည်ဟုဆိုသဖြင့် မောင်မောင်က လက်ခံထားလိုက်လေ၏။ ၎င်းသူငယ် ကလေးနှစ်ဦးသည် မောင်မောင့်အား ကူညီ၏။ ထမင်းချက်ပြုတ် သူက ချက်ပြုတ်၏။ အဝတ်အစားလျှော်ဖွပ်သူက လျှော်ဖွပ်၏။ ခြံ၏ဝေယျာဝစ္စများကိုလည်း ကူညီလုပ်ဆောင်ကြလေ၏။ ထို့ကြောင့် မောင်မောင့်အဖို့ ဒေါ်စိန်စိန်နှင့် မမြရင်မရှိသော်လည်း အခက်အခဲများစွာမရှိဘဲ နေနိုင်လေ၏။ မောင်မောင်သည် ပူအိုက်လွန်းသည်ဟုဆိုကာ ထိုခြံကြီး၏ နောက်ဖေးတွင်ရှိသော လျှိုကြီးတစ်ခုအတွင်း ရေစီးနေသော ချောင်းကလေးကိုခွ၍ တဲကြီးတစ်လုံး ထိုးလေ၏။ ထိုတဲကြီးမှာ လွန်စွာခိုင်ခံ့၍ လွန်စွာမှလည်း လှ၏။ တွေ့မြင်ရသူအပေါင်းက ထိုတဲကြီးကို နှစ်သက်သဘောကျကြကုန်၏။

တစ်နေ့တွင် မောင်မောင်သည် ထိုတဲကြီးပေါ်တွင် ထိုင်၍ မိမိဘဝအဖြစ်အပျက်ကို စဉ်းစားနေ၏။

ထိုအချိန်၌ လူတစ်ယောက်ရောက်ရှိလာလေ၏။ ထိုသူသည် အသက်များစွာ မကြီးသေးပေ။ သူ၏မျက်နှာ၌ ရှည်လျားသော နှုတ်ခမ်း





မွေး၊ မုတ်ဆိတ်မွေးများရှိကြ၏။ သူ၏ဆံပင်မှာလည်း ကျောကုန်းဆီသို့ ရောက်သည့်တိုင်အောင် ရှည်လျားလှ၏။ အရပ်အမောင်းကောင်း၍ ခြေဆံ လက်ဆံရှည်သူတစ်ဦးဖြစ်၏။ မျက်လုံး လွန်စွာတောက်၏။ မျက်ခုံးမျက်တောင်နှာတံတို့မှာ အချိုးကျလှ၏။ ထိုသူသည် မောင်မောင်နှင့် စကားပြောလိုကြောင်း အစချီပြီးလျှင် စကားပြောလေ၏။

ထိုသူက သူသည် မုဆိုးတစ်ဦးဖြစ်ကြောင်း မိတ်ဆက်လေ၏။ ထိုသူသည် ထူးဆန်းသောအိပ်မက်ကို မကြာခဏ မြင်မက်နေသည်ဆိုသည့်အကြောင်း မောင်မောင့်ကို မကြာခဏ ပြောပြ၏။ ၎င်းမြင်မက်သော အိပ်မက်မှာလည်း အသူရကာယ်ဘုံတွင် ရောက်ရှိနေသော လူတစ်ယောက်သည် မကြာခဏ အိပ်မက်ထဲတွင် တွေ့မြင်နေရကြောင်း၊ ထိုသူက ၎င်းအား အမဲမလိုက်ရန်၊ တောမပစ်ရန်၊ သူများအသက်မသတ်ရန် မကြာခဏ ဆုံးမနေကြောင်း ပြောပြ၏။

မောင်မောင်သည် စိတ်ပါဝင်စားစွာ နားထောင်နေ၏။ ထိုမုဆိုး၏အမည်မှာ မဲခေါင်ကျော်စွာဟု သိရ၏။ ထိုမုဆိုးကြီး မဲခေါင်ကျော်စွာသည် မောင်မောင်၏ ဒေးစွန်ပါအဝိဋ္ဌာန် စခန်းတွင် ၃ လခန့် နေထိုင်လိုကြောင်း ခွင့်တောင်း၏။ မောင်မောင်ကလည်း ခွင့်ပြုလိုက်၏။

မုဆိုးကြီးမဲခေါင်ကျော်စွာသည် စခန်း၌ နေထိုင်ရင်း မောင်မောင်၏ တပည့်ကလေးနှစ်ဦး၏ အလုပ်ကို ဝိုင်းဝန်းကူညီ၏။ ညအချိန်သို့ရောက်လျှင် တဲအိမ်ကြီး၏ရှေ့ စမ်းချောင်းကလေး၏ ကမ်းနဖူးဖြစ်သော ကုန်းမြင့်ကလေးနေရာတွင် မောင်မောင်နှင့် တပည့်ကလေးနှစ်ဦးသည်လည်းကောင်း၊ မုဆိုးကြီး မဲခေါင်ကျော်စွာသည် လည်းကောင်း ဝိုင်း၍ထိုင်ကြ၏။ ၎င်းတို့၏ အလယ်၌မူ လက်ဖက်ခြောက်နှင့် လက်ဖက်အစိုကို ရော၍ခတ်ထားသော ရေနွေးကြမ်းအိုးကြီး တစ်လုံးရှိ၏။ ရေနွေးကြမ်းသောက်ရန် ပန်းကန်လုံး လေးလုံးလည်းရှိ၏။

၎င်းတို့လေးဦးသည် ညစဉ်ညတိုင်းလိုလို အထက်က ဆိုခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



နည်းအတိုင်း ထိုင်၍စကားပြောတတ်ကြ၏။ စကားပြောသည် ဆိုသော်လည်း မောင်မောင်နှင့်တပည့်လေးနှစ်ဦးက ပြောရသည် မဟုတ်ပေ။ မဲခေါင်ကျော်စွာဆိုသော မုဆိုးကြီးသာ အစဉ်သဖြင့် ပြောနေ၏။

မဲခေါင်ကျော်စွာသည် အမဲလိုက်ခြင်း အလုပ်၌ တော်၏။ မတော်၏ မဆိုနိုင်သော်လည်း စကားပြောသောအလုပ်၌မူ လွန်စွာတော၏။ လွန်စွာစကားပြောတတ်သူဖြစ်၏။ သူသည် သူ၏ဘဝ အဖြစ်အပျက်ကို ပြောပြနေခြင်းဖြစ်၏။ ထိုသို့ ပြောပြရာလည်း ဟိုရောက်သည်ရောက် ကြုံသလိုပြောသည်မဟုတ်။ လွန်စွာစာရေးကောင်း၍ လွန်စွာမှလည်း ဇာတ်အိမ်ဖွဲ့တတ်သော စာရေးဆရာတစ်ဦး၏ ဝတ္ထုရှည်ကြီးကို ဖတ်နေရသကဲ့သို့ စီကာစဉ်ကာအကွက် ချ၍ ပြောနေခြင်းဖြစ်၏။

ဇင်းမဲခေါင်ကျော်စွာပြောပြသော သူ၏ဘဝအဖြစ် အပျက်တွင် လူတစ်ယောက်၏အကြောင်းသည် အခိုင်အခံ့ပါနေ၏။ ထိုသူမှာ မုဆိုးကြီးမဲခေါင် ကျော်စွာ၏ဆရာ မုဆိုးကျော် ကိုဓာတ်သားဆိုသူပင်ဖြစ်၏။

ကိုဓာတ်သား၏အကြောင်းကို ပြောသောအခါ၌ မဲခေါင်ကျော်စွာသည် လွန်စွာတက်ကြွ၏။ သူ၏ မျက်လုံးများသည် အရောင်တဖြတ်ဖြတ်တောက်နေ၏။

မောင်မောင်သည် မဲခေါင်ကျော်စွာပြောသောအကြောင်းအရာများကို အလွတ်မှတ်နားထောင်နေသည်မဟုတ်ပေ။ ဗလာစာအုပ်အထူကြီးတစ်အုပ်ကိုဖွင့်ကာ လိုက်လံ၍ရေးမှတ်ပြီး မှတ်စုများ ထုတ်နေ၏။ မရှင်းလင်းသော နေရာများတွင် မောင်မောင်သည် မဲခေါင်ကျော်စွာကို ထပ်၍မေး၏။

ညစဉ် မှတ်စုထုတ်ရုံနှင့် မပြီးပေ။ နောက်တစ်နေ့နံနက်တွင် ထိုမှတ်စုကြီးကို ဖတ်ရှု၍ စခန်းတွင် ရောက်ရှိနေသော သူငယ်ကလေး





နှစ်ဦးအနက် တစ်ဦးကို အချော ပြန်၍ ရေးခိုင်း၏။ ထိုသို့ အချော ပြန်၍ရေးရာ၌ ၎င်းက ပါးစပ်မှ ခေါ်၍ပေး၏။ သူငယ်ကလေးက လိုက်၍ ရေးမှတ်ရလေ၏။ ထိုသူငယ်ကလေးအား မောင်မောင်က -

"သူပြောတုန်း လိုက်ပြီးရေးထားတာတွေက အတိုကောက် ရေးလို့ရတာကွ၊ အဲဒါက မှတ်စုအကြမ်း၊ အခု. . . မင်းကို လိုက်ရေးခိုင်းတာက မှတ်စုအချောကွ၊ မဲခေါင်ကျော်စွာပြောတဲ့ အကြောင်းအရာတွေက သပ်ပြီးကောင်းတယ်ကွ၊ တစ်နေ့မှာ တို့အတွက် အသုံးဝင်ချင်ဝင်လာမှာ၊ ဒါကြောင့် မှတ်စုအချောကို လိုက်ပြီး ရေးနေရတာ. . ."ဟု ပြောလိုက်လျှင် သူငယ်ကလေးက-

"ကျွန်တော်လည်း စိတ်ဝင်စားပါတယ် ခင်ဗျာ၊ ဒါပေမယ့် ဦးမဲခေါင်ကြီးရဲ့ ဇာတ်ထုပ်က တော်တော်နဲ့ ပြီးဦးမှာ မဟုတ်သေးဘူး၊ ဘယ်လောက်များ ရေးရဦးမှာလဲ မသိဘူး. . ."ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က -

"ဘာပဲဖြစ်ဖြစ်. . . . သူရှိနေသရွေ့တော့ မင်းရောငါရော မှတ်စုတွေရေးနေရဦးမှာပေါ့ကွ"ဟု ပြောလိုက်လေတော့သတည်း။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၅)

## သူများသိမှပြောရတဲ့မောင်မောင်

ခေါင်ကျော့်စွာဆိုသော မုဆိုးကြီးသည် သူ၏ဘဝဖြစ်စဉ်နှင့်တကွ သူ၏ဆရာကိုဓာတ်သား၏ ဘဝဖြစ်စဉ်ကိုပါ မောင်မောင့်အား စိတ်ရှည်လက်ရှည်ပြောပြခဲ့လေ၏။ ထိုသို့ပြောပြရာတွင် ရက်ပေါင်းတစ်ရာ့ရှစ်ရက်တိတိ ကြာညောင်းခဲ့လေ၏။

၎င်းပြောပြသော အကြောင်းရာများထဲတွင် တိရစ္ဆာန်များ၏ သဘာဝ၊ တော၏သဘာဝ၊ အမဲလိုက်မုဆိုး၏ သဘာဝများ ပြည့်စုံစွာပါ၏။ ထို့ပြင် ၎င်း၏ဆရာ မုဆိုးကြီး ကိုဓာတ်သား၏အကြောင်းမှာလည်း စိတ်ဝင်စားဖွယ်ရာကောင်းလှ၏။ ကိုဓာတ်သားသည် မုဆိုးအဖြစ် အမဲလိုက်နေရာမှ ရုတ်တရက်ဆိုသလို အမဲလိုက်ခြင်းကို စွန့်လွှတ်၍ ရသေ့ဝတ်သွားရမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

မောင်မောင်သည် မဲခေါင်ကျော့်စွာ၏ မှတ်တမ်းကြီးကို ရေးမှတ်ပြီးနောက် မဲခေါင်ကျော့်စွာအား လွဲချော်ခြင်း ရှိ၊ မရှိ စစ်ဆေးရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်စုကြီးကို ပေးလိုက်၏။ ၎င်း၏ ဘဝဖြစ်စဉ်ကိုလည်း မောင်မောင်က ၎င်းအား တစ်ခေါက် ပြန်၍ပြောပြလိုက်သေး၏။

မဲခေါင်ကျော်စွာသည် မောင်မောင်၏ မှတ်ဉာဏ်ကောင်းခြင်းကို အားရပါးရ ချီးကျူးပြောဆိုလေ၏။ ထို့နောက် အားလုံးကို နှုတ်ဆက်၍ စခန်းမှ ပြန်ထွက်သွားလေတော့၏။

တစ်နေ့တွင် မောင်မောင့်ထံသို့ စစ်တပ်မှ ဆာဂျင်တစ်ယောက် ရောက်လာ၏။ ထိုဆာဂျင်၏ ပြောပြချက်အရ လှဖေသည် ခြေထောက်တွင် ဒဏ်ရာရသဖြင့် မင်္ဂလာဒုံဆေးရုံတွင် ရောက်ရှိနေကြောင်း သိရလေတော့၏။

ထိုသတင်းကို ကြားလျှင်ကြားချင်း မောင်မောင်သည် လွန်စွာ စိတ်ထိခိုက်သွား၏။ ထို့ကြောင့် ဆေးရုံသို့ လိုက်သွားရလေတော့၏။ မောင်မောင်သည် တစ်လမ်းလုံး လှဖေအတွက် ဆုတောင်းမေတ္တာပို့လာ၏။

ဆေးရုံသို့ရောက်၍ လှဖေနှင့်တွေ့သောအခါ မောင်မောင်သည် အသံများတုန်နေ၏။ ထို့ကြောင့် လှဖေက-

"ဟေ့ကောင်. . . ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွာ၊ ဒဏ်ရာရတယ်ဆိုတာတော့ဟုတ်ပါတယ်. . . ခြေထောက်က ဖြတ်ပစ်လိုက်ရအောင်တော့ အခြေအနေမဆိုးပါဘူး. . . အခု စတီးချောင်း ထည့်ထားတယ်. . . လအတော်ကြာမှ ဒီစတီးချောင်းကို ပြန်ထုတ်ရမှာ. . . လမ်းလျှောက်လို့လည်းရတယ်၊ သွားလို့လာလို့လည်း ရတယ်၊ အစပိုင်းတော့ ခြေထောက်က နည်းနည်းလေး နဲ့တဲ့နဲ့တဲ့ ရှိမယ်၊ ဒါပေမယ့် အကောင်းအတိုင်းပါပဲ. . . . နောက်ပိုင်းမှာ အကောင်းအတိုင်း ဖြစ်သွားမယ်၊ ဒါကြောင့် စိတ်မပူပါနဲ့"ဟု တားရလေ၏။

"ဒီလိုဆိုတော့လည်း တော်သေးတာပေါ့ကွာ. . . ငါ့မှာ ပူလိုက်ရတာသူငယ်ချင်းရယ်. . . ပြီးတော့ ငါပြောရဦးမယ်. . . မင်း အခြေ





အနေဟာ တာဝန်ထမ်းဆောင်လို့မရတဲ့အခါ အနား ယူရမှာပဲ၊ အဲဒီလို အနားယူတဲ့အခါမှာတော့ ငါနဲ့အတူ ပြန်ပြီး နေပါကွာ. . . "ဟု မောင်မောင်က ပြောလိုက်လျှင် လှဖေက အခိပ္ပာယ်ပါပါ ပြုံးလေ၏။ ထို့ကြောင့် မောင်မောင်က -

"မင်း ဘာပြုံးတာလဲ လှဖေ"ဟု မေးလိုက်ရာ လှဖေက -

"မင်းနဲ့အတူလာနေလို့မဖြစ်ဘူး မောင်မောင်ရ. . . ငါ ဆေးရုံက ဆင်းတာနဲ့ အိမ်ထောင်ပြုတော့မှာကွ. . . ငါ့အတွက် ဘဝခရီးဖော်လိုနေပြီ"ဟု ပြန်၍ပြောလိုက်လျှင် မောင်မောင်က -

"အဲဒီအကြောင်းကို မင်း ငါ့ကို တစ်ခါမှ မပြောသေးပါလား၊ ဘာဖြစ်လို့ လျှို့ထားတာလဲ. . . . "ဟု အပြစ်တင်လေ၏။ "လျှို့ထားတာ မဟုတ်ပါဘူးကွာ. . . ၊ အကြောင်းမဆိုက်တာကလည်း တစ်ကြောင်း၊ သိပ်ပြီးအရေးမကြီးဘူးလို့ ထင်တာလည်း တစ်ကြောင်းကြောင့် မပြောမိတာပါ. . . ၊ ဒါပေမယ့်လည်း နောက် တော့သိမှာပဲဆိုပြီး မပြောဖြစ်ဘဲဖြစ်နေတာ၊လျှို့ထားတာ မဟုတ်ပါဘူး. . . "ဟု လှဖေက တောင်းပန်လေ၏။

"နေစမ်းပါဦး လှဖေရဲ့. . . မင်းယူမယ့် မိန်းမက ဘယ်ကလဲ၊ တွေ့တာ ဘယ်လောက်ကြာပြီလဲ. . . "ဟု မောင်မောင်က မေးလိုက်၏။

"ဗိုလ်ကြီးဘဝနဲ့ မေမြို့(ပြင်ဦးလွင်)မှာ ဆေးရုံတက်ရသေးတယ်ကွ၊ ငှက်ဖျားဖြစ်လို့ကွ၊ အဲဒီတုန်းက သူက မေမြို့စစ်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တစ်ယောက်ပဲ. . . ၊ အခုတော့ စိတ္တဇဆေးရုံကိုပြောင်းသွားပါပြီ၊ အရပ်ဘက်ရောက်သွားပါပြီ. . . ၊ တို့နှစ်ယောက် လက်ထပ်ဖို့ ဆုံးဖြတ်တာကတော့ ဒီဆေးရုံကို ငါရောက်တဲ့နေ့ကစပြီး ဆုံးဖြတ်လိုက်တာပဲ. . . သူက စိတ်ရောဂါနဲ့ ပတ်သက်တဲ့ အထူးကုဆရာဝန်တစ်ယောက်ပဲ၊ သေသွားတဲ့ သူ့အစ်မက ကလေးတစ်ယောက် ကျန်နေခဲ့တယ်၊ မိန်းကလေးကွ. . . ၊ အဲဒီကလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငယ်ငယ်လေးနဲ့ စိတ်ရောဂါ ဖြစ်နေတဲ့ကလေးကွ၊ ခပ်ရိုင်းရိုင်း ပြောရရင် အရူးမ,လေးပေါ့ကွ. . .၊ ဒီကလေးကလည်း သူနဲ့ပဲနေတယ်၊ မသိရင် ကလေးအမေ ကျနေတာပဲကွာ. . .၊ သွားလေရာ ဒီကလေးကို ခေါ်နေရတာ. . .၊ ကလေးကလည်း သူ့ကိုပဲကပ်တယ်၊ အဲဒီတော့ကွာ၊ ဆေးရုံက ဆင်းရင် တို့နှစ်ယောက် အကျဉ်းချုံးပြီး လက်ထပ်ကြမယ်၊ ငါရယ်. . . . ငါ့အမျိုးသမီးရယ်၊ အဲဒီစိတ်ရောဂါသည်သမီးလေး ရယ်. . . . သုံးယောက်နေကြရမှာ. . .၊ မင်းနဲ့လာနေဖို့မဖြစ်တော့ဘူး၊ အဲဒီအတွက် ခွင့်လွှတ်ပါ သူငယ်ချင်းရာ. . . ” ဟု လှဖေက ပြောလေ၏။

“ဘာပဲဖြစ်ဖြစ်ကွာ. . .၊ငါ့မှာရှိတဲ့ ငွေတစ်ဝက်ကိုတော့ မင်းရဲ့ မင်္ဂလာဆောင်မှာ လက်ဖွဲ့ရမှာပဲ၊ အဲဒါကိုတော့ မင်းလက်ခံမှ ဖြစ်မယ်. . . .” ဟု မောင်မောင်က ပြောလိုက်လျှင် -

“ဟော့ကောင်. . . မောင်မောင်. . .၊ ငါ့အတွက်မလိုဘူးကွာ၊ အဲဒီတော့ မပေးပါနဲ့ကွာ၊ လက်လည်း မဖွဲ့ပါနဲ့၊ မင်းရဲ့စေတနာတို့ ငါနားလည်ပြီးသားပါ” ဟုလှဖေက ပြောလိုက်လျှင် မောင်မောင်က -

“မရဘူးကွာ. . . . ပေးကိုပေးရမယ်၊ အဲဒါကိုတော့ မင်း လက်ခံရမယ်. . . . ”ဟု ဇွတ်အတင်း ပြောလေ၏၊

“ဒီလိုစဉ်းစားရအောင် သူငယ်ချင်း၊ ငွေဆိုတာဟာ ခြေထောက်တစ်ဖက်မရှိတဲ့သူ မှီခိုအားထား အသုံးပြုဖို့ ချိုင်းထောက်တစ်ချောင်းဆိုပါတော့ကွာ. . .၊ မင်းစဉ်းစားကြည့်လေ. . .၊ ချိုင်းထောက်တစ်ချောင်းဆိုတာ ခြေထောက်တစ်ဖက် မသန်တဲ့လူအတွက်ကတော့ အလွန်အသုံးဝင်တာကလားကွာ. . .၊ဒါပေမယ့် ခြေထောက်ရှိတဲ့လူ အတွက်ကတော့ အပိုသက်သက်ပဲကွ၊ ဘာမှကို အဓိပ္ပာယ်မရှိဘူး၊ ခြေထောက်နှစ်ဖက်စလုံးကောင်းတဲ့သူကို ချိုင်းထောက်တစ်ချောင်းသွားပေး ရင် ကူညီသလိုမဖြစ်ဘဲ သရော်သလိုတောင်ဖြစ်နေဦးမှာ၊ အဲဒီတော့ မောင်မောင်. . .၊ ငါ့မှာ ဘာကယ့်ချိုင်းထောက်လည်းမလိုဘူး၊ ငွေချိုင်း





ထောက်လည်းမလိုဘူး၊ မပေးပါနဲ့ သူငယ်ချင်းရာ. .၊ တစ်ခုတော့ရှိတယ်၊ တကယ်လို့များ လိုလာရင်တော့ မင်းအပေးကို စောင့်မနေပါဘူး၊ ငါ ကိုယ်တိုင်ကို လာတောင်းမှာပါ. . . ” ဟု လှဖေက ပြောလိုက်လေ၏။ ထို့ကြောင့် မောင်မောင်လည်း လှဖေအတွက် လိုအပ်မည်ထင်သော စားသောက်စရာများ ဝယ်ခြမ်း၍ပေးခဲ့ပြီးလျှင် ပြန်ခဲ့လေတော့၏။

ထို့နောက် ရက်များမကြာမီ အတွင်း၌ပင် မောင်မောင်သည် မှော်ဘီမြို့အစွန် မရမ်းတလင်းတောဆီသို့ ပြောင်းရွှေ့ခဲ့လေ၏။ ထိုအရပ်ဒေသတွင် ၃ ကေခန့်ကျယ်သော မြေတစ်ကွက်ကို ဝယ်ယူ၍ အိမ်တစ်လုံးဆောက်ကာ နေထိုင်ခဲ့လေတော့၏။ ထိုအိမ်၌ပင် ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ဆက်၍လုပ်ကိုင်ခဲ့လေ၏။

တစ်နေ့တွင် မောင်မောင်သည် မရမ်းတလင်းတောစပ်ရှိ အိမ်ကလေးရှေ့တွင် ထိုင်၍နေ၏။ ထိုအချိန်၌ ညှိုချောသည် ရောက်လာပြန်၏။

“မောင်မောင်. . . ဒေးစွန်ပါကနေ ဒီကို ဘာဖြစ်လို့ ပြောင်းလာတာလဲ” ဟု ညှိုချောက မေးလေ၏။

“ဟိုမှာနေတာ ၃ နှစ်ပြည့်တော့မယ်. . .၊ ပြီးတော့ ရန်ကုန်ကိုလည်း မပြန်ချင်ဘူးလေ. . .၊ အမြဲနေထိုင်ဖို့ နေရာ တစ်ခုကို စဉ်းစားရတယ် မဟုတ်လား ညှိုချောရဲ့၊ ဒေးစွန်ပါမှာ ငါနေတဲ့နေရာက ရေ အခက်အခဲရှိတယ်. . .၊ စမ်းချောင်းကလည်း သောက်လို့မရဘူးဟဲ့၊ တွင်းတူးတော့လည်း မထွက်ဘူးဟဲ့၊ ဒီ့ပြင် နေရာတွေမှာတော့ ရေထွက်ကောင်း ထွက်ပါလိမ့်မယ်၊ ငါနေတဲ့ နေရာမှာ ရေအခက်အခဲ ဖြစ်နေတာ. . .၊ အမြဲနေမယ့်နေရာဆိုတော့ ရေကောင်းရေသန့် လုံလုံ လောက်လောက်ရမယ့်နေရာကို ရှာရမယ်မို့လား. . . .၊ အဲဒါကြောင့် ရှာလို့တွေ့ရင်တွေ့ချင်း ပြောင်းလာခဲ့တာပဲ. . . . ” ဟု မောင်မောင်က ပြောလိုက်လျှင် ညှိုချောက ရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဟာနင်ပြောင်းတာ မဟုတ်ပါဘူးဟယ်. . . .၊ ငါပို့လိုက်တာပါ။ နင်နေမကောင်းလို့ ဆေးရုံသွားပြီးပြတဲ့အခါမှာ မှော်ဘီက နင့်မိတ်ဆွေ ကိုအေးမြင့်နဲ့တွေ့အောင် ငါဖန်တီးပေးလိုက်တာပါ။ အဲဒီမှာ ကိုအေးမြင့်က နင့်ကို မှော်ဘီဟာ ဘယ်လောက် သာယာတယ်၊ သီဟိုဠ်ပင်တွေပါတဲ့ ခြံကြီးတစ်ခြံ ဝယ်ပြီးနေလိုက်မယ်ဆိုရင် အမြဲလည်းနေလို့ရမယ်၊ ရေလည်းကောင်းတယ်၊ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်တယ်၊ အနားက တောင်ကုန်းလေးမှာလည်း ပေါ်တော်မူစေတီလေးတစ်ဆူရှိတယ်. . . .၊ ဘာညာနဲ့ နင့်ကိုဆွယ်တော့တာပေါ့။ အဲဒါတွေအားလုံး ငါလုပ်လိုက်တာ. . .၊ နင် ဒီကို ပြောင်းမယ်ဆိုတာ လှဖေကိုတောင် အကြောင်းမကြားဘဲ ရုတ်တရက် ပြောင်းသွားတာလေ. . . ." ဟု ညိုချောက ပြောလေ၏။

"ဩော်. . . ဒါတွေ နင်လုပ်လိုက်တာကိုး၊ နင်ပြောတာ အမှန်တွေချည်းပဲ၊ ငါ့မိတ်ဆွေ ကိုအေးမြင့်နဲ့တွေ့လို့ ငါက ပြောင်းဖြစ်သွားတယ် အောက်မေ့တာ. . . .၊ ဟေဟေ့. . . ." ဟု မောင်မောင်က ပြောလိုက်လျှင် ညိုချောက -

"နင် အခုတော့. . သိသွားပြီပေါ့ ဟုတ်လား၊ နင့်ကိုယ်နင် သိလှပြီထင်နေတာ၊ တကယ်က သူများပြောမှသိရတဲ့ကောင်ပါဟယ်. . . .၊ ဘဝင်မမြင့်စမ်းပါနဲ့၊ အားလုံး ငါပြောတဲ့အတိုင်း ဖြစ်နေတာပါ။ အဲဒီတော့ နင့်နာမည်ကို ပြောင်းလိုက်. . .၊ သူများပြောမှသိရတဲ့ မောင်မောင်လို့. . ." ဟု ပြောတာ ညိုချောသည် မောင်မောင်၏နဖူးကို လက်ညှိုးကလေးဖြင့် ထိုးလိုက်စဉ်၌မှာပင် ပေါ်တော်မူကျောင်းမှ တုံးခေါက်သံကို ကြားသဖြင့် မောင်မောင် လည်း လန့်၍နိုးသွားလေတော့သတည်း။

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၆)

# အရှုံးနဲ့မောင်မောင်

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ၁၀ လခန့်ကြာသော အခါ၌ မောင်မောင်နှင့် သူ၏တပည့်ကလေးနှစ်ဦးသည် ရွှေစက်တော်ဘုရားပွဲဆီသို့ ဂျစ်ကားတစ်စီးဖြင့် သွားရောက်ခဲ့လေ၏။ မောင်မောင်သည် ရွှေစက်တော်ရှိ စမ်းချောင်းကလေးအနီးသို့ ရောက်လာသောအခါ၌ ကားကို ဆက်၍မမောင်းဘဲ ငယ်စဉ်က ထိုစမ်းချောင်းကလေး၌ ပန်းကန်ခွက်ယောက်များ ဆေးခဲ့ရပုံ၊ ကြွေရည်သုတ်သံဇလုံအသေးတစ်လုံး မျောပါသွားသဖြင့် ထမင်းဆိုင်ပိုင်ရှင်က ၎င်းအား ရက်ရက်စက်စက်ရိုက်နှက်ပုံတို့ကို ပြန်လည်၍ သတိရနေမိလေ၏။

ထိုသို့ အမှတ်ရမိသည့်အချိန်၌မှာပင် သူ၏အတွေးရေယဉ်၌ သူငယ်ချင်း လှဖေ၊ လှဖေ၏ အစ်မ မြရင်၊ ဦးဇင်းတာတီး၊ ထမင်းဆိုင်ပိုင်ရှင် ဒေါ်စိန်စိန်. . . စသော အဟောင်းပုံများသည် မျော၍ပါလာလေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

မောင်မောင်သည် သူ၏အတွေးကို ရပ်လိုက်ပြီးနောက် ချောင်းနှင့်ကပ်လျက်ရှိသော လမ်းကလေးအတိုင်း ထမင်းဆိုင်တန်းများရှိရာဆီသို့ မောင်းသွားလေ၏။ ယခင်ကသူအလုပ်လုပ်ခဲ့သော စိန်မေတ္တာထမင်းဆိုင်ရှိရာနေရာသို့ လှမ်း၍ ကြည့်လိုက်ရာ -

"ရေညှိရောင် စိန်ကတ္တီပါပေါ်တွင်
ဘော်ကြယ်ထိုးထားသော
စိန်တစ်ရစ် မြတစ်ရစ် ထမင်းဆိုင်"

ဆိုသည့်ဆိုင်းဘုတ်ကို တွေ့မြင်ရသဖြင့် ထိုဆိုင်ရှေ့သို့ ကားကို မောင်းသွားပြီးလျှင်ရပ်လိုက်လေ၏။ ထို့နောက်ကားပေါ်မှ ဆင်းမည်ဟန်ပြင် လိုက်စဉ်၌ပင် -

"ကြွပါရှင်. . . အထဲကိုကြွပါ. . . ဟင်းတွေ အစုံရပါတယ်၊ ကြက်သား၊ ဆိတ်သား၊ ဖွတ်သားဟင်းတွေလည်း ရပါတယ်၊ ပတတ်ကင်တို့ဆီရွှဲရွှဲဆမ်းထားတာလည်း ရပါတယ်၊ ဘုရားပွဲလာရင်း တောဟင်းစုံစုံလေးနဲ့ ထမင်းမြိန်မြိန်စားဖို့ ကြွခဲ့ပါရှင်" ဟု အော်ခေါ်သံကို ကြားရ၏။ မောင်မောင်လည်း အသံလာရာဆီသို့ လှမ်း၍ ကြည့်လိုက်၏။ အော်ခေါ်နေသူမှာလှဖေ၏အစ်မ မမြရင်ဖြစ်ကြောင်း တွေ့ရလေတော့၏။

အစ်မမြရင်သည် သီလရှင်ဘ၀မှ လူထွက်ပြီး ထမင်းရောင်းနေခြင်းဖြစ်၏။ ဆံပင်မှာမူ လည်ကုတ်အထိ ရောက်နေပြီ ဖြစ်၏။ ဆံပင်ကိုလည်းကောက်ထား၏။ အပြာရောင်သန်းနေသော မှန်တပ်ထားသည့် ရွှေကိုင်းမျက်မှန်ကို တပ်ထား၏။ နှုတ်ခမ်းကို ရဲနေအောင်ဆိုးထား၏။ အင်္ကျီမှာအတိုဖြစ်၏။ အင်္ကျီလက်မှာ ပုခုံးပေါ်တွင်သာရှိ၏။

မောင်မောင်၏မျက်စိသည် ဤနေရာသို့ ရွေ့သွား၏။ ယောင်းမကြီးဒေါ်စိန်စိန်သည် ဟင်းအိုးများမှ ဟင်းများကိုခပ်၍ ထည့်နေသည်ကို တွေ့ရ၏။ ဒေါ်စိန်စိန်သည်လည်း ဆံပင်အတိုနှင့်ဖြစ်၏။





ဘလောက်စ်ခေါ် အင်္ကျီဆန်းတစ်မျိုးကို ၀တ်ထား၏။ နှုတ်ခမ်းကို အနီရောင်ဆိုး၍ မျက်ခုံးမျက်ခုံးမွှေးဆွဲသော ခဲတံဖြင့် ကွပ်ထားသောကြောင့် သူ၏နှုတ်ခမ်းသည် သူ၏မျက်နှာနှင့် တစ်ခြားစီ ဖြစ်နေ၏။

မောင်မောင်သည် ဆိုင်အတွင်းသို့ ၀င်လာ၏။ မမြရင်သည် မောင်မောင်ကိုမြင်လျှင် -

"အမယ်လေးတော်. . . ဘယ်သူများလည်း မှတ်တယ်၊ ရသေ့ကြီးကိုမောင်မောင်ကိုး၊ အတော်ပဲ"ဟု ပြောပြီးလျှင် ဒေါ်စိန်စိန်ဘက်သို့ လှည့်ကာ -

"စိန်ရေ. . . . ဟောဒီမှာ မြတို့ကျေးဇူးရှင်ရောက်လာပြီ" ဟု ပြောလိုက်လျှင် စိန်စိန်လည်း ဟင်းခတ်ရာနေရာမှ မောင်မောင့်ကို ကြည့်ပြီး -

"ချိန်းထားရင်မှ လွဲဦးမယ်"ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်မောင်သည် ကုလားထိုင်တစ်လုံးတွင် ၀င်၍ထိုင်ပြီးနောက် -

"ဘာတွေများ အတော်ပဲဖြစ်နေကြတာတုံး" ဟု မမြရင်ဘက်သို့လှည့်၍မေးလိုက်ရာ မမြရင်က -

"စိန်ရေ. . . . ဟောဒီမှာ မောနေပြီ. . . . ဖြေလိုက်၊ မြမပြောချင်ဘူး . . ." ဟု ပြောလိုက်လျှင် ဒေါ်စိန်စိန်က -

"သင်္ကြန်အတက်နေ့မှာ အလှူရှိတယ်ဟဲ့၊ အဲဒီအလှူပြီးမှ မင်းပြန်မှဖြစ်မယ်၊ အလှူမှာ မင်းမရှိ လို့မဖြစ်ဘူး . . ."ဟု ပြောလေ၏။

"ဘာအလှူလည်း ဒေါ်စိန်စိန်ရဲ့"ဟု မောင်မောင်က မေးလိုက်လျှင် -

"ဘာအလှူရမလည်းကျေးဇူးရှင်ရယ်. . . ကိုကိုတီး ရှင်ပြန်တက်မယ်" ဟု ပြောလိုက်ရာ မောင်မောင်သည် ယောင်ယမ်း၍ -

"ဗျာ. . . ." ဟူ၍ ရေရွတ်လိုက်လေ၏။

"ဦးတာတီး ထောင်ကလွတ်လာပြီလား"ဟူ၍လည်း ဆက်၍



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေ၏။

"ဟုတ်တယ်မောင်မောင်ရဲ့. . . လွတ်ငြိမ်းချမ်းသာခွင့် မှာပါ လာတယ်လေ. . .၊ ထောင်က လွတ်တာ(၇)ရက်ရှိပြီ၊ လောကီကို စိတ် ကုန်လို့ ရဟန်းဘောင်တက်မလို့တဲ့. . .၊ ဒီတစ်ခါတက်တာတော့ အပြီး ပဲတဲ့. . . ." ဟု ဒေါ်စိန်စိန်က ပြောလိုက်လျှင် မောင်မောင်က -

"အဲဒီရဟန်းခံအတွက် ကျွန်တော် အားလုံးတာဝန်ယူပြီး လှူပါ ရစေ. . ." ဟု ပြောလိုက်ရာ ဒေါ်စိန်စိန်က -

"အဲဒီလို မလုပ်ပါနဲ့ကွယ်. . .၊ ကိုကိုတီးက မင်းဆရာဖြစ် သလို လှဖေရဲ့ဆရာလည်း ဖြစ်တယ်ကွယ့်. . .၊ အဲဒီလိုပဲ ငါ့ယောက်ျား ဖြစ်သလို မမြရင်ရဲ့ယောက်ျားလည်းဖြစ်တယ်ကွယ့်. . . .၊ အဲဒါကြောင့် ကိုကိုတီးရဟန်းတက်မဲ့ကိစ္စမှာ တို့လေး ယောက်လုံး အညီအမျှပါဝင်မှ သင့်မှာပေါ့ကွယ်. . . ." ဟု ပြောလျှင် မောင်မောင်က -

"အဲဒီလိုဆိုရင် လှဖေကို အကြောင်းကြားရဦးမှာပေါ့. . ." ဟု ပြန်၍ပြောလိုက်လေ၏။

"အကြောင်းကြားစရာမလိုပါဘူး. . . လှဖေတပ်က အနားယူပြီး စကုကိုရောက်နေပြီ၊ ခွင့်(၄)လခံစားရတယ်ဆိုလားကွယ်၊ ငါလည်း မပြောတတ်ပါဘူး၊ အဲဒီမှာ သူတို့လင်မယားနေဖို့ အိမ်တောင် ဆောက် ပြီးပြီ၊ မြေတွေဝယ်နေလေရဲ့. . . စိုက်ပျိုးရေး လုပ်မယ်တဲ့. . . လှဖေ ဆရာဝန်မလေးနဲ့လက်ထပ်လိုက်ပြီလေ၊ သူ့မိန်းမလည်း ရဟန်းခံပွဲတို့ အမီလာမှာပါ. . ." ဟု ဒေါ်စိန်စိန်က ပြောလေ၏။

"ဒါနဲ့ ဦးတာတီးက ရဟန်းဝတ်ပြီးရင် ဘယ်မှာသီတင်းသုံး မှာတဲ့. . . . ကျောင်းတွေဘာတွေ ဆောက်ပေးဖို့လိုရင်လည်း အခုလို (၄)ယောက်ပေါင်းပြီး ဆောက်ပေးလိုက်တာပေါ့. . ." ဟု မောင်မောင် က ပြောလိုက်လေ၏။

"ကျောင်းကဆောက်ဖို့မလိုပါဘူး. . . အရင် သူနေခဲ့တဲ့





ကျောင်းပဲ. . . . အဲဒါကို လှဖေက ပြန်ပြီးပြင် ပေးထားတယ်၊ သူ့တပည့် ဦးဇင်းလေးက ကျောင်းထိုင်ဆရာတော်ဖြစ်နေပြီ၊ အဲဒီကျောင်းမှာပဲ နေမှာ. . . ."ဟု ဒေါ်စိန်စိန်က ပြောလေ၏။ ထို့နောက် မောင်မောင် နှင့် သူ၏တပည့်ကလေးအား မမြရင်တို့က ထမင်းကျွေးလေ၏။ တပည့် ကလေးမှာ အသားဟင်းနှင့်စားရသော်လည်း မောင်မောင်မှာ သက် သတ်လွတ်စားရလေ၏။

ထိုအချိန်၌ ဘုရားကြီးရွာမှ ပန်းရံဆရာ မောင်ကျော်မြိုင်သည် ပန်းကန်ခွက်ယောက်များဆေးရန်အတွက် တောင်းကြီးကို ထမ်း၍ ထွက် လာရာ မောင်မောင်က -

"ဟာ. . . ကိုယ့်လူ. . . ဘုရားကြီးကို မပြန်ရသေးဘူးလား" ဟု မေးလိုက်ရာ -

"မပြန်ရသေးပါဘူးကိုမောင်မောင်ရယ်၊ ဟောဒီမွေးစား အစ်မ နှစ်ယောက်က ဆွဲထားလို့ ဒီမှာ ပန်းကန်ဆေး၊ အိုးတိုက် ရထူးရနေ တယ်လေ. . . . အခုလည်း ချောင်းစပ်မှာသွားပြီး ပန်းကန်ခွက်ယောက် တွေ ဆေးမလို့. . . ." ဟု ပြောလိုက်လျှင် မောင်မောင်က -

"နည်းနည်းတော့ သတိထားနော်. . . ဒီချောင်းက နည်းနည်း ရေစီးကြမ်းတယ်ဗျ. . . ဇလုံတွေဘာတွေကျသွားရင် တစ်ခါတည်း မျောသွားတော့တာ၊ အဲဒီလိုမျောသွားရင်တော့ ထမင်းဆိုင် ပိုင်ရှင်က ခင်ဗျားကို ချမ်းသာပေးမှာမဟုတ်ဘူး၊ လက်သံက ပြောင်တယ် ဗျ. . . ."ဟု ပြောလိုက်လျှင် ဒေါ်စိန်စိန်က -

"မောင်မောင်ရယ်. . . နင်က ငါ့ကို စကားနာထိုးတုန်းပဲလား" ဟုပြောလိုက်ရာ မောင်မောင်က အင်္ကျီကိုလှန်၍ လက်ဝဲဘက်ခါးစောင်း မှ အမာရွတ်ကိုပြရင်း-

"စကားနာထိုးတာ မဟုတ်ပါဘူး ဒေါ်စိန်စိန်ရယ်. . . . အရိုးတွေက ခုထက်ထိမပျောက်သေးဘူး. . ." ဟုပြောလိုက် လေ၏၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မမြရင်က -

"အဲဒီအရှိုးတွေကြောင့် နင်ကြီးပွားလာတာပေါ့ မောင်မော
ရဲ့. . . . အဲဒီလိုအရှိုးတွေကို နင် ကျေးဇူးတင်ရမယ်၊ ရိုက်တဲ့လူကိုလ
ကျေးဇူးတင်ရမယ်. . ." ဟု ဝင်၍ပြောလေ၏။


"ကဲပါ အစ်မမြရင်ရယ်. . .၊ အရှိုးထပ်လို့ ကြီးပွားစေ
ဆိုရင် ဟောဒီ ကိုကျော်မြိုင်ကိုလည်း ရိုက်ဗျာ. . ."ဟု ပြောလို
ရာ မမြရင်က -

"မောင်ကျော်မြိုင်ကို မရိုက်ဘူးများ မင်းထင်လို့လား . .
တုတ်နဲ့တော့ မရိုက်ဘူးပေါ့ဟယ်၊ တို့ညီအစ်မ တစ်လှည့်စီခေါက်ထား
ခေါင်းက အမွှေးတောင်ပြောင်နေပြီ"ဟု ပြောလိုက်လျှင် ကိုကျော်
လည်း -

"ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့"ဟုဆိုကာ ပန်းကန်ခွက်ယောက်
ထည့်ထားသော တောင်းကြီးကို ထမ်း၍ထွက်သွားလေတော့သတည်း

❀ ❀ ❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃၇)

## မျက်ရည်မောင်မောင်

ထိုနေ့ကား သင်္ကြန်အတက်နေ့ဖြစ်၏။ စကုမြို့အစွန် ကျွဲတဲရွာနှင့် များစွာမဝေးလှသောနေရာတွင်ရှိသည့် တစ်ချိန်က ဦးတာတီး ဦးဇင်းအဖြစ် သီတင်းသုံးခဲ့သောကျောင်းတွင် မောင်မောင်၊ လှဖေ၊ မမြရင်၊ ဒေါ်စိန်စိန်တို့ လေးဦးသည် အလုပ်ရှုပ်လျက်ရှိကြလေ၏။ ဦးဇင်းတာတီးအား ရဟန်းဘောင်သို့ သွတ်သွင်းရန်အတွက် မြို့ပေါ်မှ ဆရာတော်ကြီးတစ်ပါးအားလည်းကောင်း၊ ကျွဲတဲရွာမှ ဆရာတော်ကြီး တစ်ပါးအားလည်းကောင်း လျှောက်ထား၍ စီစဉ်ခဲ့ကြခြင်းဖြစ်၏။ ဦးတာတီးအား ဦးဇင်းတစ်ပါးက ခေါင်းရိတ်ပေးနေ၏။ ထို့နောက် တစ်ခါက သူ၏တပည့်ဖြစ်ခဲ့ဖူးပြီး ယခုအခါ၌ ဆရာတော်ဖြစ်နေပြီဖြစ်သော ပုဂ္ဂိုလ်က ဦးတာတီးအား အစဉ်သနားသည်တို့ အကြောင်းပြု၍ ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းလေ၏။

ထို့နောက်တွင်ကား သိမ်ကြီးတစ်လုံးဆီသို့ခေါ်သွားပြီးလျှင်

www.burmeseclassic.com



ဆရာတော်ကြီးတစ်ပါးက ဥပဇ္ဈာယ်ပြု၍ ဦးတာတီးအား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ ယုတ်ညံ့သော လူ့ဘဝမှ ကယ်တင်၍ ရဟန်းဘဝသို့ သွတ်သွင်းချီးမြှင့်ပေးခဲ့လေ၏။

မောင်မောင်၊ လှဖေ၊ မမြရင်နှင့် ဒေါ်စိန်စိန်တို့သည် ဦးတာတီး ရဟန်းဖြစ်၍ သိမ်မှဆင်းလာသောအခါ၌ သိမ်ဆင်းလောင်းကြလေ၏။ ထို့နောက် အစဉ်သီတင်းသုံးမည့်ကျောင်းသို့ ဦးဇင်းတာတီးအား မောင်မောင်က ၎င်း၏ဂျစ်ကားဖြင့် တင်ဆောင်၍ သွားလေတော့၏။

ကျောင်းသို့ရောက်လျှင် မောင်မောင်တို့သည် ဦးဇင်းတာတီးအား ပျဝပ်ရှိကျိုး၍ ဦးချကန်တော့ကြလေ၏။ ထိုအခါ၌ ဦးဇင်းတာတီးက -

"အိမ့်. . . . အိမ့်. . . .၊ ကိုယ်နေရာကိုယ် ပြန်ရောက်ကြပြီကိုးကွယ့်. . . . လှဖေလည်း ကျွဲတဲကို ပြန်ရောက်နေပြီ. . .၊ မြရင်လည်း ရွှေစက်တော်က ထမင်းဆိုင်ကို ပြန်ရောက်သွားပြီ၊ ငါလည်း ငါ့ကျောင်းကိုငါ ပြန်ရောက်သွားပြီ၊စိန်စိန်ကရော"ဟု ပြောလိုက်လျှင် မမြရင်က

"စိန်စိန်ကို တပည့်တော်မက ပစ္စည်းတစ်ဝက်ခွဲပေးပြီးပါပြီ၊ အရင် သူနေခဲ့တဲ့ ကမ်းနားဆိပ်ကဆိုင်မှာ စိန်မေတ္တာထမင်းဆိုင် ပြန်ဖွင့်မယ်. . . စိန်လည်း သူ့နေရာသူ ပြန်ရောက်သွားပါပြီ. . . ."ဟု လျှောက်ထားလိုက်လျှင် ဦးဇင်းတာတီးက ကြွေတော်မှပင် မဆောင်နိုင်ဘဲ ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။ ထို့နောက် မောင်မောင်ဘက်သို့ လှည့်ကာ -

"အလို. . . ရသေ့လိုလို၊ ယောဂီလိုလို မောင်မောင်ဆိုတဲ့ ပုဂ္ဂိုလ်ကရောဗျာ. . . . ဘယ်နေရာ ပြန်ရောက်သွားပြီလဲ. . ."ဟု မေးလိုက်ရာ မောင်မောင်က -

"တပည့်တော်က နဂိုကတည်းက မိဘလည်း မရှိ၊ ဆွေမျိုးလည်း





ရှိ၊ မြို့လည်း မရှိ၊ ရပ်ကွက် လည်းမရှိ၊ လမ်းလည်းမရှိ၊ အိမ်လည်း ရှိ၊ ဟိုရောက် ဒီရောက်နဲ့ ဒီအသက်အရွယ်အထိ ကြီးလာခဲ့ရတာပဲ၊ အခုလည်း ဒီအတိုင်းပါပဲ ဦးဇင်းဘုရား. . .၊ ဒါကြောင့် တပည့်တော် လည်း တပည့်တော်နေရာ တပည့်တော် နေရာပြန်ရောက်သွားပြီလို့ ဆိုနိုင်ပါတယ်ဘုရား. . ."ဟု လျှောက်ထားလိုက်ရာ လှဖေက ပြုံးလေ၏။ ထို့နောက် မောင်မောင် က လှဖေအား လက်တို့၍. . .

နေစမ်းပါဦးလှဖေရဲ့ မဒစ်လှဖေရော. . ." ဟု မေးလိုက် ာ လှဖေက -

"ဒီရဟန်းခံပွဲကို အမီလာဖို့ပဲကွ၊ တို့မှာက စိတ်ရောဂါသည် )နှစ်အရွယ် မွေးစားသမီးလေး တစ်ယောက်ရှိတယ်လေကွာ. . . အဲဒီ ာလေးကလည်း သူစိမ်းတော့လည်းမဟုတ်ပါဘူး. . . ငါ့မိန်းမရဲ့ အစ်မ ာမွေးတဲ့ မိန်းမရဲ့တူမလေးပါပဲ၊ အဲဒီအစ်မကတော့ ဆုံးသွားပါပြီ ွာ. . .၊ တို့ကပဲ ဒီကလေးကို သမီးအဖြစ်နဲ့ ဆက်ပြီး မွေးရတာ ပါ. . .၊ ဒီကို အချိန်မီရောက်မလာတဲ့အကြောင်းကတော့ ဒီကလေး ာ စိတ်ရောဂါကုဆေးရုံမှာပြနေရတယ်ကွ၊ သူ့ကြောင့် နောက်ကျနေ ာဖြစ်မှာ၊ ရောက်တော့ ရောက်လာမှာပါ. . ." ဟု ပြောလေ၏။

မာင်မောင်၊ မြရင်၊ ဒေါ်စိန်စိန်၊ လှဖေတို့လည်း ထိုကျောင်း၌ပင် စ်နေကုန်ကြ၏။ ရှေးဟောင်းနှောင်းဖြစ်များ တစ်ဝကြီးပြောကြ၏။ ယ်မောကြ၏။

မောင်မောင်လည်း အားရပါးရရယ်၏။ တစ်ခါက ဆို့နင့် ကြကွဲစရာများသည် ရယ်စရာဖြစ်၍ ကုန်ပြီဖြစ်၏။ လှဖေကို ာင်မောင်က ရယ်ရင်း ဆွဲ၍လှုပ်၏။ မောင်မောင့်ကို မမြရင်က ၏။ မမြရင်ကို ဒေါ်စိန်စိန်ကြီးက ရယ်မော၍တွန်း၏။ ဒေါ်စိန်စိန်၏ ါင်တွင်းကြောကို မမြရင်က လိမ်၍ ဆွဲ၏။

ဤသို့လျှင် ချစ်ခင်ရင်းနှီးစွာ အတိတ်ကအဟောင်းပုံ၊



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံကို ပြန်၍ဖော်ကြလေ၏။ ညဉ့်လည်း ထိုကျောင်း၌ပင် အိပ်ကြလေ၏။

နံက် ၄ နာရီထိုးသောအခါ၌ ကျွဲတဲရွာကျောင်းမှ တုံးခေါက်သံကြားသဖြင့် မောင်မောင်လည်း အိပ်ယာမှ လူးလဲထကာ ဆွမ်းစားကျောင်းသို့သွားလေ၏။ ထိုအခါ မမြရင်က မောင်မောင့် လက်ကို ဆွဲထား၍ -

"နင်ဘယ်သွားမလို့လဲ. . . ." ဟု မေးရာ -

"၄ နာရီထိုးပြီလေ အစ်မရဲ့. . . . ယာဂု ကျိုရမယ်. . ." ဟု ပြောလျှင် လှဖေက -

"ကျိုပါစေအစ်မရယ်. . . . ဒီကောင်က ယာဂု တော်တော် ကျိုချင်နေတာ"ဟု ပြောလိုက်လျှင် မမြရင်က -

"ယာဂု မကျိုနဲ့တော့ အရုဏ်အတွက် အားလုံးစီစဉ်ပြီးပြီ၊ နေ့ဆွမ်းအတွက်လည်းပဲ လှဖေမိန်းမ မကွေးကို ရောက်နေပြီ၊ မနေ့ညကတည်းက မကွေးကိုရောက်နေတာ. . .၊ ဟိုမှာ ဒံပေါက် စီစဉ်နေတယ်. . . .၊ နေ့ဆွမ်းကို ဒံပေါက်ကပ်မှာ၊ ဧည့်သည်တွေလည်း ဖိတ်ထားတော့ ဧည့်သည်တွေကိုလည်း ဒံပေါက်ကျွေးမှာ. . . ငါ့ယောင်းမက အားလုံး အပြည့်အစုံပေးမှာ ဘုန်းကြီးကျောင်းသားရဲ့. . ."ဟု ပြောလိုက်မှပင် မောင်မောင်လည်း -

"ဒီလိုဆိုလည်း. . . ပြီးရောပေါ့ အစ်မရယ်. . .၊ ကျွန်တာက တော့ ဘုန်းကြီးကျောင်းမှာနေရင် ယာဂုကျိုရမယ်ပဲ အောက်မေ့တာ" ဟု ပြောပြီးလျှင် ၄ ယောက်သား ထိုင်လိုက်ကြလေ၏။

၅ နာရီထိုးသောအခါ၌ ဦးဇင်းတာတီးနှင့် ကျောင်းထိုင်ဆရာတော်ကလေးအား အရုဏ်ဆွမ်းကပ်ကြလေ၏။ ၎င်းတို့လည်း လက်ဖက်ရည်နှင့်မုန့်များ စားသောက်ကြလေ၏။

နေ့ဆွမ်းကပ်ချိန်ရောက်လာသောအခါ၌ ဆလွန်းတား





အနီကလေးတစ်စီး ကျောင်းသို့ရောက်လာ၏။ ထိုကား၏နောက်တွင် ဒေါ့ဂျစ်ကားကြီးတစ်စီးပါလာ၏။ ထိုဒေါ့ဂျစ်ကားတွင် ဒံပေါက်အိုးများ ပါလာ၏။ လှဖေက မောင်မောင်အနီးသို့ကပ်ကာ -

"ဟော့ကောင်. . . မင်းပြောတဲ့ မဒမ်လှဖေ ရောက်ပြီကွ' ဟု ပြောလိုက်လေ၏။ ထို့နောက် လှဖေသည် ၎င်း၏မိန်းမကို ဆင်း၍ ကြို၏။ များမကြာမီ၌ လှဖေနှင့်အတူ သူ၏မိန်းမနှင့် စိတ်ရောဂါဖြစ်နေသော မွေးစားသမီးလေးပါလာ၏။ အနီးသို့ရောက်၍ မောင်မောင်သည် လှဖေ၏မိန်းမကိုမြင်လိုက်လျှင် ပါးစပ် အဟောင်းသားဖြစ်သွား၏။ လှဖေက မိတ်ဆက်ပေး၏။

"မောင်မောင်ရေ. . . ဟောဒါပါပဲကွာ၊ ငါ့အမျိုးသမီး၊ မူယာတဲ့၊ မူယာရေ. . . . ကိုယ် ခဏခဏပြောနေတဲ့ မောင်မောင်ဆိုတာ သူပဲ. . ."ဟု လှဖေက ပြောလိုက်လေ၏။ မူယာက မောင်မောင်ဘက်သို့ လှည့်ပြီးလျှင် -

"ကိုမောင်မောင်ကို မမြင်ဖူးခင်ကတည်းက ကိုမောင်မောင်နာမည်ကို မကြာခဏ ကြားဖူးနေတယ်. . . မနာလိုတောင် ဖြစ်မိတယ်၊ ကိုလှဖေက မူယာကို ကိုမောင်မောင်ကိုချစ်သလောက် ချစ်ပါ့မလားလို့တောင် သံသယဖြစ်မိပါတယ်. . ." ဟု ပြောလိုက်လေ၏။ မောင်မောင်သည် တစ်စုံတစ်ရာ ပြန်၍မပြောနိုင်ဘဲ မူယာ၏မျက်နှာကို ကြောင်၍ကြည့်နေ၏။ အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်းဟူ၍ မူယာ၏မျက်နှာသည်လည်းကောင်း၊ အရွယ်သည်လည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်သည်လည်းကောင်း၊ အသံသည်လည်းကောင်း၊ ပြောဟန်ဆိုဟန်သည်လည်းကောင်း၊ ပြုံးလိုက်လျှင် သွားတက်ကလေးနှစ်ခု ပေါ်နေခြင်းသည်လည်းကောင်း မောင်မောင် တစ်သက်တာ မက်ခဲ့သည့်အိပ်မက်ထဲမှ ညိုချောနှင့် တစ်ထေရာတည်း တူနေသောကြောင့်ပင်ဖြစ်လေ၏။

အဘယ်ကြောင့် ဤမျှတိုက်တိုက်ဆိုင်ဆိုင် တူနေရပါသနည်း



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ဤသို့ဖြစ်နေရပါသနည်းဆိုသည်ကို မောင်မောင်သည် စဉ်းစားနေမိ၏။

"ကိုမောင်မောင်. . . စကားပြောဦးလေ"ဟု မူယာက ပြောလိုက်ရာ မောင်မောင်က -

"ဒီလိုရှိပါတယ် ဒေါက်တာ. . . .၊ ကျုပ်က ခင်ဗျားယောက်ျား လှမေလို စကားသွက်တဲ့လူမဟုတ်ဘူးဗျ. . ."ဟု ပြောလိုက်ရာ မူယာက

"စကားမသွက်ရင်တော့ အစားမက်လိမ့်မယ်ထင်တယ်" ဟု ပြောဆိုလေ၏။ ပင့်ထားသောဘုန်းတော်ကြီးများနှင့် ဦးဇင်းတာတီး တို့အား ဆွမ်းကပ်ပြီးလျှင် မောင်မောင်တို့ ၅ ယောက် ထမင်းစားပွဲ၌ ဝိုင်းကြလေ၏။

"မူယာက ထမင်းဖြူနဲ့ ဟင်းပဲချက်ဖို့ပါ. . .၊ သမီးက ဒံပေါက် ကျွေးချင်တယ်၊ သူ့ပိုက်ဆံထဲက ကျွေးပါဆိုလို့ သူ့အတွက် စုထားတဲ့ ပိုက်ဆံထဲကထုတ်ပြီး ဒံပေါက်မှာခဲ့တာပါ. . . ကိုမောင်မောင်က သက်သတ်လွတ်စားတယ်ဆိုတော့ သက်သတ်လွတ် ဒံပေါက်လည်း ပါပါ တယ်. . . ."ဟု မူယာက ပြောလိုက်လျှင် မောင်မောင်က -

"အလှူရှင်သမီးလေးရဲ့နာမည်လည်း ပြောပါဦး. . . ." ဟု

အိပ်မက်ထဲမှ ညိုချော. . . .၊

အပြင်မှ ညိုချော. . . .၊

နှစ်ဦးစလုံးကို တွေ့နေရပြီဖြစ်၏။

ငယ်စဉ်က ညိုချောကျွေးခဲ့သော ဒံပေါက်ထမင်း. . . .၊

ယခုအချိန် ညိုချောဆိုသော သမီးငယ်ကလေးကျွေးသော ဒံပေါက်ထမင်း. . . .၊

ငယ်စဉ်က လက်ဆေးခဲ့ရသော ဆပ်ပြာကြမ်း. . . .၊

ငယ်စဉ်က အမွှေးဆပ်ပြာဖြင့် လက်ဆေးခဲ့သည်ဆိုသော ညိုချော၏ လက်ချောင်းကလေးများ. . . .၊






ထိုအရာများသည် သူ၏နှလုံးသည်းပွတ်ကို အတွင်းကျကျ ထိုးနှက်၍မွှေပြန်ပြီဖြစ်၏။

ထို့ကြောင့် သူ၏မျက်လုံးအိမ်မှ မျက်ရည်နှစ်စက်သည် မျက်လုံး ထောင့်စွန်းတွင် တွဲလွဲခိုနေရာမှ အောက်သို့ပြိုင်တူ "ပေါက်"ကနဲ ခုန်၍ ဆင်းလိုက်ကြလေတော့၏။

သူ၏ နှုတ်မှလည်း . . . .

"ညို. . . . ချော. . . . "ဟု ရေရွတ်လိုက်ကာ စိတ်ဝေဒနာ ခံစားနေရသော သမီးငယ်ကလေးအား ပွေ့ဖက်၍ ပါးချင်းအပ်ထား လိုက်လေတော့သတည်း။





www.burmeseclassic.com